www.burmeseclassic.com

# တက္ကသိုလ်ဘုန်းနိုင်

[illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ◇ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◇ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ◇ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◇ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ✦ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✦ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✦ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✦ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ညနက်နက်မှာ လထွက်ခြင်း

## တက္ကသိုလ်ဘုန်းနိုင်

**ကံ့ကော်ဝတ်ရည်စာပေ**

အမှတ်(၅၁)၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၈၀

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၁၅၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၃၄၁၀၀၇

❐

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - ၁၉၇၈ ခုနှစ် (လွင်မော်စာပေ)
ဒုတိယအကြိမ် - ၁၉၉၇ ခုနှစ် (ကံ့ကော်ဝတ်ရည်စာပေ)
တတိယအကြိမ် - ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ
(ကံ့ကော်ဝတ်ရည်စာပေ)

အုပ်ရေ - (၅၀၀)

❐

**မျက်နှာဖုံးပုံနှိပ်ခြင်း**

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/၈၊ (၁၁) လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်ခြင်း**

ကလျာပုံနှိပ်တိုက်
အမှတ် (၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

❐

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

**မျက်နှာဖုံးပန်းချီ**

မြင့်မောင်ကျော်

❐

**တန်ဖိုး**

၂၂၀၀ ကျပ်

BURMESE CLASSIC

စကားသစ္စာ
မှန်သောခါဝယ်
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။

ရှင်မဟာသီလဝံသ

# သစ္စာ

ငါ့တာဖတ်၍ မမြတ်တိုင်စေ၊
မရှုံးစေသား။ ဖျင်းပြေနစ်ခြိုက်၊
တွေးမွှယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ၊
တွေ့ခြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်
ခေါင်းကိုကျော်၍ ငါသော်ဆရာ၊
မလုပ်ပါတည်း။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ယုံနိုင်ဖွယ်မရှိ…၊ သြော်…ယုံနိုင်ဖွယ်မရှိလေသည့် အဖြစ်၊ ယုံနိုင်ဖွယ်ရာမရှိလေလင့်ကစား ကိုယ်တွေ့ကြုံနေရသဖြင့် ကိုလှဝေသည် အမှန်တရား၏ သဘောကို မငိုင့်တငိုင် မျက်မှောက်ပြုနေမိ၏။

အမှန်တရား၏ သဘော…၊ သည်စကားက ရင်တွင်းမှာ ဘယ်သို့ဘယ်ပုံ ပေါ်လာရပါသနည်း၊ ဘယ်သို့ပေါ်ပေါ်…စကားကတော့ အခြေအနေနှင့် ဆီလျော်နေသည်။

ကြည့်ပါ…၊ သချိုင်းကုန်းတဲ့…၊ အဟင်း…သချိုင်းကုန်းထက် အမှန်တရား၏သဘောနှင့် နီးစပ်သောအရာ ဤလောကမှာ ဘဇာရှိပါ သေးသနည်း…။ အမှန်တရားဟူသည်က သူ့သဘော သူဆောင်သည်။ ပုဂ္ဂိုလ်သတ္တဝါ သူငါ၏ အကြိုက်ကို မလိုက်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဖိတ်ခေါ်သည် ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ သူ့သဘော သူဆောင်၍ သူ့အလုပ်သူ လုပ်သွားရိုး ဖြစ်သည်။ သည်တော့…သေခြင်းတရား ဟူသည်မှာ အမှန်တရား၏သဘော…၊ သချိုင်းကုန်းဟူသည်က အမှန်တရား သဘော၏ သင်္ကေတ…၊ နိမိတ်ပုံ…။

www.burmeseclassic.com

www.burmeseclassic.com



ခက်သည်ကား…သင်္ချိုင်းကုန်းက လှနေခြင်းဖြစ်၏။

သင်္ချိုင်းကုန်းကို လှနေသည် ထင်မိခြင်းအတွက် ကိုလှဝေ၏ စိတ်တွင်း၌ တစ်မျိုးချည်းဖြစ်နေသည်။ မည်သို့ဖြစ်စေ…လှသည်ကတော့ အမှန်ပင် လှနေသည်။

သင်္ချိုင်းကုန်းသည် သင်္ချိုင်းကုန်းနှင့် မတူသည့်အတွက် လှနေခြင်းပင် ဖြစ်သည်။

ခဲတစ်ပစ်သာသာမှာက…ကမ်းခြေ၊ ကမ်းခြေမှ သဲသောင်သည် ပြေပြေပြစ်ပြစ် ကျယ်ကျယ်ဝန်းဝန်း နိမ့်လျောဆင်းသွားသည်။ ဒီရေတက်စသာရှိသေး သဖြင့် ပင်လယ်၏ လှိုင်းလုံးတို့မှာ ဟိုအဝေးမှာသာ ရှိနေသေးသည်။ လှိုင်းတို့၏ ဒေါမာန်သံကို မကြားရသေး။ ပင်လယ်ပြင်သည် ဒေါမာန်ကို မပြသေး။ ရှုစ်ခွင်မှာ မြူဆင်းလို့…ငွေနှင်းတဲ့နံ့စို…ဟု စာဆိုရှိသော သည်လို နတ်တော်လမှာ မြန်မာ့ပင်လယ်ပြင်မှန်သမျှ ဒေါမာန်ကင်းနေသည်။ ပင်လယ်ရေက အဝေးမှာ စိမ်းဖန့်ဖန့် အသွေး ပြေးရုံပြေးနေသည်။ သောင်၏ အဆုံးဆီ၌မူ ပြိုကွဲသောလှိုင်းထုသည် ဖြူဖြူဖွေးနေ၏။

လခြမ်းပုံ ပင်လယ်ကွေ့ အစွန်းနှစ်ဘက်မှ တောင်ဆင်နှာမောင်းတို့က လည်း လှနေသည်။ လှရပေမပေါ့။ ရှုစ်ခွင်မှာ မြူဆင်းသော လမှာကိုလေ…။ မြူပြာဟုတော့ စာမှာခေါ်သည်။ အမှန်က မပြာပါ။ လှပသော မီးခိုးရောင်မွဲမွဲလေးသာ ဖြစ်သည်။ ပါးပါးလွှာလွှာလေးလည်း ဖြစ်၏။ သည်လို လှပသော မီးခိုးရောင်မွဲမွဲ မြူပါးပါးလွှာလွှာလေးတွေ လွှမ်းကာသည့်ကြားမှ လှမ်းမြင်ရသော တောင်ဆင်နှာမောင်းတွေကိုတော့ ပြာသည်ဟု ဆိုနိုင်သည်။

သင်္ချိုင်းကုန်းအပါအဝင် ကမ်းရိုးတန်းမြေမြင့်ဆီ၌ ဘာသစ်တောမျှ မရှိ။ သို့ရာတွင် ပို၍ကုန်းတွင်းကျသော အပိုင်းတွင်ကား အုန်းတောနှင့် သစ်တောတို့သည် မှောင်မှောင်မြမြ စိမ်းနေကြ၏။

သင်္ချိုင်းကုန်းသည် အမှန်ပင် ကုန်းကလေးဖြစ်၏။ သင်္ချိုင်းကုန်းနှင့် မြေကြောဆက်လျက်ရှိသည်က ရိုးပြတ်ငုတ်တိုများသာ ကျန်နေသော လယ်ကွက်ကျဉ်းကျဉ်းကလေးများသာ ဖြစ်သည်။ ကုန်းသည် အနောက်မြောက်ဆီသို့ လျှောနိမ့်ကျသွားရာ ဒီရေဝင်သော ချောင်းလေးတစ်သွယ်က ကြား၌ ဖီလာခြားခံလျက် ရှိသည်။ ချောင်းတစ်ဘက် မြေအတန်နိမ့်ရာတွင်ကား နေလှမ်းဆားကန်များ ရှိနေသည်။



သင်္ချိုင်းကုန်းမြေက ဘာမျှမကျယ်၊ ဩော်…ဘယ်လောက် ကျယ် သည် ကျဉ်းသည်ကား အပြောရခက်သား၊ အကြောင်းမှာ သင်္ချိုင်းမြေသည် ဘယ်နေရာမှစ၍ ဘယ်နေရာ၌ဆုံးသည်ကိုပြသည့် ဘာအမှတ်အသားမျှမရှိ။ ဂူတို့ မြေပုံတို့လည်း မရှိ။ သာမန်သဲကျစ်မြေ ကုန်းဝါဝါလေးတစ်ခုသာ ဖြစ်လေသည်။ ခြေလမ်းနှင့် လှည်းလမ်း ဖြတ်သန်းသွားသော ဝိသေသထူးမရှိသည့် ကုန်းပြောင် ဝါဝါလေး တစ်ခုသာ ဖြစ်လေသည်။ ရောက်စက ကိုလှဝေသည် သည်ခြေလမ်းနှင့် လှည်းလမ်းအတိုင်း ရွာသို့သွားခဲ့သည်။ သည်ခြေလမ်းနှင့် လှည်းလမ်းအတိုင်းပင် မိမိတည်းခိုရာ အဋ္ဌဝါဒီဝေဒ စခန်းသို့ ပြန်ခဲ့သည်။ အသွားရော အပြန်ရော သည်ကုန်းဝါဝါလေးကို ဘာမှန်းမသိဘဲ ဖြတ်သန်းခဲ့သည်။ ခရီးလမ်း၌ ဖြတ်သန်းခဲ့ရသော မြေကွက်လေး တစ်ကွက်။

ကိုလှဝေသည် အပြုံးမဟုတ်သော အပြုံးတစ်ခုကို ရေးရေးရိပ်ရိပ် ပြုံးလိုက်မိသည်။

ဘာတဲ့…၊ ခရီးလမ်း၌ ဖြတ်သန်းခဲ့ရသော မြေကွက်လေးတစ်ကွက်…၊ ကဗျာဆန်လိုက်ပါဘိတော့၊ အဟင်း…မှန်လည်းမှန်လိုက်ပါဘိတော့…၊ ကဗျာတစ်ပိုဒ်ပင် စပ်လိုက်ဖို့ကောင်းသေးတော့…၊ စင်စစ်… သင်္ချိုင်းဟူသည် သတ္တဝါမှန်သမျှ…ခရီးလမ်း၌ ဖြတ်သန်းခဲ့ရသော မြေကွက်လေးတစ်ကွက် ဖြစ်လေသည်။ ဟံမယ်မင်း…သင်္ချိုင်းဆိုသည်ကို သည်လို လူတွေက ဘာကြောင့် အနက်အဓိပ္ပာယ် မဖွင့်ဆိုကြပါသနည်း။

ထိုစဉ် ရွာသားလေးဦးက သူတို့လုပ်ငန်း၏ နိဂုံးချုပ်အဖြစ် ကျင်းထဲသို့ မြေများထည့်လေမှ မြေကျသံများကြောင့် ကိုလှဝေသည် အိပ်မက်မှ နိုးလာသကဲ့သို့ ခံစားရ၏။

တကယ်တော့…ယခုရက်များအတွင်း ကိုလှဝေမှာ သူ့ကိုယ်သူ အိပ်မက်၊ မက်နေသကဲ့သို့ ထင်မိသည်။ အိပ်မက်၊မက်နေသကဲ့သို့ ထင်ရသောကြောင့်လည်း သူ့ရင်တွင်းမှာ ခံစားမှုမျိုးစုံတို့ လုယက်ပေါ်ပေါက်နေရာ…ဘာကို ခံစားရမှန်းပင် မသိ၊ ဘာကို ခံစားရမှန်းမသိတော့… သူ့အဖြစ်က ခံစားမှုမဲ့သူတစ်ဦးကဲ့သို့ ဖြစ်နေသည်။

ကျင်းထဲ မြေကျသံကြားမှ ပီသလှသော ခံစားမှုတစ်ရပ်က သူ့ရင်တွင်းမှာ လှိုက်၍ပေါ်လာသည်။ ဆို့နင့်မှု…။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝေက တစ်ပင်တည်း မတ်မတ်ပေါက်နေသော သစ်ပင်၏ အရိပ်အောက်၌ မတုန့်မလှုပ်ရပ်နေခြင်း ဖြစ်လေသည်။ သူတို့ လုပ်နေကြသည်ကို ဘာမျှဝင်မပြော၊ ဘာမျှလည်း ဝင်မလုပ်။

တကယ်တော့ လူသေကို ဘယ်လို မြေမြှုပ်ရသည်ဆိုသော အတတ်၌ သူမကျွမ်းကျင်၊ ကျွမ်းကျင်သူတို့က လုပ်နေလေရာ သူက ဘေးမှ ငြိမ်ဆိတ်စွာပင် ကြည့်နေရသည်။

ဩော်…ယခုတော့ ပြီးပေပြီ။ သည်တော့မှ သူ့ရင်သည် လှိုက်ကာ ဆို့နင့်လာသည်။

လူတစ်ယောက်တော့ သွားလေပြီ…။ သံသရာခရီးလမ်းမှာ လူတစ်ယောက်တော့ မြေကွက်လေးတစ်ကွက်ကို ဖြတ်သန်း၍ သွားလေပြီ။

ဆို့နင့်သောရင်ဖြင့် ကိုလှဝေက သစ်ပင်ရိပ်မှ ထွက်လိုက်သည်။ ပြည့်လုနီးသော ကျင်းထဲသို့ မြေကြီးခဲသုံးလေးခဲကို ပစ်ထည့်သည်။ ဒါပဲလုပ်ရသည်။ အခြားဘာလုပ်ရန် ရှိသေးတော့သနည်း…။

လက်မှမြေမှုန်များကို ပွတ်ခါပြီး ကုန်းနေသောခါးကိုဆန့်၍ ကိုလှဝေက အနီးတစ်ဝိုက်ကို ကြည့်သည်။

မြေပုံလေးတစ်ခု ပေါ်လာသည့်တိုင်အောင် သင်္ချိုင်းမြေသည် သင်္ချိုင်းမြေနှင့် မတူသေး။

ဩော်…အသုဘပို့သည်ကလည်း အသုဘပို့သည်နှင့် မတူ၊ လုံးဝ မတူ။

ပြေးရေမှ လူလေး…ဆယ်ဦး ဆယ့်ငါးဦးသာ ရှိမည်။ အားလုံးက ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိလှသည်။ ငိုသံယိုသံ တမ်းတပူဆွေးသံတို့လည်း မရှိ။ သည်အသံတွေမရှိတော့ အသုဘက အဟောင်း…အသုဘနှင့် မတူလှ…။

ဩော်…ငိုကြွေးမည့်သူပင် မကျန်လေသော သွားလေသူတစ်ဦး။

ကိုလှဝေသည် မသိမသာ အံကြိတ်မိသည်။

မှန်သည်။ ငိုကြွေးမည့်သူ တစ်ယောက်မှမရှိ။ သို့ရာတွင် မျက်ရည်ဝိုင်းသူတစ်ဦးတော့ရှိသည်။ အဲ့သည်တစ်ဦးက မိမိ…။

ကိုလှဝေသည် မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် ဘေးဘီကို ကြည့်မိပြန်သည်။

လူအချို့က ပြန်ကုန်ကြပြီ။ စောစောက ယောကျ်ားလေးဦးအနက် တစ်ဦးက ဝါးလုံးတိုတစ်ချောင်းကို မြေပုံခေါင်းရင်း၌ ထိုးစိုက်နေ၏။



မြေပုံနှင့် သုံးလေးလံကွာ၌ ဆူးခြံတစ်ခုရှိသည်။ ဆူးခြံရိပ်ကိုခိုလျက် မိန်းမကြီးနှစ်ဦးက ဆောင့်ကြောင့်ထိုင်နေသည်။ သူတို့အနီးတွင် ကလေးနှစ်ဦး။

ယောကျ်ားလေးက သုံးနှစ်သားခန့်၊ မိန်းမလေးက ငါးနှစ်သမီးခန့် ရှိမည်။

ယောကျ်ားလေးသည် ပြူးဝိုင်းသော မျက်လုံးကြီးများဖြင့် မြေပုံဆီ ကြည့်နေသည်။ သူ့မျက်လုံးများ၌ မျက်ရည်မရှိ။ မျက်နှာလေးကလည်း မညှိုးနွမ်း။ သူ့အသွင်မှာ ဘာကိုမျှ နားလည်ပုံမပေါ်။ လူကြီးတွေ လုပ်ကိုင်နေကြခြင်းကို အံ့သြစိတ်ဝင်စားဟန်ဖြင့်သာ မတုန်မလှုပ် စိုက်ငေးကြည့်နေသည်။

မိန်းကလေးလည်း မငို၊ သို့ရာတွင် သူကလေး၏မျက်နှာလေးမှာ ညှိုးငယ်နေသည်။ ညှိုးငယ်သည်ဆိုသည်ထက် ကြောက်ရွံ့တုန်လှုပ်နေသည်ဆိုလျှင် ပိုမှန်မည်ထင်သည်။

ယခုမှ ကိုလှဝေသည် သတိကောင်းစွာဝင်လာသည်။ စောစောက ငိုင်နေမိသော မိမိကိုယ်ကိုလည်း မိမိ ပြန်အပြစ်တင်မိသည်။

ကိုလှဝေသည် ညင်သာစွာခြေလှမ်းလျက် ကလေးနှစ်ဦးအနီးတွင် မားမားရပ်လိုက်၏။ ကိုလှဝေ၏မျက်လုံးများက ကလေးမလေး၏ မျက်လုံးများနှင့် အလျှင်ဆုံမိသည်။ သည်မျက်လုံးလေးများက စကားပြောသည်။ စိုးရိမ်မှု၊ ကြောက်လန့်မှု၊ အားငယ်မှု၊ အားလုံးကို ဖော်ပြနေသည်။

ကိုလှဝေကို ငေးကြည့်ရင်းက ကလေးမသည် သူ့မောင်လေး၏ လက်မောင်းလေးတစ်ဘက်ကို ဘာကြောင့်မသိ လှမ်းဆုပ်ကိုင်ထားလိုက်သည်။

ယောကျ်ားလေးက ကိုလှဝေကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ရှူးဖိနပ်အနက်၊ တက်ထရွန်ဘောင်းဘီ မီးခိုးရောင်၊ စိမ်းပြာနုရောင် တက်ထရက်စ် ရှပ်အင်္ကျီနှင့် ရပ်နေသော ကိုလှဝေကို သူက ထူးဆန်းသော သတ္တဝါတစ်ကောင်လို ကြည့်နေသည့်ဟန် မျက်မှောင်လေး မတွန့်တတွန့်ဖြင့် ကြည့်နေ၏။

ကိုလှဝေက မျက်နှာကို အချိုသာဆုံးပြုံးကာ ယောကျ်ားလေးထံ သူ့လက်ကို ကမ်းပေးလိုက်သည်။

ကလေးက သူ့လက်ကိုလှမ်းမဆွဲ၊ လှမ်းမဆွဲသည့်အပြင် ကိုယ်ကို ချာခနဲလှည့်ကာ သူ့အစ်မလက်မှပါ ရုန်းထွက်၍ ခြေလမ်းလေးအတိုင်း ရှေ့ဘက်ဆီ ထွက်ပြေးသည်။ မိန်းကလေးကလည်း ကိုလှဝေကို တစ်ချက်မော့ကြည့်ပြီး သူ့မောင်နောက် ပြေးလိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးတစ်ဦးက ဘာမျှမပြောဘဲ ကလေးနှစ်ဦးနောက် ထလိုက်သွားသည်။

ကျန်တစ်ဦးက နေရာမှထလိုက်ပြီး ကိုလှဝေကို မှတ်ချက်ပေး၏။

"စိမ်းနေသေးလို့ပါ၊ တော်တော်ကြာ သွေးက ပြောလာပါလိမ့်မယ်"

□□□

## အခန်း (၂)

အတွေ့…။

နှုတ်ခမ်းများ၏အတွေ့၊ ခန္ဓာတစ်ခုလုံး၏အတွေ့…၊ အသည်းနှလုံးကပင် မိန်းမိန်းမောမောဖြင့် ခံတွေ့ခံစားမိလိုက်သော အတွေ့…။

ငြိမ်းသည် အတွေ့နယ်မှ ဖွတ်ရုန်းကန်ထွက်လိုက်သည်။ စိတ်ဖြင့်သာမက ကိုယ်ဖြင့်ပါ ရုန်းကန်ထွက်လိုက်သဖြင့် တစ်ဘက်သား၏ ညည်းညူသံနှင့် မရှေး မနှောင်းပင် မြေပေါ်သို့ လဲကျသွားသံကို ကြားရသည်။

ဒုက္ခ…၊ အကျင့်ပါနေသော မိမိသည် ကိုဇော်ကို ဘယ်လိုများ လုပ်လိုက် မိပါသနည်း…။

ကြောင်ကြည့်မိနေရာမှ ငြိမ်းသည် သူ့ထံ အပြေးလေး ချဉ်းကပ်သွားမိ၏။

ကန်ရေစပ်ဆီ လျှောသွားသော ကုန်းစောင်းလေးမှာ ဖြစ်သောကြောင့် မြေမှကျအပြီး သူ့ခမျာ သုံးလေးပတ်လိမ့်သွားရရှာသည်။

"ကိုဇော်…ဘာ…ဘာဖြစ်သွားသေးလဲ…ဟင်…"

ကရုဏာက ရင်မှာပေါ်လာပြန်သဖြင့် ငြိမ်း၏အသံလေးမှာ တုန်နေသည်။

ဇော်တင်၏ မျက်နှာမှာ ရှုံ့နေ၏။ နဂိုက ဖြူသောအသားမှ နာကျင်မှု ကြောင့် ပိုမိုဖြူလျော်နေသည်။ ဆံရှည်များကြား၌ ပေါ်နေသည့် သူ့မျက်လုံးများတော

www.burmeseclassic.com



မျက်ရည်ကြောင့်လော၊ ဒေါသကြောင့်လောမသိ ဝင်းလက်နေကြ၏။

ဇော်တင်သည် ငြိမ်းမေးနေသည်ကို မဖြေ။ လက်တစ်ဘက်ဖြင့် သူ့နံစောင်းအခြေကို ဖိထား၏။ အသက်ကိုလည်း အောင့်ထားပုံရ၏။

"သိပ်...သိပ်နာသွားလား ကိုဇော်"

"သောက်ရမ်းလုပ်ထည့်လိုက်ပြီးမှ သိပ်နာသွားသလားလို့ မေးနေရသေးသလား..."

သူ့အသံမှာ ဒေါသသံပါသည်။ သို့ရာတွင် မြေပြန်ကမူ ခွင့်လွှတ်မှု သဘောပေါ်လွင်နေ၏။

သက်မ,လေးချပြီးနောက်မှ ငြိမ်းသည် အသံလွင်လွင်လေးနှင့် ရယ်၏။

"ငြိမ်း ဝမ်းနည်းပါတယ် ကိုဇော်၊ တောင်းလဲ တောင်းပန်ပါတယ်၊ အစ,ထဲကလဲ ဒါမျိုးတွေမလုပ်ဖို့ ကိုဇော့်ကို ငြိမ်းပြောထားတယ် မဟုတ်လား"

ငြိမ်းက သူ့ဘေးတွင် ဒူးတစ်ဘက်ထောက်ထိုင်လျက် ဖြစ်သည်။ သူက မြေတွင် ကိုယ်တစောင်းလဲလျက် ဖြစ်၏။

သူက မြေပြင်တွင် ထထိုင်သောအခါ သူနှင့် ကိုယ်တစ်လုံးစာခွာ၍ ငြိမ်းလည်းထိုင်သည်။ သည့်ထက်နီး၍မူ ကပ်မထိုင်ရဲ၊ ကိုယ်တော်ချော ပြန်ရောင့်တက်ဦးမည်။

သို့ရာတွင် သူက သူ့ဒူးနှစ်လုံးကိုသာ သူ့လက်များနှင့်ဖက်ထားလျက် စိတ်ကောက်သည့်ဟန် မျက်နှာကို သုန်မှုန်ထား၏။

"ကိုဇော် ငြိမ်းကို စိတ်ဆိုးနေတုန်းလား"

"စိတ်ဆိုးတာမဟုတ်ဘူး၊ စိတ်နာနေတာ၊ သိပြီလား"

"ကိုဇော် တကယ်စိတ်နာသွားရင် သိပ်ကောင်းမယ်"

"ဘာပြောတယ်"

"ကိုဇော် ငြိမ်းကိုမုန်းသွားရင် သိပ်ကောင်းမယ်...လို့"

သူက လှုပ်ရှားလာ၏။ သူ့လက်တစ်ဘက်သည် ငြိမ်းကိုယ်ထံ ထွက်လာပြီးမှ သတိက တုန့်ဆွဲလိုက်ဟန်ဖြင့် ပြန်ရုတ်သွား၏။

"အင်း...ဒုက္ခ...ဒုက္ခ..."

"ဘာဒုက္ခလဲ"

"ကိုယ့်ချစ်သူအရင်းခေါက်ခေါက်ကြီးကို မတို့ရ...မကိုင်ရ... မဖက်ရ...၊ အံမယ်မင်းရယ်မှ အံမယ်မင်း"



ငြိမ်းစိတ်ထဲ၌ ရယ်ချင်လာ၏။ သူ့အပေါ် သနားလည်း သနားသွားမိ၏။

"စောင့်ထိန်းပါဦး ကိုဇော်ရယ်၊ ကိုဇော့်ကို ငြိမ်းချစ်ရင် ပြီးတာပဲမဟုတ်လား"

"ချစ်တယ်ဆိုရင် ချစ်တာနဲ့ မပြီးသေးဘူးဗျ၊ လက်ထပ်ရတယ်"

"တစ်နေ့ ငြိမ်းတို့ လက်ထပ်ပါမယ်"

"အဲဒီတစ်နေ့ဟာ ဘယ်တော့လဲ"

ငြိမ်းသည် မဖြေဘဲ ငြိမ်နေ၏။ သူက ငြိမ်း၏ လက်ကလေးတစ်ဘက်ကို အသာအယာ လှမ်းကိုင်သည် သည့်မျှလောက်ကိုမူ ငြိမ်းက မရုန်း။

"ငြိမ်းရယ်...တောင်တွေးမြောက်တွေးတွေ လုပ်မနေပါနဲ့၊ ကိုဇော်တို့ အမြန်ဆုံးသာ လက်ထပ်ကြရအောင်"

"လက်ထပ်ပြီး ဘာနဲ့ သွားစားကြမလဲ"

"အိုး...ဖေဖေနဲ့ မေမေက ကျွေးထားမှာပေါ့"

"ပြောပုံက လွယ်လိုက်တာ ကိုဇော်ရယ်၊ အလုပ်မရှိခင် မိန်းမယူပြီး အိမ်ပေါ်ခေါ်တင်လာတာကို ဘယ်မိဘက ကြည်ဖြူပါ့မလဲ"

"ကိုဇော့်မိဘက ကြည်ဖြူမယ်"

"ဒါက ကိုဇော့်အထင်ပါ"

"အထင်ပြောတာမဟုတ်ဘူး၊ တခြားလူတွေလဲ ဒီလိုပဲလုပ်နေကြတဲ့ ဥစ္စာ"

"တခြားလူတွေ ထည့်မပြောနဲ့ ကိုဇော်၊ တခြားလူတွေလုပ်တိုင်းကော... ငြိမ်းတို့က လိုက်လုပ်ရမလား"

"မဟုတ်ဘူးလေ၊ ပြီးတော့ ကိုဇော်လဲ ထွက်အလုပ်လုပ်မှာပေါ့"

"ကိုဇော် မဟာသိပ္ပံဘွဲ့ပြီးအောင် လုပ်ပါ၊ ငြိမ်းအတွက် ကိုဇော့်ပညာရေး ရပ်ဆိုင်းသွားမှာ ငြိမ်း မလိုလားဘူး"

"နို့...ငြိမ်းကတော့ကော ဘာလုပ်မလဲ"

"ငြိမ်းကတော့ အလုပ်ထွက်ရှာရမလေ၊ ငြိမ်းအဖေမှ မရှိတော့ဘဲ"

ငြိမ်း၏အသံလေးက အနည်းငယ်တုန်ယင်သွားသည်။ ယင်းသို့ တုန်ယင်မိသည့်အတွက်ပင် ငြိမ်းသည် မိမိကိုယ်ကို ဒေါသထွက်မိ၏။ အားငယ်ဝမ်းနည်းနေရမည့် အချိန်မဟုတ်။ မိမိဝမ်းနာကို မိမိသာအသိဆုံးပါ။

ငြိမ်းသည် အံကြိတ်လျက် မျက်တောင်များကို တဖြတ်ဖြတ်ပုတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရှိ ကန်သုံးဆင့်ရေပြင်ကို စိုက်ကြည့်နေသည်။

နတ်တော်လ ဆောင်းညနေတွင် နေလုံးက ဝင်တော့မည်။ ဂယက်လှိုင်းထ,နေသော ကန်ရေပြင်တွင် ရွှေရောင်ငွေရောင်တို့ ပြိုးပြက်နေ၏။

စိတ်ကူးယဉ်ဖွယ် အလှများ…။ နေကွယ်လျှင်မူ အားလုံး ပျောက်ပျက်သွားမည်။

ငြိမ်း၏မျက်လုံးများက ကန်၏တစ်ဘက်ကမ်းရှိ ပုသိမ်ကောလိပ် အဆောက်အဦများဆီ ရောက်သွားသည်။

ကောလိပ်…။ တက္ကသိုလ်…။ ပျော်ရွှင်ဖွယ်သော လောက…နောက်တော့…ဘဝ…။

ငြိမ်းအတွက် ဘဝဟူသည် မမျှော်လင့်ဘဲ လျင်မြန်စွာ ရောက်လာခဲ့ရ၏။

ဇော်တင်၏အသံက ပေါ်လာ၏။

"ငြိမ်းက ဘာအလုပ် ထွက်လုပ်မလဲ"

"ရှာရမှာပေါ့ ကိုဇော်ရယ်၊ မရသေးခင်တော့ ဘာအလုပ်ဆိုတာ ဘယ်လိုလုပ် အရင်သိမလဲ"

"ငြိမ်းက လွယ်တာကို ခက်အောင်လုပ်နေတာကိုး"

"ဘာများလွယ်လို့လဲ"

"ကိုဇော်နဲ့ လက်ထပ်ဖို့"

"လာပြန်ပြီ"

"ကိုဇော်ပြောတာကို သေသေချာချာ နားထောင်စမ်းပါဦး၊ ကိုဇော်ဟာ ဖေဖေနဲ့မေမေရဲ့ တစ်ဦးတည်းသောသား၊ ဖေဖေ့ရာထူးကလဲ အကြီးကြီး၊ လခကြီးကလည်း အကြီးကြီး၊ ကိုဇော် ငြိမ်းကို လက်ထပ်လိုက်လို့ သူတို့မှာ ဘာမှအပန်းမကြီးဘူး၊ အခု ကိုဇော်တစ်ယောက်ထဲကို တစ်လ သူတို့ ဘယ်လောက်ပေးတယ် မှတ်သလဲ၊ သုံးရာ…၊ အဲဒါက သတ်မှတ်ထားတာ၊ လက်တွေ့က…ဟိုအကြောင်းပြ…ဒီအကြောင်းပြနဲ့ မေမေ့ဆီက ကိုဇော် လှည့်တောင်းတာတွေ ရှိသေးတယ်၊ ဖေဖေကတောင် တစ်ခါက ပြောတယ်၊ မင်းသုံးတာက သာမန်အိမ်ထောင်စုတစ်စု သုံးတာထက်တောင် ပိုသေးတယ် တဲ့၊ ကဲ…"

"အဲဒါနဲ့ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ၊ ငြိမ်းနဲ့လက်ထပ်ပြီးရင် ကိုဇော် တစ်ပြားမှ အပိုမတောင်းဘူး၊ ခါတိုင်းလောက်ပဲ ယူမယ်၊ အဲ…ငြိမ်းနဲ့ ကိုဇော် နှစ်ယောက်ပဲ ရှိတဲ့ ခြောက်ဆယ်တဲ့ ရမှာပေါ့၊



ဒါကလဲ ကိုဇော် အလုပ်မလုပ်သေးခင် အထိပါပဲ၊ ကိုဇော် ဆိုလိုတာက…ငြိမ်းနဲ့ လက်ထပ်လိုက်လို့ ဖေဖေတို့မှာ ဘာမှ ပိုအပန်းကြီးမသွားဘူး၊ ချွေးမချောချောလေး တစ်ယောက်ရတဲ့ အမြတ်တောင် ပိုလာအုံးမယ်၊ ကဲ…"

ငြိမ်းသည် ငိုရခက် ရယ်ရခက်နှင့် ဇော်တင်၏မျက်နှာကို စိုက်ကြည့်သည်။ စကားအဆုံး၌ ကဲ…ကဲ…နှင့် သုံးဟန်က ကလေးတစ်ဦးနှင့် တူနေသည်။ အမှန်ကလည်း ဇော်တင်၏မျက်နှာလေးမှာ ကလေးတစ်ယောက်နှင့် တူသည်ဟု ငြိမ်း မကြာခဏ ထင်မိသည်။ ဆံပင်ထူထူရှည်ရှည်ကြားထဲက မျက်နှာလေးသည် နေသည်။ ပင်ကိုနေက ပြုံးနေသော နှုတ်ခမ်း၊ တန်းသွယ်နေသော နှာတံ၊ နှင်းကလေးတစ်ယောက်ထက်ပင် ပိုကော့သော မျက်တောင်၊ ကြည်၍…ရယ်၍…တောက်နေသော မျက်လုံးဝန်းဝန်းများ…၊ အားလုံးပေါင်းတော့ ကလေးတစ်ယောက်၏ အပြစ်ကင်းသောမျက်နှာလေးလို နုနယ်ချောမွေ့သော မျက်နှာ…။

ငြိမ်းသည် သက်ပြင်းလေး ရှိုက်လိုက်၏။

"ကိုဇော်ပြောတာက လွယ်လိုက်တာ ကိုဇော်ရယ်၊ တကယ်တော့ လောကကြီးအကြောင်း ကိုဇော် ဘာမှ နားမလည်သေးဘူး"

"အလယ်လယ်…ကြီးကျယ်လိုက်တာ၊ လောကကြီးဆိုတာက ကိုဇော် နားမလည်နိုင်လောက်အောင် ဘယ်လောက်များခက်လို့လဲ၊ ငြိမ်း ကိုဇော့်ကို အထင် သေးစမ်းပါနဲ့"

"ယူဆချင်သလိုယူဆ၊ ကိုဇော် လောကကြီးအကြောင်းကို ဘာမှ နားမလည်ဘူး၊ အခု ကိုဇော်ပြောနေတဲ့ စကားတွေကိုက သက်သေပြနေတယ်"

"ကိုဇော်က ဘာမဟုတ်တာ ပြောမိလို့လဲ"

"ခက်တယ်ကိုဇော်၊ ကိုဇော်ဟာ…လူ့စိတ်…လူ့သဘာဝကို… ဘာမှ နားမလည်ဘူး"

"ဒီမှာမရွှေငြိမ်း…စိတ်ပညာနဲ့ ဘွဲ့ရထားတယ်ဆိုပြီး ဒီလိုတော့ အပေါ်စီးကမပြောနဲ့၊ လူမှန်ရင် လူ့စိတ် လူ့သဘာဝတော့ ကိုယ့်နည်းနဲ့ကိုယ် နားလည်ကြတဲ့ သူချည်းပဲ"

"မှန်တယ်၊ ဒီစကား သိပ်မှန်တယ်၊ ကိုဇော်က…လောကမှာ ဘာမဆို လွယ်လွယ်ရခဲ့တယ်၊ ဒီတော့ လောကကြီးကို သိပ်လွယ်တယ်ထင်နေတယ်၊ ကောင်းပြီ ငြိမ်းရှင်းပြမယ်၊ ဟောဒီလောကမှာ သောင်းချီလှူတယ်၊ သိန်းချီလှူတယ်၊ စေတနာရက်ရောတယ်၊ ဒါပေမယ့်…ချွေးမကိုတော့ အစားကြီးတယ်ဆိုပြီး မကြည်

www.burmeseclassic.com

www.burmeseclassic.com



ဖြုန်နိုင်သူတွေ အများကြီးရှိတယ်၊ တစ်စိမ်းတစ်ရံစာ တစ်ယောက် ဒုက္ခရောက်နေလို့ အိမ်ပေါ်ခေါ်တင် ကျွေးမွေးထားနိုင်တယ်၊ ဒါပေမယ့် ချွေးမနဲ့ တစ်အိမ်ထဲမနေနိုင်တဲ့ ယောက္ခမတွေရှိတယ်''

''အဲဒီယောက္ခမမျိုးတွေထဲမှာ ကိုဇော့်အဖေနဲ့အမေ မပါနိုင်ပါဘူး''

''ထင်တာပေါ့လေ၊ နေပါဦး၊ ကိုဇော့်အမေက ကိုဇော့်ကို သိပ်ချစ်တယ် မဟုတ်လား''

''သိပ်ချစ်၊ အရမ်းချစ်၊ တုန်နေအောင်ချစ်''

''အဲ...ငြိမ်းကလည်း အဲဒါကို သိပ်ကြောက်တယ်''

''ဗျာ...''

''သားကိုသိပ်ချစ်တဲ့ အမေဟာ ချွေးမကို မုန်းတတ်သတဲ့''

''ဟာ...ဒါတော့ ငြိမ်း ကိုဇော့်မေမေကို အသားလွတ် စော်ကားတာပဲ''

''ဟုတ်ပါလိမ့်မယ်၊ ငြိမ်းမှားချင် မှားပါလိမ့်မယ်၊ ငြိမ်းက ဖြစ်တတ်တဲ့ သဘာဝကို **ပြောပြနေတာပါ၊ အထူးသဖြင့် ကိုဇော်မှာ အလုပ်မရှိခင်...မိဘကို** မှီခိုနေရဆဲဘဝမှာ ချွေးမလုပ်ရမယ့် ငြိမ်းကတော့ ဒါတွေကို ထည့်စဉ်းစားရမယ်''

''စဉ်းစား၊ စဉ်းစား၊ ကြပ်ကြပ်စဉ်းစား၊ အဲဒါကို...လွယ်တဲ့အလုပ် ခက်အောင်လုပ်တယ်လို့ ကိုဇော်က ခေါ်တယ်''

''ရွှတ်ပြက်ပြက် ပြောမနေစမ်းပါနဲ့ ကိုဇော်၊ ငြိမ်း အလေးအနက် ပြောနေတာ၊ ထားတော့...ယောက္ခမဆိုတာကို မိဘလိုသဘောထားပြီး ငြိမ်းက [illegible] လိုက်နေနိုင်တယ်ထား၊ ငြိမ်းမိခင် မုဆိုးမကြီးရယ်၊ ငြိမ်းရဲ့မောင်လေးရယ်၊ သူတို့ကို ငြိမ်း လျစ်လျူရှုထားရမလား''

''နှဲ့နှဲ့ရှိသေးတာပဲ''

''နှဲ့နှဲ့က ဘွဲ့မရသေးဘူး၊ ငြိမ်းက ဘွဲ့ရပြီးပြီ၊ ပြီးတော့ သူက အငယ်၊ ငြိမ်းကအကြီး၊ အားလုံးအတွက် ငြိမ်းမှာပဲ တာဝန်ရှိနေတယ်''

''ငြိမ်းရာ...သူတို့အတွက်နဲ့ ငြိမ်းက ကိုယ်ချစ်သူကို လက်မထပ်တော့ဘူးပေါ့ ဟုတ်လား''

''လက်မထပ်တော့ဘူး မဟုတ်ဘူး၊ လက်မထပ်နိုင်သေးတာ၊ ငြိမ်းရဲ့ တာဝန်တွေ ငြိမ်းကျေတဲ့အခါမှာ ကိုဇော့်ကို ငြိမ်း လက်ထပ်ပါ့မယ်''

''ငြိမ်းရဲ့တာဝန်တွေကို ဝင်ထမ်းဖို့ ကိုဇော်လဲ ထွက်အလုပ်လုပ်မယ်လို့ ပြောနေပါပကောလား''



''အဲဒီလိုဆို ငြိမ်း ဘယ်မှာလာတရားတော့မှာလဲ၊ ကိုဇော့်အညွှန့်ကို ငြိမ်းချိုးပစ်လိုက်သလို ဖြစ်သွားမှာပေါ့''

''မိန်းမယူပြီး ထွက်အလုပ်လုပ်တဲ့ လူတွေမှန်သမျှ အညွှန့်ကျိုးကုန်ကြရောတဲ့လား''

''မဟုတ်သေးဘူးလေ၊ လိုရာချည်း ဆွဲမတွေးနဲ့၊ ကိုဇော်က ပညာထူးချွန်တယ်၊ မဟာသိပ္ပံဘွဲ့ရပြီးရင် ကိုဇော့်အတွက် ရှေ့မှာ အလားအလာကောင်းတွေ ရှိနေတယ်၊ ပညာဆက်သင်ဖို့ မိဘကလဲ ကောင်းကောင်းတတ်နိုင်တယ်၊ ပြီးတော့ ငြိမ်းနဲ့ ချက်ချင်းလက်ထပ်ဖို့ အကြောင်းကလဲ ဘာမှ လုံလုံလောက်လောက် မရှိဘူး''

''ဒါပေမယ့်...ငြိမ်းမှာ အခက်အခဲ တွေ့နေပြီမဟုတ်လား''

''ဟုတ်တယ်၊ ဒါပေမယ့် ဒီအခက်အခဲက လင်ယူပြီး ဖြေရှင်းရမယ့် အခက်အခဲမျိုး မဟုတ်ဘူး''

''ဒို့ ဘယ်လိုဖြေရှင်းမလဲ''

''ငြိမ်းပြောပါရောလား၊ ငြိမ်း အလုပ်ထွက်လုပ်မယ်လို့''

''အင်းလေ၊ ဘာအလုပ်လုပ်မှာလဲ''

''အလုပ်မရွေးတဲ့လူတစ်ယောက် အလုပ်ဆိုတာ ရှိနေမယ်လို့ ငြိမ်း ယုံကြည်တယ်''

''ငြိမ်း သက်သက် ခေါင်းမာတာ၊ ပြီးတော့ မလိုဘဲနဲ့ မာနတွေကြီးနေတာ''

''ကိုဇော် ဒီလိုပဲထင်သလား၊ တစ်နည်းအားဖြင့် မှန်တယ်၊ ငြိမ်း တစ်ယောက်ထဲအတွက်ဆိုရင် ငြိမ်း ကိုဇော့်ပေါ် ပုံအားကိုးဝံ့တယ်၊ ဒါပေမယ့် ငြိမ်း မိသားစုအတွက်တော့ ကိုဇော့်ကို ဒုက္ခမပေးချင်ဘူး''

''ငြိမ်း ကိုဇော့်ကို တကယ်ချစ်ရဲ့လား''

ငြိမ်း၏မျက်နှာလေးသည် တင်းမာသွား၏။ မျက်လုံးလေးများလည်း အရောင်တောက်လာ၏။

''တကယ်မချစ်ဘဲနဲ့ ရည်းစားထားရအောင်...ငြိမ်းကို...ကိုဇော်က ဘယ်လိုမိန်းမစားထင်လို့လဲ''

''အာ...အာ...ဟို...ဟို... ငြိမ်း ဒေါသကြီးလာပြီ''

''ဒေါသကြီးတာပေါ့၊ ကိုဇော့်ကိုမချစ်ဘဲ ကိုဇော့်ကို အလေးမထားဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကိုဇော်ကို ငြိမ်း အခုလို တိုင်ပင်နေပါ့မလား''

''ဆောရီးပါငြိမ်းရယ်၊ ကိုဇော် မှားသွားပါတယ်''

''ကဲ ဒါဖြင့် သဘောတူပြီလား''

''ဘာကိုလဲ''

''ငြိမ်း ထွက်အလုပ်လုပ်မှာကို''

''ကိုဇော်က သဘောမတူဘူးဆိုတော့ကော ငြိမ်းက ထွက်မလုပ်ပဲ နေမှာမို့လို့လား''

သည်တွင်တော့ ငြိမ်းသည် ခစ်ကနဲ တစ်ချက်ရယ်သည်။

''ငြိမ်း ဘာရယ်တာလဲ''

''ကိုဇော်မေးတာမှန်တယ်၊ ဘာပဲဖြစ်ဖြစ် ငြိမ်းကတော့ ထွက်အလုပ်လုပ်မှာပဲ''

''ဒါနဲ့ ဘာလို့ ကိုဇော့်ကို တိုင်ပင်နေရသေးသလဲ''

''ချစ်သူကို ချစ်သူအဖြစ် အလေးထားလို့၊ ရှင်းပြီလား''

ဇော်တင်သည် ငြိမ်း၏မျက်နှာလေးကို အကဲခတ်ကြည့်သည်။

ငြိမ်း၏မျက်နှာတွင် နောက်ပြောင်မှုသဘောကို မတွေ့ရ။ တည်ငြိမ်နေသည့်အပြင် ချစ်ခြင်းမေတ္တာဖြင့် နူးညံ့သိမ်မွေ့နေ၏။

''ကောင်းပါပြီလေ၊ ငြိမ်း စိတ်ချမ်းသာမယ်ဆိုရင် လုပ်ပါ၊ ကိုဇော် မကန့်ကွက်တော့ပါဘူး''

ဇော်တင်၏ ဖင်မီလီယာကားစိမ်းလေးက မလှမ်းမကမ်းရှိ တံတားအနီးတွင် ဆိုက်ထားသည်။

ကားဆီ လျှောက်ပြန်လာချိန်၌ ချစ်သူနှစ်ဦးသည် တစ်ဦး၏ခါးကို တစ်ဦး ယုယစွာ ဖက်ထားကြသည်။

❑❑❑

# အခန်း (၃)

ဧရာဝတီမြစ်ရေပြင်ကို နုနုသွယ်က ငေးကြည့်နေသည်။

လမင်းက စောစောထွက်ခဲ့ပြီးပြီ။ ကြယ်တွေကလည်း စုံနေ၏။ ဆောင်းလေကလည်း အေးမြသည်။

မြစ်ကမ်းခြေမှာ တိတ်ဆိတ်နေသည်။ သြော်...ပုဂံမြို့ဟောင်းတစ်ခွင်လုံးမှာ တိတ်ဆိတ်နေပေမည်။

ဖေဖေ၏ အကြံပေးချက်အရ ရောင်နီရဲသော နံနက်အရုဏ်ဦး၌လည်း မြို့ဟောင်းတစ်ခွင် လှမ်းမြင်ရသမျှကို ကြည့်ရှုခံစားပြီးကြပြီ။ လရောင်၌ ထူးဆန်းဆိတ်ငြိမ်နေပုံကိုလည်း ကြည့်ရှုခံစားပြီးကြပြီ။ တည်းခိုကြသော သီရိပစ္စယာဟော်တယ်မှ အတန်လှမ်းသည့် ဤမြစ်ကမ်းခြေသို့ ယနေ့ည လာကြသည်မှာလည်း ဖေဖေ၏ အကြံပေးချက်အရပင် ဖြစ်သည်။

ယနေ့ညလသာသာဝယ် ဤမြစ်ကမ်းခြေသို့ လာကြရာ၌ ဖေဖေကလည်း ဖေဖေ့စိတ်ကူးနှင့် ဖြစ်သကဲ့သို့ နုနုသွယ်မှာလည်း မိမိစိတ်ကူးနှင့် မိမိ ဖြစ်နေသည်။

ဖေဖေနှင့် မေမေက ရေစပ်အနီး၌ လမ်းလျှောက်နေကြသည်။ နုနုသွယ်က သစ်တုံးကြီးတစ်ခုပေါ်တွင် ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိက မြန်မာပြည်အလယ်ပိုင်း၏ ဧရာဝတီမြစ်ကမ်းခြေမှာ…၊ ကိုလှဝေကတော့…။

စက်စဲမှာ…။ စက်စဲဆိုသည်ကတော့ ပင်လယ်ကမ်းခြေ…။ လ,ရောင်အောက်၌ ပင်လယ်ကမ်းခြေသည် ဘယ်ပုံရှိနေမည်နည်း။ ပြီးတော့… ကိုလှဝေကော…ဘာလုပ်နေမည်နည်း။

မိမိကတော့ ကိုလှဝေကို အောက်မေ့သတိရနေသည်။ သူကကော မိမိကို သတိရပါမည်လော။ သူ့ကို မိမိက ချစ်သကဲ့သို့ သူက မိမိကို ချစ်ပါ၏လော။

ဤအတွေးကြောင့် နုနုသွယ်၏ရင်မှာ နာလာသယောင် ဖြစ်သည်။ ဝမ်းနည်းခြင်းနှင့်ယှဉ်လျက် ဒေါသလေးကလည်း ထွက်လာသည်။

ဤပုဂံမြို့ဟောင်းဆီသို့ ဖေဖေလာချင်အောင် စတင်အွေပေးသူမှာ ကိုလှဝေဖြစ်သည်။ လာဖြစ်အောင် ဆက်လက်တိုက်တွန်းသူမှာ မိမိဖြစ်သည်။ တကယ်တန်းလာကြတော့ ကိုလှဝေ မပါတော့။

ရတောင့်ရခဲသော အခွင့်အရေးကို လက်လွှတ်ခဲ့သည့် ကိုလှဝေအပေါ် မိမိမကျေနပ်။ အထင်ကြီးစ,ပြုနေသော ဖေဖေ ပိုအထင်ကြီးလာစေရန်…၊ ပြီးတော့ ပိုရင်းနှီးလာရန် သည်မှာ အခွင့်အရေးတွေ ရနိုင်သည်။ ယင်းအခွင့်အရေးကိုမှ ကိုလှဝေသည် လက်လွှတ်ခဲ့သည်။ သူ မိမိကို ချစ်ပါ၏လော။ ချစ်သည်ဆိုလျှင်…ချစ်သူထက် အခြားဘယ်ကိစ္စက ပို၍အရေးကြီးရမည်နည်း…။

နုနုသွယ်၏ရင်မှာ မကျေနပ်၊ ကိုယ့်ရင်မှဒုက္ခနှင့် ကိုယ် ငေးနေတွေးနေချင်သည်။ ထို့ကြောင့်လည်း ဤနေရာလေးတွင် ထိုင်နေခြင်းဖြစ်သည်။

ဖေဖေနှင့် မေမေက နုနုသွယ်၏အနီးသို့ ရောက်လာ၏။

''သမိုင်းဆိုတာကို အချက်အလက်ပေါ်ချည်း ထောက်တွေးရုံနဲ့ မလုံလောက်ဘူး သမီးရဲ့၊ ခံစားလဲကြည့်ရတယ်၊ ဒါမှ…အင်းဆိုက်…လို့ခေါ်တဲ့ ထိုးထွင်းသိမြင်မှုလဲ ရတာ၊ မောင်လှဝေပြောတာ တကယ်မှန်သကွဲ့''

ဤစကားကို ဖေဖေ့ထံမှ ကြားရသည်မှာ အကြိမ်နှစ်ဆယ်ခန့် ရှိပေပြီ။

''ရှင့်မလဲ ဒီမောင်လှဝေကို ချီးမွမ်းလို့မပြီးနိုင်ဘူး''

ဤစကားကို မေမေ့ထံမှ ကြားရသည်မှာလည်း အကြိမ်နှစ်ဆယ်ခန့်ပင် ရှိပေပြီ။

''ချီးမွမ်းထိုက်သူကို ချီးမွမ်းရတယ်၊ ဒါဟာ ပညာရှိသူတော်ကောင်းတို့ရဲ့ အလုပ်''



မေမေသည် လက်သီးဆုပ်ကို ပါးစပ်နားကပ်ကာ ''ဟပ်ချိုး..ဟပ်ချိုး'' နှင့် ချေသည်။

''မင်း ဘာလို့ချေရတာလဲ''

''ချေတဲ့ဥစ္စာပဲ၊ သူ့ဘာသာသူ ချေချင်လို့ ချေတာပေါ့''

ဖေဖေသည် မေမေ့ကို အရေးမလုပ်တော့ဘဲ နုနုသွယ်ကိုသာ လှမ်းပြောအံ။

''ပုဂံအကြောင်း လူတကာ ပြောကြတာပဲ၊ ဒါပေမယ့် ပုဂံနဲ့ ဘေဘီလုံးနီးယားကို ယှဉ်ပြီး စ,ပြောပြတာ မောင်လှဝေပဲ''

ဤတစ်ကြိမ်တွင်မူ မေမေက မေးမြန်း၏။

''ဘာပြောတယ် ကိုဘသွယ်၊ ဘာနီးယား…''

''ဘေဘီလုံးနီးယား''

''အဲဒါက ဘာလဲ''

''ဘေဘီလုံးနီးယားဆိုတာ တိုင်းပြည်၊ အဲ…တိုင်းပြည်လဲ မဟုတ်ဘူး၊ နိုင်ငံ၊ တိုင်းပြည်ဆိုတာနဲ့ နိုင်ငံဆိုတာ မတူဘူးကွဲ့၊ မစိုးလှ''

ဒေါ်စိုးလှက ဘာမှမပြောဘဲ ငြိမ်နေသည်။ သူ့အတွက် တိုင်းပြည်နှင့် နိုင်ငံ တူခြင်းမတူခြင်းက အရေးမကြီးလှ။ ဘေဘီလုံးနီးယားဆိုသည်မှာ ဘာဟုတော့ သိချင်သည်။

''အင်းလေ…အဲဒီနီးယားကြီးက ဘာဖြစ်သလဲ''

''နီးယားကြီး မဟုတ်ပါဘူး၊ ဘေဘီလုံးနီးယား၊ အစတုန်းက အဲဒီနိုင်ငံ အဲ…နေရာကို ဘေဘီလုံးနီးယားလို့ မခေါ်သေးဘူး၊ ဘေဘီလုံးကြီး ကျယ်လာပြီးမှ ဘေဘီလုံးနီးယားလို့ ခေါ်တာ''

''ဘေဘီလုံးဆိုတာကကော…ဘာကြီးလဲ''

''မြို့ကွ…မြို့၊ နစ်ပူးဝါးတို့၊ ကစ်(ရှ်)တို့၊ အီးရစ်တို့၊ အူးဝါးတို့၊ အွမ်းမားတို့ လဂက်(ရှ်)တို့လိုပဲ မြို့''

''ရှင့်မြို့တွေက ဘယ်ကဟာတွေလဲ''

''ဘေဘီလုံးနီးယားက၊ အဲလေ…ဟုတ်ပေါင်၊ ဘေဘီလုံးနီးယားလို့ မခေါ်သေးဘဲ၊ နေဦး…မြန်မာပြည်ကို မြန်မာပြည်လို့ မခေါ်ခင်က ဘယ်လိုခေါ်သလဲ''

''သိပေါင်''

www.burmeseclassic.com

www.burmeseclassic.com



"အေး…သိပေါင်၊…သိပေါင်ပဲ၊ အဲဒီနေရာဟာ အဲဒီနေရာပေါ့၊ အခု ခေတ်တော့ အီရတ်လို့ခေါ်တယ်၊ ဒီအရင်က မက်ဆိုပိုတေးမီးယားလို့လဲ ခေါ်သေးတယ်"

"ရှင့်ဥစ္စာ ကျွန်မ နားမျက်စိလည်ကုန်ပြီ"

"ဒါကြောင့် မင်းကို စာဖတ်ပါ…စာဖတ်ပါလို့ ငါ ခဏခဏပြောတာ"

"ရှင် မနိုမ်နဲ့ ကိုဘသွယ်၊ စာပဲဖတ်နေရအောင် ကျွန်မက အားနေလို့လား"

"အေးပါလေ၊ ထားပါတော့၊ ခုနင်က မင်းမေးတဲ့ဥစ္စာ၊ အဲဒီနေရာမှာ ယူဖရေးတီး(ဂ်)နဲ့ တိုက်ဂရစ်(စ်)ဆိုတဲ့ မြစ်နှစ်သွယ်ရှိတယ်၊ အဲဒီနေရာမှာ လူယဉ်ကျေးမှုကြီးတစ်ခု စ,ပေါ်တယ်၊ လူယဉ်ကျေးဖူးဆိုတာကိုကော မင်းနားလည်ရဲ့လား"

"လူယဉ်ကျေးမှု နားမလည်ရအောင် ကျွန်မက အရိုင်းအစိုင်းမို့ လား"

"မင်း အမိပ္ပာယ်ကောက် လွဲသွားပြီ၊ လူယဉ်ကျေးမှု…အဲ… ကြီး…ကြီးပါတယ်၊ ဘာသာပြန်ထားကြတာ၊ အင်္ဂလိပ်လိုတော့ စီဗီလိုင်ဇေးရှင်း ခေါ်တယ်၊ ငါက ဒါကိုပြောတာ၊ ခုနင်ကပြောတဲ့ နေရာမှာ ဆူမား-ရီးယင်းဆိုတဲ့ လူမျိုးတွေက လူယဉ်ကျေးမှုကြီးတစ်ခု တည်ထောင်တယ်၊ ဘယ်တုန်းကလောက်လို့ မင်းထင်သလဲ"

"ကျွန်မမှ စာမဖတ်တာ၊ မသိပေါင်"

"မင်းသိမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ငါမေးတာမဟုတ်ဘူး၊ စကားတန်ဆာသဘောနဲ့ ပြောတာကွ၊ သူတို့ လူယဉ်ကျေးမှုကြီး တည်ထောင်တာက ခရစ်မပေါ်မီ အနှစ်ငါးထောင်က၊ ဒီနေ့က ပြန်ရေတွက်ရင် အနှစ်ခုနှစ်ထောင်နီးပါးက"

"အဲဒါနဲ့ ရှင့် ဧာဧာက နီးယားကြီးက"

"ဖြေးဖြေးလေ၊ ဒီဆူမားရီးယင်းတွေက စာတွေ၊ ပြက္ခဒိန်တွေတောင် တည်ထွင်ကြတယ်၊ ခုနင်က ငါပြောတဲ့ အူးဝါးတို့၊ လဂက်(ရှ်)တို့၊ အွမ်းမားတို့ ဆိုတာတွေက သူတို့တည်ခဲ့တဲ့ မြို့တွေပေါ့"

"ဟို…ကြီးလာတဲ့…အလုံးကြီးကကော"

"အလုံးကြီးမဟုတ်ဘူး ဘေဘီလုံး၊ သူက နောက်ပေါ်တဲ့မြို့၊ ဆူမားရီးယင်းတွေကို နောက်ရောက်လာတဲ့ ဆီးမိုက်လူမျိုးတွေက နိုင်သွားတယ်၊ ဒါပေမယ့် သူတို့က ဆူမားရီးယင်းတွေရဲ့ ယဉ်ကျေးမှုကို ဆက်လက် လက်ခံကျင့်



သုံးသွားတယ်၊ သူတို့က ခရစ်မပေါ်မီ အနှစ် (၁၈၃၀) မှာ ဘေဘီလုံးမြို့ကြီးကို တည်ထောင်တယ်၊ နောက်အနှစ်တစ်ရာလောက်မှာ နန်းတက်တဲ့ ဟမ္မူရာဘီဧကရာဇ်ဘုရင်ကြီးလက်ထက်မှာ ဘေဘီလုံးရဲ့ သြဇာအာဏာဟာ အထွတ်အထိပ်ရောက်တယ်၊ ဟမ္မူရာဘီက နိုင်ငံတစ်ခုလုံးကို စည်းရုံးတယ်၊ ဗဟိုချုပ်ကိုင်မှုရှိတဲ့ အုပ်ချုပ်ရေးစံနစ်ကို ချတယ်၊ ဥပဒေတွေပြုတယ်၊ ဘာသာရေး အဆောက်အဦတွေ တည်တယ်၊ ဆည်တွေ ဆောက်တယ်"

"အနော်ရထာလိုပေါ့ ဟုတ်လား"

"အဲ…မင်းဘယ်ဆိုးလို့လဲ၊ အနော်ရထာလိုပေါ့၊ ငါက ဒါပြောချင်တာ၊ သမုဒ္ဒရာဇ်မင်းက ယုံလွှတ်ကျွန်းမှာ ပုဂံကို စတည်တယ်၊ နောက် မင်းဆက်တွေ အတော်ကြာမှ အနော်ရထာလို့ အခုခေါ်ကြတဲ့ အနုရုဒ္ဓာဘုရင် နန်းတက်လာတယ်၊ သူလက်ထက်မှာ ပုဂံဟာ အထွတ်အထိပ်ကို ရောက်လာ တယ်၊ သူလဲ နိုင်ငံကို စည်းရုံးတယ်၊ ဥပဒေပြုတယ်၊ ဘုရားတည်တယ်၊ ဆည်ဆောက်တယ်၊ ဧာဧာတုံးက မြန်မာပြည်ကို မြန်မာပြည်လို့မခေါ်ခင်က ဘယ်လိုခေါ်သလဲလို့ ငါမေးတယ် မဟုတ်လား"

"အင်း…အင်း"

"အနော်ရထာလက်ထက်ကစပြီး မြန်မာပြည်ဟာ မြန်မာပြည် ပီပီသသဖြစ်လာတာပဲ၊ ခုနင်က ဟိုနေရာမှာလဲ ဟမ္မူရာဘီလက်ထက်က စပြီး ဘေဘီလုံး-နီးယား ဖြစ်လာတာပဲ၊ ကမ္ဘာ့သမိုင်းမှာ ဘေဘီလုံးနီးယား၊ မြန်မာ့သမိုင်းမှာ ပုဂံ၊ ကမ္ဘာ့သမိုင်းမှာ ဟမ္မူရာဘီ၊ မြန်မာ့သမိုင်းမှာ အနော်ရထာ၊ မင်းရှင်းပြီလား"

"မောင်လှဝေက ရှင့် ဒါတွေပြောလိုက်သလား"

"ဒါတွေတွင် ဘယ်ကမလဲ၊ ဒီ့ထက် လေးနက်တာတွေ ရှိသေးတယ်၊ မင်းညာဏ်မီမှာ မဟုတ်ဘူး၊ ထားတော့…မင်းပြန်ချင်တယ်…ပြန်ချင်တယ်နဲ့ သိပ်မပူဆာ နဲ့၊ ငါ ဒီလာတာ အလည်လဲမဟုတ်ဘူး၊ ဘုရားဖူးဖို့လဲ မဟုတ်ဘူး၊ ငါ ခံစားဖို့လာ တာ"

"ဘာရယ်…"

"သမိုင်းမှာ ထိုးထွင်းသိမြင်မှုရဖို့ကို ငါခံစားကြည့်နေတာ၊ ဧာဧာဒီမြစ်ကမ်းခြေမှာ ငါ လမ်းလျှောက်နေတာ တွေ့တယ်မဟုတ်လား"

"ကျွန်မလဲ လျှောက်နေတာပဲဟာ"

"မင်းက မင်းစိတ်ကူးနဲ့ မင်းလျှောက်နေတာ၊ ငါက ငါ့စိတ်ကူးနဲ့ငါ၊

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ…ဒီကမ်းခြေမှာ အနော်ရထာလဲ လျှောက်ဖူးရမယ်၊ ဒီတုန်းက သူ ဘယ်လို ခံစားနေမလဲ၊ ဘာတွေ တွေးနေမလဲ''

''ဘာခံစားရမလဲ၊ ချမ်းမှာပေါ့''

''ဘာပြောတယ်''

''ချမ်းမှာပေါ့လို့၊ ကျွန်မတော့ ချမ်းလာပြီ၊ ပြန်တော့မယ်၊ နက်ဖြန်မှ ရှင့်ဘာသာရှင် တစ်ယောက်ထဲ ချမ်း…အဲ ခံစား''

မေမေသည် ဖေဖေ့ထံမှ စကားပြန်မလာမီ ရှေ့မှ လျှောက်ပြန်သည်။

နုနုသွယ်က ထိုင်ရာမှ ထလိုက်၏။ မေမေပြောသည်မှာ မှန်၏။ ဖွယ်တာ ထူထူလေး ဝတ်ထားလျက်က နုနုသွယ်မှာ ချမ်းနေ၏။

မေမေ့နောက်ကျောကိုကြည့်ရင်း မတုန်မလှုပ်ရပ်နေသော ဖေဖေသည် မကျေမနပ်ဖြစ်နေမှန်း နုနုသွယ် ရိပ်မိသည်။ ဖေဖေ စိတ်ပြေစေရန် နုနုသွယ်က ပြောရ၏။

''ဖေဖေ ပြောတာတွေက သိပ်မြင့်တယ်၊ မေ့မေ မလိုက်နိုင်တာက မဆန်းဘူး''

ဦးဘသွယ်၏ မှုန်နေသောမျက်နှာတွင် ပြုံးရိပ်ပေါ်လာ၏။

''အင်း…အင်း…၊ ဒါကို ဖေဖေ သတိလစ်သွားတယ်''

''မေမေ့ကို ဖေဖေ စိတ်မဆိုးဘူးမဟုတ်လား''

''ဉာဏ်မမီသူတိုင်းကို လိုက်စိတ်ဆိုးနေရင် ဖေဖေဟာ ခွင့်မလွှတ်တတ်သောသူတစ်ဦး ဖြစ်နေမှာပေါ့''

''ဒါဖြင့် သမီးကိုလဲ ခွင့်လွှတ်နော်၊ သမီးလဲ ချမ်းလာပြီ''

''သမီး ချမ်းလာပြီလား၊ ဒါဖြင့် ပြန်ကြမယ်လေ''

ဖေဖေနှင့်တွဲ၍ ပြန်လာခဲ့စဉ် ဧရာဝတီမြစ်ကို ကျောခိုင်းခဲ့ရသည်မို့ နုနုသွယ်၏ရင်တွင်း၌ တစ်မျိုးကြီး ဖြစ်နေသည်။

တစ်စုံတစ်ယောက်ကို ကျောခိုင်းခဲ့ရသလိုလို…။

သြော်…သည်အချိန်မှာ သူလည်း ကမ်းခြေတွင် ရှိနေပေလိမ့်မည်။ တစ်ယောက်တည်း ရှိနေပေလိမ့်မည်။

❑❑❑

## အခန်း (၄)

စက်စဲကမ်းခြေ သောင်ပြင်တွင် ကိုလှဝေတစ်ယောက်တည်း ရှိနေသည်။

မြေပုံထဲမှ တနင်္သာရီကမ်းရိုးတန်းသည် အနောက်ဘက်သို့ မျက်နှာမူနေသည်။ ဤသည်မှာတော့ ယေဘုယျသဘောသာ ဖြစ်သည်။ ယခု စက်စဲကမ်းခြေကတော့ အနောက်တောင်ဘက် ခပ်စောင်းစောင်းလေး မျက်နှာမူနေ၏။ သည်လို ခပ်စောင်းစောင်းလေး ဖြစ်နေမှန်းကိုလည်း လထွက်ပုံကြောင့်သာ သိရသည်။ ကမ်းခြေမှကြည့်လျှင် အရှေ့တည့်တည့်ဟု ထင်ရသောနေရာမှ လ,ကမထွက်၊ တောင်ယွန်းယွန်းဟု ထင်ရသော နေရာမှ ထွက်လာသည်။ ပြီးတော့ ပင်လယ်ကို ထောင့်တန်းဖြတ်ကာ မြောက်ယွန်းယွန်းဟု ထင်ရသော နေရာဆီ စောင်းကျသွားသည်။

ယခု လမင်းက ကောင်းကင်၌ အတန်မြင့်နေပြီ၊ မောင်ယဉ်ဆိုင်းတန်း ကြယ်စုကိုလည်း လမင်းနှင့် မနီးမဝေး အရှေ့ဘက် ကောင်းကင်ခြမ်းတွင် တွေ့ရ၏။

ဆောင်းတွင်းဖြစ်သော်လည်း ပင်လယ်ကမ်းခြေက မချမ်း။ နွေသဘောင်သဘောင်သာပင် ရှိနေသည်။ သြော်…ပင်လယ်သည် ရာသီဥတုကို မျှတစေသည် မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံမြို့ဟောင်းဆီမတော့ ချမ်းပေမည်။ နုနုသွယ်တစ်ယောက် ချမ်းရှာပေမည်။

ယခုအချိန် နုနုသွယ် ဘာလုပ်နေမည်နည်း။ နှင်းမှုံဝေသော ဆောင်းညပြာတွင် မိမိကို တမ်းတ,နေမည်လော။ သို့မဟုတ်…မကြေမချမ်း ဖြစ်နေလေမည်လော…။

မကြေမချမ်း ဖြစ်နေဖို့က များသည်။

အတူသွားကြဖို့ လေယာဉ်ပုံလက်မှတ်ပင် ဝယ်ပြီးပြီ။ အတူသွားရခြင်းမှာ ရတောင့်ရခဲ အခွင့်အရေးဟု မိမိနားလည်သည်။ သည်အခွင့်အရေးရရန် ကြိုးကြိုးစားစား မိမိတို့ ဖန်တီးယူခဲ့ကြရသည်။

ဪ…အဖြစ်က မိမိရေးသော ဝတ္ထုထဲက အဖြစ်တွေနှင့် မတူပါတကား။ ဝတ္ထုထဲမှာဆိုရင်တော့…။ ကြည့်…ဟောသည်လို လမင်းသာသော ပင်လယ်ကမ်းခြေငွေသောင်ယံမှာ…။ တစ်ဦးလက် တစ်ဦးဆွဲ၍ အပြုံးချင်းဖလှယ်ကာ လမ်းလျှောက်ကြမည်။ သို့မဟုတ်…ပါးချင်းအပ်လျက်ကာ လေတိုးသဖြင့် လှုပ်ရှားနေသော ချစ်သူ၏ဆံပင်ဆံနွယ်များ၏အလှကို မျက်စိအရသာခံ ကြည့်နေမည်။ စက်စဲမှာမှ ,မဟုတ်…။ ချစ်သူနှင့် တွဲလျက်ဆိုလျှင် ပုဂံမြို့ဟောင်း မှာလည်း ရင်ခုန်ဖွယ် တွေ့ကြုံနိုင်သည်။ 'အရဏ်' သီချင်းတွင် မြေလတ်သူကို ရည်ညွှန်း၍ ကိုစောငြိမ်းစပ်ခဲ့သလို…ရွှေစည်းခုံစေတီဝယ်…ဤမြေမှသည်…မြှော် တမ်းရည်၍…လက်ချီအုပ်မိုး…အဲ…တူစုံရှိခိုးနိုင်သည်။ ဘုရားရှိခိုးရင်း အဟင်း …ရင်ခုန်နိုင်သည်။

ယခုတော့ သည်သောင်ယံမှာ မိမိက တစ်ယောက်တည်း။ ချစ်သူက တစ်နေရာ…။

ချစ်သူ…။ သည်စကားပေါ်လာ၍ ရင်တွင်းမှာ စိမ့်အေးသွားသကဲ့သို့ တုန်လှုပ်ချောက်ချားခြင်းလည်း ဖြစ်မိသည်။

မိုက်မိုက်ကန်းကန်း ပုံပုံအောအော ချစ်ခဲ့ရသည့်အရွယ်ကို မိမိ လွန်ခဲ့သည်မှာ ကြာပြီ။ မိုက်မိုက်ကန်းကန်း ပုံပုံအောအောနှင့် ချစ်ခဲ့မိသော ချစ်သူတစ်ယောက်နှင့် ဝေးခဲ့ရမှုသည်မှာလည်း ကြာပြီ။ ကြာလေပြီ။ မယ်မင်းကြီးမ ကျောင်းမှဖြစ်သော ရင်မှဒဏ်ရာကို အရင်းအနှီးပြုပြီး အလွမ်းစာရေးဆရာ လုပ်စားခဲ့သည်မှာပင် အတန်လေးကြာခဲ့ပြီ။

သည်အချိန်ကျခါမှ နုနုသွယ်နှင့် တွေ့ခဲ့ရသည်။ မိုက်မိုက်ကန်းကန်းပုံအောသော အချစ်မဟုတ်စေကာမူ အချစ်မှတစ်ပါး အခြားမဟုတ်သော အချစ်နှင့်



ချစ်မိသည်။ တစ်ဖန်…နုနုသွယ်ခမျာကလည်း မိမိအပေါ် မိုက်မိုက်ကန်းကန်းပုံပုံအောအော မချစ် သို့မဟုတ်…ယင်းသဘောကိုမပြ။ ယင်းအတွက်လည်း နုနုသွယ်ကို အပြစ်မတင်လို၊ သူ့မှာလည်း 'သူ့ဒုက္ခနှင့်သူ'။

ဘာပဲဖြစ်ဖြစ်…မိမိတို့နှစ်ဦးမှာ နားလည်မှုရထားသော ချစ်သူနှစ်ဦး။ အဟင်း…သည်စကားပဲ မှန်မည်ထင်သည်။ နားလည်မှုရထားသော ချစ်သူနှစ်ဦး…။ တစ်ဦးနှင့်တစ်ဦး အချစ်မှတစ်အပါး အခြားမဟုတ်သော အချစ်နှင့်ချစ်နေကြသည်ဟု အကြေအလည် နားလည်ထားကြသည်။ သည့်ထက်တော့ မပိုရသေး။

ပုဂံမြို့ဟောင်းသို့ သွားရေးမှာ သည့်ထက်ပိုရေးအတွက် စီမံကိန်းတစ်ခုဖြစ်သည်။ ယခု သည်စီမံကိန်းသည် ပျက်ရပြီ။

မြဝေကြောင့်။ ဪ…မြဝေ၊ သေသည်အထိ အစ်ကိုဖြစ်သူကို ဒုက္ခပေးသွားသည်။

ယင်းအတွေးသည် ရင်မှာပေါ်သည့်ခဏ၌ပင် ရပ်သွားသည်။ ရပ်သွားသည့်ခဏ၌ပင် ဆို့နှင့်နာကျင်သွားသည်။ ဤအတွေးပေါ်မိသည့်အတွက် မိမိကိုယ်ကို အပြစ်ပြုမိသူတစ်ဦးပမာ ထင်မိလာသည်။

ဘယ့်နှယ်တတ်နိုင်မတုံး၊ သူ့ခမျာ သည်အခြေတွင်…သည်ဟာပဲ လုပ်နိုင်ရှာမည်။ မိမိကို သတိတရ အားကိုးပြုသွားသည့်အတွက်ပင် ဂုဏ်ယူရဦးမည်။ တကယ်ဆိုတော့ သည်လောကတွင် မိမိတို့က ညီအစ်ကိုနှစ်ယောက်တည်း။ …။ ဪ…ယခုဆိုလျှင်…ညီအစ်ကိုနှစ်ယောက်တည်းပင် မဟုတ်လေတော့…။ ညီ ကိုယ်စား ခရီးလမ်းဘေးမှ မြေကွက်ကလေးတစ်ခုသာ ကျန်ခဲ့လေတော့သည်။

ကိုလှဝေ၏စိတ်တွင်း၌ ဆိတ်သုဉ်းမှုကို နက်နက်နဲနဲ ခံစားရသည်။ ဝမ်းနည်းအားငယ်မှုကလည်း အခွင့်ရသဖြင့် ဝင်လာသည်။

ဝမ်းနည်းအားငယ်မှုက လူမှန်းသိတတ်စ,ကတည်းက မိမိနှင့် ရင်းနှီးခဲ့သော ခံစားမှု၊ ဘဝအတွေ့အကြုံ၊ အသိဉာဏ်ပညာတို့နှင့် သည်ခံစားမှုကို အနိုင်ယူတိုက်ထုတ် မောင်းနှင်ထားခဲ့ရသည်။ သည်ကြားတည်းက အခွင့်ရလျှင် သူဝင်လာနိုင်သည်။ ပါမောက္ခဖရှိုက် ဖွင့်ဆိုသော အမြစ်ဖြတ်ရခက်သည့် ကလေးဘဝက ရခဲ့သည့် စိတ်ဒဏ်ပေလော။

သောင်ပြင်ပေါ်၌ထိုင်နေရာမှ ကိုလှဝေသည် ထ,လိုက်၏။ ထ,လိုက်ကာမှ တစ်ယောက်တည်း ထီးထီးမားမားအဖြစ်သည် ပိုထင်ရှားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေကျချိန်ဖြစ်သဖြင့် ပင်လယ်ရေက ဟိုအဝေးမှာ၊ သောင်ပြင်က အထ ကျယ်လွင့်နေသည်။ တိတ်ဆိတ်၍လည်း နေသေးသည်။ လူသူဟူ၍ မိမိမှတစ်ပါး အခြားမရှိ။

မိမိဘဝက ထီးထီးမားမား၊ လရောင်တွင် ဝါးဝါးမြင်ရသော ဟိုအဝေး ပင်လယ်ပြင်တွင်းမှ ကြက်သွန်ကျွန်းကဲ့သို့ ဆိတ်ဆိတ်သုဉ်းသုဉ်း ထီးထီးမားမား

ကိုလှဝေသည် မျက်စိကိုမှိတ်ကာ မလိုလားသော ခံစားမှုကို တိုက်ထုတ် ပစ်သည်။

သည်ခံစားမှုမျိုးက ပြင်သစ်စာရေးဆရာ ဒဿနိကပညာရှင် ဖန်းပေါ- ဆတ်တာ အမြင်ဖြစ်သည်။ အိတ်ဇစ်စတင်ရှယ်လစ်ဇင်းဟု ခေါ်သည်။ အတ္တဘဝ အမှန်ဝါဒဟု ဘာသာပြန်ထားကြသည်။ မိမိက အတ္တဘဝအမှန်ဝါဒကို လက်မခံ ယင်းဝါဒကို စိတ်ဒဏ်ဖြေခြင်း (ဝါ) ကိုယ်ရည်ကိုယ်သွေး၏ စည်းရုံးမှုပျက်ပြ ခြင်းဟု မိမိ ဝေဖန်ခဲ့သည်။ ယခု သည်အမြင်မျိုးက မိမိသန္တာန်အတွင်း နိုး၀ လာချင်သလော။ မိမိသည် စိတ်ဒဏ်ဖြေနေ သလော။ မိမိ၏ ကိုယ်ရည်ကိုယ်သွေး စည်းရုံးမှုသည် ပျက်ပြားနေသလော။

ရင်တွင်းမှလှုပ်ရှားမှု ငြိမ်သွားလေမှ ကိုလှဝေသည် မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။

လရောင်သည် ထိန်လင်းကြည်လင်နေ၏။ အဝေးရေစပ်ဆီ၌ ပြိုကွဲစဉ် လှိုင်းခေါင်းတို့က ငွေရောင်လက်နေသည်။ လှိုင်းပုတ်သံများကိုလည်း ကြားလာ၏

ရေစပ်ဆီမှသည် ရပ်နေသော ခြေများဆီသို့ မျက်လုံးများကို ရွေ့ရှတ်ခဲ့ သည်။

ရပ်နေရာ သောင်ပြင်က ရေငွေ့ငွေ့စိုနေသည်။ သဲအရောင်သည် ဒီရေ မရောက်သော နေရာမှ သဲတို့ကဲ့သို့ ဖွေးဖွေးမဖြူ။ အစိုဓာတ်ကြောင့် မွဲမွဲပြာပြာ ရှိသည်။ ယင်းမွဲမွဲပြာပြာနှင့် မာမာတင်းတင်းကလေးရှိသော သဲပြင်ပေါ်တွင် ဂဏန်းယင်ကလေးများ လှုပ်ရှား အလုပ်များနေကြသည်။ ကျင်းပေါက်ကလေးများ လည်း ပေါ်နေသည်။ ကျင်းပေါက်တစ်ခုစီ၏ တစ်ဝိုက်၌ ကျစ်စာခဲအလုံးလေးများ သည် လှပသော စက်ဝန်းအရစ်များ ပုံဖော်နေကြ၏။

ကိုလှဝေသည် အမျိုးအမည်မသိသော အပြုံးကို ပြုံးမိသည်။

ဒီရေတက်လာလျှင် သည်ဂဏန်းလေးများက သောင်ပြင်တွင်း နက်စွာ တူး၍ အောင်းနေကြမည်။ ဒီရေကျသွားသည်နှင့် တစ်ပြိုင်နက် ပိတ်နေသော



ကျင်းလေးများကို ပြန်ဖွင့်ပြီး လှုပ်ရှားအလုပ်များကြသည်။ သည်အတွင်းမှာ ရန်မျိုးစုံ နှင့် တွေ့နိုင်သေးသည်။ သို့ရာတွင် သူတို့က အလုပ်မပျက်။ နောက်တစ်ကြိမ် ဒီရေတက်လာပြန်လျှင် သောင်ပြင်တွင်း ပြန်အောင်းကြဦးမည်။ ဒီရေကျသည်နှင့် တစ်ပြိုင်နက် မမောနိုင်မပန်းနိုင် စက်ဝန်းရစ် လှလှလေးများကို ဖော်ကြဦးမည်။ စက်စက်ခက်ထန်သော ပတ်ဝန်းကျင် လောကအကြောင်းကို တရားဟောသည့် ဖန်းပေါ်ဆတ်တာတစ်ဦး သူတို့အလယ်တွင် မရှိဟန်တကား။

အပြုံးကိုရပ်ပြီး ကိုလှဝေသည် ဂဏန်းလေးများကို စိုက်ကြည့်သည်။

သည်ဂဏန်းလေးများ၏ မိဘများသည် ဘယ်မှာပါနည်း။ သတ္တဝါတစ် ကောင်ရယ်လို့ ဖြစ်လာမှတော့ အမိနှင့်အဖသည် ရှိရမည်။ သို့ရာတွင် သူတို့သဘာဝ က အမိအဖ အုပ်ထိန်းစောင့်ရှောက်မှု ခံယူရသော ဘဝမျိုးမဟုတ်။ သဘာဝမိခင် ကြီးက တပ်ဆင်ပေးလိုက်သော မွေးပါစွမ်းရည်လေးများဖြင့် လောကသံသရာမှာ ကျင်လည်ကြရရှာသည်။ ချစ်ခြင်းမေတ္တာရိပ်၏ အေးမြလုံခြုံမှုသဘောကို သူတို့ နားလည်မည်မထင်။ခံလည်း ခံစားဖူးမည် မဟုတ်။ မခံစားဖူးသောအရာ၏ ဆုံးရှုံးရခြင်းကိုမူ သာ၍ပင် နားလည်မည် မဟုတ်။ သည်တော့…ဝမ်းနည်းအားငယ်ခြင်း ဟူသော သဘောက သူတို့အတွက် မဟုတ်။ လူတွေအတွက်…။

ကိုလှဝေ၏ ခန္ဓာကိုယ်သည် တည့်မတ်တောင့်တင်းသွားသည်။

မိဝင်းနှင့်ညီကြီး…။ သူ…သူ…သူက လူလေးတွေ…။ ဘူးလေးတွေ… ကလေးတွေ…။ ချစ်ခြင်းမေတ္တာရိပ်၏ အေးမြလုံခြုံမှုကို လိုသော ကလေးတွေ…။

ယခု သူတို့ ဘယ်လိုနေ,နေကြမည်နည်း။ သူတို့လေးတွေ၏ ရင်တွင်း၌ ဘာတွေဖြစ်နေကြမည်နည်း။

ယနေ့ညအတွက် ဒုတိယအကြိမ်အဖြစ် ကိုလှဝေသည် မိမိကိုယ်ကို အပြစ်ပြုမိသူ တစ်ဦးကဲ့သို့ ထင်မိပြန်သည်။

ကလေးနှစ်ယောက်က မိမိကို မခင်ကြသေး၊ မိမိ အနီးကပ်သည်ကိုပင် ခံကြသေး၊ မိမိကို အခြားဂြိုလ်တစ်ခုမှလာသော လူစိမ်းတစ်ဦးပမာ ဆက်ဆံနေကြ သေး။

မြဝေ၏ တဲကလေးက ကျဉ်းသည်။ အသုဘအိမ်မို့ ညနက်အထိ လူနေ အောင် လုပ်ရသော ဟိုအစီအစဉ်ကလေးများကလည်း ရှိသေးသည်။ မြဝေ၏တဲ တွင် မိမိအိပ်ရန် နေရာမရှိ။ ထို့ကြောင့် ညတွင် မိမိက တည်းခိုရာ အထွေထွေဗေဒ ဆေးရုံ၌ ပြန်အိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ဦးသည် မည်သူနှင့် အိပ်ကြသနည်း။ အသုဘအိမ် အစီအစဉ်လေးများကြောင့် ညနက်သည်အထိ လူစည်နေသဖြင့် ညဦးပိုင်းတွင် ဒေးဒေးဒေါ်မောနှင့် အချိန်ကုန်ကြရမည်။ ညနက်၍ ထိုအိပ်သည့်အခါ တစ်စုံတစ်ယောက်ကတော့ ဂရုစိုက်စောင့်ရှောက်လေမည်။ သို့ရာတွင် နက်ဖြန်ဆိုလျှင် ရက်လည်ဆွမ်းကျွေး၍ အသုဘအိမ်အဖြစ်မှ ရပ်စဲတော့မည်။ ထိုအခါ ဆိတ်သုဉ်း၍ အလင်းရောင်မှေးမှိန်သော တဲငယ်တွင်...။

ကိုလှဝေသည် ဆက်မတွေးတော့။ သပိတ်သွတ်ပြီးလျှင်ပြီးချင်း ကလေးနှစ်ဦးကို မိမိတည်းခိုရာဆီသို့ ခေါ်လာခဲ့မည်။ တစ်ညအိပ်ပြီးနောက် မော်လမြိုင်မှတစ်ဆင့် ရန်ကုန်ခေါ်သွားမည်။

ခက်သည်က ကလေးနှစ်ဦးက မိမိထံမကပ်သေး။ ရန်ကုန်မပြောနှင့်... မော်လမြိုင်မပြောနှင့်၊ တည်းခိုရာစခန်း ရောက်အောင်ပင် ဘယ်ပုံခေါ်ရပါ့။

ကိုလှဝေသည် မိမိကိုယ်ကို အကြီးအကျယ် မကျေမနပ် ဖြစ်မိသည်။

မိမိက သည်မှာ ဘာလုပ်နေရသနည်း။ မိမိက ကလေးနှစ်ဦးအနီးတွင် မရှိနေထိုက်ဖူးလော။ တဲကျဉ်းတာတွေ...၊ အိပ်ရန်နေရာ မရှိတာတွေ၊ သည်ဟာတွေက ကိုယ့်စိတ်ကိုယ်လှည့်စားသော ဆင်ခြေတွေ မဟုတ်ဘူးလော။ ကလေးနှစ်ဦးအနီးတွင် ရှိနေလျှင် တွယ်တာခင်မင်လာဖွယ် အခွင့်အရေးတစ်ခုခု မရနိုင်ဘဲရှိပါ့မလား။

ကိုလှဝေက တည်းခိုရာစခန်းတွင်း ပြန်ဝင်ကာ လိုလိုမည်မည် လက်နှိပ်ဓာတ်မီးနှင့် စွယ်တာထူထူတစ်ထည်ကို ယူသည်။ အခန်းကိုသော့ပိတ်ပြီး သောင်ပြင်ဆီသို့ ပြန်ထွက်လာခဲ့၏။

သောင်ပြင်အတိုင်း ကိုလှဝေသည် ခမင်းဆိပ်ရွာဘက်သို့ လျှောက်လာခဲ့၏။

စက်စဲပင်လယ်ကျေး၏ လက်ယာဘက်အစွန်း နယ်နမိတ်မှာ စက်စဲတောင်တန်းဖြစ်သည်။ စက်စဲတောင်တန်းက ပင်လယ်တွင်း ထိုးထွက်နေသည်။ သည်တောင်ခြေတွင် ခမင်းဆိပ်ခေါ် ပင်လယ်ရေလုပ်သားတို့၏ ရွာရှိသည်။

မြဝေ၏တဲက ခမင်းဆိပ်ရွာတွင် မဟုတ်။ ရွာနှင့် အတန်လှမ်းသောနေလှမ်းဆားကွက်များရှိရာတွင် ဖြစ်၏။

ထိန်ထိန်သာသော လရောင်အောက် သောင်ပြင်တွင် လျှောက်နေခြင်းဖြစ်သောကြောင့် လက်နှိပ်ဓာတ်မီးမှာ မလိုချေ။ သို့ရာတွင် အိမ်အနီးရောက်သော်



မြဲများရှိသောကုန်းထက် ပြန်တက်ရမည်။ ထိုအခါ လက်နှိပ်ဓာတ်မီး လိုလာပေသည်။

ကိုလှဝေသည် မှန်မှန်လေး လျှောက်လာနေ၏။ သူ့စိတ်သည်လည်း ပုံမှန်အနေအထား ပြန်ဖြစ်၍ အေးချမ်းတည်ငြိမ်လာ၏။

စိတ်က အေးချမ်းတည်ငြိမ်လာသောကြောင့် လရောင်အောက်မှ ပင်လယ်ကမ်းခြေ ငွေသောင်ယံ၏အလှကို ပြန်လည်သတိပြုမိလာသည်။ သြော်...နုနုသွယ်ကိုလည်း ပြန်လည်သတိရလာသည်။

ဤကလေးနှစ်ယောက်နှင့် မိမိ ပြန်ရောက်လာသည်ကိုတွေ့လျှင် နုနုသွယ် မည်ကဲ့သို့ သဘောထားမည်နည်း...။

မတွက်နိုင်။ ခုမှတော့ ဘာမျှမတွက်နိုင်။ ဖြစ်သမျှအကြောင်း အကောင်းချည်း။

မြဝေ၏တဲရှိရာ နီးကပ်လာ၍ ကုန်းပေါ် လှည့်တက်တော့မည်အပြုတွင် ကိုလှဝေ၏မျက်လုံးများက ပင်လယ်ရေစပ်ဆီ ရောက်သွားသည်။ ထိုခဏ၌ပင် ကိုလှဝေ၏ခြေလှမ်းများ တန့်သွားကြသည်။

ပင်လယ်ရေစပ်မှာက...ကလေးနှစ်ဦး...။

ကလေးနှစ်ဦးကို...ကိုလှဝေသည် စူးစမ်းစိတ်ဖြင့် စိုက်ကြည့်နေမိသည်။

သည်အချိန်ကြီးတွင် သည်နေရာမှာ ကလေးနှစ်ဦးက ဘာလုပ်နေကြသနည်း။

နံနက် သို့မဟုတ် နေ့လည် ဒီရေကျချိန်၌ ကလေးအချို့ ဂဏန်းဖမ်းကြသည်ကို သတိပြုမိဖူးသည်။ ယခုကော ဂဏန်းဖမ်းနေကြသလော။ ညအချိန်တော်တွင် ပင်လယ်ရေစပ်၌ ကလေးတွေ ဂဏန်းဖမ်းကြပါ၏လော။

ကိုလှဝေကို စိုးရိမ်စေသည်က ကလေးနှစ်ဦး၏ အရွယ်ဖြစ်လေသည်။

အဝေးက လှမ်းမြင်ရသောကြောင့်လော မသိ၊ ကလေးနှစ်ဦး၏ သဏ္ဌာန်လေးများက သေးငယ်လွန်းလှသည်။

မြတ်စွာဘုရား...။ မိဝင်းနှင့် ညိုကြီးတို့များလား...။

ကိုလှဝေသည် ဆက်တွေးမနေတော့ဘဲ သဏ္ဌာန်လေးများရှိရာသို့ သုတ်သွက်လျှောက်ခဲ့သည်။

ကလေးနှစ်ဦး၏ သဏ္ဌာန်များက တဖြည်းဖြည်း သဲကွဲလာခဲ့သည်။

တစ်ဦးကရပ်လျက်၊ တစ်ဦးက ထိုင်လျက်....။

www.burmeseclassic.com

www.burmeseclassic.com



လေသည် ပင်လယ်ပြင်မှ ကုန်းဆီ တိုက်ခတ်လာနေသည်။

သည်နေရာတွင် လှိုင်းသံတို့က အတန်ကျယ်နေပြီ။ လှိုင်းသံကြားမှ ကလေးငယ်တစ်ဦး၏ ခေါ်သံလေးသည် ပေါ်လာ၏။

"အဖေရေ..."

ကလေးနှစ်ဦးလုံးက ပင်လယ်ပြင်ဆီ မျက်နှာမူနေကြပြီး ကိုလှဝေရှိရာကို ကျောခိုင်းထားကြသည်။ သဲပြင်၌ လျှောက်လာသော ကိုလှဝေ၏ ခြေသံကလည်း မမြည်။

"အဖေရေ..."

ကလေးနှစ်ဦး၏အနီးသို့ ကိုလှဝေ ရောက်လာခဲ့သည်။ ကလေးနှစ်ဦးကမူ ကိုလှဝေကို သတိမမူမိကြသေး။

ကိုလှဝေ စိုးရိမ်ခဲ့သည့်အတိုင်းပင် ဖြစ်တော့သည်။

ရပ်နေသူလေးက ညီကြီး၊ သူ့ဘေးတွင် သောင်ပြင်ထက် ကျုံ့ကျုံ့ကလေး ထိုင်နေသူက မိဝင်း။

မိဝင်းက ငြိမ်လျက်ထိုင်နေသည်။ တကျော်ကျော် ဟစ်အော်ခေါ်နေသူက ညီကြီးဖြစ်၏။

"အဖေရေ..."

တစ်ကြိမ် အော်ခေါ်အပြီး၌ စိတ်ပျက်ဟန်ဖြင့် ညီကြီးက ပြောသည်။

"အဖေရဲ့ရာဘူး"

"လာမှာပါ၊ ပင်လယ်ထဲက ပြန်လာမှာ"

"ရေထဲက ပြန်ရာမှာ"

"ဟုတ်တယ်၊ ရေထဲက ပြန်လာမှာ"

"ရာရဲ့ရာဘူး"

"လာမှာပါ"

ညီကြီးသည် ပင်လယ်ဆီသို့ကြည့်ကာ အော်ခေါ်ပြန်၏။

"အဖေရေ..."

ကိုလှဝေ၏ရင်မှာ နင့်သီးအောင် ဆို့သွားသည်။ သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီးနောက် ကိုလှဝေက ချောင်းဟန့်လျက် အသံပြုသည်။

ကလေးနှစ်ဦးက ပြိုင်တူ သူ့ဘက်သို့ လှည့်ကြည့်ကြသည်။ မိဝင်း၏ လက်လေးတစ်ဖက်က သူ့မောင်ကို ပတ်ဖက်ထား၏။



ထ,ထွက်ပြေးကြဦးမည်လောဟု ကိုလှဝေက စိုးရိမ်မိသေးသည်။ သို့ရာတွင် ကလေးနှစ်ဦးက မလှုပ်။ သူ့ကိုသာ စိုက်ကြည့်နေကြသည်။

ကိုလှဝေသည် ဘာမျှခံစားမှုမရှိသယောင်ဖြင့် ဣန္ဒြေရစွာ မိဝင်း၏ဘေးတွင် ဝင်ထိုင်လိုက်၏။

ကလေးနှစ်ဦးလုံးက သူ့ကို အကဲခတ်ဟန် စူးစိုက်ကြည့်မြဲ ကြည့်နေကြသည်။

ကိုလှဝေက တည်ငြိမ်အောင် ကြိုးစား၍ပြောသည်။

"သူပြန်လာမှာပါ၊ ဒါပေမယ့် သူသွားနေတာက အဝေးကြီး"

ကိုလှဝေက ကလေးနှစ်ဦးကို အကဲခတ်ကြည့်၏။

ညီကြီးက မျက်မှောင်လေးကြုတ်၍ သူ့ကိုကြည့်နေသည်။ မိဝင်းက လည်း ငြိုင်းစက်သော မျက်လုံးများနှင့် သူ့ကိုပင် ကြည့်နေသည်။ မိဝင်း၏မျက်လုံး များ၌ မျက်ရည်များက ဝိုင်းနေသည်။ ဝမ်းနည်းအားငယ်မှုများလည်း ပေါ်နေ၏။ ကလေးမမှာ...တစ်စုံတစ်ရာကို နားလည်ဟန်ရှိနေသည်။

"ဦးဦးပြောတာကို မိဝင်း နားလည်တယ် မဟုတ်လား၊ သူသွားတာက အဝေးကြီး၊ အဝေးကြီးဆိုတော့ သူပြန်မလာနိုင်သေးဘူး၊ ဒါပေမယ့် သူပြန်လာမှာပါ"

ညီကြီးရော မိဝင်းပါ မတုန်မလှုပ်နှင့် သူ့ကို စိုက်ကြည့်မြဲ ကြည့်နေကြသည်။ ထ,ထွက်ပြေးကြမည့် အမူအရာများတော့ မပြကြ။

"မိဝင်းတို့ သူ့ကို ဒီမှာလာစောင့်နေကြတာ မဟုတ်လား၊ မြဝေကို လေ...၊ မိဝင်းတို့အဖေကိုလေ၊ ဟုတ်တယ်မဟုတ်လား"

သည်တစ်ကြိမ်တော့ မိဝင်းသည် ခေါင်းလေးညိတ်ပြ၏။

"ဦးဦးလဲ သူ့ကိုမိဝင်းတို့နဲ့ အတူတူစောင့်မယ်၊ ဪ...သူလှမ်းမြင်ရအောင် ဦးဦးမှာ ဟောဒါပါလာတယ်"

ကိုလှဝေက လက်နှိပ်ဓာတ်မီးကို ထုတ်ပြသည်။

"လက်နှိပ်ဓာတ်မီးရောင်ဆိုရင် သူ မြင်ချင်မြင်မှာ၊ ဟောဒီလို မှိတ်လိုက်ဖွင့်လိုက် လုပ်ပြရတယ်"

ကိုလှဝေက ပင်လယ်ပြင်ဆီ လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်ပြီး မှိတ်လိုက်ဖွင့်လိုက် လုပ်ပြ၏။

"အဲဒါဆို သူမြင်ချင်မြင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ညီကြီးသည် လက်နှိပ်ဓာတ်မီးကို စိတ်ဝင်စားစွာ စိုက်ကြည့်နေ၏။

ကိုလှဝေက လက်နှိပ်ဓာတ်မီးကို ညီကြီးဆီလှမ်းပေး၏။

"ညီကြီးပြကြည့်ပါလား၊ ဟောဒီမှာ ခလုတ်ကလေး"

ကိုလှဝေက လက်နှိပ်ဓာတ်မီး ဖွင့်နည်းပိတ်နည်းကို ညီကြီးအား ပြပေး၏။ မည်သို့ဖြစ်စေ လောလောဆယ်၌ ညီကြီးအတွက် စိတ်ဝင်စားဖွယ် ကစားစရာ တစ်ခု ရသွားသည်။

ညီကြီးက ပင်လယ်ပြင်ဆီ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ မှိတ်လိုက်ဖွင့် လိုက် လုပ်နေတော့၏။

ညီကြီးလုပ်နေသည်ကို မိဝင်းသည် ငြိမ်ကြည့်နေ၏။ အတန်ကြာမှ မေးသည်။

"အဖေက တကယ်မြင်မှာလား"

ကိုလှဝေက ကြိုးစားပြုံးလိုက်ပြီး ဖြေရ၏။

"သူ မြင်နိုင်ပါတယ်"

"ဒါပေမယ့် အဖေ သေပြီတဲ့"

ကိုလှဝေက ထိတ်လန့်စွာဖြင့် မိဝင်းကိုကြည့်သည်။ မိဝင်းကလည်း သူ့ကို ပြန်ကြည့်နေကြောင်း ကိုလှဝေ တွေ့ရသည်။ မိဝင်း၏ မျက်လုံးလေးများသည် စူးစမ်းခြင်းသဘောကိုလည်း ဖော်ပြနေသည်။ အသိဉာဏ် အရိပ်အရောင်ကိုလည်း ဖော်ပြနေသေးသည်။

ရုတ်တရက် ဘာမျှပြန်မပြောနိုင်သော ကိုလှဝေသည် မိဝင်းကိုသာ အကဲခတ်ကြည့်နေမိသည်။

ဤအရွယ်သည် သေခြင်းကိစ္စ၌ ဘယ်လောက်···ဘယ်လို နားလည် ထားသနည်း။ မောင်ငယ်နှင့်အတူ ဤပင်လယ်ကမ်းစပ်တွင် ဖခင်ကို လာစောင့်နေ သော ဤကလေးမ၏ စိတ်သန္တာန်တွင် နားလည်ခြင်းနှင့် နားမလည်ခြင်း၊ ဝမ်းနည်း ခြင်းနှင့် မျှော်လင့်ခြင်းတို့ ဘယ်လောက်ရောယှက် ရှုပ်ထွေးနေသနည်း။

ကိုလှဝေသည် မိဝင်း၏ကိုယ်လေးကို အသာမ,ယူကာ ပေါင်ပေါ်တင် ထားလိုက်သည်။ ယုယစွာလည်း ပွေ့ဖိုက်ထားလိုက်သည်။

မိဝင်းက မရုန်း။ ဦးခေါင်းလေးမော့လှန်ကာ ကိုလှဝေကိုကြည့်လျက် စူးစမ်းမြဲ စူးစမ်းနေသည်။

"အမှန်က သူ အဝေးကြီးကို သွားတာပါ၊ သေတယ်ဆိုတာက···



ဟိုအဝေးကြီးကို သွားတာပါ"

"အရင်တုန်းက ပြန်လာတယ်၊ ပင်လယ်ထဲက ပြန်လာတယ်"

လက်နှိပ်ဓာတ်မီးနှင့် ဆော့နေရာမှ ညီကြီးက "ရေရဲက ကျွန်ရာမှာ" ဟု ဝင်ထောက်၏။

"အား···အား···ဟုတ်တယ်၊ ရေထဲကပြန်လာမှာ၊ တကယ်လို့ ပြန် လာလဲ ဦးဦးလိုက်သွားမယ်"

ညီကြီးသည် ပင်လယ်ပြင်ကို လက်ညှိုးနှင့်ထိုးပြပြီး "ရေရဲကို ရိုက်တွား ယ်" ဟု ဆို၏။

"ရေထဲကိုတော့ မဟုတ်ဘူး၊ ဒါပေမယ့် သူဘယ်မှာရှိတာကို ဦးဦးသိ တယ်၊ အဲဒီကို လိုက်သွားမယ်၊ ဪ···မိဝင်းနဲ့ ညီကြီးလည်း ဦးဦးနဲ့ လိုက်ခဲ့ ပေါ့"

ညီကြီးကတော့ လက်နှိပ်ဓာတ်မီးကို ဆော့ကစားရင်းက "ရေရဲကို ရိုက်တွားမယ်" ဟု ဆက်ဆိုနေ၏။

မိဝင်းကသာ စုံစမ်း၏။

"အဖေက ဘယ်သွားတာလဲ"

"အဝေးကြီးကိုပေါ့၊ တို့ ဒီကနေ မော်တော်ကားနဲ့ မော်လမြိုင်ကိုသွား မယ်၊ မော်လမြိုင်မှာ မိဝင်းဖို့ရော ညီကြီးဖို့ရော အင်္ကျီလှလှလေးတွေ ဦးဦး ဝယ်ပေးမယ်"

"အင်္ကျီယယယေးတွေ" ဟု ညီကြီးက သံယောင်လိုက်ပြောသည်။

"ဟုတ်တယ်၊ အင်္ကျီလှလှလေးတွေ၊ အဲဒါလေးတွေဝတ်လိုက်ရင် ညီကြီး ရော မိဝင်းပါ သိပ်လှသွားမယ်၊ ပြီးတော့ တို့ လေယာဉ်ပျံကြီး စီးသွားမယ်၊ လေယာဉ်ပျံ တွေ့ဖူးကြလား"

ညီကြီးက ကောင်းကင်ကို လက်ညှိုးထိုးပြပြီး "ဝီ···ဝီ" ဟု အော်ပြ၏။

"အေး···ဟုတ်တယ်၊ အဲဒီလေယာဉ်ပျံကြီး တို့စီးကြမယ်"

မိဝင်းက ငြိမ်မြဲငြိမ်နေသည်။ ညီကြီးက ကိုလှဝေ၏ပေါင်ပေါ်တွင် မိဝင်း ထိုင်နေသည်ကိုကြည့်ပြီး သူလည်းဝင်တိုးရာ ကိုလှဝေသည် ညီကြီးကိုပါ ပေါင်ပေါ်တင်ထားလိုက်၏။

ကိုလှဝေသည် ကလေးနှစ်ယောက်လုံးကို ပွေ့ဖက်ထားမိသည်။ ရင်တွင်း ၌လည်း မခံစားဖူးသော ကြည်နူးမှုတစ်ရပ်ကို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးများ၏ ရင်တို့ဝယ်လည်း ဘယ်ပုံရှိမည်နည်း။ ငြိမ်ဆိမ်နေကြပုံကို ထောက်၍ မိမိ၏ယုယမှုကို နှစ်သက်ကြဟန်တူသည်။

မိဝင်း၏မေးသံ ပေါ်လာသည်။

"ဦးလေးက ဘယ်ကလာတာလဲ"

မိမိက ဦးဦးဟု သုံးနှုန်းသည်။ မိဝင်းက ဦးလေးဟုခေါ်၏။ ကိစ္စမရှိ။ အမှန်က…ဘကြီးဟု ခေါ်ရမည်။ ဤသို့မှု ကိုလှဝေ အခေါ်မခံချင်။

"ဦးဦးက ရန်ကုန်ကလာတယ်၊ အစက ဦးဦးရယ်…မြဝေရယ် ရန်ကုန်မှာ အတူတူနေတယ်"

"အဖေနဲ့ အတူတူနေတယ်"

"ဟုတ်တယ်၊ အခု မိဝင်းနဲ့ညီကြီး နေကြသလိုပေါ့၊ ဦးဦးတို့က ညီအစ်ကိုတော်တယ်လေ၊ ဦးဦးက အကြီး၊ အစ်ကို၊ မြဝေက အငယ်၊ ညီ၊ မိဝင်းက ညီကြီးကို ချစ်တယ်မဟုတ်လား"

မိဝင်းက ခေါင်းညိတ်ပြ၏။ လက်နှိပ်ဓာတ်မီးနှင့် အလုပ်ရှုပ်နေရာမှ သူ့အမည်ကြားသောအခါ ညီကြီးက "ချိရယ်…ချိရယ်…" ဟု သံယောင်ဝင်လိုက်၏။

"မိဝင်းက ညီကြီးကိုချစ်တယ်၊ အဲဒီလိုပဲ ဦးဦးကလဲ မြဝေကိုချစ်တယ်၊ အခု…ဦးဦးက မိဝင်းကိုလဲ ချစ်တယ်၊ ညီကြီးကိုလဲ ချစ်တယ်၊ မိဝင်းက ဦးဦးတူမ၊ ညီကြီးက ဦးဦးတူ"

"ဦးလေးက ခွေမျိုး…၊ ခွေမျိုးတော်တယ်…နော်"

ကိုလှဝေ ဝမ်းသာသွားသည်။ ခွေမျိုးဟူသော သဘောကို မိဝင်းနားလည်သည်တကား။

"ဟုတ်တယ်…ခွေမျိုး၊ ခွေမျိုးအရင်းကြီး"

"အဖေက ရွာမှာ ခွေမျိုးမရှိဘူးလို့ ပြောတယ်"

"ဟုတ်တယ်လေ၊ ရွာမှာတော့ မရှိဘူးပေါ့၊ တခြားမှာတော့ ရှိတာပေါ့၊ အဲဒီက အခု ဦးဦးလာပြီလေ"

"ခွေမျိုးမို့ လာလည်တာလား"

ကိုလှဝေ၏ရင်မှာ ဆို့သွားပြန်၏။ လာလည်တတ်သော ခွေမျိုးသဘောကို မိဝင်း နားလည်သည်။ လာလည်သူသည် နောက်တော့ ပြန်သွားရိုးဖြစ်သည်။ မိမိကသာ ညှော်သည်ပမာ ပြန်သွားလျှင် ကျန်ရစ်မှာက ကလေးနှစ်ဦး။ ဤကလေး



နှစ်ဦးတည်း လောကအလယ်မှာ…။

"လာလည်တာမဟုတ်ဘူး ကလေးရယ်၊ အခု မြဝေမရှိတော့ဘူး မဟုတ်လား၊ သူက…အဲ…ဟို…အဝေးကြီးကို သွားနေတယ်၊ သူမရှိတော့ ဦးဦးက မိဝင်းတို့အဖေပေါ့၊ မိဝင်းက ဦးဦးသမီး၊ ညီကြီးက ဦးဦးသား၊ ဦးဦး မိဝင်းတို့နဲ့ အတူနေမယ်၊ အတူတူအိပ်မယ်၊ အတူတူစားမယ်၊ အတူတူ လျှောက်လည်မယ်၊ ဦးဦးက မိဝင်းတို့ကိုချစ်တယ်၊ ဦးဦးမေးမယ်၊ မိဝင်းကကော ဦးဦးကို မချစ်ဘူးလား"

မိဝင်းသည် ဝိုင်းစက်သော မျက်လုံးကလေးများနှင့် ကိုလှဝေကို စိုက်ကြည့်နေပြန်သည်။ မိဝင်း ဘာဖြေမည်နည်းဟု ကိုလှဝေ ထိတ်လန့်နေခိုက် မိဝင်း၏ မျက်နှာလေးတွင် အပြုံးရိပ်လေး ပေါ်လာ၏။ ထို့နောက် မိဝင်းက ခေါင်းလေးကို ညိတ်ပြ၏။

ကိုလှဝေသည် မိဝင်း၏နဖူးလေးကို နမ်းလိုက်သည်။ ထို့နောက် မိမိ၏ပါးနှင့် မိဝင်း၏ပါးလေးကို ကပ်ထားမိ၏။

ထိုစဉ် အနောက်မှ ရုတ်တရက် အသံပေါ်လာ၏။

"အလိုတော်…ငါဖြင့် ပျောက်လို့၊ ဩော်…မြို့ကဆရာလဲ ဒီရောက်နေတာကိုး…"

အဒေါ်ကြီးတစ်ဦးက ချဉ်းကပ်လာသည်။ ယနေ့ရက်အတွင်း အိမ်တွင်ခြေသည်းလက်သည်း ဆောင်ရွက်ပေးနေသူမှန်း ကိုလှဝေမှတ်မိသည်။

"ကျုပ် ခဏလေး မျက်စိလွဲမိတာနဲ့ သူတို့ ပျောက်သွားကြတယ်၊ ရှာလိုက်ရတာ ဖတ်ဖတ်ကို မောသွားတာပဲ၊ သိပ်ဆိုးတဲ့ကလေးတွေ"

မိဝင်းက မိမိကို တင်းအောင်ဖက်ထားမှန်း ကိုလှဝေ သတိပြုမိသည်။ လက်နှိပ်ဓာတ်မီးနှင့် ဆော့သည်ကို ရပ်ထားပြီး ညီကြီး မျက်မှောင်ကြုတ်ကြည့်နေမှန်းလည်း တွေ့လိုက်၏။

"ဒါတွေကို ထားလိုက်ပါတော့၊ ကိစ္စမရှိပါဘူးအဒေါ်၊ ကလေးတွေနဲ့ အခု ကျွန်တော် စကားပြောနေတာ"

"ဩော်…ဩော်…ခွေမှန်းမျိုးမှန်း သိသွားကြပြီပေါ့"

"ဟုတ်ပါတယ်"

"ကျုပ် အစက မပြောဘူးလား၊ ခွေးပြောလာပါလိမ့်မယ်လို့"

"မှန်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ပျောက်နေလို့ စိတ်ပူပြီး လိုက်ရှာနေတာ၊ အခု ဆရာနဲ့ဆိုတော့ ကျုပ်ထားခဲ့ရမလား၊ ပြန်ခေါ်သွားရမလား"

"ထားခဲ့ပါ၊ ကျွန်တော်...တော်တော်ကြာမှ ပြန်ခေါ်လာခဲ့မယ်"

အဒေါ်ကြီး ပြန်ထွက်သွား၏။ ထိုအခါမှ မိမိကို တင်းအောင်ဖက်ထားသော မိဝင်း၏လက်လေးများ လျော့သွားကြောင်း ကိုလှဝေ သတိထားမိ၏။

ကိုလှဝေက မိဝင်းကို အားပေးသည့်သဘောဖြင့် ပြုံးပြသော်လည်း မိဝင်းက ပြန်မပြုံး။

"ဦးလေးက ပြန်တော့မလို့လား"

"အို...မပြန်ပါဘူး၊ ပြန်ရင်လဲ တို့အတူတူပြန်မယ်၊ ပြီးတော့ ဦးဦးက မိဝင်းတို့နဲ့အတူတူအိပ်မှာ"

မိဝင်းသည် ပင်လယ်ပြင်ဆီ ငေးကြည့်လိုက်ပြီး မေး၏။

"အမေ့ကို မစောင့်တော့ဘူးလား"

ခက်ကပြီ။ ကိုယ့်စကားနှင့်ကိုယ် ပတ်မိပြီ။

"အား...စောင့်တာပေါ့၊ ဒါပေမယ့် သူက အဝေးကြီးသွားနေတာ၊ သူပြန်မလာရင်တော့ တို့ပြန်အိပ်ကြမယ်၊ အခု...သူ့ကို စောင့်နေတုန်း ဦးဦး ပုံပြောပြမယ်"

မိဝင်း၏မျက်နှာလေးသည် ရွှင်သွား၏။

"ဦးလေးက ပုံပြောပြတတ်သလား"

"ပြောပြတတ်တာပေါ့၊ ဦးဦးက လူကြီးတွေကိုတောင် ပုံပြောပြနေတာ"

ညီကြီးက လက်နှိပ်ဓာတ်မီးနှင့် ဆော့မြဲဆော့နေသည်။ သို့ရာတွင် ငိုက်မျဉ်းစ,လည်း ပြုနေမှန်း ကိုလှဝေ သတိထားမိသည်။ အရေးကြီးသည်မှာ မိဝင်းလည်း ငိုက်မျဉ်းမှဖြစ်မည်။ မငိုက်မျဉ်းခင်လည်း စိတ်တွင်း၌ လုံခြုံမှုသဘောလေးကစ်ခု ဝင်သွားစေရမည်။

"ဟိုး...ရှေးရှေး...တုံး...က" ဟု ကိုလှဝေက စတင်ပုံပြောသည်။ အမှန်က ဤပုံသည် ရှေးရှေးကပင် ပုံအဖြစ်မရှိ။ ယခုမှ သူ့ခေါင်းတွင်းက မွေးထုတ်လိုက်သော ပုံဖြစ်၏။

ကိုလှဝေပြောသောပုံက တောတွင်း၌နေကြသော ကလေးနှစ်ဦးက စ,သည်။ ကလေးတို့၏ဖခင်သည် အမဲလိုက်သွားရာမှ လမ်းစပျောက်ပြီး အိမ်ပြန်



မရောက်။ တောတွင်း၌ကျန်ရစ်သော ကလေးနှစ်ဦး၏ သနားဖွယ်အဖြစ်ကို ကိုလှဝေက ပြောပြသည်။ ဆင်ကြီးများ၊ ကျားကြီးများ၊ မျောက်လွှဲကျော်ကြီးများ အကြောင်းလည်း စိတ်ဝင်စားအောင် ထည့်ပြောရသေးသည်။ နောက်ဆုံးတော့ ကလေးတို့၏ ဘကြီးသည် ကလေးတို့ဆီ ရောက်လာသည်။ ဘကြီးက ကလေးတို့ကို ပျော်ရွှင်ဖွယ်ကောင်းလှသော မြို့ကြီးတစ်မြို့သို့ ခေါ်သွားသည်။ ယင်းမြို့ကြီး၌ ကလေးတို့၏ ဖခင်နှင့်လည်း ပြန်တွေ့ပြီး အားလုံး ပျော်ကြရသည်။

ပုံအဆုံး၌ ကိုလှဝေက ငုံ့ကြည့်လိုက်သောအခါ ညီကြီးက ကောင်းစွာ အိပ်ပျော်နေပြီ။ လက်နှိပ်ဓာတ်မီးလေးက သောင်ပြင်မှာ ကျနေသည်။ မိဝင်းကလည်း မျက်တောင်များ စင်းနေ၏။

ကိုလှဝေက နောက်ထပ်တစ်ပုံ ဆက်ပြော၏။ ဤပုံအတွက်မူ အထူးစဉ်းစားရ။ လွယ်လွယ်ကူကူ ခေါင်းတွင်ပေါ်လာသော 'အိပ်ပျော်နေသော မင်းသမီးလေး' ပုံဖြစ်သည်။

ပုံမဆုံးမီတွင် မိဝင်းလည်း အိပ်ပျော်နေပြီဖြစ်ကြောင်း ကိုလှဝေ သတိထားမိ၏။

ကိုလှဝေသည် ပုံပြောခြင်းကိုရပ်လိုက်ပြီး ကလေးနှစ်ဦးကို ငုံ့ကြည့်၏။

ညီကြီးက မိမိ၏ လက်ဝဲဘက် ရင်အုံကိုမှီလျက်...။ မိဝင်းက မိမိ၏ လက်ယာဘက် ရင်အုံကိုမှီလျက်...။ ငြိမ်းချမ်းစွာ အိပ်ပျော်နေကြသည်။

လရောင်က ထိန်လင်းနေသဖြင့် ကလေးနှစ်ဦး၏ မျက်နှာလေးများကို ကောင်းမွန်စွာ တွေ့ရသည်။ နဖူးလေးများပေါ် ကျနေသော ဆံပင်လေးများကိုပင် မြင်ရသည်။ ဇက်လေးများကွေးနေသဖြင့် မျက်နှာ၌ ပါးမို့လေးများ ဖောင်းပြည့်နေသည်ကိုလည်း တွေ့ရသည်။ ကလေးများနှင့် ထိတွေ့နေသော မိမိ၏ရင်နှင့် လက်မောင်းများသည် ပူနွေးနေမှန်းလည်း သတိထားမိသည်။

သြော်...ဤကဲ့သို့ အပိုက်အပွေ့နှင့် အနွေးအထွေးတို့မှ ခများများ ဝေးခဲ့သည်မှာ ကြာပေပြီ။ ဤအပိုက်အပွေ့နှင့် အနွေးအထွေးများကို ခများများ မည်မျှ တမ်းမက်ကြရမည်နည်း။ ယခု မိမိ၏ရင်ခွင်တွင် အိပ်မောကျနေကြခိုက် အဘယ်သို့သော အိပ်မက်လေးများကို မက်နေကြရမည်နည်း။

လရောင်ထိန်ထိန်မှ ပင်လယ်ပြင်ကို...ကိုလှဝေက ငေးကြည့်သည်။

ပင်လယ်လှိုင်းပုတ်သံများက ထွက်နေသည်။

မိမိရင်မှာလည်း လှိုင်းတစ်မျိုးထနေသည်။ သို့ရာတွင် သည်လှိုင်းက

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သည်၊ သိမ်မွေ့သည်၊ ညင်သာသည်။

ကိုလှဝေသည် သက်ပြင်းမှူဦးမှူဦးရှိုက်သည်။

မိမိရင်မှလှိုင်းကို ဤကလေးတို့ သိပါမည်လော။ ပြီးတော့ သူ…၊ နုနုသွယ်ကော…နားလည်ပါ့မည်လော။

❑❑❑

## အခန်း (၅)

ရန်ကုန်မြို့ ဘားလမ်း ဟိမဝန္တာရုပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေးဦးကျော်သင်းသည် မိမိစားပွဲရှေ့၌ တောင့်တောင့်မတ်မတ်လေး ထိုင်နေသော မိန်းမပျိုကို စိတ်ပျက်ခြင်းတစ်ဝက် အံ့သြခြင်းတစ်ဝက်ဖြင့် ကြည့်လျက်ပြော၏။

"ဒါပေမယ့် ကျွန်တော်တို့ ဘာလျှောက်လွှာမှ မခေါ်ဘူးဗျ"

"ဟုတ်ပါတယ်၊ အလုပ်တစ်ခုခု ရှိချင်ရှိနေမယ် မျှော်လင့်ပြီး ကျွန်မ ဝင်ခဲ့တာပါ"

ဦးကျော်သင်းက လက်တွင်းမှ စာရွက်ကို ကြည့်သည်။ လျှောက်လွှာဟူ၍တော့ မခေါ်နိုင်။ အမည်၊ အသက်၊ ပညာအရည်အချင်း စသော သိအပ်ဖွယ်အချက်အလက်များကို ဖော်ပြထားသည့် စာရွက်ဖြစ်၏။ စာရွက်ပေါ်မှ အရည်အချင်းတစ်ခုကို ဖတ်မိသဖြင့် ဦးကျော်သင်းသည် ပြုံးမိချင်သယောင်ဖြစ်၏။

"ကရာတေးတတ်တယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လောက်တတ်တာလဲ"

"ဘရောင်းဘဲ့လ် (ခါးပတ်ညို) ပါ"

ဦးကျော်သင်းမှာ ကျောမှစိမ့်သယောင် ခံစားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"နာမည်က...ငြိမ်း...ဟုတ်လား"

"ဟုတ်ပါတယ်"

ဦးကျော်သင်းသည် ငြိမ်းကို အတန်ကြာ အကဲခတ်ကြည့်၏။

အသားလေးက ညိုစိမ့်စိမ့်ဟု ခေါ်ရမလား။ ညိုပြာပြာဟု ခေါ်ရမလား။ ကြည့်၍တော့ အကောင်းသား။ နဖူးနေပုံ၊ မေးရိုးကျပုံ၊ နှာတန်ဆင်းပုံတို့က သပ်ရပ်ပိပြင် ပေါ်ထင်သည်။ မျက်နှာလေးသည် တစ်ချက်မြင်ရုံနှင့် ငေး၍ကြည့်လောက်အောင်မူ မလှ။ သို့ရာတွင် တစ်ခါမြင်ပြီးနောက် နှစ်ခါသုံးခါလောက် ပြန်ကြည့်မိအောင် ဆွဲဆောင်မှုရှိသည်။ ယခုကဲ့သို့ စကားလက်ခံ ပြောနေမိခြင်းမှာ ယင်းဆွဲဆောင်မှုကြောင့် တစ်ကြောင်းဖြစ်သည်ဟု ဦးကျော်သင်းက စိတ်တွင်း၌ ဝန်ခံမှုပြုမိသည်။ ယင်းအပြင် အခြားစိတ်ဝင်စားမှုကလည်း ရှိသေးသည်။

အမည်က ငြိမ်း၊ သို့ရာတွင် ကရာတေးခါးပတ်ညို၊ ကိုယ်ဟန်အမူအရာက ဖြတ်ဖြတ်လတ်လတ် ရဲရဲတင်းတင်း၊ မျက်နှာထားနှင့် မျက်လုံးကြည်ကြည်တို့က တောက်တီးတောက်တဲ့ ကိစ္စမျိုးကို သည်းခံမည့်ပုံ နည်းနည်းမျှမပြ၊ သည်ကြားထဲက နာမည်ကတော့...ငြိမ်း။

"ဟိုဒင်း...ငြိမ်းက အဲ...ရုပ်ရှင်...ဟိုဒင်းလေ...ရုပ်ရှင်...ရုပ်ရှင်နဲ့ ပတ်သက်ပြီး...အဲ...ဘယ်လိုပြောရပါ့မလဲ"

ငြိမ်းက ပြုံးသည်။ ဦးကျော်သင်း အပြောရခက်နေသော စကားကို ဝင်ပြောပေး၏။

"ငြိမ်းကို ရုပ်ရှင်ရှူးမလေးလားလို့ မေးချင်တာ မဟုတ်လား..."

"အာ...အာ...အဲဒီလို...အဲဒီလိုမဟုတ်ပါဘူး၊ ဟိုဒင်းလေ...ဝါသနာပါသလား၊ ဒီလိုပါ"

"ကိစ္စမရှိပါဘူး၊ သဘောချင်းတော့ အတူတူပဲ ထင်ပါတယ်၊ ကျွန်မအမြင်ကတော့...လူတိုင်းဟာ တစ်သက်မှာ အနည်းဆုံး တစ်ခါနှစ်ခါလောက်တော့ ကိုယ့်ကိုယ်ကို ဇာတ်လိုက်...ဇာတ်လိုက်မင်းသမီးလို့ ထင်ဖူးကြပါတယ်၊ အဲဒီလောက်ထက်တော့ ကျွန်မ ပိုမရူးဖူးပါဘူး"

ဦးကျော်သင်း၏ မဟာတာဟာ ပါးစပ်သည် ခေတ္တပိတ်သွား၏။ သူကတော့ သူ့ကိုယ်သူ မကြာခဏ ဇာတ်လိုက်ဟု ထင်ဖူးသည်။

ဦးကျော်သင်းက ရယ်လိုက်ပြီး ရှင်းပြသည်။

"ကျွန်တော် ခုနင်ကစကားမေးရတာက ဒီလိုပါ၊ ကျွန်တော်တို့ဆီကို



ရုပ်ရှင်မင်းသမီးဖြစ်ချင်တဲ့ မိန်းကလေးတွေ ခဏခဏလာပါတယ်"

"ကျွန်မ နားလည်ပါတယ်"

"ငြိမ်းက ဝိဇ္ဇာဘွဲ့လဲရပြီးပြီ၊ မဟာဝိဇ္ဇာတန်းတောင် တက်ခဲ့တယ်၊ ဒီကြားထဲက ရုပ်ရှင်မင်းသမီး လာလျှောက်တယ်"

"ကျွန်မ ရုပ်ရှင်မင်းသမီး လျှောက်တာမဟုတ်ပါဘူး၊ အလုပ်တစ်ခုခု လျှောက်တာပါ"

"ကျွန်တော်တို့ဆီမှာက မိန်းကလေးတွေနဲ့ ပတ်သက်ရင် အလုပ်ဆိုလို့ မင်းသမီးတို့၊ ဇာတ်ရံတို့သဘောသာ ရှိတာကိုး"

ငြိမ်းက ဘာမျှမပြောဘဲ ငြိမ်ငြိမ်လေးနေ၏။

"ပညာ ဒီလောက်သင်ပြီးမှ ဘာကြောင့် ကျောင်းဆက်မတက်လဲ"

ငြိမ်း၏ ရဲရင့်တည်ကြည်သော မျက်နှာလေးသည် ငွေ့ငွေ့လေး ညိုသွားသည်ဟု ဦးကျော်သင်းထင်သည်။

"ကျောင်းဆက်တက်ချင်ပါတယ်၊ မတတ်နိုင်တော့လို့ပါ"

"တခြားအလုပ်တွေ မလျှောက်ဘူးလား"

"အများကြီး လျှောက်ထားပါတယ်"

ဦးကျော်သင်း ဆက်မမေးတော့၊ ငြိမ်းဖြေပုံတို့မှာ တိုသော်လည်း ပြည့်စုံသည်ဟု ထင်သည်။

ရင်၌ပေါ်လာသော ကရုဏာငွေ့ငွေ့ကို ခံစားရင်းက ဦးကျော်သင်းသည် ဆက်ပြင်းရိုက်၏။

"တူမရဲ့...ရဲရင့်တည်ကြည်မှုကို...ဦး...အဲ...ကျွန်တော် သဘောကျပါတယ်၊ မြှောက်ပြောတာလဲ မဟုတ်ပါဘူး၊ ရုပ်ရည်ကလဲ မင်းသမီးဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် အမှန်ပဲ ဝန်ခံမယ်၊ တစ်ချိန်ကဆိုရင် အလားအလာရှိတယ်လို့ထင်တဲ့ မိန်းကလေးတစ်ဦးကို အနည်းဆုံး ဇာတ်ရံအဖြစ် ကျွန်တော်တို့ သုံးကြည့်ပါတယ်၊ အခုတော့ ကျွန်တော်တို့ ကားရိုက်တာလဲ ကြဲနေတယ်၊ ရိုက်ဆဲကားတွေမှာကလည်း သူ့လူနဲ့သူ ပြီးပြည့်စုံနေပါတယ်"

"ကျွန်မ နားလည်ပါပြီ၊ ကျွန်မအတွက် အလုပ်မရှိဘူးဆိုပါတော့"

"ကျွန်တော် အများကြီး စိတ်မကောင်းပါဘူး၊ အဲဒီလိုပဲဆိုပါတော့၊ ဒါပေမယ့် ကျွန်တော် မှတ်ထားပါ့မယ်၊ လိပ်စာပေးခဲ့နိုင်ပါသလား"

"ခုနင်ကစာရွက်လေးကို ယူထားနိုင်ပါတယ်၊ အဲဒီထဲမှာ လိပ်စာပါပါ

www.burmeseclassic.com



တယ်"

ဦးကျော်သင်းသည် စာရွက်လေးကို ပြန်ကြည့်သည်။ အမှန်က အဓိပ္ပာယ်မရှိသော ကြည့်ခြင်းဖြစ်သည်။ စာရွက်ပေါ်၌ လိပ်စာပါမှန်း သိပြီးဖြစ်သည်။ ထပ်ကြည့်ရန်မလို၊ သို့ရာတွင် သူ့အတွက် တစ်ခုခုလုပ်ရန်လိုသည်ဟု သူထင်နေသည်။ ကိစ္စကပြီးနေသဖြင့် မိန်းကလေးပြန်သွားသည်ကို ကြည့်နေလိုက်ရုံရှိသည်။ ယင်းသို့ ကြည့်နေလိုက်ရုံပြုရမည်ကို စိတ်မချမ်းသာသကဲ့သို့ ရှိသောကြောင့် စာရွက်လေးကို အဓိပ္ပာယ်မဲ့ ပြန်ကြည့်ခြင်းဖြစ်သည်။

မိန်းကလေးက နေရာမှထသည်။ ဦးကျော်သင်းက နောက်ဆုံးနှုတ်ဆက်စကားအဖြစ် တစ်ခုခုပြောရန် ကြိုးစားသည်။ သို့ရာတွင် နှုတ်မှ ဘာစကားမှ ပေါ်မလာ။

အနေရအထိုင်ရခက်သော ဦးကျော်သင်းကို သက်သာစေသည်ကား ထိုအခိုက်တွင်ပင် အသားလတ်လတ် အရပ်သွယ်သွယ်နှင့် လူတစ်ဦး ဝင်လာခြင်းပင်ဖြစ်၏။

"ကျွန်မ ပြန်ပါဦးမယ်"

"သြော်...သြော်...ဟုတ်ကဲ့"

ဦးကျော်သင်းက မိန်းကလေးကို ကြည့်မြဲကြည့်နေသည်။

မိန်းကလေးသည် ဝင်လာသူကို အမှတ်မထင်ကြည့်ဟန်မှ အမူအရာပြောင်းပြီး သေသေချာချာ ကြည့်သွားကြောင်း ဦးကျော်သင်း သတိပြုမိသည်။

ဝင်လာသူကလည်း မိန်းကလေးကိုတွေ့ပြီးနောက် ဦးကျော်သင်းစားပွဲရှိရာသို့ လျှောက်လာသည်။ သို့ရာတွင် မိန်းကလေးကို တစ်ချက် ပြန်လှည့်ကြည့်သေးသည်။

ဝင်လာသူထိုင်မိပြီး မိန်းကလေးမြင်ကွင်းမှ ပျောက်သွားသွားခြင်း ဦးကျော်သင်းက မေးသည်။

"ဆရာတို့ချင်း တွေ့ဖူးကြသလား"

"ဗျာ..."

"ငြိမ်းနဲ့ ဆရာနဲ့ သိကြလား"

"ဘယ်သူလဲ ငြိမ်းဆိုတာ"

"ခုနင်က မိန်းကလေးလေ"

"စွပ်စွပ်စွဲစွဲဗျာ"

"တကယ်မသိဘူး"



"ခက်ရချည်ရဲ့၊ သိရင် နှုတ်ဆက်ကြမှာပေါ့ဗျာ"

"နှုတ်မဆက်သာတဲ့ အတိတ်က ဇာတ်လမ်းလေးရှိရင်ကော"

"ဒီမှာဦးကျော်သင်း၊ ခင်ဗျား ဒီနေ့ စိတ်ကူးယဉ်နေသလား"

"အား...ဟုတ်တယ်၊ ဒီနေ့ ကျွန်တော် စိတ်ကူးယဉ်နေတယ်..."

ဦးကျော်သင်းသည် သူ့ဘာသာသူ သဘောကျသည့်အလား ရယ်နေ၏။

"အဲဒီငြိမ်းဆိုတာက ခင်ဗျားရဲ့ ဇာတ်လိုက်မင်းသမီးအသစ်လား"

"မဟုတ်ဘူး၊ အလုပ်လာလျှောက်တာ"

"သြော်...သြော်..."

"ဆရာ...သြော်...သြော်ဆိုတာက မထူးဘူး၊ ရုပ်ရှင်ရှူးမလေးတစ် ယောက်၊ ဒီလိုထင်လိုက်တာ မဟုတ်လား"

"အင်း..."

"ငြိမ်းဟာ ရုပ်ရှင်ရူးမလေးတစ်ယောက် မဟုတ်တာ သေချာတယ်၊ ရုပ်ရှင်ရူးမလေးတွေ အများကြီး ကျွန်တော်တွေ့ဖူးတယ်၊ ဒီကလေးမက ရုပ်ရှင်တွင် မဟုတ်ဘူး၊ ဘယ်မှာမှ ရူးမှာမဟုတ်ဘူး၊ တစ်ခုပဲရှိတယ်၊ တစ်ကြောင်းကြောင်းကြောင့် အလုပ်တစ်ခုခုကို သိပ်လိုချင်နေပုံရတယ်"

"ခင်ဗျား အလုပ်ပေးလိုက်သလား"

"ကျွန်တော့်မှာ ဘာအလုပ်ပေးစရာ ရှိလို့လဲ၊ အဲဒီအတွက် ကျွန်တော် စိတ်မကောင်းဖြစ်နေတာ၊ ဘာကြောင့် စိတ်မကောင်းဖြစ်ရမှန်းလဲ မသိဘူး"

ဦးကျော်သင်းသည် သက်ပြင်းရှိုက်ပြီး ခေါင်းခါလိုက်၏။

"ကဲ...ထားပါတော့လေ၊ ပေးထားတဲ့ ဇာတ်ညွှန်းတွေ ပြီးပြီလား"

"အခုမှ စကိုင်ရတယ်၊ ကျွန်တော် ခရီးထွက်နေတယ်လေ"

"အား...ဟုတ်ပါရဲ့၊ ပုဂံမှာ တော်တော်ပျော်ခဲ့ရဲ့လား"

"ပုဂံမဟုတ်ဘူး၊ စက်စဲဘက်သွားတာ"

"နို့ အစက ပုဂံဆို"

"ဟုတ်တယ်၊ မမျှော်လင့်ဘဲ စက်စဲကိုသွားခဲ့ရတယ်၊ ပျော်ခဲ့ရဲ့လားလို့ ခင်ဗျားက မေးတယ်၊ တော်တော်မဆိုင်တဲ့ မေးခွန်းဖြစ်သွားပြီ၊ စက်စဲကို ကျွန်တော် သွားတာက လူတစ်ယောက်ကို သင်္ဂြိုလ်ဖို့၊ ကျွန်တော့်ညီကို သင်္ဂြိုလ်ဖို့"

"ဖြစ်မှဖြစ်ရလေဗျာ၊ ဒါပေမယ့် ဆရာ့မှာ ညီရှိတယ်လို့ ကျွန်တော် သိရပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝေက မဖြေ။ ရင်မှဝေဒနာ သဲ့သဲ့လှုပ်သောကြောင့် ဖြစ်၏။

"ဦးကျော်သင်းပေးထားတဲ့ ဇာတ်ညွှန်းကို တစ်ပတ်အတွင်းပြီးအောင် ကျွန်တော် အက်ဒစ်လုပ် (တည်းဖြတ်) ပေးပါ့မယ်၊ အခု ကျွန်တော်လာတာက စုံစမ်းစရာတစ်ခုရှိလို့"

"ဘာလဲဆရာ"

"ဦးကျော်သင်းမှာ ကလေးတွေရှိတယ်နော်"

"ဟာ…ဆရာကလဲ အဆန်းလုပ်နေပြန်ပါပြီ၊ ငါးယောက်တောင် ရှိတယ်လေ"

"ကျွန်တော်သိချင်တာက…ဟိုဒင်း…ကလေး အိပ်ရာထဲ သေးပါတာကို ဘာလုပ်ရလဲ"

"ဗျာ"

"ကလေး အိပ်ရာထဲ သေးပါတာ"

"အာ…ကလေးပဲ အိပ်ရာထဲ သေးပါတာပေါ့၊ အောက်က ဖရောင်းပုဆိုးခင်းထား၊ အနှီးလဲပေးပေါ့"

"အနှီးလွတ်တဲ့ကလေး သေးပါရင်ပြောတာ"

"ဘယ်အရွယ်မို့လို့လဲ"

"အဲ…သုံးနှစ်သားလောက်"

"သုံးနှစ်သားဆိုရင် အိပ်ရာထဲ သေးမပါတော့ဘူးဗျ"

"ပါတဲ့ကလေးကရှိတယ်"

"အာ…အား…ကျွန်တော် သတိလစ်သွားတယ်၊ ဟုတ်တယ်၊ ရှိတယ်၊ ကျွန်တော့်မိတ်ဆွေတစ်ယောက် ရှိတယ်၊ အသက်လေးဆယ်ကျော်ပြီ၊ အိပ်ရာထဲ သေးပါဆဲတဲ့ခင်ဗျ၊ သူ့မိန်းမက ပြောတယ်၊ အဟီး…"

"အဲဒါ ဘယ့်နှယ်လုပ်ရသလဲ"

"ကြီးတဲ့အထိ အိပ်ရာထဲသေးပါတဲ့ ကလေးတွေရှိတာ ကျွန်တော်လည်း ကြားဖူးပါရဲ့၊ ညည်းကြသံတွေလဲ ကြားဖူးပါရဲ့၊ ဘယ်လိုလုပ်ရသလဲဆိုတော့…အား နေဦး၊ သတိရပြီ၊ ကလေးကို မီးဖိုထဲခေါ်သွား"

"ပြီးတော့…"

"မီးဖိုပြပြီး ရှင်စဖိုည…ကျွန်တော်နေ့လို့ ပြောခိုင်းရတယ်"

"အဲဒီလိုဆို ရရောလား"



"သိဘူးလေ၊ ပြောကြတာပဲ"

"သိပ္ပံနည်းတော့ မကျဘူး"

"အင်း ဟုတ်တယ်၊ ဒါပေမယ့် တစ်ခြားနည်းတော့ ကျွန်တော် မကြားဖူးဘူး"

"ထားပါတော့လေ၊ ခင်ဗျားကလေးတွေ ဘယ်အရွယ်မှာ သေးပြတ်လဲ"

"စာရေးဆရာကြီးရဲ့၊ နို့ပြတ်တာသာ ရှိသေးတယ်၊ သေးပြတ်တာ မရှိဘူး၊ သေးဆိုတာက သေမှပြတ်တာ"

"ကျွန်တော်ဆိုလိုတာက…အိပ်ရာထဲ မလုပ်တော့တာကို ပြောတာ"

"အဲဒါလား…"

ဦးကျော်သင်းသည် နဖူးရေလည်း တွန့်လိုက်သည်။ မျက်မှောင်လည်း ကြုတ်လိုက်သည်။ ခေါင်းလည်း ကုတ်လိုက်သည်။

"ကျွန်တော်တော့ အမှုမဲ့အမှတ်မဲ့ပဲ၊ အမေလုပ်တဲ့လူမှ သိမှာဗျ"

ကိုလှဝေ ငိုင်သွားသည်။ ဦးကျော်သင်း၏ အမေလုပ်တဲ့လူမှ သိမှာဗျဟူသော စကားက သူ့အတွက် အဓိပ္ပာယ်တွေ အများကြီးထွက်လာ၏။

"နေပါဦး၊ ဆရာက ဘာလို့မေးတာလဲ၊ ဝတ္ထုထဲ ထည့်ရေးစရာရှိလို့လား"

"မဟုတ်ဘူး၊ ကျွန်တော့်မှာ ကလေးနှစ်ယောက် ရှိနေပြီ"

"ဘုရားရေ…ဘယ်လို"

"ကျွန်တော်ပြောတာက အဆက်အစပ်မရှိ ဖြစ်နေတယ်၊ ဒီလိုပါ၊ ကျွန်-တော့်ညီကို သင်္ဂြိုလ်ခဲ့ရတယ်၊ သူ့မိန်းမလဲ မရှိတော့ဘူး၊ အဲဒါ…ကျန်ခဲ့တဲ့ ကလေးနှစ်ယောက်ကို ကျွန်တော်ပဲ ခေါ်ခဲ့ရတော့တယ်"

"သြော်…ဒီလိုလား၊ ဆရာ့အဖြစ်ကလဲ မိန်းမ,မရခင်…ကလေးရတာကိုး၊ ဟား…ဟား…မထူးပါဘူး၊ မိန်းမတစ်ယောက် ရှာယူလိုက်ပေါ့"

"ယူလိုက်တဲ့မိန်းမက သူ့ရင်သွေးမဟုတ်တဲ့ ကလေးတွေကို ကြင်နာနိုင်ပါ့မလား"

"အား…အား…အဲဒါလဲ စဉ်းစားစရာပဲ"

ကိုလှဝေက အပြုံးမမည်သော အပြုံးကို ပြုံး၏။

"ဆရာ ဘာပြုံးတာလဲ"

"စဉ်းစားစရာဆိုလို့ပါ၊ ခုတလော ကျွန်တော့်မှာ စဉ်းစားစရာတွေ

www.burmeseclassic.com

www.burmeseclassic.com



သိပ်များနေတယ်”

“ဓာတ်ညွှန်းလေးတော့ ပြီးအောင်လုပ်ပါဦးဆရာ၊ ဆရာ့ဆီကပြီးမှ စီစစ်ရေးတင်ရဦးမှာ၊ အဲဒီမှာကလဲ ကြာဦးမှာ”

ကိုလှဝေက နေရာမှထသည်။

“တစ်ပတ်အတွင်း ပြီးစေရမယ်လို့ ကျွန်တော်ပြောပြီးပါရောလား၊ ဩော်…အဲဒါထက် ဖရောင်းပုဆိုး ဘယ်မှာရမလဲ”

ဦးကျော်သင်း ခေါင်းကုတ်ပြန်၏။

“အဲဒါမျိုး အသုံးမလိုတာကြာတော့…ဘယ်ဝယ်ရမှန်း ကျွန်တော်လဲ မသိတော့ဘူး”

“ကိစ္စမရှိပါဘူးလေ”

ကိုလှဝေသည် ဦးကျော်သင်းအခန်းမှ ထွက်ခဲ့ပြီး တိုက်ရှေ့တွင်ရပ်ထားသော မိမိ၏ မာဒေါ်ဘီခြောက်ရာကားလေးပေါ် တက်သည်။

လေးနာရီထိုးခါနီးပြီ၊ ဗိုလ်ချုပ်ဈေးကို မီနိုင်သေးသည်။

ဖရောင်းပုဆိုးမရလျှင်…အင်း…နိုင်လွန်ဘာလို့ခေါ်မည်နည်း…၊ အခင်း…အဲ…အစ၊ တစ်ခုခုတော့ ရမည်ထင်သည်။

□□□

## အခန်း (၆)

“ဦးသောင်းရှိန်၊ ဘောက်ထော်ဘက်က လှည့်မောင်းပါ”

“ဆရာကိုလှဝေတို့အိမ်ကိုလား”

“ဟုတ်ကဲ့…”

တံခါးလေးပေါက်နှင့် ဖင်မီလီယာ ဆီဒင်ကားပြာလေးသည် တက္ကသိုလ်အဓိပတိလမ်းမှထွက်ကာ လက်ဝဲဘက်သို့ချိုး၍ ဆက်မောင်းလာခဲ့သည်။

ဦးသောင်းရှိန်ကို အမိန့်ပေးပြီးမှ မှားများမှားသွားသလောဟု နုနုသွယ်သည် မှိုင်စဉ်းစားနေသည်။

သူက အစီအစဉ်ကို ဖျက်ခဲ့သူ၊ ယခု မိမိက အရင်သွားရမည်လော။

သည်တစ်ကြိမ်တွင် နုနုသွယ်သည် မိမိကိုယ်ကို မကျေမနပ်ဖြစ်မိသည်။

မိမိစိတ်က ဘာကြောင့် သည်လောက်ပျော့ရသနည်း။ တစ်ပတ်လောက် စိတ်ကောက်ပြထားလျှင် မကောင်းဘူးလော။

ခက်သည်မှာ နုနုသွယ်က စိတ်မကောက်တတ်။ စိတ်ကောက်တတ်ဖို့ အနေသာသာ သူတစ်ပါးအတွက်ကြီး စိတ်ကိုအလျှော့ပေး အလိုလိုက်နေရသည်။ ပြောရလျှင်တော့ အခက်သား။ ဖေဖေ့ကိုလည်း အလျှော့ပေးရသည်။ မေမေ့ကိုလည်း အလျှော့ပေးရသည်။ ဘဝတွင် အလျှော့ပေးရတာတွေများတော့ အကျင့်ပါပြီး စိတ်ဘယ်လိုကောက်ရမှန်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



အစပထမတော့ ကိုလှဝေအပေါ် မကျေမနပ်ဖြစ်မိသည်။ တစ်ဖန် ပြန်စဉ်းစားတော့လည်း မမျှော်လင့်ဘဲ အစီအစဉ်ကို သူ့ဘက်က ဖျက်ရသည်မှာ နာရေးကြောင့်။ လူမှုဆက်ဆံရေးတွင် နာရေးကိစ္စကိုမှ ခွင့်မလွှတ်နိုင်လျှင် မိမိ ရိုင်းရာကျလေတော့မည်။

ဩော်…သူလည်း မိမိတို့နှင့် လိုက်ချင်ရှာမည်ပေါ့။ ညီတစ်ယောက်လုံး ဆုံးသည်ဆိုပြန်တော့လည်း အခက်သား။ ခက်သည်က အဲသည်ညီဆိုတာက ဘယ်တုံးက ပေါ်လာရသနည်း။ ဆွေမျိုးညီအစ်ကိုဟူသည်က ရှိမည်ပေါ့လေ။ မိမိက ကိုလှဝေအကြောင်း တကယ်တော့လည်း ဘယ်လောက် သိသေး၍နည်း။

ဘာပဲဖြစ်ဖြစ်…မိမိတို့ ပြန်မရောက်မီ သူပြန်ရောက်နှင့်ပြီး အိမ်ကို နှစ်ခေါက်လာမေးပြီးပြီဆိုသည်။ သည်လောက်ဆိုလျှင် သူ့ဘက်က ဝတ္တရားကျေ ပြီပဲ။ တကယ်ဆိုတော့ နာရေးကိစ္စမှ စိတ်မချမ်းမသာ ပြန်လာသူထံ မိမိသွားခြင်း သည် မလွန်ဟု ထင်သည်။

မေမေကတော့ ဘာပြောမည်နည်း။ မေမေ့ဘက်ကတော့ ပြောစရာတစ်ခုခုက အမြဲရှိနေမည်။

ယခုကဲ့သို့ ကျောင်းမှ တန်းသွားခြင်းသည် အကောင်းဆုံးဖြစ်၏။ အိမ်မှ တကူးတကန့်သွားလျှင် မေမေနှင့်က မဖြစ်။

ကားနောက်ခန်းတွင် ငြိမ်ငြိမ်လေး ထိုင်လိုက်လာသော်လည်း နုနုသွယ်၏စိတ်တွင်းမှာ အတွေးတို့နှင့် အလုပ်များနေသည်။

နုနုသွယ်သည် မဲ့မဲ့လေးပြုံးမိ၏။

နောက်ဆုံးကျတော့ မိမိသည် အလျှော့ပေးလိုက်မိပါပကော။ ထုံးစံအတိုင်း သူတစ်ပါးဘက်က လှည့်တွေးပေးပြီး သူတစ်ပါးကို အလျှော့ပေးလိုက်မိပါပကော။

အတွေးကောင်းကောင်းနှင့် ငြိမ်လျက်လိုက်ပါလာသော နုနုသွယ်သည် မြင်းပြိုင်ကွင်းကြီးနားရောက်မှ လက်ပွေ့အိတ်ကိုဖွင့်ကာ မှန်ကြည့်သည်။ မလိုဘဲလျက် တို့ဖတ်(ပတ်ဖ်)ဖြင့် မျက်နှာကို ဟိုတို့သည်တို့ လုပ်သည်။ ဆံနွယ်များကို လက်ဖြင့်သပ်သည်။

ကားလေးသည် မိုးကောင်းဘုရားလမ်း လက်ယာဘက်ရှိ မြေနီလမ်းလေး အတိုင်း လိုက်ခဲ့ပြီး ခြံဝင်းတစ်ခုအတွင်း ချိုးဝင်လိုက်၏။

အုတ်ဖိနပ်ခံ ကျွန်းအိမ်လေးရှေ့တွင် ကားဆိုက်ပြီးသောအခါ ကားနောက်ခန်းမှ နုနုသွယ်သည် ပေါ့ပါးစွာ ဆင်းလိုက်၏။



ထိုအခိုက်တွင်ပင် ဆောင်းတွင်းကြီးဖြစ်လျက် မိုးပေါက်များပမာ ရေပေါက်တွေ စင်ပက်လာသည်ကို သတိထားမိ၏။

"အမေ့…"

နုနုသွယ်သည် ဇက်လေးကိုပု၍ ကိုယ်လေးကိုကျုံ့ကာ အော်လိုက်မိ၏။ အကြောင်းမှာ တစ်စုံတစ်ယောက်က မိမိအား ရေပိုက်ဖြင့် ရေထိုးပက်လိုက်သကဲ့သို့ ခံစားရသောကြောင့် ဖြစ်လေသည်။

အံ့ဩလည်း အံ့ဩ၊ ဒေါသလည်း မထွက်တထွက်နှင့် နုနုသွယ်သည် ရေလာရာဘက်သို့ လှည့်ကြည့်လိုက်သည်။

ရောမလုလင်ကြီး။ မျက်လုံးတွေက ဝိုင်းဝိုင်း။ ပါးတွေက ဖောင်းဖောင်း။ အရပ်က နှစ်တောင်ခန့်။

သူရပ်နေရာအနီး၌ ညွတ်ကိုင်းဖားစည်သော စက္ကူပန်းရုံကြီးရှိသည်။ ကားဖြင့်ဝင်လာစဉ်က ယင်းစက္ကူပန်းရုံကြီး ကွယ်နေသောကြောင့် သူ့ကိုမမြင်ရ။ ယခုတော့ မြင်ရပြီ။

ရေတိုင်တစ်ခုက ပန်းရုံကြီးအနီး၌ ရှိသည်။ ရေတိုင်နှင့်ဆက်ထားသော ပလပ်စတစ်ပိုက်ကို သူက ကိုင်ထားသည်။ ယခုအခါမူ ပလပ်စတစ်ပိုက်ဝမှ ရေတို့သည် မြေပြင်သို့ အဆက်မပြတ် ထိုးကျနေသည်။

မမျှော်လင့်သောနေရာတွင် တွေ့ရသော မမျှော်လင့်သော ပုဂ္ဂိုလ်ကြီးကို နုနုသွယ်က အံ့အားသင့်လျက် ငေးကြည့်နေသည်။ သူကလည်း မျက်မှောင်ကြုတ်လျက် နုနုသွယ်အား ထူးဆန်းသော သတ္တဝါတစ်ကောင်ကို ကြည့်သည့်ဟန် ကြည့်နေသည်။ ပေါင်လယ်လောက်ရောက်သော သူ့ဖွပ်ကျယ်စပို့ရှပ်အင်္ကျီ အဝါတစ်ခုလုံးမှာလည်း ရေတို့ဖြင့် ရွှဲစိုနေသည်။

ဒရိုင်ဘာဦးသောင်းရှိန်၏ အသံက အရင်ပေါ်လာ၏။

"ဟေ့ ကလေး…ဘာလို့ ရေနဲ့ပက်ရတာလဲ"

သူ့လက်က လှုပ်ရှားလာသည်။ ရေပိုက်သည်လည်း မော့လာ၏။ သူ့ဟန်က ဦးသောင်းရှိန်ကို ရေပိုက်ဖြင့် တိုက်ခိုက်တော့မည့်ဟန်။

ပန်းရောင်ဂါဝန်လေးဖြင့် မိန်းမလေးတစ်ယောက်သည် ဘယ်ကပြေးပေါ်လာသည်မသိ။ ချာတိတ်ငနဲသားလေးအနီး ဝင်ရပ်ကာ ပိုက်ကိုဆွဲထား၏။

"သူ လူကိုပက်တာမဟုတ်ဘူး၊ ပန်းကိုပက်တာ"

အိမ်ဝမှလည်း အသက်ငါးဆယ်ခန့် မိန်းမကြီးတစ်ဦး ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သြော်…နုနုပါလား၊ ဟောတော့ ရေတွေလဲစိုလို့၊ ကြည့်စမ်း…ညိုကြီး ဘာလို့ ဒီလိုလုပ်ရသလဲ"

ပန်းရောင်ဂါဝန်နှင့် မိန်းကလေးက ဝင်ရောက်ကာကွယ်၏။

"သူ လူကိုပက်တာ မဟုတ်ဘူး၊ ပန်းကိုပက်တာ"

"ဘယ်မလဲပန်း"

"ပန်းပင်ရှိတယ်၊ ဒီပေါ်မှာ၊ ဦးဦးပက်တာ တွေ့တယ်"

မိန်းကလေးညွှန်ပြသည်မှာ တရုတ်စကားပင်ဖြစ်သည်။ တရုတ်စကားပင်မှာ အိမ်ရှေ့ဆင်ဝင်တည့်တည့် လမ်းဘေး၌ ယပ်တောင်ဖြန့်သည့်နှယ် ပြုပြင်စိုက်ထားသည့် အပင်ဖြစ်သည်။ တရုတ်စကားပွင့်ဝါများလည်း ပွင့်နေ၏။

"ဒီအပင် ရေလောင်းဖို့မလိုဘူး"

"ပန်းပင်ရှိတယ်၊ ဦးဦးပက်တယ်"

အမှန်ပင် တရုတ်စကားပင်ပေါ်၌ ပင်ကပ်သစ်ခွပန်းပင်များ ရှိနေ၏။

အဖွားကြီးက မြည်တွန်၏။

"တယ်ခက်တဲ့ ကလေးတွေပဲ၊ မိဝင်း…ညိုကြီးကိုခေါ်သွား၊ အင်္ကျီလဲပေးလိုက်၊ ခြံထဲလဲ ထပ်မဆင်းရဘူး၊ ကြားလား"

မိဝင်းသည် သူ့မောင်ကို ချော့မော့ကာ အိမ်ပေါ်ခေါ်သွား၏။

"ဘယ်က ကလေးတွေလဲ ဒေါ်ဒေါ်"

"မိဝင်းနဲ့ ညိုကြီးတဲ့"

"ဟုတ်ကဲ့…သူတို့ ဘယ်ကလဲ"

"ဒီအိမ်ပေါ် ရောက်တော်မူလာကြတဲ့ အရှင်သခင် အကောင်းစားလေးတွေ၊ အိမ်ပေါ်တက်ဦး နုနု၊ ရေတွေလဲစိုလို့၊ ပြီးတော့မှ အေးအေးဆေးဆေး ပြောပြမယ်"

ဦးသောင်းရှိန်က အပြင်တွင် နေရစ်သည်။ နုနုသွယ်က အဒေါ်ကြီးနှင့်အတူ အိမ်ပေါ်တက်လိုက်ခဲ့၏။

ညေ့ခန်းကုလားထိုင်ပေါ်တွင် နုနုသွယ် ထိုင်မိသောအခါ အဒေါ်ကြီးက မျက်နှာသုတ်ပဝါ တစ်ထည်ပေး၏။

"ရော့…သုတ်လိုက်ဦး နုနု"

နုနုသွယ်၏ ခေါင်းတစ်ခုလုံးနှင့် ကိုယ်တစ်ခြမ်းမှာ သကြၤန်ရေလောင်းခံထားရသည့်ပမာ ရွှဲရွှဲစိုနေသည်။



မျက်နှာသုတ်ပုဝါဖြင့် နုနုသွယ်က တတ်နိုင်သမျှ ခြောက်အောင် လိုက်သုတ်သည်။

အခန်းတစ်ခုတွင်းမှ ညိုကြီး၏ အော်သံ၊ ငြင်းသံ၊ မိဝင်း၏ အသံစာစာဖြင့် ပြောသံချော့သံများက ထွက်ပေါ်နေ၏။

နုနုသွယ်က အံ့သြ၍မဆုံးသေး။ ယခင်က ဤအိမ်တွင် ကိုလှဝေနှင့်သူ့အဒေါ်…ဒေါ်မြကြည်သာ ရှိသည်။ ယခုတော့ ကလေးနှစ်ဦး တိုးနေသည်။ အရှင်သခင် အကောင်းစားလေးများဟု ဒေါ်မြကြည်က ကင်ပွန်းတပ်ဘိသည်။

ဒေါ်မြကြည်ကလည်း နုနုသွယ်အနီး ကုလားထိုင်တွင် ဝင်ထိုင်၏။

ဒေါ်မြကြည်မှာ အသားဖြူဖြူ ပိန်ပိန်ပါးပါး ဖြစ်သည်။ မပြောတပြောရှိသော သူ့မျက်နှာသည် ခါတိုင်း၌ အရာရာကို စိတ်ချမ်းသာနေသည့်ဟန် ပြနေတတ်သည်။ ယခုမူ တစ်စုံတစ်ရာကို မကျေနပ်သည့်အသွင် ဖော်ပြနေ၏။

"ဆိုပါဦးဒေါ်ဒေါ်၊ ဒီကလေးတွေက ဘယ်ကရောက်လာတာလဲ"

"မောင်လှဝေခေါ်လာတာလေ၊ သူ့တူနဲ့ တူမတဲ့"

"ဆုံးသွားတယ်ဆိုတဲ့ သူ့ညီရဲ့ ကလေးတွေလား"

"မှန်တယ်၊ မှန်တယ်"

"ကလေးတွေ အမေကကော"

"အမေက အရင်ဆုံးတာတဲ့"

"သြော်…"

"သူ့ညီမသေခင် စာရေးလိုက်လို့ ဒါလေးတွေ သူသွားခေါ်လာတာ"

"ဒါဖြင့် သူတို့ ဒီမှာ အမြဲနေကြတော့မှာပေါ့"

"တစ်သက်လုံးပေါ့"

ဒေါ်မြကြည်၏စကားသည် ဘာကြောင့်မသိ။ နုနုသွယ်၏နားတွင်းသို့ တစ်မျိုးကြီးဝင်သွားသည်။

"ဒေါ်ဒေါ်နဲ့ဆို မြေးတော်မှာပေါ့"

"အဲဒါပြောနေတာပေါ့၊ လင့်တာဝန်၊ သားတာဝန်တွေကြောက်လို့ တစ်သက်လုံး အပျိုကြီးလုပ်နေတာ၊ အခုမှ မြေးရသတဲ့၊ အဒေါ်ခေါင်းတော့ အခုမှ ဆင်နင်းတာ"

"ကလေးတွေက တော်တော်ကဲသလား"

"နုနုမြင်လိုက်ရပြီ မဟုတ်လား၊ အဲဒါ နမူနာပဲရှိသေးတယ်၊ ပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်း ကြည့် ကြားလား"

အခန်းတွင်းဆီမှ ရယ်သံမောသံများနှင့်အတူ ဘောလုံးကန်သံ ထွက်လာ၏။

"တစ်စက္ကန့်လေးမှ အငြိမ်မနေဘူး၊ ညိုကြီးဆိုတဲ့ကောင်က...ရေစုံမီး ပဲ"

"ရှင်..."

"ရေတိုင်ကီတွေ ရေဘုံဘိုင်တွေ ဖွင့်ဆော့ရင်ဆော့၊ မဆော့ရင် မီး ဆော့တယ်၊ အခေါ်မှာ မီးခြစ်ဝှက်ရတာလဲ တစ်ဒုက္ခပဲ၊ ကြံ့မကြံဖူးဘူး၊ အခေါ်တို့ ငယ်ငယ်က မီးခြစ်ခြစ်ရမှာ သိပ်ကြောက်တယ်၊ ရှဲကနဲထတောက်တာကို လန့်တယ် ညိုကြီးကျတော့ မီးခြစ်တစ်ဘူးများရရင် သီတင်းကျွတ်မှာ မီးပန်းရတဲ့အတိုင်းပဲ"

ရေစို၍ အနေရအထိုင်ရခက်နေသော နုနုသွယ်မှာ စိတ်ပါကျဉ်းကျပ်လာ၏။

ထိုစဉ် အခန်းတွင်းမှ ရော်ဘာဘောလုံးတစ်လုံးသည် ပျံထွက်လာပြီး ဧည့်ခန်းကြမ်းပြင်၌ ကျသည်။ ညိုကြီးသည် အခန်းပေါက်ဝ၌ ပေါ်လာ၏။

ဘောလုံးသည် နုနုသွယ်တို့ဘက် လိမ့်လာရာ ဒေါ်မြကြည်က ကောက် ယူသိမ်းထားလိုက်၏။

"အိမ်ပေါ်မှာ ဘောလုံးမကန်ရဘူး"

ပထမသော် ညိုကြီးသည် ဒေါ်မြကြည်အား မျက်မှောင်ကြုတ်ကြည့်ရှု သေး၏။ သို့ရာတွင် ခဏအခြ သူ့မျက်လုံးများသည် အိမ်ဝဆီရောက်သွားပြီး တစ် တစ်ခုကိုမြင်ဟန် ငေးကြည့်နေသည်။ ထို့နောက် ဘာမျှမပြောတော့ဘဲ အိမ်ဝ သွားထိုင်နေတော့၏။ မိဝင်းကတော့ အခန်းတွင်းမှ ပြန်ထွက်မလာ။

ဒေါ်မြကြည်က နုနုသွယ်ကိုပြုံးကြည့်ပြီး ဆို၏။

"သူတို့ကို ခပ်တင်းတင်းလေးပြောရင် ရတယ်၊ ကြိမ်သာပြခွင့်ရရ ပိုမီးသေမယ်၊ ခက်တာက သူတို့ဘကြီး"

"ရှင်...သူတို့ဘကြီးလဲ ပါလာလို့လား"

"ဩော်...နုနုကလည်း မောင်လှဝေကို ပြောတာ၊ သူ့ညီကမွေးထားတာ တွေဆိုတော့ သူက ဘကြီးပေါ့"

နုနုသွယ်စိတ်တွင်း တစ်မျိုးကြီး ဖြစ်သွားပြန်၏။ ကိုလှဝေနှင့် ဘကြီး သောဘွဲ့မှာ မဆိုင်သကဲ့သို့ နုနုသွယ်ထင်သည်။



ဒေါ်မြကြည်ကသာ ဆက်ပြောသည်။

"မောင်လှဝေက ကလေးတွေကို မရိုက်ရဘူးတဲ့၊ ကြိမ်နဲ့တုတ်နဲ့ ခြောက် လှောင် မခြောက်ရဘူးတဲ့၊ စကား ထူးထူးဆန်းဆန်း သုံးတယ်၊ ဘာတဲ့...အဲ... စိတ်...စိတ်...စိတ်ဒဏ်သင့်မယ်တဲ့၊ ဖြစ်နိုင်ပါ့မလား၊ လူကြီးတွေဆို ထားပါတော့၊ သာကပရိဒေဝတွေကြောင့် စိတ်ထောင်းလို့ကိုယ်ကြေဆိုတာ အခေါ်လဲ ကြားဖူးပါ တယ်၊ ဒီကလေးလေးတွေက ဘယ်လိုစိတ်ဒဏ်သင့်မလဲ"

"ဆရာက သူ့တူနဲ့ သူ့တူမကို တော်တော်ချစ်သလား၊ ဟုတ်လား ဒေါ်ဒေါ်"

"တော်တော်ချစ်သလား မဟုတ်ဘူး၊ အတော့်ကိုချစ်တာ၊ ညိုကြီးက အတိုင်း အိပ်ရာထဲသေးပါသေးတယ်၊ အဲဒါ...သေးစိုတဲ့ အဝတ်တွေကို မနက်တိုင်း သူကိုယ်တိုင် မရွံမရှာလျှော်တယ်၊ မိဝင်းဆိုတဲ့ကောင်မလေးက အတော်လုပ်တတ် ကိုင်တတ်နေတာ၊ အဲဒါလေး လျှော်ခိုင်းပါလား၊ မဟုတ်ဘူး၊ သူကိုယ်တိုင်လျှော် တာ၊ အဖေအရင်းတောင် လုပ်မလား"

နုနုသွယ်သည် ရေစိုထားသော အသားနေရာများ၌ ယားသလိုယံသလို ဖြစ်လာသည်။

"ဟိုဒင်း...စက်စဲမှာ အမျိုးတွေဘာတွေ မရှိဘူးလား"

"ဘယ်ရှိရမလဲ"

"သူ့အမေဘက်ကလေ"

"မရှိဘူးတဲ့၊ နေဦး သူတို့ကို ဘယ်ကခေါ်လာတာ မှတ်သလဲ"

"စက်စဲကဆို..."

"ဟုတ်တယ်လေ၊ သူ့အဖေနဲ့အမေက...ဟိုဒင်း...တံငါတွေ၊ မောင်လှဝေ တော့ အဲဒီလိုပြောတာ မကြိုက်ဘူး၊ ရေလုပ်သား...တဲ့"

နုနုသွယ်မှာ စိတ်ပိုအိုက်လာသည်။ ထ,ပြန်ချင်သလို ဖြစ်လာမိ၏။

အိမ်ရှေ့ဆီမှ ကားဟွန်းသံပေါ်လာ၏။ ကိုလှဝေ ပြန်လာသလော။

သို့ရာတွင် ဟွန်းသံမှာ မိမိ၏ ကားဟွန်းသံဖြစ်နေသည်။ အဆက်မပြတ် ည်း ပေါ်နေ၏။

နုနုသွယ်က အထတွင် အခန်းတွင်းမှမိဝင်းလည်း ပြေးထွက်လာသည်။ သောင်းရှိန်၏ "ဟဲ့...ကလေး" ဟု အော်သံလည်း ပေါ်လာ၏။

ဟွန်းသံအပျောက်၌ ကလေးငိုသံသည် ဆက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



စောစောက အိမ်ပေါက်ဝ၌ ငုတ်တုတ်လေး ထိုင်နေသော ညီကြီး တော့။ ညီကြီးက အခု ကားတွင်းရောက်နေသည်။ ရှိးရှိးရောက်သည်မဟု ဓောက်ထိုးမိုးမျှော်။ ခေါင်းက ကားကူရှင်ပေါ်တွင်။ ခြေနှစ်ချောင်းက ကားပြတင် ထွက်လျက်။

"မောင်လေးသေပါပြီ၊ မောင်လေးသေပါပြီ၊ ဒီလူကြီးလုပ်တာ၊ ဟော လူကြီးလုပ်တာ"

မိဝင်းသည် အသံစူးစူးနှင့် အော်နေ၏။ ကားဘေးမြေပြင်တွင် ခုန်လည် ခုန်နေ၏။ ညီကြီး၏ငိုသံကလည်း ကျယ်လှ၏။

ဦးသောင်းရှိန်က ညီကြီးကို မ,ယူဆွဲထုတ်ကာ မြေပြင်ပေါ် ချပေးလို ၏။

"ငါ ဘာမှမလုပ်ရပါဘူး ကလေးမရယ်၊ ပြီးတော့…ဒီလောက်ကျယ် အသံပြဲကြီး မကြားဘူးလား၊ နင့်မောင် မသေသေးပါဘူး"

မိဝင်းကိုပြောနေရာမှ ဦးသောင်းရှိန်သည် နုနုသွယ်ဘက် လှည့်ရှင်းပြ

"ဦးလေးက ဟောဟိုအရိပ်မှာ သွားစာဖတ်နေတာ၊ ဒီကလေးက တံခါ မဖွင့်တတ်တော့ ပြတင်းကခေါင်းလျှိုဝင်ပြီး ဟွန်းကိုဆော့တာ၊ လူသံကြားမှ လ ဖြန့်ပြီး သူ့ဘာသာသူ ဓောက်ထိုးဖြစ်သွားတာ"

ဒေါ်မြကြည်က ညီကြီးနားကပ်သွားပြီး မလိုသောမေးခွန်းဖြင့် မာန်မဲ

"မင်းဘာလို့ အဲဒီလိုဆော့ရတာလဲ ညီကြီး"

မိဝင်းသည် ဒေါ်မြကြည်နှင့် ညီကြီးကြားဝင်သည်။ ဒေါ်မြကြည်ဘ ကျောလေးနှင့်ခံထားရင်း အသံစာစာနှင့် တောင်းပန်၏။

"မောင်လေးကို မရိုက်ပါနဲ့၊ မောင်လေးကို မရိုက်ပါနဲ့၊ အီး…ဟီး…ဟီး အမေရေ"

ခဏခြင်းမှာပင် မိဝင်း၏အသံစူးစူး၊ ညီကြီး၏ အသံပြဲပြဲနှင့် ငိုသံတို သည် ဆူညံကုန်၏။

နုနုသွယ်သည် ဘာလုပ်ရမှန်းမသိဘဲ ငေးကြည့်နေ၏။ အထူးသဖြင့် ညီကြီး၏အသံက နုနုသွယ်ကို အံ့ဩစေသည်။ အောင်မြင်လိုက်ပါသော ငိုသံကြီး ဤသတ္တဝါသေးသေးထံမှ ဤမျှအောင်မြင်ကြီးမားသော အသံသည် ဘယ်လိုလုပ် ထွက်လာနိုင်ပါသနည်း။

ခဏမှာပင် နုနုသွယ်သည် ခေါင်းကိုက်လာမှန်း မိမိကိုယ်ကို သတိပြု



၏။

"ဟဲ့ မိဝင်းရဲ့…နင့်မောင်ကို ငါရိုက်ရသေးလို့လား၊ အမလေးတော် …ပါတော့၊ ကဲ သွားသွား…အိမ်ပေါ်ကို ကြွတော်မူကြပါ"

ဒေါ်မြကြည်က အလွန်စိတ်ပျက်ဟန်နှင့်ပြောရာ မိဝင်းသည် ညီကြီးကိုဆွဲ …၍ အိမ်ပေါ်တက်ပြေးသွားတော့၏။

ဒေါ်မြကြည်သည် ဘာမျှမပြောဘဲ နုနုသွယ်ကို ခေါင်းလည်းညိတ်ပြ၏။ …ပြုံးလည်း ချပြ၏။

နုနုသွယ်က မချိပြုံးလေးပြုံးပြ၏။

"နုနုလဲ ပြန်ဦးမယ်၊ ရေစိုထားလို့ တစ်မျိုးကြီး ဖြစ်လာတယ်"

"အင်း အင်း…၊ နုနုမပြောနဲ့ ရေမစိုဘဲ အဒေါ်တောင် တစ်မျိုးကြီး …နေပြီ၊ ဪ…မောင်လှဝေကို ဘာပြောလိုက်ရမလဲ"

"အထူးမရှိပါဘူး ဒေါ်ဒေါ်၊ ကျောင်းကအပြန် လှည့်ဝင်လာတာလို့"

ကားထွက်ခဲ့၍ ခြံပြင်အရောက်၌ ဦးသောင်းရှိန်က စုံစမ်းသည်။

"အဲဒီကလေးတွေက ဘယ်ကလဲ နုနု"

"ဆရာ့တူနဲ့ တူမတဲ့"

"လာလည်ကြတာလား"

"မဟုတ်ဘူး…ဟိုဒင်း…ဒီမှာ တစ်သက်လုံးနေမှာတဲ့"

"ဪ…"

ဦးသောင်းရှိန်က ဘာမျှဆက်မစပ်စုတော့ဘဲ ကားကိုသာ မောင်းနေတော့ ၏။

ကိုယ်က ပုရှိမ်းရှိမ်း စပ်ဖျဉ်းဖျဉ်း၊ ခေါင်းက ကိုက်တိုက်တိုက်နှင့် နုနုသွယ်၏နားတွင် ညီကြီး၏ အောင်မြင်သော အသံပြဲကြီးသည် စွဲပါလာ၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မိဝင်းက သူ့ကုတင်လေးပေါ်တွင်ထိုင်လျက် သဘောကျဟန် ပြုံးပြုံး
ကြည့်နေသည်။ အိပ်ချင်လျက်က ချက်ခြင်းမအိပ်ရသေးသောကြောင့် စိတ်တို
သော ညိုကြီးက မျက်နှာစူစူဖြင့် ရပ်ကြည့်နေသည်။

ခုတင်လေးများက လူရည်ချွန်ခုတင်ဟုခေါ်သော ခေါက်ခုတင်အနိမ့်
လေးများ ဖြစ်သည်။ လူကြီးတစ်ယောက်အတွက် ကျဉ်းသော်လည်း ကလေးတ
ယောက်အတွက်မူ ကောင်းကောင်းကျယ်သည်။ သုံးထပ်သားခင်းဖြစ်သောကြော
ကျောမနာအောင် မွေ့ရာလေးများ ခင်းပေးထားရ၏။

နေပူလှမ်းလာထားသည့်ကြားက ညိုကြီး၏မွေ့ရာမှာ သေးနံ့ အောက်သို
သိုး ထွက်နေသေးသည်။ ကိစ္စမရှိ၊ နေ့စဉ်နေပူဆက် လှမ်းပေးလျှင် တဖြည်းဖြည်း
အနံ့ပျောက်သွားတန်ရာ၏။ နောက်ထပ်သေးမစိုရန်သာ အရေးကြီးသည်။

ကိုလှဝေက မီးခိုးရောင်ပလပ်စတစ်စကို ညိုကြီး၏မွေ့ရာပေါ်၌ ဖြန့်ခင်
သည်။ ပလပ်စတစ်စက မွေ့ရာသေးသေးတစ်ခုလုံးကို လွှမ်းနိုင်အောင်ရှည်သည်
သို့ရာတွင် မလွှဲသာ၍ ခင်းရသည်။ ပလပ်စတစ်သည် ပူသဖြင့် လူနှင့်မတည့်
ကြားမှုသည်။ ထို့ကြောင့် ရင်ပတ်ရှိမည့်နေရာလောက်ကို ချန်ထား၍ ကျန်မွေ့ရာ
အပိုင်းအားလုံးကို အုပ်မိအောင်ခင်းရသည်။ အပေါ်မှ အိပ်ရာခင်းကို ထပ်လွှမ်း



သေးသည်။ ပလပ်စတစ်ပေါ်၌ ပိတ်ခင်းခံထားလျှင် ကျန်းမာရေးနှင့် ပိုညီညွတ်မည်။
ပိတ်ခင်းတော့ စိုမည်ပေါ့။ ကိစ္စမရှိ။ သည်လောက်တော့ နေ့စဉ်လျှော်နိုင်သည်။
အဲ···ပိတ်ခင်းနှစ်ထည်တော့ ထားရမည်။

ကိုလှဝေသည် ပိတ်ခင်းနှင့် ပလပ်စတစ် ဘေးနားနှစ်ဘက်ကို မွေ့ရာ
အောက် ထိထိရောက်ရောက် သွင်း၍ဖိသည်။

"ကဲ···ညိုကြီးအိပ်တော့၊ မင်း သေးလဲ ပေါက်ချင်သလောက် ပေါက်
တော့"

မဆိုင်းမတွဘဲ ညိုကြီးသည် အိပ်ရာပေါ်တက်၍ ခွေခွေလေး အိပ်တော့
သည်။

ဆောင်းညက အတန်လေး အေးနေသည်။ ကိုလှဝေသည် ညိုကြီး၏ကိုယ်
ပေါ်တွင် စောင်လွှမ်းပေး၏။ စောင်မှာလည်း အနံ့အသက်နှင့်၊ စောင်ကိုတော့
သေးမစိုအောင် မကာကွယ်တတ်။ ကိစ္စမရှိ။ သူလည်း နေလှမ်း၍ရသည်။ ကိုလှဝေ
သည် ခြင်ထောင်ပါ ချပေးလိုက်၏။

မိဝင်းက သူ့အိပ်ရာပေါ်တွင် ပက်လက်လေးလှဲနေ၏။

"ဦးဦး···"

"ဗျာ···"

"သမီးဖို့လဲ ပလပ်စတစ်အခင်း ဝယ်မပေးဘူးလား"

ကိုလှဝေသည် ကျေနပ်စွာ ပြုံးလိုက်၏။

မိဝင်းသည် အလွန်ချစ်ဖို့ကောင်းသည်။ သွက်လက်၍ ပါးနပ်သည်။
မိမိကို ဦးလေးဟု မခေါ်တော့။ ဦးဦးဟု ပြောင်းလဲခေါ်သည်။ သူ့ကိုယ်သူလည်း
သမီးဟု ရည်ညွှန်းသုံးတတ်ပြီ။

"သမီးက ညိုကြီးလို ရှူးရှူးမှ မပေါက်တတ်တာ၊ ပလပ်စတစ်အခင်း
မလိုပါဘူး"

"အဲဒီလိုဆို သမီးလဲ ရှူးရှူးပေါက်ပြတတ်တယ်"

"အောင်မယ်လေး သမီးရယ် မလုပ်လိုက်ပါနဲ့"

မိဝင်းက ခစ်ခနဲရယ်၏။

"အလကားပြောတာပါ၊ သမီး မလုပ်ပါဘူး၊ ဦးဦးကို သနားပါတယ်"

မိဝင်းစကားကြောင့် ကိုလှဝေ အလွန်သဘောကျသွားရပြန်၏။

"ဦးဦး···"

www.burmeseclassic.com

www.burmeseclassic.com



"ဗျား…ဗျား…"

"အဲဒါခင်းလိုက်တော့ မနက်ကျ မစိုတော့ဘူးပေါ့"

"ပိတ်ခင်းတော့ စိုမှာပေါ့"

"ပိတ်ခင်းစိုရင် သမီးလျှော်ပေးမယ်"

"အို မလိုပါဘူး"

"သမီးလျှော်တတ်ပါတယ်"

"သမီး ငယ်ပါသေးတယ်၊ အခုမလုပ်နဲ့ဦး၊ ကြီးတော့ လျှော်ပေး ဦးဦးအကျီတွေပါလျှော်၊ မီးပူလဲ တိုက်ပေး ဟုတ်လား"

"တကယ်ပြောတာနော်"

"တကယ်၊ တကယ်"

ကိုလှဝေက မိဝင်းကို စောင်ခြုံပေးသည်။ နဖူးလေးကို နမ်းရှုံ့နှုတ်ဆက်၍ ခြင်ထောင်ချပေးခဲ့ပြီး မိမိအခန်းဆီသို့ ပြန်လာသည်။

ဒေါ်မြကြည်၏ အခန်းဆီမှ ဘုရားရှိခိုးသံ ကြားရသည်။ ယနေ့ ထူးထူးဆန်းဆန်း ဒေါ်လေးထံမှ ကလေးများအကြောင်း ဘာတိုင်ကြားသံမှ မကြားရ၊ တည့်သွားကြပြီ ထင်သည်။ အင်း…အဟင်း…ဒေါ်လေးကလည်း ကလေးအကြိုက်စား တစ်မျိုး။

ကိုလှဝေ၏စိတ်သည် ကြည်နူးပေါ့ပါးနေသည်။ ဘဝသည်လည်း တစ်စုံတစ်ရာ အဓိပ္ပာယ်ရှိလာသလို ခံစားရ၏။

ကိုလှဝေက မိမိအိပ်ခန်းတွင်း ခုတင်ဘေးတွင်ပင်ရှိသော စာရေးစားပွဲတွင်ထိုင်ကာ ဟိမဝန္တာရုပ်ရှင်ကုမ္ပဏီမှ ပေးထားသော ဇာတ်ညွှန်းကို ကိုင်သည်။

မိမိအလုပ်က သူတို့ရေးပြီးသော ဇာတ်ညွှန်းကို တည်းဖြတ်ပေးရခြင်း ဖြစ်သည်။ တစ်အချက်အနေနှင့် ဇာတ်လမ်းတစ်ခုလုံး ခိုင်မာမှုရှိမရှိ စိစစ်ဝေဖန်ရသည်။ လိုအပ်ပါက ဇာတ်လမ်းကို ပြင်တန်ပြင်ပေးရသည်။ နှစ်အချက်အနေနှင့်က ချမှတ်ထားသော မူဝါဒများနှင့် လိုက်လျောညီထွေလည်းဖြစ်အောင် အနုပညာလည်း မြောက်အောင် ပြုပြင်ပေးရသည်။ သုံးအချက်အနေနှင့်က ချစ်ခန်းကြိုက်ခန်းလေးများကို အသက်ဝင်လှပအောင် ဖန်တီးပေးရသည်။ လေးအချက်အနေနှင့်ကား အရေးကြီးသော ဇာတ်ဝင်တေးကို ရေးပေးရခြင်း ဖြစ်သည်။

ယခုဇာတ်ညွှန်း၌ အခြားအချက်ဆိုင်ရာများ၌ ပြုပြင်ပေးစရာ အနည်းငယ်သာရှိသည်။ အဓိကကိုင်ပေးရမည်က ချစ်ကြိုက်ခန်းလေး ဖြစ်သည်။ မြန်မာရုပ်ရှင်



မှာတော့ ဒီအခန်းလေးတွေ မပါ၍မဖြစ်။ မပါ၍မဖြစ်သော အခန်းဆိုပြန်တော့ တစ်ခါလာလဲ မဲပြာပုဆိုးဖြစ်တတ်သည်။ ကိုလှဝေ၏ အရည်အချင်းက ရိုးနေသော သည်အခန်းလေးတွေကို ဆန်းအောင်လုပ်တတ်ခြင်း ဖြစ်သည်။ ဦးကျော်သင်း ကိုလှဝေကို အားအကိုးဆုံးမှာလည်း အဲသည်အရည်အချင်းအရာတွင် ဖြစ်သည်။

ကိုလှဝေသည် ချစ်ခန်းကြိုက်ခန်းလေးကို စကိုင်သည်။ ဟိုရက်များက ခေါင်းရှုပ်နေသဖြင့် ခရီးမရောက်ခဲ့။ ယခုမူ စိတ်ကြည်နူး ပေါ့ပါးသောကြောင့် ထက်သည် သွက်လာ၏။

ကိုလှဝေသည် စကားပြောကြည့်လိုက်၊ ရေးချလိုက်၊ အမူအရာလုပ်ကြည့်လိုက် ရေးချလိုက်နှင့် အလုပ်ရှုပ်နေ၏။ အမှန်က သည်အချိန်တွင် သူပဲမင်းသမီး၊ သူပဲမင်းသား၊ သူပဲဒါရိုက်တာ၊ သူပဲကင်မရာမင်း၊ သူပဲ ရုပ်ရှင်ကြည့်ပရိသတ် ဖြစ်နေ၏။

ပွင့်တုံးသွန်ချနေသော ကိုလှဝေသည် အလွန်ညောင်းလာမှ ဖောင်တိန်ကို ချကာ နာရီကြည့်သည်။

သန်းကောင်ကျော် တစ်ချက်ထိုးနေပေပြီ။

ကိုလှဝေသည် အညောင်းဆန့်သမ်းလိုက်ပြီး ကလေးများအိပ်ခန်းဆီသို့ ထ,လာသည်။ ကလေးများအိပ်ရဲရန် နှစ်ဆယ့်ငါးအား မီးပွင့်ထွန်းပေးထားသောကြောင့် အခန်းတွင်းမှာ လင်းနေသည်။

ကိုလှဝေသည် ညိုကြီး၏ ခုတင်ဘေးတွင်ရပ်၍ နှာခေါင်းကို ပွစိပွစိလုပ်ပြီး အနံ့ခံကြည့်၏။ စောစောက ရှိနှင့်သော အောက်သိုးသိုးနံ့မှတစ်ပါး အနံ့သစ်မရှိ။

ညိုကြီးသည် စောင်းစောင်းလေး အိပ်ပျော်နေသည်။ တစ်ခြမ်းပေါ်နေသော ပါးလေးက ဖောင်းဖောင်းမို့မို့ ရှိသည်။ ပါးနှစ်ခုကြားတွင် အရင်းမပေါ်သေးသော နှာတန်ပုပုလေးက မြုပ်နစ်နေ၏။ အပေါ်နှုတ်ခမ်းလေးက မထော့တထော် စုစုလေးနေ၏။

အိပ်နေပုံကြည့်ပါ။ အဘယ်မျှ အပြစ်ကင်းလိုက်ပါသနည်း။ အဘယ်မျှ အေးချမ်းလိုက်ပါသနည်း။ အလွန်ဆော့ အလွန်ကဲသော ညိုကြီးဟု ဘယ်သူယုံပါမည်နည်း။

စိုက်ကြည့်နေစဉ် ညိုကြီး၏မျက်နှာလေးသည် ညီဖြစ်သူမြဝေ ငယ်ငယ်ကရုပ်နှင့် တူသည်ဟု ကိုလှဝေ ထင်မိသည်။ အင်းလေ…သားပဲ အနေနှင့် တူမည်ပေါ့။

www.burmeseclassic.com



ကိုလှဝေ၏ရင်မှာ ဆို့နင့်နင့် ဖြစ်မိပြန်၏။

ကိုလှဝေသည် ခြင်ထောင်ကိုမ,ကာ ကိုယ်အတွင်းဝင်လိုက်ပြီး ပိတ်ခင်းကို စမ်းကြည့်သည်။ ပိတ်ခင်းကား ခြောက်ခြောက်သွေ့သွေ့၊ အိပ်နေပုံ နေရာမပျက်သေး၊ စောင်ကိုမူ ခြေရင်းသို့ ကန်ထုတ်ထား၏။

ကိုလှဝေက ညိုကြီးကိုယ်ပေါ် စောင်ပြန်ခြုံပေးပြီး ထွက်လိုက်၍ ခြင်ထောင်ကို ပြန်ချသည်။ ထိုအခိုက်တွင်ပင်...အမေလုပ်တဲ့လူ...ဟူသော ဦးကျော်သင်း၏စကားက ခေါင်းတွင်း၌ ပြန်ပေါ်လာသည်။

ဩော်...လောက၌...အမေလုပ်တဲ့လူ ရှိရပေမည်။ စိတ်ပညာကတော့...မားသားရင်း...ဟုခေါ်သည်။ အမေလုပ်တဲ့လူမရှိသော ကလေးတွေ၏ဘဝသည် ဘာဖြစ်သနည်း။ သည်အတွက်တော့ ဘယ်ကျမ်းကိုမှ ကိုးကားဖို့မလိုပါ။ မိမိတို့ညီအစ်ကို အသိဆုံး။ မိမိနှင့် မရှိတော့ပြီဖြစ်သော မြဝေ...။ အသိဆုံး...။

ကိုလှဝေသည် မိဝင်းကို ကြည့်ပြန်သည်။

မိဝင်းက ပက်လက်ကလေးပင် အသက်ရှူမှန်မှန်နှင့် အိပ်မောကျနေသည်။

ဩော်...ကလေးများသည် ပန်းပွင့်လေးများနှယ်ပါတကား။ ပန်းရိုင်းကလေးများပင် ဖြစ်ပါစေ။ ယုယပြုပြင်ပေးက လှလာသည်။

မိဝင်းကို စက်စဲမှာတွေ့စဉ်က ဤမျှလှသည်မထင်။ ထိုစဉ်ကတော့ ဘာဆံတောက်ဟု မခေါ်နိုင်သော ဆံပင်ရှည်ရှည် နီကြောင်ကြောင်လေးနှင့်၊ ရှင်မီးအင်္ကျီသာ ဝတ်ထားသဖြင့် ပိန်သေးသော လက်မောင်းများက မလှမပ ပေါ်နေသည်။ ဘိုသီပတ်သီဝတ်ထားသော ထဘီကလည်း အရောင်အသွေးမရှိ။ သည်တော့ လူကလည်း အရောင်အသွေးမရှိ။

ယခုတော့ စံနစ်တကျ ပုံဖော်ညှပ်ပေးထားသော ကုတ်ဝဲဆံပင်ပုံလေးနှင့် မျက်နှာလေးသည် တင့်တယ်နေသည်။ ဆီတွေ့ပြီးသော ဆံပင်လေးများကလည်း နက်မှောင်နေ၏။ အသားလေးကလည်း အမည်နှင့်လိုက်အောင် ဝါဝင်းနေသည်။ လှမ်းထားသောစောင်အောက်မှ တစ်စွန်းတစ်စပေါ်နေသော အင်္ကျီနီနီလေးသည် အသားဝင်းဝင်းလေးနှင့် လိုက်ဖက်နေ၏။ မှိတ်ထားသောမျက်ခွံမှ မျက်တောင်တို့ကလည်း ကော့လှသည်။

မိဝင်းကတော့ မိမိညီနှင့်မဆင်လှ။ အမေတူလည်း ဖြစ်ဟန်တူသည်။ ဤသို့ဆိုလျှင် မိဝင်းတို့အမေသည် မိန်းမချောတစ်ဦး ဖြစ်ရမည်။



ညိုကြီးကိုတော့ မွေးခဲ့သေးသော အမေလုပ်သူကို မိဝင်း ကောင်းကောင်း...သည်။ ထိုအမေဆုံးသွားတော့ မိဝင်း၏ နှလုံးသားနုနုလေးသည် မည်သို့ရှိရှာမည်နည်း။ ...ပေါ်ဆုံးလိုက်ပြန်တော့ သည်ကလေးမရင်တွင်း မည်သို့ ရှိလေမည်နည်း။

မိဝင်း အားငယ်တတ်မှန်း၊ မျက်ရည်လွယ်မှန်းတော့ မိမိသိသည်။ မျက်ရည်လွယ်မှု၊ အားငယ်မှုသည် စရိုက်ဖြစ်သွားလျှင် မကောင်း။ မိမိစရိုက်လိုပင် ...ကောင်း။

ကိုလှဝေသည် သက်ပြင်းရှိုက်ပြီး မိမိအခန်းသို့ ပြန်ခဲ့၏။

မီးမှိတ်ပြီး အိပ်ရာပေါ်လှဲမိသည်အထိ ကိုလှဝေ အတွေးမပြတ်။

ယခုဆိုလျှင် မိမိသည် ကလေးတို့၏ ဖားသားဆာရယ်ဂိတ်ခေါ် ကိုယ်စားခင်။ ထားတော့..ဖခင်ပဲဖြစ်ဖြစ်၊ ကိုယ်စားဖခင်ပဲဖြစ်ဖြစ်၊ ဖခင်ဟူသည် မိခင်...နိုင်သော စိတ္တဗေဒဆုမွန်များကို ကလေးတို့အား ပေးနိုင်ပါ့မည်လား။ ကိုယ်စား...ခင်ရော မရနိုင်ဘူးလော။ ရိုးရိုးလေးပြောရလျှင်...အမေလုပ်မည့်သူ၊ အမေလုပ်...ည့်သူကော မရနိုင်ဘူးလော။

နုနုသွယ်၏ မျက်နှာလေးသည် ကိုလှဝေ၏ မျက်လုံးများတွင် ဝဲပေါ်လာ၏။

အေးသော၊ ပျော့ပျောင်းသော၊ မာန်မာနမရှိသော နုနုသွယ်။ နုနုသွယ်မှာ ...ကြင်နာမှုရှိဟန်တူသည်။ ကြင်နာမှုရှိသူသည် အမေ ကောင်းကောင်းလုပ်နိုင်...သည်။ ခက်သည်က အမေကောင်းကောင်းလုပ်နိုင်ဖို့ ပထမလိုအပ်ချက်က နုနုသွယ်သည် မိမိ၏...အဲ...ထားပါတော့လေ...။

ကိုလှဝေသည် နူတ်နေးလက်နေးသော မိမိကိုယ်ကို အပြစ်တင်မိသည်။ ...ခုအချိန်မှ ဖွင့်ပြောရ ကောင်းပါ့မည်လော။ လင်ယူသည့်နေ့၌ ကလေးနှစ်ယောက်...သည့် ဘဝထူးကို နုနုသွယ် ခံယူနိုင်ပါ့မည်လော။ ပြီးတော့...သူ့အမေကြီးကလည်း ရှိသေးသည်။ သူ့အမေကြီးကြည့်ရပုံမှာ မိမိကို တယ်ကြည်ပုံမရ။

ကိုလှဝေ၏ အတွေးတို့သည် ဟိုမှသည်ပြောင်းသည်။ လူသည်လည်း ...ဟိုမှသည်လူးသည်။ အလွန်ကြီးညနက်မှ အိပ်ပျော်သွား၏။

မျက်နှာဆီ နေရောင်များထိုးလာမှ ကိုလှဝေသည် လူးလဲထလိုက်၏။ ...ခေါင်းကိုခါ ကိုယ်ကိုလိမ်နှင့် အိပ်ချင်စိတ်များကို မောင်းထုတ်ပြီး ကလေးများအခန်းသို့ ထွက်လာခဲ့သည်။

ကလေးနှစ်ဦးလုံး အိပ်ရာများဝယ် မရှိပြီ။ မိမိ ယနေ့ အိပ်ရာထနောက်ကျ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုလှဝေသည် ညီကြီး၏ကုတင်နား ကပ်သွားသည်။

နာခေါင်းကို ပွစိပွစိလုပ်ကြည့်ရန် မလို။ လတ်ဆတ်သော သေးနံ့ သင်းပျံ့နေ၏။

ကိုလှဝေက ခြင်ထောင်ကို မ,တင်လိုက်ပြီး စူးစမ်း၏။

ပိတ်ခင်းကားမရှိပြီ။ ပလပ်စတစ်အခင်းကား အနည်းငယ်တွန့်ရွံ့သည် အပ နေရာမပျက်။

ခေါင်းအုံးကတော့ နေရာရွှေ့နေသည်။ ပလပ်စတစ် တမင်မအုပ် ချန်ထားမိသော မွေ့ရာအထက်ပိုင်းမှာက လတ်လတ်ဆတ်ဆတ် အကွက်ကြီးတ ကွက်။

ကိုလှဝေက ခေါင်းခါမိ၏။ ညီကြီး၌ ဓောက်ထိုးပြောင်းပြန်ဖြစ်အော အိပ်နိုင်သောအစွမ်းရှိမှန်း မိမိမသိခဲ့။ မှားသည့်အခါလည်း မှားမှာပေါ့ဟု ဦးရှုံ ကြီးလို စိတ်ဖြေရတော့၏။

ပိတ်ခင်းက ဘယ်ရောက်သွားသနည်း။ မိမိသည် ညက ပိတ်ခင်း တော့ ခေါင်းရင်းအထိခင်းခဲ့ရာ ပိတ်ခင်းစိုမည်ကတော့ သေချာ၏။ ယခု ပိတ်ခ ဘယ်ရောက်သွားပြီနည်း။

ကိုလှဝေသည် အိမ်နောက်ပိုင်းသို့ ထွက်လာခဲ့သည်။

ထမင်းစားစားပွဲတွင် ညီကြီးသည် ပဲပြုတ်နှင့် ထမင်းကြော်ကို ပလုတ် ပလောင်း ထိုင်စားနေ၏။ ကိုလှဝေကို မြင်သောအခါ တစ်ချက်ပြုံးပြ၍တော့ အသိအမှတ်ပြု နှုတ်ဆက်၏။ ပြီးတော့ ပလုတ်ပလောင်းနှင့် ဆက်စားမြဲစားနေ၏ အိပ်ရာထဲ သူဘာလုပ်ခဲ့သည်ကိုမူ အသိအမှတ်ပြုဟန်မတူ။

"ညီကြီး မိဝင်းကော"

"တိဘူး..."

"သူကော မစားသေးဘူးလား"

"တိဘူး..."

ကိုလှဝေက မီးဖိုခန်းဆီ ဆက်သွား၏။

ဒေါ်မြကြည်က လက်ဖက်ရည် ဖျော်နေ၏။

"ဒေါ်လေး မိဝင်းကော"

"အောက်မှာ အဝတ်လျှော်နေတယ်"



"ဗျာ..."

"သေးစိုတဲ့အိပ်ရာခင်း လျှော်နေတယ်"

"အို...ဒေါ်လေးက ဘာလို့မတားလဲ"

"သူ လုပ်တတ်ကိုင်တတ်နေပြီပဲ၊ လျှော်ပေစေပေါ့၊ ဒါ မိန်းကလေး အလုပ်"

"ဟာ...သူ မိန်းကလေးမဟုတ်သေးဘူး"

"နို့ဘာလဲ"

"အာ...မိန်းကလေးတော့ မိန်းကလေးပေါ့၊ ကျွန်တော်ပြောတာက မိန်း ကလေး အကြီးကြီး မဟုတ်သေးဘူး၊ ကလေး၊ ကလေးပဲ ရှိသေးတယ်"

"ဒီအရွယ်ထဲက စ,နိုင်းရတယ်"

ကိုလှဝေသည် ဒေါ်မြကြည်နှင့် ဆက်မငြင်းတော့ဘဲ နောက်ဖေးလှေခါးမှ ဆင်းခဲ့၏။

အိမ်ပေါ်၌ ရေချိုးခန်းသက်သက် ရှိသည်။ ခြံနောက်ပိုင်း၌ မြေစိုက်ရေ ပိုင်တစ်ခု ရှိသေးသည်။ ယင်းရေတိုက်ကျောက်ပြားပေါ်တွင် မိဝင်းက ကျုံကျုံနန အဝတ်ထိုင်လျှော်နေ၏။

နံနက်စောစော ဆောင်းလေကတိုက်နေသဖြင့် ခြံတွင်းမှာ ချမ်းစိမ့်နေသည်။

"သမီး ဘာလို့ အဝတ်လျှော်နေတာလဲ"

"အဝတ်မဟုတ်ဘူး၊ မောင်လေးသေးစိုတဲ့ဥစ္စာ"

"အဲဒါလဲ အဝတ်ပဲပေါ့၊ သမီးကို မလျှော်ရသေးဘူးလို့ ဦးဦး မပြောဘူး လား"

ကိုလှဝေ၏အသံမှာ အနည်းငယ်လေး မာနေသည်။

မိဝင်း၏ မျက်လုံးဝိုင်းဝိုင်းများကို ကိုလှဝေ တွေ့ရပြန်သည်။ ငိုတော့မည့် အသွင် မျက်ရည်များဝိုင်းလျက်။ ကိုယ်လေးမှာလည်း လဟာပြင်တွင်း၌ မရှိသော ခိုရံကွယ်ဆီ ပုန်းကပ်သည့်နှယ် ယိုင်ယိုင်ကျုံ့ကျုံ့။

ကိုလှဝေက ချက်ချင်းပြုံးလိုက်ရ၏။

"သမီး အအေးမိမှာစိုးလို့ပါ"

"ဖွားဖွားက လျှော်ချည်...တဲ့"

ကိုလှဝေသည် ဘာမျှမပြောတော့ဘဲ မိဝင်း၏ လက်ကလေးများကို ကြည့်သည်။ လက်ဖဝါးလေးများက ပြာနေ၏။ ကိုယ်လေးလည်း အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



တုန်နေ၏။

"သမီးလက်တွေ ပြာကုန်ပြီ၊ ပေး…ဦးဦးကို"

ကိုလှဝေသည် အိပ်ရာခင်းကို ဆောင့်လျှော်သည်။ ဆပ်ပြာနံ့များရသ[illegible] မိဝင်း ဆပ်ပြာတိုက်ပြီးပုံရ၏။

အတန်ဆောင့်ပြီးမှ ရေတိုင်ဖွင့်ကာ အဝတ်ကို ရေလုံးအောက်ခံသည် ရေသည် အေးမြနေမှန်း ကိုလှဝေ သတိထားမိ၏။

ကိုလှဝေက မိဝင်းကိုကြည့်သည်။ မိဝင်း၏အင်္ကျီလေးတွင် ရေတွေစို၏။

ကိုလှဝေက အဝတ်ရေညှစ်သောအခါ မိဝင်းကမေး၏။

"စင်ပါ့မလား"

"စင်ပါတယ်၊ မစင်လဲ ကိစ္စမရှိဘူး၊ ကလေးသေးဟာ ရွံစရာ မကောင်ဘူး၊ မိဝင်းရွံလား"

မိဝင်းက ခေါင်းခါပြ၏။

"ဦးဦးလဲမရွံဘူး၊ လာ…သွားကြမယ်"

ကိုလှဝေသည် အိပ်ရာခင်းကို ကြိုးတန်း၌လှန်းခဲ့ပြီး မိဝင်းနှင့်အတူ အိမ်ပေါ်ပြန်တက်ခဲ့၏။

"သမီး အဝတ်အစားသွားလဲ၊ စွယ်တာထပ်ဝတ်၊ ကြားလား"

"ဟုတ်ကဲ့"

ညိုကြီးကတော့ စားပွဲတွင် စားသောက်နေဆဲဖြစ်၏။

ကိုလှဝေက ယခုမှ သွားတိုက်မျက်နှာသစ်ရသည်။

မှန်ရှေ့တွင် ကိုလှဝေ ခေါင်းဖြီးနေဆဲ ထမင်းစားခန်းဆီမှ အုံး…ဖုံး… ဂလွမ်…ဂလွင်ဟူသော အသံများနှင့် ရှေ့ဆင့်နောက်ဆင့် ညိုကြီး၏ ဩဇာပြည့်ဝ အောင်မြင်သော ငိုသံထွက်ပေါ်လာ၏။

ဘီးကိုလွှတ်ချပြီး ကိုလှဝေသည် ထမင်းစားခန်းဆီသို့ ပြေးထွက်လာခဲ့ ၏။

ညိုကြီးသည် ကြမ်းပြင်ပေါ်တွင် ပက်လက်လန်၍ အော်ငိုနေသည်။ သူ့ပါးစပ်နှင့် ပါးတွင် ထမင်းလုံးများ ကပ်နေသည်။ သူ့ဘေးတစ်ဝိုက်တွင်လည်း ထမင်းနှင့် ပဲပြုတ်စေ့များ ပြန့်ကျဲနေ၏။

ညိုကြီး၏ ကြွေရည်သုတ်ဇလုံလေးမှာ ကြမ်းပြင်တွင် မှောက်လျက်သား



…တစ်ချောင်းကလည်း ကြမ်းပြင်တွင် ညိုကြီးနည်းတူ ပက်လက်။ ညိုကြီးထိုင် …သော ကုလားထိုင်အနီး ကြမ်းပေါ်မှာက ဖင်ထိုင်ခုံတစ်လုံး…။

ညိုကြီးကို…ကိုလှဝေက ဆွဲထူ၍ချော့မွှေ့ဆဲ ဒေါ်မြကြည်လည်း အနား …ရောက်လာသည်။ အင်္ကျီကြယ်သီး မတပ်ရသေးဘဲ မိဝင်းလည်း ရောက်လာ၏။

"မောင်လေး ဘာဖြစ်လို့လဲ…၊ မောင်လေး ဘာဖြစ်လို့လဲ"

"လိမ့်ကျတာပါကွာ…၊ အေး…အေး…တိတ်…တိတ်…တိတ်… …ဆက်စားစရာတွေ ရှိသေးတယ်မဟုတ်လား၊ မိဝင်း…ကုလားထိုင်ပေါ် ဖင်ထိုင် …ခုံ ပြန်တင်ပေးလိုက်"

ဘယ်လိုလိမ့်ကျသည်ကို…ကိုလှဝေ သဘောပေါက်ပြီး ဖြစ်၏။

ကုလားထိုင်ပေါ် ရိုးရိုးထိုင်ရုံနှင့် ညိုကြီးသည် စားပွဲကိုမမီ။ ကုလားထိုင် …ပေါ်၌ ဖင်ထိုင်ခုံခုပေးထားရ၏။ စားပွဲပေါ်၌ ထမင်းကျော်ထည့်ပြီးသား အခြား …ဇွန်းကန်သုံးခုက ရောက်နေပြီ။ သူ့ထမင်းကျော်ကုန်သွားသော ညိုကြီးသည် အခြား …ဇွန်းကန်တစ်ခုခုမှ ထန္နိုက်မည်။ ပြန်အထိုင်၌ တင်ပါးနှင့် ဖင်ထိုင်ခုံလွဲပြီး လိမ့်ကျ …သည်။ …။ သည်ဟာပဲဖြစ်မည်။

ဒေါ်မြကြည်က သက်ပြင်းကြီးချပြီး ညည်း၏။

"ငါ့နယ်နော်၊ နလုံးရောဂါတော့ ဖြစ်တော့မှာပဲ"

ကိုလှဝေက ညိုကြီးကို ပြန်နေရာချပေး၏။ ညိုကြီးက တအီးအီးလုပ်ဆဲ။

ကိုလှဝေက ညိုကြီး၏ဇလုံကို ကောက်ယူလိုက်သည်။

"ဒေါ်လေး၊ ထမင်းကြော် ကျန်သေးလား"

"ကုန်ပြီ၊ ပြီးတော့ သူ့ကို ငါ တစ်ခါထပ်ထည့်ပေးပြီးပြီ"

ကိုလှဝေသည် မိမိပန်းကန်တွင်းမှ ထမင်းကြော်ကို တစ်ဝက်ခွဲပြီး ညိုကြီး ၏ ဇလုံတွင်းသို့ ထည့်ပေး၏။

"ရော့ရော့…စား၊ မဝသေးရင် လက်ဖက်ရည် အမျှားကြီးရှိသေးတယ်"

ညိုကြီးသည် သူ့မျက်နှာမှ နှာရည်များ၊ မျက်ရည်များနှင့် သွားရည်များ ကို လက်မောင်းနှင့်ပွတ်ပစ်ပြီး ထမင်းကြော်ကို အစမှပြန်စား၏။

မိဝင်းက သူ့ပန်းကန်ကို ကိုလှဝေပန်းကန်နား တိုးပို့၏။

"ဘာလဲ သမီး"

"ဦးဦးပန်းကန်ထဲ နည်းသွားပြီ၊ သမီးထဲက တစ်ဝက်ယူ"

ကိုလှဝေသဘောတွေ့သွားရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး သမီးရယ်"

"ဟင့်အင်း…ယူရမယ်"

"ကဲ…ဒါဖြင့် နည်းနည်းယူမယ်"

ကိုလှဝေက ထမင်းကြော်တစ်ဇွန်း ခပ်ယူလိုက်ရ၏။

ဒေါ်မြကြည်က ကိုလှဝေမမြင်အောင် နှာခေါင်းရှုံ့လိုက်ပြီး မျက်လုံး ဇွေကြည့်နေ၏။ ရင်ထဲကမူ "အဖြစ်သဲနေလိုက်ကြတာ" ဟု ကောင်းချီးပေး သည်။

ကိုလှဝေတို့ ထမင်းကြော်စားမပြီးမီ ညီကြီးက အလျင်ပြီး၍ လက်ဖ ရည်သောက်သည်။ ထိုအချိန်၌ ညီကြီးမျက်နှာသည် ပြုံးနေရွှင်နေပေပြီ။

ကိုလှဝေတို့ လက်ဖက်ရည် စ,သောက်ချိန်၌ ညီကြီးက သူ့ပန်းကန်လုံ တွင်းမှ လက်ဖက်ရည်ကို ကုန်အောင်မော့ပြီးပြီ။

"ယူအုန်းမယ်"

ကိုလှဝေက ခရားကိုမ,ပြီး ညီကြီး၏ပန်းကန်လုံးအတွင်း လက်နှစ်လုံး ထည့်ပေးရာ ညီကြီးသည် မသောက်ပေးဘဲ အသံသြကြီးဖြင့် ဆက်အော်၏။

"ယူအုန်းမယ်"

"ထည့်ပေးပြီးပြီလေ"

"ယူအုန်းမယ်…"

မိဝင်းက ဝင်ရောက်ဘာသာပြန်ပေး၏။

"သူပြောနေတာက နည်းသေးတယ်၊ ထပ်ထည့်ပေးဦးတဲ့"

ကိုလှဝေက ညီကြီးကျေနပ်ရန် နောက်ထပ်လက်နှစ်လုံးခန့် ထည့်ပေ ၏။ ခွက်မပြည့်သေးသဖြင့် "ယူအုန်းမယ်" ဟု ဆက်အော်ဦးမည်လား နားထော သည်။ သို့ရာတွင် ညီကြီးက ကျေနပ်သွားဟန်ဖြင့် လက်ဖက်ရည် ဆက်သောက် ၏။

ကိုလှဝေတစ်ယောက်မှတစ်ပါး၊ အားလုံး စားသောက်ပြီးသွားသည် ကိုလှဝေအကျင့်က လက်ဖက်ရည်ကို ဇိမ်ဆွဲပြီး မြုံ့သောက်တတ်၏။

ညီကြီးသည် ကုလားထိုင်ပေါ်မှ ဆင်းလိုက်၏။ ကြမ်းပြင်တွင် ငြိမ်ငြိ ရပ်ပြီး မျက်လုံးကြီးများကို ပြူးထား၏။

"ကဲ…ဘာလဲ၊ ဘာထပ်ယူချင်သေးလဲ" "အီးပါချင်တယ်"

"ဟိုက်…သောက်ကျိုးနဲ"



သို့ရာတွင် ကိုလှဝေ ဘာမျှမလုပ်ရ။ မိဝင်းက လျှင်မြန်စွာထ,ကာ သူ့မောင်ကို ဆွဲခေါ်သွား၏။

"ယောကောင်…မင်း လမ်းတွင်တော့ မထွက်လိုက်နဲ့နော်၊ ဟား…ဟား… ဟား…တကယ့်ကောင်"

ကိုလှဝေသည် သဘောကျနှစ်ခြိုက်စွာ ရယ်လိုက်ပြီး လက်ဖက်ရည် ဆက်သောက်၏။

ဒေါ်မြကြည်က ချောင်းဟန့်ပြီး စ,တင်၏။

"မင်းကို မပြောရသေးဘူး"

"ဘာလဲဒေါ်လေး"

"မနေ့ညနေက မင်းပြန်လာတော့ မောမောပန်းပန်းလဲဖြစ်နေ၊ ည စာ စားရင်လဲ အနှောင့်အယှက်မဖြစ်အောင် ငါက တမင်မပြောသေးတာ"

"ဘာများမို့လဲ ဒေါ်လေးရဲ့"

"မနေ့ညနေက နုနုလာသွားတယ်"

"ဟင်…ဟုတ်လား"

"ဟုတ်တယ်"

"ဘာပြောသွားသေးလဲ"

"ဘာမှပြောမသွားပါဘူး၊ ကျောင်းကနေ လှည့်ဝင်လာတာတဲ့"

ကိုလှဝေက မျက်မှောင်ကြုတ် စဉ်းစားသည်။

ပြန်လာမှ မိမိ နုနုသွယ်နှင့် မတွေ့ရသေး၊ ယခု နုနုသွယ်က စ,ဝင်လာ သည်ဆိုတော့ နုနုသွယ်သည် မိမိပေါ် စိတ်မကောက်။ သတင်းက သတင်းကောင်း။

"ဒါများ ဒေါ်လေးရယ် စောစောက ဘာလို့မပြောသလဲ"

"နုနုလာတာကတော့ မထူးဘူး၊ ဒီမှာ ထူးတာတွေဖြစ်သွားတယ်"

"ဒီမှာ…ဘာတွေ…"

"ညီကြီးက နုနုကို ရေနဲ့လဲပက်လွှတ်လိုက်တယ်၊ ကားပေါ်ပွန်းတက် ပြီး ခေါက်ထိုးမိုးမျှော်လဲ လုပ်ပြလိုက်တယ်၊ သူ့အရည်အချင်းအကုန် နုနုမှာ ပြလွှတ်လိုက်တယ်"

ကိုလှဝေ ငိုင်သွား၏။ ဒေါ်မြကြည်က မနေ့ကဖြစ်ခဲ့သမျှကို အသေးစိတ် ဆက်ပြောပြနေ၏။ ဒေါ်မြကြည် စကားလမ်းဆုံးမှ ကိုလှဝေက မေးသည်။

"အဲဒီဖြစ်ခဲ့တာတွေနဲ့ ပတ်သက်ပြီး နုနုက ဘာပြောလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ကလေးတစ်ယောက်ကလုပ်တာ သူ့ခမျာ ဘာပြောနိုင်မှာ
အဲ…ခေါင်းကိုက်သလိုလို သူ့ဇက်ကြောသူဖိတာတော့ သုံးလေးခါတွေ့လိုက်တာ
ပြီးတော့…တစ်မျိုးကြီးဖြစ်လို့ဆို နှုတ်ဆက်ပြန်သွားတာပဲ"

"တစ်မျိုးကြီးဖြစ်တယ်ဆိုတာ ဘာပြောတာလဲ"

"သိဘူးလေ၊ ရေစိုလို့လို့တော့ ပြောသွားတာပဲ၊ သူ့စိတ်ထဲက တကယ်
ဘာဖြစ်သွားတာတော့ ငါဘယ်သိနိုင်မလဲ"

"ဘာဖြစ်သွားတယ်လို့ ဒေါ်လေးထင်သလဲ"

"ငါထင်တာလား…၊ ငါထင်တာတော့…လင်စိတ်သားစိတ် ကုန်သွား
တယ် ထင်တာပဲ"

"ဟာ…ဘာဆိုင်လို့လဲ"

"မင်းကမေးလို့ ငါထင်တာပြောရတာလေ"

ဒေါ်မြကြည်သည် စားပွဲပေါ်မှ ပန်းကန်များကိုသိမ်း၍ မီးဖိုခန်းဆီ
သွားတော့၏။

ကိုလှဝေမှာ စိတ်ဆင်းရဲကျန်ရစ်သည်။

အပျက်ပျက်နှင့် နာခေါင်းသွေးထွက်လေပြီလော။ နုနုသွယ်သည် လ
စိတ်သားစိတ် ကုန်မသွားတောင် စိတ်ပျက်စိတ်ညစ် သွားပြီလော။ သည်လော
လေးနှင့်ရော စိတ်ပျက်စိတ်ညစ် ထိုက်ပါရဲ့လော။

ညနေကိုတော့ နုနုသွယ်ဆီသွားမည်။ သည်ရက်အတွင်း စဉ်းစားရလွန်း
မိမိ စိတ်ပင်ပန်းလှပြီ။ ပြောင်ဖွင့်ဆွေးနွေးလိုက်လျှင် အကောင်းဆုံးပဲထင်သည်

နုနုသွယ်သည် ကြင်နာတတ်သူလေးဟု မိမိ တစ်ထစ်ချယုံကြည်ထားသည်
မိမိကိုလည်း မေတ္တာစစ်မေတ္တာမှန်နှင့် ချစ်နေပုံရသည်။ မေတ္တာစစ်တို့ မကျော်လွှားနိုင်
သည့် အခက်အခဲဟူသည် ဘယ်မှာမှ မရှိ…အဲ…မရှိဟု မိမိတို့ စာရေးဆရာ
ရေးခဲ့သည်။ အင်း…အဟင်း မှန်သည်ထင်၍ ရေးခဲ့သည်။

ကိုလှဝေ၏ အတွေးစများကို ရေချိုးခန်းနှင့် တွဲထားသော အိမ်သာဆီ
အသံများက ဖြတ်ပစ်လိုက်သည်။

"ရေဘုံဘိုင်ကို ဆော့မနေနဲ့"

"ရှော့ဘူး၊ အီးပါနေတာ"

"ဆော့နေတာ ငါမြင်သားပဲ၊ ဦးဦးနဲ့ တိုင်လိုက်မယ်နော်"

"တိုင်ညွှဲ…အီးပါနေတာ"



"ဒါပဲနော်၊ ရေတွေကျလာအောင် ငါ အပေါ်ကပဟာကြီး ဆွဲချလိုက်
မယ်"

"အီး…ဟီးဟီး…ကြောက်ရယ်"

"ကြောက်ရင်မြန်မြန်ပါ၊ ရေဘုံဘိုင်လဲ မဆော့နဲ့"

"ရှော့ဘူး၊ အီးပါနေတာ"

ကိုလှဝေမှာ စိတ်ပျက်စွာ ခေါင်းခါမိသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အင်ယားကန်အလွန် ကမ္ဘာအေးစေတီ ဘုရားလမ်းရှိ တိုက်တစ်ခု၏ စာကြည့်ခန်းတွင်း၌ ဦးဘသွယ်သည် စာမကြည့်ဘဲ မှန်ကြည့်နေသည်။

ဦးဘသွယ်ကြည့်နေသော မှန်မှာ ကြည့်မှန်တော့မဟုတ်။ စာအုပ်ဘီရိုတံခါးမှ မှန်ဖြစ်သည်။ စာအုပ်တစ်အုပ်ကိုယူပြီး တံခါးပြန်အပိတ်၌ မှန်ရိပ်တွင် မိမိရုပ်ကို မိမိ ပြန်တွေ့မိခြင်း ဖြစ်လေသည်။

ဆံပင်ကပါးပြီး ထိပ်ကပြောင်နေသော မိမိ၏ရုပ်ကို ဦးဘသွယ်က စိတ်ဝင်စားခြင်းမဟုတ်။ သည်ရုပ်ကို စိတ်ဝင်စားခြင်း သို့မဟုတ် (တိတိကျကျဆိုရလျှင်) စိတ်ပျက်ခြင်းကို ရပ်ထားလိုက်သည်မှာ ကြာပြီ။ ယခု ဦးဘသွယ် စိတ်ဝင်စားသည်မှာ အရိပ်နှင့် နောက်ခံတို့ကို ဖြစ်လေသည်။

ဘီဒိုမှန်ရိပ်ဖြစ်သဖြင့် လှရိပ်ပေါ်သကဲ့သို့ အတွင်းမှ စာအုပ်များကလည်း ပေါ်နေသည်။ သည်တော့...စာအုပ်များနောက်ခံနှင့် ဦးဘသွယ်။

ဦးဘသွယ်သည် မှန်ရိပ်မှ မိမိရုပ်ကိုမိမိ ကျေနပ်စွာ ပြုံးပြလိုက်၏။

ဓာတ်ပုံဆရာကောင်းကောင်းတစ်ဦး ရှာရမည်။ ပြီးတော့...စာအုပ်များနောက်ခံနှင့် ဦးဘသွယ်ပုံကို ရိုက်ခိုင်းရမည်။ ပြီးတော့ ယင်းဓာတ်ပုံကို တစ်နေ့



သောအခါ ပြီးလာမည့် မိမိ၏ စာအုပ်မျက်နှာဖုံးကျောဘက်တွင် ထည့်ခိုင်းရမည်။ အောက်က...ဦးဘသွယ်၊ ဘီအေ၊ ဘီအယ်(လ်)၊ အငြိမ်းစား အရေးပိုင်ဟု ထည့်ရမည်။ အမှန်ကတော့ အငြိမ်းစားခရိုင်ဝန်ဟု ဖြစ်ရမည်။ သို့ရာတွင် ဦးဘသွယ်က အရေးပိုင်ဟူ၍ အသုံးကို ပိုကြိုက်သည်။

ဦးဘသွယ်သည် စားပွဲတွင်ထိုင်ပြီး လက်တွင်းမှ စာအုပ်ကိုကြည့်သည်။ စာအုပ်၏အမည်ကား...ဂစ်ဘင်...ဒီကလိုင်အင်ဖော့အော့(ဖ်) ရိုမန်အင်ပိုင်ယာ (ဝါ) ဂစ်ဘင်၏ ရောမလက်နက် နိုင်ငံကြီး ဆုတ်ယုတ်ယိုင်ယွင်းခြင်းနှင့် ပျက်သုဉ်းခြင်း...ဟူ၍ဖြစ်၏။

အမှန်က ဂစ်ဘင်၏ ဤစာအုပ်ကြီးသည်...(၁၇၇၆) ခုနှစ်မှစ၍ ကမ္ဘာကျော်ခဲ့သော ဂန္ထဝင်မြောက် စာအုပ်ကြီးဖြစ်သဖြင့် သူသူငါငါ ကြားဖူးကြသည်။ သို့ရာတွင် တကယ်တန်းဖတ်ဖူးသူ ရှားလှသည်။ ဦးဘသွယ်သည်လည်း ဘီအေတန်း၌ ခေတ်သစ်သမိုင်းယူစဉ်က ဤစာအုပ်ကြီးအကြောင်း ကြားဖူးသည်။ ဤစာအုပ်ကြီးက ခေတ်သစ်သမိုင်းနှင့် တိုက်ရိုက်မဆိုင်လှ၊ သို့ရာတွင် စာရေးသူဂစ်ဘင်က ခေတ်သစ်သမိုင်း၌ အရေးပါသူဖြစ်သည်။ သူ့စာအုပ်ကြီးကလည်း သမိုင်းပညာဆိုင်ရာတွင် ဩဇာကြီးလှသည်။ ဂစ်ဘင်၏ အယူအဆနှင့် ပတ်သက်၍ အများသူငါလိုပင် ဦးဘသွယ်သည် ဖြီးတတ်ဖြန်းတတ်ရုံ ဗဟုသုတရှိသည်။ ထင်းစာအုပ်ကြီးကိုမူ မဖတ်ဖူး၊ စာအုပ်ကြီးသာဆိုသည် အမှန်က တစ်အုပ်တည်းမဟုတ်။ ကျမ်းတွဲကြီးဖြစ်သည်။ ရာစုနှစ်ပေါင်း ဆယ့်သုံးခု (ဝါ) နှစ်ပေါင်းတစ်ထောင့်သုံးရာကျော် ရှည်လျားသော သမိုင်းဓာတ်လမ်းကြီးကို တင်ပြသည်ဖြစ်၍ ကျမ်းကြီးက ရှည်ရပေမည်။

ယခု ဦးဘသွယ်လက်တွင်းမှ စာအုပ်မှာ မူလကျမ်းကြီးမဟုတ်၊ မူလကျမ်း၏ အရသာနှင့် အနှစ်သာရကို မပျက်စေဘဲ...ဒီအင်လိုးခေါ် ပုဂ္ဂိုလ်ကြီးက ခြုံငုံပြုစုထားသည့် စာအုပ်သာဖြစ်သည်။ ခြုံငုံထားသည်သာဆိုသည် စာလုံးသေးသေးနှင့် စာမျက်နှာက ကိုးရာကျော်နေသေးသည်။

မူလကျမ်းကြီးကိုတော့ တက္ကသိုလ်များ စာကြည့်တိုက်တွင် ရနိုင်မှန်း ဦးဘသွယ်သိသည်။ သို့ရာတွင် မိမိကိစ္စအတွက် ဤခြုံငုံကျမ်းနှင့်ပင် လုံလောက်ပြီဟု ဦးဘသွယ်ထင်သည်။ ခြုံငုံသော သူတွေက ခေသူတွေမဟုတ်။

မိမိက...ရှိုက်စ်အင်ဖော့အော့(ဖ်) ပုဂံစီဗီလိုင်ဇေးရှင်း (ဝါ) ပုဂံယဉ်ကျေးမှုကြီး ပေါ်ပေါက်ပုံနှင့် ပျက်သုဉ်းပုံဟူသော ကျမ်းကြီးကို ရေးနေသည်။ အမှန်က

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးမျှ မရေးရသေး။ ရေးရန် ပြင်ဆင်နေသည်။ ရေးရန်ပြင်ဆင်နေခြင်း ရေးနေသည် ခေါ်နိုင်သည်ဟု ဦးဘသွယ် ခံယူထားသည်။ ယင်းသို့သဘောရှိသေ မိမိရေးနေသည့် ကျမ်းကြီးအတွက် အထောက်အပံ့ရရှိရန် ယခု ဤဒီအင်လိုး ခြံုငုံကျမ်းကြီးကို သည်းခံဖတ်ရှုနေခြင်း ဖြစ်သည်။

မနေ့က ဖတ်ရင်း အိပ်ပျော်သွားသော အခန်း(၃) ရောမအင်ပိုင်ယာ ဖွဲ့စည်းပုံကိုဖတ်နေဆဲ အိမ်ရှေ့၌ ကားတစ်စီးဆိုက်သံကို ကြားရသည်။ မကြာမီပင် လျှပ်စစ်ခေါင်းလောင်းသံ ပေါ်လာ၏။ ဧည့်သည်တစ်ယောက် လာလေပြီ။

ဦးဘသွယ်က စိတ်ပျက်သွားသည်။ လူတွေသည် စည်းကမ်းမရှိ၊ အား တိုင်း လာလည်ကြသည်။ မိမိက အငြိမ်းစားဆိုသော်လည်း အားနေသူမဟုတ်

ဦးဘသွယ်က ထမကြည့်ဘဲ စာဆက်ဖတ်သည်။ အမှန်က ထ,ကြည့်ရန် မလိုလှ၊ တံခါးဖွင့်ပေးမည့် အိမ်ဖော်ရှိသည်။ ပြီးတော့ ဧည့်သည်အများမှာ သမီး၏ ဧည့်သည်တွေသာ ဖြစ်တတ်သည်။ ခက်သည်က...မိမိက ထ,ကြည့်တတ်ခြင်း ဖြစ်သည်။ သမီးဧည့်သည်များတွင် သမီးကို လာနောက်ပိုးကြသော သတ္တဝါတွေပါ သည်။

အိမ်ဖော်က စာကြည့်ခန်းဝတွင် ပေါ်လာပြီး ကြေညာ၏။

"ဘဘကြီး၊ ဟို...စာရေးဆရာ လာတယ်"

"ဟေ...မောင်လှဝေလား"

ဦးဘသွယ်က ဝမ်းသာအားရဖြစ်သွားပြီး ဧည့်ခန်းသို့ ထလာခဲ့၏။

"ဦး နေကောင်းတယ်နော်"

"ကောင်းတယ်၊ ကောင်းတယ်၊ ကျုပ်က အမြဲနေကောင်းနေတဲ့လူ"

"ကျွန်တော်က ခရီးများ ပန်းလာခဲ့သလားလို့"

"ဟာ မပန်းပါဘူး၊ ခရီးကလဲ သုတေသနခရီး မဟုတ်လား၊ ဦးက ပြန်ချင်သေးတာ မဟုတ်ဘူး၊ သမီးကလဲ ကျောင်းရှိ၊ မစိုးလှကလည်း အဲ...အိမ် စိတ်မချဘူးလေ၊ ဒါနဲ့ ပြန်ခဲ့ရတာ"

ကုလားထိုင်တွင်ထိုင်ရင်းက ကိုလှဝေသည် ဂုဏ်ခြေမပျက် မျက်လုံးကစား မိသည်။ နုနုသွယ်၏ အရိပ်အရောင်ကို မမြင်ရ။

"နုနုကော နေကောင်းတယ်နော်"

"ကောင်းပါတယ်၊ ခုနင်ကပဲ ကျောင်းကပြန်လာတယ်၊ ရေချိုးနေတယ် ထင်တယ်"



"ကျွန်တော် ဦးတို့နဲ့ မလိုက်နိုင်ခဲ့တာ စိတ်မကောင်းဘူး"

"ဟုတ်တယ်ကွယ်၊ မောင်လှဝေမပါတော့ ဦးမှာ ဆွေးနွေးစရာ အဖော် ဖြစ်နေတာပေါ့၊ ဒါပေမယ့် ကိစ္စမရှိဘူး၊ ဦးလေးမှာ ဆွေးနွေးစရာတွေ ကြီးရှိတယ်၊ အခု မောင်လှဝေလာတာ အတော်ပဲ"

ကိုလှဝေမှာ အနည်းငယ် စိတ်ပျက်သွားသည်။ မိမိလာသည်က နုနုသွယ် ဆွေးနွေးဖို့၊ ဦးဘသွယ်နှင့်မဟုတ်၊ သို့ရာတွင် မတတ်နိုင်။

"ဪ...ဟုတ်ကဲ့"

"ပုဂံကိုရောက်တဲ့အခါမှာ ဦး ဘောဘီလုံးနီးယားကို ပိုသတိရလာတယ်၊ ဘီလုံးနီးယားတည်ရာဟာလဲ ပူပြင်းတာပဲ၊ ပုဂံတည်ရာဟာလဲ ပူပြင်းတာပဲ၊ ယဉ်ကျေးမှုတစ်ခုကို စတင် တည်ထောင်တဲ့လူမျိုးဟာ ပထမမှာတော့ ဖွံ့နဲ့မာန်နဲ့ သဘာဝအန္တရာယ်တွေကိုကော ပြည်ပအန္တရာယ်တွေကိုကော အနိုင်ယူနိုင်တဲ့ စွမ်း ရည်တွေ ရှိကြတယ်၊ ယဉ်ကျေးမှုတစ်ခုကို အောင်အောင်မြင်မြင် ထူထောင်ပြီးလို့ လာတဲ့အခါမှာ ချမ်းသာတော့ လူတွေဟာ ပျော့လာကြတယ်၊ ပူပြင်းတဲ့ ရာသီဥတု ကလဲ လူတွေကို အားအင်လျှယ်လျှယ်ကူကူ ကုန်ခန်းစေတယ်၊ ဘောဘီလုံးနီး ယား ဆုတ်ယုတ်ပျက်စီးခြင်းဟာ ဒီအကြောင်းကြောင့်လို့ မောင်လှဝေပြောခဲ့တယ် နော်"

"အာ...အာ...အဲဒီတစ်ကြောင်းထဲတော့ မဟုတ်ပါဘူး"

"ထားပါလေ၊ ဦးနားလည်ပါတယ်၊ ဦးဆိုလိုတာက...ပုဂံသားတွေကော အဲဒီလိုဖြစ်သွားသလားလို့"

"အကြောင်းအများထဲက တစ်ကြောင်းတော့ ဖြစ်နိုင်ကောင်းပါတယ်"

"အကြောင်းအများထဲက တစ်ကြောင်း...၊ တခြားအကြောင်းတွေလဲ ရှိမယ်၊ အဲဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ထိုးထွင်းသိမြင်မှုရဖို့ အခု ဦးဘာလုပ် နေတယ် မှတ်သလဲ"

ဦးဘသွယ်ဘာလုပ်နေသည်ကို ကိုလှဝေက ဘယ်လိုမှမသိနိုင်။ စိတ် ပည်းမဝင်စား။ သို့ရာတွင် ယဉ်ကျေးမှုအရ ဖြေရ၏။

"ဟုတ်ကဲ့...အမိန့်ရှိပါ"

"ဦးအခု ဂစ်ဘင်ရဲ့ ဒီကလိုင်းအင်ဖော့အော့ဖ် ရိုမင်အင်ပိုင်ယာကို ဖတ်နေတယ်"

"အဲဒီတော့..."

www.burmeseclassic.com



“ဦးဖတ်နေတုံး ရှိသေးတယ်လေ၊ ကျမ်းကြီးကလဲ ရှည်တယ်မဟု
လား”

ဦးဘသွယ်က မိမိဖတ်နေသော ကျမ်းမှာ ခြုံငုံကျမ်းဖြစ်သည်ဟု ထ
မပြော။

ကိုလှဝေက အိမ်အပေါ်ထပ်ဆီတက်သော လှေခါးဆီ မျက်လုံးကစာ
ပြန်သည်။ နုနုသွယ်၏ အရိပ်အရောင်ကို မတွေ့ရသေး။ ရေချိုးပြီး အလှပြင်
တော့ ကြာပေမပေါ့။ မတတ်နိုင်။ ရသမျှ အမြတ်ထုတ်ရမည်။ ယောက္ခမလော
ဖြစ်လာနိုင်သည့် ပုဂ္ဂိုလ်ကြီးနှင့် လေပေးဖြောင့်နိုင်သမျှ ဖြောင့်ခြင်းသည် အကျိုး
နိုင်။

“ဂစ်ဘင်ရဲ့ကျမ်းကို ဖတ်တယ်ဆိုတော့ ဂစ်ဘင်ရဲ့ သမိုင်းအမြင်ကို
ဦး လက်ခံနိုင်လို့လား”

“ဘယ်လို…ဘယ်လို…”

“ဂစ်ဘင်ကပြောတယ်၊ သမိုင်းဆိုတာဟာ…လူသားတစ်မျိုးလုံးရဲ့ ရာ
ဝတ်မှုတွေ၊ မိုက်မှုတွေနဲ့ ကံဆိုးမိုးမှောင်ကျမှုတွေကို စာရင်းပြု မှတ်တမ်းတင်ထာ
ခြင်းထက် နည်းနည်းလေးပဲ ပိုတဲ့သဘောသာ ဖြစ်တယ်တဲ့”

“ဂစ်ဘင်က အဲဒီလိုပြောသလား”

“ပြောပါတယ်၊ အမှန်က…ဂစ်ဘင်ဟာ ရောမလက်နက်နိုင်ငံကြီး ဘ
ကြောင့် ပျက်စီးသွားတယ်ဆိုတာကို အဓိကထားမပြောပါဘူး၊ ဘယ်လိုပျက်စီးသွာ
တယ်ဆိုတာကိုသာ အဓိကထားပြောတာ၊ ဒါပေမယ့် ဘာပြောပြော သူပြောသမျှ
ကို သူ့သမိုင်းအမြင်က လွှမ်းမိုးတာပဲ”

“ဩော်…မောင်လှဝေလဲ ဂစ်ဘင်ရဲ့ကျမ်းကြီးကို ဖတ်ဖူးတယ်ပေါ့”

“မူရင်းကျမ်းကြီးကိုတော့ မဖတ်ဖူးပါဘူး၊ လက်သန်းကျမ်းကိုတော့
ဖတ်ဖူးပါတယ်”

“ဘာကျမ်း”

“လက်သန်းကျမ်း၊ အမှန်က လက်သန်ကျမ်းပါ၊ နက်သန်ဆိုတဲ့စကားက
ဆင်းသက်လာတာပါ၊ အင်္ဂလိပ်လိုတော့…အဘရစ်ချ်ပေါ့၊ အနှစ်သာရ မပျက်
အောင် ခြုံငုံထားတာ”

ဦးဘသွယ်က ကိုလှဝေကို အထင်ကြီးပြီးသားဖြစ်သည်။ ယခု ပိုအထင်
ကြီးသွား၏။



“မောင်လှဝေက ဂစ်ဘင်ရဲ့ သမိုင်းအမြင်ကို ဦးလက်ခံနိုင်သလားလို့
ကြောင့်မေးရတာလဲ”

“ဦးက အလွန်အရေးကြီးတဲ့ ကျမ်းကြီးတစ်ခုကို ရေးမလို့မဟုတ်လား၊
တော့ မှန်ကန်တဲ့ သမိုင်းအမြင်ရဲ့ ရှေ့ဆောင်မှုရှိဖို့လိုတယ်”

“မှန်ကန်တဲ့ သမိုင်းအမြင်ဆိုတာ ဘာလဲ”

“ဓမ္မဓိဋ္ဌာန်ကျရေးပါ၊ ဓမ္မဓိဋ္ဌာန်ကျဖို့ဆိုတာနဲ့ တစ်စုံတစ်ရာ သဘောတရား
ရှေ့ဆောင်မှုမရှိရဘူးလို့ မဆိုလိုဘူး”

“ဘယ်လို…ဘယ်လို”

“သမိုင်းပညာရှင်တွေကြားမှာ ဝိဝါဒကွဲပြားမှု ရှိနေတယ်၊ တစ်ချို့က
သမိုင်းကို အရှိအရှိအတိုင်းပဲ တင်ပြရမယ်၊ အဓိပ္ပာယ်ကောက်ယူမှု မလုပ်ရဘူး
ဆိုကြတယ်၊ တစ်ချို့ကတော့ အဓိပ္ပာယ်ကောက်ယူမှု လုပ်ကြတယ်၊ ထင်ရှားတဲ့
အဓိပ္ပာယ်ကောက်ယူမှု သဘောတရားနှစ်ခု ရှိတယ်၊ တစ်ခုက အာနိုးတွိုင်းဘီးရဲ့
သဘောတရား၊ တစ်ခုကတော့…အဲ…ယေဘုယျအားဖြင့် စီးပွားရေး သဘော
တရားသမိုင်းအမြင်လို့ ခေါ်ရမယ်ထင်တယ်၊ တွိုင်းဘီးက သမိုင်းပြောင်းလဲမှုတွေ
ကို ယဉ်ကျေးမှုခြင်း ထိပ်တိုက်တွေ့ဆုံမှုရဲ့ အကျိုးဆက်အဖြစ် ဖွင့်ဆိုတယ်၊
စီးပွားရေးသဘောတရား သမိုင်းအမြင်အရတော့ သမိုင်းဖြစ်စဉ်တွေကို ကုန်ထုတ်
ဆက်ဆံရေး ပြောင်းလဲမှုတွေက စိုးမိုးကြိုးကိုင်တယ်”

“မောင်လှဝေပြောတဲ့ သဘောတရားတွေကို ဦး ကြားတော့ ကြားဖူးပါ
တယ်၊ အလေးအနက်တော့ မစဉ်းစားကြည့်ရသေးဘူး၊ တစ်ခုရှိတာက ရောမလို
ရှေးဟောင်းသမိုင်းဖြစ်ရပ်ကြီးတွေမှာ စီးပွားရေး သဘောတရား သမိုင်းအမြင်နဲ့
သွားကိုင်တွယ်လို့ အံဝင်ခွင်ကျပါ့မလား”

“အဲဒီလိုထင်ရင် ဂစ်ဘင်လိုပဲ သွားကောက်ချက်ချမိလိမ့်မယ်၊ ရောမတွေ
တန်ခိုးကြီးလာတာက ပျူးနစ်စစ်ပွဲတွေအပြီးမှာ၊ အဲဒီစစ်ပွဲတွေကလဲ အနှစ်သာရ
အားဖြင့် ကာသိချ်နဲ့ ရောမပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းတွေကို
စိုးမိုးရေးအတွက် အားပြိုင်ရာက စခဲ့တာပဲ၊ ရောမလက်နက်နိုင်ငံကြီး ဆုတ်ယုတ်
ပျက်စီးသွားတာနဲ့ ပတ်သက်လို့တော့ ဦးရဲ့ဂစ်ဘင်က မြောက်ဘက်လိမ့်ဝင်လာတဲ့
လူရိုင်းတွေနဲ့ ဘာသာရေး မှိုင်းမိမှုတွေကို အဓိကအပြစ်တင်ထားတာပဲ၊ ကျွန်တော်
ထင်တာက အဲဒါတွေဟာ အကြောင်းရင်းမဟုတ်ဘူး၊ ရောမနိုင်ငံရဲ့ စီးပွားရေးဘဝ
ပျက်စီးလာမှုက အကြောင်းရင်းပဲ၊ ဥပမာ…တော်တဲ့ ကေရာ်လက်ထက်က

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့တဲ့ စီးပွားရေးဗဟိုကြီးကိုင်မှု ပျက်လာတယ်၊ သူတစ်လူ ငါတစ်မင်းနဲ့ အခွန်အ... တွေ ကြီးလာတယ်၊ စီးပွားရေးလုပ်ခွင်နဲ့ ဘ၀တွေ ပျက်စီးလာတယ်၊ ဒါ... နောက်သမိုင်းဆရာတွေ တင်ပြကြတာလေ''

ဦးဘသွယ်က မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။ ယောက္ခမလော... ဖြစ်လာနိုင်သူ မျက်မှောင်ကြုတ်နေသည်ကို မြင်သောအခါ ကိုလှဝေ ထိတ်လန့်... ၏။ မိမိ ပညာအပြများ လွန်သွားသလော၊ တရားဟောကောင်းလွန်းသ... ရန်စ,သလိုများ ဖြစ်သွားသလော၊ ယခုတလော မိမိသည် ကံကောင်းနေသူမဟုတ်...

အမှန်မှာ ဦးဘသွယ်စဉ်းစားနေသည်က သူ့စာအုပ်ကြီးအကြောင်း... ဖြစ်သည်။ မိမိက ဂစ်ဘင်၏ကျမ်းကြီးကို အတုယူ မိုငြမ်းပြုဖွယ်ကျမ်းကြီး... အားကိုးမည်ကြံထား၏။ ယခု ကိုလှဝေက ယင်းကျမ်းကြီး၏ အားနည်းချက်... ထောက်ပြနေသည်။ ကျမ်းကြီးကို ထင်သလောက် အားမကိုးနိုင်တော့၊ သို့ရာတွ... ကိုလှဝေကိုကား အားကိုးနိုင်သည်။ ဤအချက်ကို စာမတတ်သော အိမ်ကအဖွ... ကြီးကို သိစေချင်သည်။

ထိုအခိုက်တွင်ပင် အိမ်ကအဖွားကြီးသည် လှေကားမှ ဆင်းလာသည်... သူ့နောက်မှ နုနုသွယ်လည်း ပါလာ၏။

လှေကားမှ ခြေသံတွေကြောင့် လှမ်းကြည့်လိုက်သော ကိုလှဝေမှာ ... ခုန်သကဲ့သို့လည်း ဖြစ်မိသည်။ ရင်ခုန်ရပ်သွားသကဲ့သို့လည်း ခံစားရသည်။

ရေချိုးအလှပြင်ပြီးစ, နုနုသွယ်ကို မြင်ရသည်မှာ မိုးတိတ်စ ထွက်လာ... သော လမင်းကြီးကို မြင်ရသကဲ့သို့ ရင်ခုန်ဖွယ်ကောင်း၏။ နှုတ်ခမ်းကို မချိုမချ... တွန့်ထားသော အဖွားကြီးကို မြင်ရသည်ကား လမင်းကြီးနားက တိမ်ပုတ်ကြီး... မြင်ရသည်နှင့် တူလှသောကြောင့် ရင်ခုန်ရပ်ချင်၏။

နုနုသွယ်က အေးအေးပျော့ပျော့လေး ပြုံးပြ၏။ အဖွားကြီးက ငေါ့တော... တော့ ပြုံးပြသည်။

ထိုင်ထိုင်မိခြင်း ဒေါ်စိုးလှက ဆောက်နှင့်ထွင်းသည်။

''ဘယ့်နှယ်လဲ မောင်လှဝေ ကလေးအဖေဖြစ်နေပြီဆို''

''ခင်ဗျာ...''

''နုနုက ပြောပြလို့ပါ၊ ဘယ့်နှယ်လဲ...တော်တော် ပင်ပန်းသလားဟေ့''

ကိုလှဝေက နုနုသွယ်ကို လှမ်းကြည့်သည်။ နုနုသွယ်က ခေါင်းငုံ့ထား... သည်။

''မစိုးလှ၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ''

''ဪ...ရှင်မသိသေးဘူး၊ မောင်လှဝေက အခု ကလေးရနေပြီ''

''တောက်တီးတောက်တဲ့၊ မိန်းမတောင် မရှိသေးတဲ့လူက ဘယ်လိုလုပ် ...လေးရနိုင်မှာလဲ''

''အဲဒါပြောနေတာပေါ့၊ မိန်းမ,မရှိခင် ကလေးရထားတော့ မိန်းမရဖို့ ...ခယ်တော့ဘူးပေါ့၊ မောင်လှဝေက လူပျိုကြီးဇာတာ ပါလာတယ်ထင်တယ်... ...လဲ...''

ကိုလှဝေ ဘာပြန်ပြောရမှန်းမသိ။ မိမိလာခဲ့သည်က နုနုသွယ်နှင့် ဆွေး ...နွေးဖြစ်သည်။ နုနုသွယ်နှင့်ကား ပြောပြစရာ စကားတွေ အများကြီးရှိသည်။ ...တော့ အဖွားကြီးနှင့် ဆွေးနွေးရမည့်ကဲ့သို့ ရှိနေသည်။ ဤမျှော်လင့်သော ...ခြအနေအတွက် ကြိုတင်ပြင်ဆင်ထားသော နည်းဗျူဟာ ကိုလှဝေ၌ ပါမလာခဲ့။

နားမလည်နိုင်သော ဦးဘသွယ်က စုံစမ်းသည်။

''နေပါဦး၊ မောင်လှဝေက တကယ် ကလေးရနေလို့လား''

''ဟုတ်ကဲ့...ဟိုဒင်း...ကျွန်တော့်တူနဲ့ တူမလေးပါ''

''တူနဲ့တူမလေး၊ ဘယ်အရွယ်ရှိကြပြီလဲ''

''တစ်ယောက်က သုံးနှစ်၊ တစ်ယောက်က ငါးနှစ်''

ဒေါ်စိုးလှက ''အင်မတန်ဆော့တဲ့ကတဲ့ အရွယ်တွေပေါ့...'' ဟု ဝင် ...ထောက်ချက်ပေး၏။

''သူတို့က ဘယ်ကရောက်လာတာလဲ''

''ဆုံးသွားတဲ့ ကျွန်တော့်ညီက ကျန်ခဲ့တာပါ၊ အမေလဲ မရှိတော့ပါဘူး''

''ဒီလိုဆိုတော့ အားလုံး မောင်လှဝေတာဝန်ပေါ့''

''ဟုတ်ကဲ့''

''သမိုင်းအမြင်နဲ့ပြောရရင် ပြည်သူတွေမှာ သမိုင်းပေးတာဝန်ရှိတယ်၊ ...တိုင်းမှာလည်း ကံကပေးတဲ့ တာဝန်ရှိတယ်၊ ဒါကို ဝဋ်ကြွေးလို့ခေါ်တယ်၊ ...ဟုစိုရ်တရား ရှုထောင့်ကကြည့်ရင် ဒါဟာ လောကပါလအလုပ်ပဲ၊ ကောင်းတယ်၊ ...အားကြီးကောင်းတယ်''

ဦးဘသွယ်၏စကားကြောင့် ကိုလှဝေ အားတက်သွားသည်။ ဒေါ်စိုးလှက ... သူ့လင်၏စကားဆုံးအောင် နှုတ်ခမ်းတွန့် နားထောင်နေပြီးမှ ဝင်ပြော၏။

''ရှင်ပြောတဲ့အတိုင်းဆိုရင် မောင်လှဝေဘ၀မှာ မျှော်လင့်ချက် မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့"

"ဟ…ဘာဆိုင်လို့တုန်း"

"လောကပါလအလုပ် လုပ်နိုင်ဖို့ ဖြဟ္မစရိယာကျင့်ပြီး မောင်လှ လှမျိုးကြီးလုပ်ရတော့မှာပေါ့"

"မစိုးလှရေ၊ တစ်ခါတလေ မင်းရဲ့ယုတ္တိဗေဒကို ငါမလိုက်နိုင်ဘူး"

"ဘာရယ်၊ ဘာဗေဒ"

"မင်းတွေးခေါ်ပုံကို ပြောတာပါ၊ ငါဉာဏ်မလိုက်နိုင်ဘူး"

"ဒါမျိုး ရှင် ဒီတစ်ခါပဲ ဝန်ခံဖူးသေးတယ်"

"အေး တစ်ခါဝန်ခံရင်လဲ မင်းအတွက် နည်းသလား"

"ထားပါတော့၊ ထားပါတော့၊ ကျွန်မပြောတာက မိန်းမတွက်နဲ့ တွ ပြောတာ၊ မိန်းမတစ်ယောက်ဟာ လင်ယူရင် လွတ်လွတ်လပ်လပ် နေချင်တာ ကိုယ့်သားသမီးတောင်မှ ကိုယ့်သားသမီးမို့ သည်းခံရတာ၊ ကလေးတာဝန်ဆို ကို ရှင်တို့ယောကျ်ားတွေ သိတာမဟုတ်ဘူး၊ အဲ…လင်လဲယူရော၊ ကလေး ပါလာရောဆိုတာကို ဘယ်မိန်းကလေးက နှစ်သက်ပါ့မလဲ၊ ဒါကြောင့် မောင်လှ ဖြဟ္မစရိယာ ကျင့်ရတော့မယ်လို့ ကျွန်မက ပြောနေတာ"

"သြော်…ဟော်…ဟော်…၊ ဒီလိုလား၊ နေပါဦး မောင်လှဝေက ဖြ စရိယာ မကျင့်နိုင်ဘူးလို့ပြောသံ မင်းကြားလို့လား"

"သိဘူးလေ၊ ကျင့်နိုင်ရင်တော့ သိပ်ကောင်း၊ အားကြီးကောင်းပေါ့"

"ကဲ…ဘယ်လိုလဲဟေ့ မောင်လှဝေ၊ အမှန်က အိမ်ထောင်ကျတယ် တာ ထောင်ကျတာပဲကွ၊ ဦးတို့က အင်မတန် နောက်ကျမှ သဘောပေါက်တာ ဟား…ဟား…ဟား…"

ကိုလှဝေ၏စိတ်ခံစားတွေ ကျဆင်းနေသည်။ စောစောက ရောမအင်ပိုင် ယာကြီး ယိုယွင်းခြင်းနှင့် ပျက်သုဉ်းခြင်းကိစ္စကို မိမိတို့ ဆွေးနွေးနေသည် ယခု မိမိ၏ စိတ်ကူးယဉ် အချစ်အင်ပိုင်ယာကြီး ယိုယွင်းခြင်းနှင့် ပျက်သုဉ်းခြင် ကို မျက်မှောက်ပြုနေရပြီလော။

ဒေါ်စိုးလှက ဦးဘသွယ်ကို လှမ်းပြော၏။

"ကဲ…ကိုဘသွယ်၊ ရေသွားချိုးတော့၊ ရေနွေးဆူနေပြီ၊ နေလဲစောင်းပြီ"

ဒေါ်စိုးလှ၏ အချက်ပေးသံကို ဦးဘသွယ် နားလည်သည်။ ဦးဘသွယ် က ရေကြောက်သူဖြစ်သည်။ ယခုလို ဆောင်းတွင်း၌ ရေနွေးနှင့်သာ ချိုးရသည်



…ပြီးနောက် တစ်ခွက်တစ်ဖလား ကိစ္စလေးကလည်း ရှိသေးသည်။ သည် …လေးကလည်း တစ်နာရီလောက်တော့ ကြာသည်။ ပြီးတော့မှ ထမင်းစားသည်။ …နောက်ကျက အားလုံးနောက်ကျသည်။ အားလုံးနောက်ကျလျှင် ဒေါ်စိုးလှ …ည် ဗျစ်တောက်ဗျစ်တောက် လုပ်တတ်ရာ…တစ်ခွက်တစ်ဖလား စည်းစိမ်ခံစား …ဗျစ်တောက်ဗျစ်တောက်သံကို ဦးဘသွယ်မုန်းသည်။ ထို့ကြောင့် မဆိုင်းမတွဘဲ …မှထ၏။

"အေးအေး မောင်လှဝေနဲ့ စကားပြောနေကြဦး"

ဦးဘသွယ် ထသွားသောအခါ ကိုလှဝေမှာ ပို၍ စိတ်ခံစားကျဆင်းသွား …ည်။ အားကိုးရာတောင်ကြီး ပျောက်သွားသကဲ့သို့ ခံစားရ၏။

မမျှော်လင့်ဘဲ ဒေါ်စိုးလှ သဘောကောင်းဘိသည်။

"ဒေါ်ဒေါ်လဲ မီးဖိုထဲ သွားစီစဉ်လိုက်ဦးမယ်၊ နုနုနဲ့ပဲ စကားပြောနေရစ် …ာင်လှဝေ"

ဒေါ်စိုးလှက နှုတ်ခမ်းမတွန့်တတွန့်နှင့်ပင် ထွက်သွား၏။

ကိုလှဝေတစ်ကိုယ်လုံးမှာ ယခုမှ လွတ်လပ်ပေါ့ပါးသွား၏။ နုနုသွယ်က …ည်း စိတ်ကျဉ်းကျပ်မှုမှ လွတ်သွားသည့် အပြုံးလေးမျိုး ပြုံးပြရှာ၏။

"နုနုမပြောရသေးဘူး၊ ဆရာပေးတဲ့ ဗွာပြာတွေ ဒီနှစ်စ,ပွင့်တယ်"

"သြော်…ဟုတ်လား"

"လာလေ…နုနုပြမယ်"

ဤသည်ကလည်း မိမိတို့ချင်း နားလည်ထားသော အချက်ပေးမှုဖြစ် …ည်။ ခြံတွင်းဆင်း စကားပြောကြရန် နုနုသွယ်သည် သစ်ပင်တစ်ခုခု၊ ပန်းတစ်ခုခု …ကိုပြမည်ဟု အမြဲ အကြောင်းရှာတတ်သည်။

အိမ်အပေါ်ထပ် အိပ်ခန်းတွင်း၌ ဦးဘသွယ်က အဝတ်အစားချွတ်ပြီး …ဗိုက်ရွဲကြီးကို ရေချိုးမျက်နှာသုတ်ပဝါကြီးနှင့် ပတ်နေ၏။

ဒေါ်စိုးလှ ဝင်လာသည်။

"မောင်လှဝေ ပြန်သွားပြီလား"

"ဟောဟိုမှာ"

"ဘာ…"

ဒေါ်စိုးလှက ဦးဘသွယ်ကို ပြတင်းတစ်ခုဆီ ဆွဲခေါ်သွားပြီး ခြံတွင်းတစ် …နေရာကို ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြင်လား"

"အင်းလေ၊ နုနုနဲ့ မောင်လှဝေ ဘာဖြစ်သလဲ"

"ပုဂံအကြောင်းတို့ အနော်ရထာအကြောင်းတို့…နောက် ရှင်ပြေ
လုံးနိုးယားကြီးအကြောင်းတွေ ဆွေးနွေးနေကြတယ် ထင်သလား"

"ဒီမှာ မစိုးလှ၊ အချိန်တိုင်းဟာ ငါ့မှာ တန်ဖိုးရှိတယ်၊ ပြောစရာရှိ
တည့်တည့်နဲ့ မြန်မြန်ပြော"

"ဒါဖြင့် ပြောမယ်၊ မောင်လှဝေ ဒီကိုလာနေတာဟာ ရှင်နဲ့ လေကျ
ဆွေးနွေးချင်လို့ချည်းများ ထင်နေလား"

"မင်းကိုတောင် ငါနောက်ပိုးပြီး အရယူခဲ့သေးတာ၊ ငါ့သမီးကို အ
ကောင်တွေ လာနောက်ပိုးနေတာ ငါမသိရင် လူ့သမိုင်းရေးဖို့ ငါကြိုးစားမနေဘူး

"သြော်…ရှင်သိတယ်ပေါ့၊ သိရင် ဘာလို့ မျက်နှာသာပေးနေရလဲ"

"ငါက အရာရာမှာ မှေ့မိဋ္ဌာန်ကျတယ်၊ ဒီစကားကို မင်းနားလည်အေ
ဗမာလို စစ်စစ်ပြောမယ်၊ ငါက အရှိကို အရှိအတိုင်း သုံးသပ်တယ်"

"ဒီမှာကိုဘသွယ်၊ ရှင် အခု စာရေးနေတာမဟုတ်ဘူး၊ သားရေးသမီး
ပြောနေတာ"

"အဲဒီနေရာမှာ သာပြီး မှေ့မိဋ္ဌာန်ကျဖို့ အရေးကြီးတယ်"

"ဘာပြောတယ်"

"အရှိကိုအရှိအတိုင်း…၊ မင်းလဲ လင်ယူခဲ့လို့ မျက်နှာသုတ်ပဝါပတ်ထ
တဲ့ ငါနဲ့ လွတ်လွတ်လပ်လပ် စကားပြောနိုင်တာ မဟုတ်လား၊ သမီးမှာလဲ လွ
လပ်ခွင့်ရှိတယ်"

"ကျွန်မမှာတော့ လွတ်လပ်ခွင့် မရရှိတော့ဘူးလား"

"မင်းက ဘာလွတ်လပ်ခွင့် လိုသေးလို့လဲ"

"ကျွန်မသမီးကို လင်မပေးစားချင်သေးဘူး"

"ဟာ ဒါက…သူများကိုချုပ်ချယ်ဖို့ မင်းလွတ်လပ်ချင်နေတာ၊ လွ
လပ်ခြင်းဆိုတာမှာ အသွားလမ်းအပြန်လမ်းရှိတယ်၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခဲ့တ
တွေကို ရှည်မှာစိုးလို့ ငါမပြောတော့ဘူး"

"ကျေးဇူးတင်ပါတယ်၊ မပြောပါနဲ့တော့၊ ရှင်က နုနုကို မောင်လှဝေ
သဘောတူနေပြီပေါ့"

"အခုခေတ် ဘောင်းဘီပွဝတ်ပြီး ဆံပင်ရှည်ထားတဲ့ သတ္တဝါတွေ



ချဉ်ရင်တော့ မောင်လှဝေကို ငါကြည့်လို့ရတယ်၊ ဒီထက်တော့ပိုပြီး မင်းဘာမှ
တော့ ကောက်ချက်မချနဲ့ဦး"

"ကျွန်မကတော့ ဆုံးဖြတ်ပြီးပြီ"

"ဘာဆုံးဖြတ်ပြီးပြီလဲ"

"အလုပ်မရှိ အကိုင်မရှိတဲ့လူနဲ့ ကျွန်မသမီးကို မပေးစားနိုင်ဘူး"

"မောင်လှဝေမှာ အလုပ်ရှိပါတယ်"

"စာရေးတာကို ပြောတာလား၊ အဲဒါက အလုပ်လား"

"အဲဒါအလုပ်မဟုတ်လို့ ဘာလဲ"

"ကျွန်မနားလည်တဲ့ အလုပ်ဆိုတာက…လခနဲ့၊ ရာထူးနဲ့၊ ဂုဏ်နဲ့သရေ
နဲ့"

"စာရေးဆရာမှာလဲ ဂုဏ်နဲ့သရေရှိပါတယ်ကွ၊ ငါကိုယ်တိုင် စာရေးဆရာ
ဖြစ်အောင် ကြိုးစားနေတာကြည့်"

"ကျွန်မက ရှင်းရှင်းပဲ၊ ကျွန်မသမီးကို ကတော်ပဲ ဖြစ်စေချင်တယ်"

"စာရေးဆရာမိန်းမကိုလဲ စာရေးဆရာကတော်လို့ ခေါ်ချင်ရင် ခေါ်လို့
ရသားပဲ"

"ရှင်ကပ်ပြောမနေနဲ့၊ စာရေးဆရာဆိုတာ ရေးနိုင်တုံးရတာတဲ့၊ မရေးနိုင်
သို့တော့ ရှင်တင်ကျွေးထားမလား"

"မတော်နိုင်ဘူး ထင်ပါတယ်ကွာ"

"ကျွန်မ အကုန်စုံစမ်းပြီးပြီ၊ ငတ်နေတဲ့ စာရေးဆရာတွေ အများကြီးပဲ
တဲ့၊ အဲဒါထားတော့၊ ကလေးနှစ်ယောက်က ပါလာဦးမှာ"

"တူနဲ့တူမဆိုမဟုတ်လား"

"ဘာပဲဖြစ်ဖြစ် ကလေးနှစ်ယောက်ဟာ ကလေးနှစ်ယောက်ပဲ၊ တော်
တော်ကြာ အဆင်မပြေဖြစ်ပြီး လင်မယားကွဲကြမှ ကျွန်မသမီး ပန်းကောင်းအညွန့်
ကျိုး ဖြစ်နေဦးမယ်"

ဤတစ်ချီတွင်မူ ဦးဘသွယ် ငိုင်သွား၏။ အင်လော…ပြဿနာခေါ်
သူ့ဘက်ကိုယ့်ဘက် အမျိုးပြဿနာသည် အိမ်ထောင်ရေးပြဿနာမှန်း ဦးဘသွယ်
နားလည်သည်။ ယင်းပြဿနာကြောင့် အိမ်ထောင်တော်တော်များများ ပျက်ကြရ
သည်ကိုလည်း ကြုံဖူးသည်။

ဦးဘသွယ်က မျက်နှာသုတ်ပဝါအထက်ရှိ သူ့ဗိုက်ပူကြီးကိုပွတ်၍ စဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားနေသည်။

''ဒီလိုဆို ခြံထဲမှာ နှစ်ယောက်ထဲ စကားပြောခွင့် မင်းဘာလို့ပေးလဲ''

''ကျွန်မ ဒီလောက်မအ,ဘူး၊ တက္ကသိုလ်တက်နေတဲ့ မိန်းကလေး၊ ဒီမှာ မပြောလဲ...ပြောစရာ ရန်ကုန်မြို့ကြီးက အကျယ်ကြီး''

''မင်းတော်တယ်ကွဲ့''

''ပြီးတော့ သမီးကလိမ္မာတယ်၊ ဘာမဆို မအေကို ဖွင့်ပြောပြတယ် ကလေးနှစ်ယောက်အကြောင်းလဲ သူပြန်ပြောပြလို့ ကျွန်မသိရတာ''

''နေပါဦး၊ လင်မယားချင်းပဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ သူတို့ချင်း က အခု ကြိုက်နေကြပြီလား''

''ကြိုက်နေကြတာတော့ မဟုတ်သေးဘူး၊ စိတ်ဝင်စားနေကြတယ်လို့ ခေါ်ရမလားမသိဘူး၊ ဒါပေမယ့် ကျွန်မသမီးက လိမ္မာတယ်၊ ညက တစ်ညလုံး ကျွန်မ တရားဟောပြီးပြီ၊ အခုတွေ့တဲ့အခါမှာ ဘာပြောရမယ်၊ ဘာဆုံးဖြတ်ရမယ် ဆိုတာ သူသိပြီးပြီ''

''ဒါနဲ့ မင်းက အခု ငါ့ ဘာလို့ ဒီစကားတွေ လာပြောနေတာလဲ''

''အခြေအနေတွေကို ရှင်သိထားဖို့၊ လောကကြီးမှာ ရှင်ရေးမယ့် စာအုပ် ကြီးအပြင် တခြားအရေးကြီးတာတွေ ရှိသေးတာ ရှင်သိဖို့''

ဒေါ်စိုးလှက စကားကို အနိုင်နှင့်ပိုင်းဖြတ်ပြီး ထွက်သွားသည်။ ဦးဘ သွယ်မှာ မကျေမနပ်ကြီး ကျန်ရစ်၏။

ခွာပြာပင်တစ်ပင်အနီးတွင် ကိုလှဝေနှင့် နုနုသွယ်တို့က ရပ်နေကြ၏။ နုနုသွယ်ပြောသကဲ့သို့ ခွာပြာတွေက ပွင့်နေသည်။

ခွာပြာပွင့်သည်က မဆန်း။ သည်တော့ ခွာပြာပွင့်နေသည်ကို ကြည့်ပြီး သည့်နောက် ခွာပြာအကြောင်း ဘာမျှဆက်ပြောစရာ မရှိတော့။

ကိုလှဝေသည် မိမိဆွေးနွေးလိုသည်ကို ဘယ်ကစ,ရမှန်းမသိ ဖြစ်နေသည်။ အခြေအနေသည် ကမ္ဘာ့နိုင်ငံရေး စကားအသုံးနှင့်ဆိုရလျှင် အလွန်သိမ်မွေ့နေမှန်း သိသည်။ အစမှားလျှင် အားလုံး ကသောင်းကနင်း ဖြစ်သွားနိုင်သည်။ ဖြစ်ရပုံက လည်း အစ၊ အလယ်၊ အဆုံးတို့သည် အစီအစဉ်မကျဘဲ ကမောက်ကမ ဖြစ်နေ သည်။ အမှန်ဖြစ်သင့်သည်က ချစ်ကြောင်း ကြေညာသည်က စ,ရမည်။ ပြီးတော့ လက်ထပ်ရေး၊ နောက်ပြီးတော့မှ အိမ်ထောင်သားမွေးရေး။ ယခုတော့ အိမ်ထောင် သားမွေးရေးက စ,ရမည်ကဲ့သို့ ဖြစ်နေသည်။ ကိုလှဝေမှာ ဇာတ်လမ်းအစ,မှားထား



သော ဝတ္ထုတစ်ပိုဒ်ကို ဆက်ရေးရန် ခက်သကဲ့သို့ ခံစားနေရ၏။

နုနုသွယ်မှာလည်း ရင်ဖိုနေသည်။ ကိုလှဝေ ဘာပြောမည်နည်း။ တစ်ခု ...တော့ ပြောတော့မည်ထင်သည်။ ပြောလာလျှင် ဘယ်လိုတုန့်ပြန်ရမည်ကို မေမေ က သင်တန်းပေးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် မေမေပြောသည်က အလွယ်လေး၊ မေမေသင်ထားသည့်အတိုင်း ပြောဖို့က မိမိအတွက် မလွယ်။ မေမေ့ကို အားနာ သည်။ ကိုလှဝေကိုလည်း...အင်း...အားနာသည်။ ပြီးတော့...သနားသည်။ သနား သည်ပဲထင်သည်။

ကိုလှဝေသည် သက်ပြင်းခိုးရှိုက်ပြီး အားတင်းလိုက်၏။ ဘဝဆိုတာ... ဝတ္ထုပါ။ အဲ...ဝတ္ထုလို့ သဘောထားလိုက်၊ ဇာတ်လမ်းအစ,မှားသည်ဖြစ်စေ မှန် သည်ဖြစ်စေ ဝတ္ထုက စက်တင်ပုံနှိပ်နေပြီ။ ဖောင်ကုန်၍ ပတ်ဗလစ်ရှာက စာမူ ဆပ်တောင်းနေပြီ။ သည်တော့...ရေး။ ဖြစ်သလိုပဲ...ရောက်ရာနေရာက စ,ရေး၊ တခြား ဘာများ တတ်နိုင်ဦးမှာနည်း။

စာရေးဆရာသတ္တိဝင်လာသော ကိုလှဝေက ချောင်းဟန့်ပြီး စကားဆို၏။

''ဟိုနေ့က...နုနုကို ညီကြီး ဘာလုပ်လွှတ်လိုက်တယ်ဆိုတာ ကိုယ် သိပြီးပြီ၊ အဲဒီအတွက် ကိုယ် သိပ်စိတ်မကောင်း ဖြစ်မိတယ်''

နုနုသွယ်မှာ ဘာစကားပြန်ရမှန်း မသိ။ ယဉ်ကျေးမှုအရ ''ကိစ္စမရှိပါ ဘူး၊ ကလေးပဲ'' ဟု ပြောလိုက်ချင်သည်။ သို့ရာတွင် ကိစ္စရှိသည်ဟုလည်း ထင်နေသည်။ မေမေသင်ထားသည်ကလည်း ရှိနေသေးသည်။ ကလေးနှစ်ယောက် နှင့် ပတ်သက်လာလျှင် ခပ်တင်းတင်း...တဲ့။ ခပ်တင်းတင်းအမူကို တစ်သက်လုံး နုနုသွယ် မပြုဖူးခဲ့။ ယခုမှ ပြုရမည်မှာ ခက်နေသည်။ ထို့ကြောင့်...ဘာပြန်ပြော ရမှန်း မသိ။

''နုနု စိတ်ဆိုးနေလား''

''ရှင်...''

''စိတ်ဆိုးနေလားလို့''

''ဘ...ဘယ်သူ့ကိုလဲ''

''ဟိုဒင်း...ညီကြီးကို''

''ညီကြီးကို နုနု...ဟိုဒင်း...''

''စိတ်ဆိုးသလား''

''ဟင့်အင်း...ဟို...ဟို...ကြောက်...ကြောက်သွားတယ်''

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝေမှာ "သေပါတော့ဟဲ့" ဟု စိတ်တွင်း၌ ရွတ်မိသည်။ စိတ်ချိုး သည်က တောင်းပန်၍ရသည်။ ကြောက်သွားသည်ကို ဘာလုပ်ရမည်နည်း။

ထိုအချိန်၌ ကိုလှဝေနည်းတူ စိတ်ပျက်နေသူ တစ်ဦးကလည်း ရှိနေသေး သည်။

ကိုလှဝေတို့နှင့် မဝေးလှသော ပန်းခြုံကြီးတစ်ခု၏ အကွယ်တွင် ဒေါ်စိုးလှ ရောက်နေသည်။ စောစောကတော့ မီးဖိုထဲသွားစီစဉ်ဦးမည်ဟု ပြောခဲ့သည်။ အမှ က မီးဖိုထဲမှာ မိမိ ဘာမျှ စီစဉ်စရာမရှိ။ အိမ်ဖော်တွေရှိသည်။ အရေးကြီးသည်က မိမိသမီးက မိမိစကားကို မည်မျှနားထောင်ကြောင်း သိလိုသည်။ သဘာဝက… မိဘရှေ့တစ်မျိုး ပြောသည်။ ချစ်သူရှေ့ကြ တစ်မျိုးဖြစ်သည်။ မိမိကိုယ်တိုင် ငယ်ငယ်က လုပ်ခဲ့သည့်ကိစ္စ ဖြစ်သောကြောင့် ဒေါ်စိုးလှသည် နုနုသွယ်ကို စိတ်မချ ပြောချင်တာပြော…သည်ကောင်မလေး…သည်စာရေးဆရာကောင်ကို ကြိုက်နေသည်ထင်သည်။

ဒေါ်စိုးလှ၏လက်တွင်း၌ မြေဆွခက်ရင်းတစ်ခုကို ကိုင်ထားသည်။ ဤ သည်က မိမိ၏ဂုဏ်သိက္ခာကို ကာကွယ်ရန်သာဖြစ်သည်။ မတော်လို့ တွေ့သွာ ကြလျှင် မြေဆွနေသည်ပေါ့။ မယုံကြလည်း ကိစ္စမရှိ။ မိမိသဘောကို ရိပ်မိသွာ လျှင် သာ၍ပင် ကောင်းသေးသည်။

ထင်သည့်အတိုင်း နုနုသွယ် ပျော်စိစိဖြစ်နေသည်ကို ချောင်းနားထောင် ရာမှ သိရသဖြင့် ဒေါ်စိုးလှ စိတ်ပျက်နေသည်။ သည်ဟာမလေးက ဘာကြောင့် မပြတ်ရသလဲ။ စိတ်ဆိုးသည်ပေါ့။ ပြီးတော့ သည်းမခံနိုင်ဘူးပေါ့။ ပြီးတော့… မျှော်လင့်ချက် မထားပါနဲ့ပေါ့…၊ ပြတ်ရော…။ လွယ်လွယ်လေး။

ခွာပြာရုံအနီး၌လည်း ဘာဆက်ပြောရမှန်း မသိတော့သော ကိုလှဝေသည် နုနုသွယ်၏မျက်နှာလေးကို ငေးကြည့်နေသည်။

အရေးထဲ နုနုသွယ်ကို…ကိုလှဝေက သနားသကဲ့သို့ ဖြစ်နေမိသေး သည်။

နုနုသွယ်၏အသားလေးက ဖြူဖြူဖျော့ဖျော့လေး ဖြစ်သည်။ လှပသော မျက်နှာလေးက ပျော့ပျောင်းနုနယ်နေသည်။ မာနမပြောနှင့်…မည်သည့် စိတ်တန်ခိုး တို့မျှ ပြတတ်သော မျက်နှာလေးမျိုးမဟုတ်။ အရပ်ကသွယ်သော်လည်း ကိုယ် ထည်က ဖွံ့ဖြိုးသည်။ အချိုးကျပြီး ရင်ဖိုလောက်အောင် ဖွံ့ဖြိုးသည်။ စိတ်အင်အား သည်သာ မဖွံ့မဖြိုးရှိဟန်တူသည်။



"အမှန်က…ညီကြီးဟာ ကြောက်စရာမကောင်းပါဘူး"

"နုနု စကားပြော မှားသွားလို့ပါ၊ အမှန်က ကြောက်တာမဟုတ်ပါဘူး၊ …သွားတာ"

စာရေးဆရာ ကိုလှဝေက စကားနှစ်လုံးကို သုံးသပ်ကြည့်သည်။

ကြောက်ခြင်းထက်စာလျှင် လန့်ခြင်းက သက်သာလိမ့်မည်ထင်သည်။ …ကြောက်ခြင်းက လူကိုရည်ညွှန်းသည်။ ညီကြီးကို လန့်ခြင်းက အခြေအနေနှင့် …သည်။ အခြေအနေအရ…ခွေးလေး ကြောင်လေးကိုပင် လန့်နိုင်သည်။

"နုနု ကလေးတွေနဲ့ နေဖူးလား"

"ဟင့်အင်း…မနေဖူးဘူး"

"ကလေးတွေဆိုတာကတော့ သည်းခံရပါတယ်၊ စောစောက ဒေါ်ဒေါ် …သွားတဲ့ စကားတွေကို နုနုထောက်ခံသလား"

ပန်းခြုံကွယ်မှ ဒေါ်စိုးလှသည် ခက်ရင်းခွကိုကိုင်လျက် ရင်ခုန်လာသည်။ …ရောက်လာပြီ။ တစ်ချက်တည်းဖြေလိုက်၊ ထောက်ခံသည်။ ပြတ်ကရော။

"ဘယ်ဟာတွေလဲ၊ မေမေပြောသွားတာက အများကြီး"

ဒေါ်စိုးလှက ပန်းခြုံကွယ်မှ အံကြိတ်သည်။

"ဟိုဟာလေ၊ မိန်းကလေးတစ်ဦးဟာ လက်ထပ်ရင်…ဟိုဒင်း ယောကျ်ား …ထံက ခွေမျိုးကလေးတွေပါလာရင်…သည်းခံနိုင် မခံနိုင်ဆိုတဲ့ ကိစ္စ"

နုနုသွယ်သည် အတန်လေးငိုင်နေပြီးမှ မပွင့်တပွင့်လေး ဖြေသည်။

"နုနု အဲဒါကို မပြော…မပြောတတ်ဘူး"

ဒေါ်စိုးလှသည် ခက်ရင်းခွနှင့် မြေကြီးကို ဆောင့်ထိုးလိုက်၏။

ကိုလှဝေမှာ အနည်းငယ်ရဲလာသည်။ နုနုဖြေပုံမှာ အားရဖွယ်မဟုတ် …သော်လည်း အားပျက်ဖွယ်ဟုလည်း မဆိုနိုင်။

"နုနုဆီက ကိုယ် အကြံဉာဏ်တစ်ခု လိုချင်လို့ပါ"

"အကြံဉာဏ်…ဘာလဲဟင်"

"ဒီလိုပြောကြရအောင်၊ ကိုယ်က ဝတ္ထုတစ်ပုဒ် ရေးနေတယ်၊ ကိုယ့်ဇာတ် …ကောင်မှာက ခွေမျိုးကလေးနှစ်ဦး ရှိနေတယ်ဆိုပါတော့၊ ကလေးတွေဟာ မိဘမဲ့ …တွေကလေးတွေပါ၊ မိခင်ရဲ့ ချစ်ခြင်းမေတ္တာကို ငတ်မွတ်လို့ စိတ္တဇအားငယ်…ဖြစ် …တဲ့ ကလေးတွေ၊ တစ်နည်းပြောရရင် စိတ္တဇဗေဒမိခင် လိုနေကြရှာတယ်၊ …လိုက် …တ…အဲ…ချစ်သူလဲရှိတယ်၊ အဲဒီချစ်သူဟာ ဇာတ်လိုက်ကို လက်ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခုနင်က ကလေးတွေကို…ကြင်ကြင်နာနာနဲ့ ယုယုယယ ကိုယ်ပွားမိခင်လုပ်
တယ်၊ အဲဒီဝတ္ထုကို သဘာဝကျတယ်လို့ နုနုပြောမလား"

ပန်းခြံကွယ်မှာ ဒေါ်စိုးလှသည် ရင်တွေပန်းတွေ တုန်လာသည်။ အ
စာရေးဆရာ၊ လူလည်၊ မေးပုံက ပါးလိုက်တာ။ ကလေးတွေကို သနားဖွယ်
အောင် ပင်းပြောပြီးမှ မေးခွန်းထုတ်သည်။ မရွှေနုက ဘယ်လိုဖြေမည်
ဒေါ်စိုးလှသည် အသက်အောင့်ထား၏။

နုနုသွယ်၏ ဇက်လေးမှာ ကျိုးကျနေ၏။ ဘာကြောင့်မသိ ရင်မှာလ
ဆို့နင့်နာကျည်းလာသည်။ လူတွေသည် မတရား။ မိမိအပေါ် သူတို့က
တောင်းဆိုကြသည်။ ယင်းမတရားသူတွေထဲမှာ ကိုလှဝေလည်း ပါနေပါပ

နုနုသွယ်၏ခေါင်းလေး ပြန်မော့လာသည်။ မျက်လုံးများတွင် မျက်
ပြည့်လျှက်နှင့် မေး၏။

"နုနု ရင်ထဲရှိတာ ဖြေရမလား"

"ဖြေပါ နုနု"

"ဆရာ့ဝတ္ထုက…သဘာဝမကျ…မကျဘူး…"

ကိုလှဝေအတွက် ကမ္ဘာကြီး ပတ်ချာလည်သွားသကဲ့သို့ ဖြစ်သွားသ

ပန်းခြံကွယ်မှ ဒေါ်စိုးလှကမူ ခက်ရင်းခွကို မြေမှာ တအားထိုးစိုက်လို
ပြန်သည်။ သည်တစ်ကြိမ်တွင်ကား အားရကျေနပ်လွန်း၍ ဖြစ်သည်။

ဒေါ်စိုးလှသည် ထိုင်ရာမှ ထလိုက်သည်။ မိမိ ဝင်ချိန်တန်ပြီ။ တော်
ကြာလျှင် နုနုသွယ် စိတ်ပြောင်းသွားဦးမည်။

ဒေါ်စိုးလှက ချောင်းဟန့်အသံပေးခြင်းပင် မပြု။ ပြောင်ပြောင်တင်းတ
ရဲရဲဝံ့ဝံ့ပင် ပန်းခြံကွယ်မှ ထွက်လာခဲ့၏။

"သြော်…မောင်လှဝေ မပြန်သေးပါလား၊ နုနု…နင့်အဖေ ရေချိုးပြီ
ထမင်းစားကြရအောင်၊ မောင်လှဝေလဲ ထမင်းစားသွားပါလား"

ဖိတ်သာဖိတ်သည်။ သည်ဝေါမှာ ထမင်းစားချင်သောက်ချင်စိတ် 
ရက်ခန့် ကုန်သွားပြီဟု ဒေါ်စိုးလှ တွက်ပြီးဖြစ်၏။

"နေပါစေ ဒေါ်ဒေါ်…"

"ဘယ့်နှယ်နေပါစေလဲ၊ ခါတိုင်းလဲ စားသွားတာပဲဟာ၊ မင့်ဦးက မင
ဆွေးနွေးစရာတွေ ရှိဦးမှာ"

ကိုလှဝေ လန့်ဖြန့်သွားသည်။ ဦးဘသွယ်မှာ ဆွေးနွေးဖွယ်တွေ မကုန်



နိုင်ရှိမှန်း မိမိယုံသည်။ သို့ရာတွင် ယခု မိမိ၏ စိတ္တဇအခြေအနေက ပညာရှိ
န့်နှင့် ဆွေးနွေးနိုင်သော အခြေအနေမျိုးမဟုတ်။

"ကျွန်တော်လဲ အိမ်ကို ထမင်းစားအမီ ပြန်ရဦးမယ်၊ အိမ်မှာက…"

ကိုလှဝေသည် စကားအဆုံးမသတ်။ မှားပြန်ပြီဖြစ်ကြောင်း သတိထားမိ
ည်။

"သြော်…အင်း…အင်း…၊ အိမ်မှာက ကလေးတွေရှိသေးတာကိုး၊
ဒေါ်က အဲဒါသတိလစ်သွားတယ်၊ မောင်လှဝေက တူနဲ့တူမကို တော်တော်
သောစဉ်ကြီးတာကိုး၊ ဟင်း…ဟင်း…ဟင်း…"

နုနုသွယ်ကိုကော ဒေါ်စိုးလှကိုပါ မသပ်မရပ် နှုတ်ဆက်ခဲ့ပြီး ကိုလှဝေ
ခဲ့သည်။

သူ့ခေါင်းတွင်းမှာ ကမ္ဘာကြီး ပတ်ချာလည်နေတုန်းပင် ဖြစ်သည်။ နောက်
ာက်အထိုးခံရသည်ဆိုသည်မှာ သည်ဟာမျိုးကို ဆိုသည်ထင်သည်။

ဟင်း…ဟင်း…ဟင်း…ဟု နှုတ်ခမ်းကိုတွန့်၍ ဒေါ်စိုးလှ သွားဖြဲရယ်
က်ပုံမှာ အလဲထိုးခံထားရသူအပေါ် စီးမိုး၍ မိုဟာမက်အလီ သွားဖြဲပြထားပုံနှင့်
လှသည်ဟု ကိုလှဝေထင်မိသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ကိုလှဝေ အိမ်ပြန်ရောက်ချိန်၌ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။

ဤသည်ကလည်း ထူးသည်။ ခါတိုင်း မိမိကားဝင်လာလျှင် ညီကြီးနှ မိဝင်းတို့သည် ဆင်ဝင်အောက်မှ ဆီးကြိုနေမြဲဖြစ်သည်။ မိမိက သူတို့ကျေနပ်အော သူတို့ကိုတင်၍ အိမ်ရှေ့တွင် သုံးပတ်လောက် ကားမောင်းပေးရစီး ဖြစ်သည် ကားဂိုထောင်၌ ကားထိုးအပြီးတွင် ဟွန်းကို သုံးလေးချက် နှိပ်ဆော့ပြီးမှသ ညီကြီးတို့ ကားပေါ်မှဆင်းပေးသော ထုံးစံရှိသည်။ ယခုညနေ၌ ညီကြီးနှ မိဝင်းတို့၏ အရိပ်အရောင်ကိုမမြင်။ အသံတွေလည်း မကြားရ။

ဒေါ်မြကြည်က တံခါးလာဖွင့်ပေးသည်။

"ကလေးတွေကော ဒေါ်လေး"

"ရှိတယ်"

ဒေါ်မြကြည်၏အသံက ပြတ်သည်။ အမူအရာကလည်း တစ်မျိုးဖြစ် ၏။

ကိုလှဝေသည် ကလေးများအိပ်ခန်းတွင်းသို့ ဝင်လိုက်သည်။ မိဝင်းကိုကော



ညီကြီးကိုပါ အိပ်ရာများပေါ်၌ အသီးသီးတွေ့ရ၏။ နှစ်ဦးစလုံးသည် ခွေခွေလေး အိပ်နေကြ၏။ သို့ရာတွင် ရှိုက်သံတွေက ထွက်နေ၏။

ကိုလှဝေက မိဝင်း၏ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် င်းသည် ကိုလှဝေကိုဖက်ကာ ကြုံးကြုံးပါအောင် ငိုတော့၏။

"ဟင်...သမီး ဘာဖြစ်လို့လဲ၊ ကြည့်စမ်း ကိုယ်တွေလဲပူလို့"

နံနက်က အအေးမိသွားသည်ထင်သည်။ ဒေါ်လေးကောင်းမှု။

"သမီး နေမကောင်းလို့လား ဟုတ်လား"

မိဝင်းသည် မဖြေ။ အမှန်က မဖြေနိုင်ဖြစ်နေခြင်းသာ။

မိဝင်းသည် ရှိုက်ကာရှိုက်ကာ ငိုနေသည်။ ရှိုက်သံက ပြင်းသည်။ ယ်လေးသည် သွက်သွက်ခါနေသည်။

မိဝင်းနှင့် ကိုလှဝေ အလုပ်များနေခိုက် တစ်ဘက်ခုတင်မှ ညီကြီးသည် စ်ခနဲ ထ,တော့၏။

ညီကြီးက ထ,ငိုသည်။ မိဝင်းကဲ့သို့ ရှိုက်ငိုခြင်းမဟုတ်။ ရာခိုင်နှုန်း ပြည့်ဝဝ အော်ငိုခြင်းဖြစ်၏။

"ရိုက်တယ်...ရိုက်တယ်...ဟီး...ဟီး...ဟီး..."

ကိုလှဝေသည် ညီကြီးထံ ထ,ပြေးရပြန်၏။

"ရိုက်တယ်...၊ ညီကြီးကို ဘယ်သူက ရိုက်သလဲ"

"ရိုက်တယ်...ရိုက်တယ်..."

"အေးလေ၊ ဘယ်သူက ရိုက်သလဲ"

"ရိုက်တယ်...ရိုက်တယ်"

ညီကြီးနှင့် အမေးအဖြေလုပ်မရမှန်း ကိုလှဝေ သတိရသွားသည်။ ညီကြီး ည် သူ့အဓိကဆိုလိုရာကို စကားလုံးချွေချွေတာတာနှင့် ပြောတတ်သော ပုဂ္ဂိုလ် လေးဖြစ်သည်။

ကိုလှဝေက ညီကြီးကို ပွေ့ချီပယူခဲ့ပြီး မိဝင်းခုတင်ဆီ ပြန်လာသည်။ င်နှမ ရန်ဖြစ်ကြသည်လား။

"ကဲ...မိဝင်း ပြောပါဦး၊ ညီကြီးကို ဘယ်သူရိုက်လဲ"

"ဖွ...ဟ..ဟ...ဖွား...ဖွား...ဖွား..."

"ဘာ...ဖွားဖွားကရိုက်တယ်"

"သ...မီး...ဟီး...ဟီး...ကို...လဲ...ရိုက်...ရိုက်...ရိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



“သမီးကိုလဲ ရိုက်တယ်”

“အ…အမူ…အရာ…များ…များ…တဲ့…မင်း…မင်း…သမီးလေး လေးလို့လဲ…ပြော…ပြော…တယ်”

ကိုလှဝေသည် မသိမသာ အံကြိတ်မိသည်။

နုနုသွယ်တို့အိမ်မှ ကမ္ဘာကြီးပတ်ချာလည်ပြီး စိတ်ဆင်းရဲခြင်းကြီးစွာ... မိမိပြန်လာခဲ့ရသည်။ အိမ်ရောက်တော့ စိတ်မချမ်းသာဖွယ်နှင့် ထပ်မံတိုးရသည်...

မိဝင်းသည် ကိုယ်ပူနေသည်။ ဤသည်မှာလည်း နံနက်က ဒေါ်... မဆင်မခြင်ခိုင်း၍ ဖြစ်သည်။ သည်ကြားထဲက အရိုက်ခံရသေးသည်။ ရိုက်သူ... လည်း ဒေါ်လေးပင်ဖြစ်သည်။ ဒေါ်လေးရင်မှာ အသဲနှလုံးမရှိဘူးလော။

ကိုလှဝေရင်တွင်း၌ ဒေါသလုံး ဝုန်းခနဲ ပေါက်ကွဲတော့၏။

ကိုလှဝေသည် ညိုကြီးကို ခုတင်ပေါ်တွင် ချထားခဲ့ပြီး အပြင်သို့ထွ... လိုက်၏။

ညှော်ခန်း၌ ဒေါ်မြကြည်ကလည်း အဆင်သင့်စောင့်နေ၏။

“အေး…ကလေးတွေကို ငါရိုက်တယ်၊ မင်း ငါ့ကို အပြစ်မတင်... ဘာလို့ ငါရိုက်ရတယ်ဆိုတာ…ဟောဒီမှာလာကြည့်”

ဒေါ်မြကြည်က ထမင်းစားခန်းသို့ ထွက်သောအပေါက်မှ တံခါးရွက်... နံရံမှ ဆွဲခွာပြသည်။

“မြင်လား…”

နံရံနှင့် တံခါးရွက်ကြားတွင် မီးလောင်ပြီးသား မီးခြစ်ဆံများ ပြန့်ကျဲ... ၏။

“ဒီတံခါးကြားထဲဝင်ပုန်းပြီး ညိုကြီး မီးနဲ့ဆော့တယ်၊ အိမ်မီးလောင်သွ... ရင် ဘယ့်နှယ်လုပ်မလဲ၊ တစ်ခါလဲမဟုတ်ဘူး၊ နှစ်ခါလဲမဟုတ်ဘူး၊ ဒီနေ့... မှတ်လောက်အောင် ငါရိုက်လိုက်တယ်”

“မိဝင်းကိုကော ဘာလို့ရိုက်လဲ”

“သူက ကာဆီးကာဆီးလုပ်ရုံတင်မကဘူး၊ ငါ့တုတ်ကို ဝင်လုတာ... ဒါနဲ့ သူလဲမှတ်လောက်အောင် ငါရိုက်လိုက်တယ်”

“သူတို့မှတ်သွားပြီလို့ ဒေါ်လေးထင်သလား”

“ဘာပြောတယ်”

“ကလေးတွေလိမ္မာအောင် ရိုက်တဲ့နည်းအပြင် တခြားနည်း မရှိတော့...



...”

“မင်းက ငါ့ကို အပြစ်တင်နေတာလား”

“ကျွန်တော်မေးတာကို ဖြေပါဦးဒေါ်လေး”

ဒေါ်မြကြည်၏ရင်ကော့သွား၏။ တူဖြစ်သူသည် မိမိကို တစ်ခါမျှ ...ားမာမာမပြောဘူး။ ယခုပြောပြီ။ ဒေါ်မြကြည်၏ ရင်တွင်းမှာလည်း မခံချင်စိတ် ...ဖြင့် လွှမ်းလာသည်။

“မင်းအိမ်ငါလာနေတုန်းက…မင်းကလေးတွေကို ထိန်းဖို့ မပါဘူး”

“ဒါပေမယ့်…အခု…ကလေးတွေက ရှိနေပြီ”

“အေး ရှိလို့ ထိန်းပေးနေတာကိုပဲ မင်းကျေးဇူးတင်”

“ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ရိုက်တာကိုတော့ ကျွန်တော် သဘော ...ဘူး”

“အဖေအမေအရင်းတောင်မှ သားသမီးကိုရိုက်တယ်ကွဲ့၊ ငယ်ငယ်ထဲက ...းသေအောင် ဆုံးမ,ရတယ်၊ မဆုံးမ,တော့…မြဝေ ဘာဖြစ်သွားသလဲ”

မြဝေ…။ ကိုလှဝေ၏ခေါင်းတွင်း၌ တစ်စုံတစ်ရာသည် ဝီခနဲမြည်သွား... နှလုံးသား၏ အတွင်းကျကျတစ်နေရာသည် မခံမရပ်နိုင်အောင် နာကျဉ်သွား ...ည်။ မီးလျှံဟပ်သည်နှင့်တူသော ခံစားမှုတစ်ရပ်သည်လည်း တစ်ကိုယ်လုံးကို ...မ်းခြုံစိုးမိုးသွားသည်။

“ဒေါ်လေး ဘာစကားပြောတာလဲ”

“မင်း ငါ့ကိုမအော်နဲ့”

“ကျွန်တော် မအော်ရဘူး…ဟုတ်လား၊ ကျွန်တော့်အသည်းနှလုံး ဗဟို ...ည့်တည့်ကိုမှ ဒေါ်လေးက စူးနဲ့ထိုးပြီး ကျွန်တော် မအော်ရတော့ဘူးလား၊ ...ါ်လေးမှာ ဒီ့ထက်နိုပ်စက်စရာ စကားမရှိတော့ဘူးလား၊ ဒေါ်လေးမှာ…”

ကိုလှဝေသည် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်မှု လုံးဝမပျောက်ကွယ်ခင် ...၏ အိပ်ခန်းဆီသို့ ပြေးလာခဲ့သည်။

ခုတင်ပေါ်၌ ကိုယ်ကိုပုံချလိုက်သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ် ...ပြီး မျက်နှာကို ခေါင်းအုံး၌ အပ်ထားသည်။ သူ့လက်ဖျံမှ ကြွက်သားများက ...အောင်ထနေသည်။ အံကြိတ်ထားရသဖြင့် နားထင်ကြောများ တင်းလာသည်။

ကလေးတွေ…။ ကလေးတွေ ရှိသေးသည်ဟူသော အသိက သူ့ခေါင်း

www.burmeseclassic.com



တွင်း ဝင်လာသည်။

ကိုလှဝေသည် ထ,ထိုင်လိုက်၏။ သူ့တစ်ကိုယ်လုံးသည် တုန်ယင်နေ

ကိုလှဝေ သတိပြုမိ၏။

စိတ်ဒဏ်တွေ…။ ဩော်…စိတ်ဒဏ်တွေ မိမိမှာ မကုန်သေးပါလား

သည်စိတ်ဒဏ်မျိုးတွေသည် သည်ကလေးတွေမှာ ရှိသွားမှဖြင့်…။

ကိုလှဝေသည် လေကို ဝ,အောင်ရှူ၍ ကိုယ်ကို ငြိမ်သွားအောင် ကြိုး

သည်။ စိတ်ကျေနပ်လောက်အောင် ပြန်လည်တည်ငြိမ်သွားမှ အိပ်ခန်းတွင်း

ထွက်လိုက်သည်။

မှော်လင့်ထားသည့်အတိုင်းပင် ဖြစ်နေလေသည်။ ဒေါ်မြကြည်၏ အခ

တံခါးက ပိတ်နေသည်။ ဒေါ်လေးသည် စိတ်ကောက်လျှင် ယင်းသို့ တံခါး

အတွင်းမှ ချက်ချပိတ်ပြီး အခန်းအောင်းတတ်သည်။

မိမိ ထမင်းမစားရသေး။ ကလေးတွေလည်း စားရသေးပုံမပေါ်။ ဒေါ်

မြကြည်ကလည်း ထ,နူးခပ်ပေးတော့မည် မဟုတ်။

ထမင်းကို မိမိ နူးခပ်စားတတ်သည်။ ဤသည်က အရေးမကြီး။

ယခုကလေးတွေစိတ်တွင်း မည်သို့ရှိနေမည်နည်း။

စောစောက အဖြစ်တွေအားလုံးသည် စိတ္တဇဗေဒ ကျဉ်းကျပ်မှုခွင်တစ်ခု

ဖြစ်ပေါ်စေမည်မှာ အမှန်ဖြစ်သည်။ ဤခွင်တွင်းမှ ကလေးတွေကို အမြန်ဆုံး

ထုတ်ယူပစ်ရမည်။ မိဝင်း ကိုယ်နည်းနည်းပူနေသည်တော့ ရှိသည်။

ကိစ္စမရှိ။ အနွေးထည်ထူထူဝတ်ပေး။ ကားမှန်ကို လုံအောင်ချထား…

ကိုလှဝေသည် ကလေးတွေအခန်းတွင်း ဝင်လိုက်သည်။

ဤတစ်ကြိမ်တွင်မူ ခုတင်တစ်လုံးထက်တွင် ကလေးနှစ်ယောက်လုံး

ကုပ်ကုပ်လေး ထိုင်နေကြသည်။ မိဝင်းက ညိုကြီးကို ဖက်ထား၏။

ကိုလှဝေသည် စက်စဲသောင်ပြင်တွင် တွေ့ခဲ့ရသောအဖြစ်ကို အမှတ်ရ

ရင်နာတာတာ ဖြစ်သွားသေးသည်။

ကိုလှဝေက မျက်နှာကို ချက်ချင်းပြုံးလိုက်၍ နှုတ်ခမ်းပေါ် လက်ညှိုး

ထောင်တင်လျက် တိုးတိုးပြော၏။

"ရှူး…တိုးတိုး၊ ဒေါ်လေးကို တို့မခေါ်ဘူး၊ တို့ အပြင်ထွက် ထမင်းစား

မယ်၊ တရုတ်ဆိုင်မှာ ကောင်းကောင်းသွားစားကြမယ်၊ မိဝင်းက အနွေးထည်ထူထူ

ဝတ်ရမယ်၊ ဆေးတစ်လုံးလဲ သောက်သွားရမယ်၊ ကြားလား"



နောက်မိနစ်နှစ်ဆယ်ခန့် အကြာ၌မူ ကိုလှဝေ၏ကားလေးသည် မြင်းပြိုင်

ကွင်းကြီးကို ပတ်မောင်းနေ၏။

မိဝင်းကနောက်ခန်းခုံတွင်…။ ညိုကြီးက ရှေ့ခန်း ကိုလှဝေဘေး၌…။

ညိုကြီးကို မိမိ၏မျက်စိအောက်မဟုတ်သော နောက်ခန်းတွင် ကိုလှဝေမထားရဲ။

ညိုကြီးကလည်း ရှေ့ခန်းမှာသာ အမြဲစီးလိုသည်။

ကိုလှဝေ၏ဘေးရှိ ညိုကြီးထံမှ အသံထွက်လာသည်။

"အာ ယာ ယာ…ဂျိငေ…၊ ဟေး…ဘာဂျီး…ဘာဂျီးယာ…"

နောက်ခန်းမှမိဝင်းက ကိုလှဝေ၏အကျိုးငှာ ဘာသာပြန်ပေးသည်။

"အဲဒါ…သူပျော်လို့ သီချင်းဆိုတာ"

"အား…ဟုတ်လား"

"ဟုတ်တယ်…"

"ဆိုပါဗျာ…ဆိုပါ၊ တယ်အသံကောင်း"

ညိုကြီးသည် သူ့အသံကို ထပ်မြှင့်ပြီးဆို၏။

"အာယာယာ…ဂျိငေ၊ ဟေး…ဘာဂျီး…ဘာဂျီးယာ"

ကိုလှဝေသည် တစ်ညနေလုံး ဖြစ်ခဲ့သမျှတွေကို မေ့ပစ်လိုက်သည်။

ထူးသည့်ဘဝ၊ ညိုကြီးလိုပင် ပျော်ပျော်နေလိုက်သည်မှာ ကောင်းသည်။ ထို့ကြောင့်

နောက်တစ်ချီတွင် ညိုကြီးနှင့်အတူ သူပါ သံပြိုင်လိုက်ဆို၏။

"အာယာယာ…ဂျိငေ၊ ဟေး…ဘာဂျီး…ဘာဂျီးယာ…"

❑

ဖြစ်သမျှအကြောင်း အကောင်းချည်းဟု စိတ်ကိုဒုံးဒုံးချကာ ညက စော

စော အိပ်ပစ်လိုက်သောကြောင့် နောက်တစ်နေ့နံနက်၌လည်း ကိုလှဝေ အစောကြီး

နိုးလာသည်။ စောစောမနိုး၍ကလည်း မဖြစ်။ ဒေါ်လေး စိတ်ကောက်နေတုံးဆိုလျှင်

ကိုယ်တိုင် ရေနွေးကျိုရမည်။ ထမင်းကြော်ရမည်။ လက်ဖက်ရည်ဖျော်ရမည်။

ဒေါ်စိုးလှ နှုတ်ခမ်းတွန့်ပြောလိုက်သော ဗြဟ္မစရိယာတွင် သည်ဟာတွေပါသလော။

ကိုလှဝေ အိပ်ရာမှ ထ,လိုက်ချိန်၌ ဒေါ်မြကြည်၏ ဘုရားရှိခိုးသံကို

ကြားရသည်။ ဘုရားရှိခိုးသံသည် ကျယ်၍ ကြည်လင်လည်း ကြည်လင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝေသည် စိတ်ချမ်းသာသွားပြီး ပြုံးလိုက်မိ၏။

ဒေါ်မြကြည်သည် မိမိအဖေဘက်မှတော်သည့် အဒေါ်ဝမ်းကွဲဖြစ်သည် တစ်ဦးတည်းသော သမီးဖြစ်သောကြောင့် ငယ်စဉ်က အလိုလိုက်ထားကြသည် ရာ ကြီးတော့အခါမှာ ဘယ်ဆွေမျိုးနှင့်မှ ကြာကြာမတည့်။ နောက်ဆုံးတော့ မိမိ လာနေသည်။ မိမိနှင့်ကတော့ အဆင်အပြေဆုံး။ ပြေမည်ပေါ့။ တစ်အိမ် သူလုပ်ချင်တာ လုပ်နိုင်သည်။ သည်ကြားထဲက တစ်ခါတစ်ခါ စိတ်ကကောက် သေးသည်။ ဒေါ်လေးစိတ်ကောက်သည်မှာ အခြေအနေအရ နာရီပိုင်းမှ သုံးရ အထိ ကြာတတ်သည်။ သုံးရက်ကြာအောင် စိတ်ကောက်ချင်သောအခါ၌ ဒေါ် ကြည်သည် သင်္ကန်းကျွန်းရှိ သူ့အစ်မများထံ ဆင်းသွားလေ့ရှိသည်။ ကိုလှဝေ သုံးရက်တင်းတင်းပြည့်အောင် စောင့်ပြီးမှ လိုက်ခေါ်ရသည်။ သုံးရက်တင်းတင် မပြည့်မီအထိ ဒေါ်လေးသည် စိတ်ကောက်မပြေသေး။ ဤမျှသစ္စာကြီးသည် တစ်ခါကြာကြာကောက်လျှင် သုံးရက်၊ တစ်ပြားမှမလျှော့။ အဲ…သုံးရက်ထ ကျော်ပြန်တော့လျှင်…သူ့အစ်မများနှင့် မတည့်တော့။

ယခုမနက်စောစော ဘုရားရှိခိုးသံကိုထောက်၍ ညက ဒေါ်လေးကော သည့် စိတ်အတန်းအစားမှာ နာရီပိုင်း အတန်းအစားမျှသာဖြစ်သည်ဟု ကိုလှ သေချာသွားသည်။ စိတ်ကောက်ပြေသောအခါတွင် ဒေါ်လေးသည် ဘုရား ကျယ်ကျယ်နှင့် ကြည်ကြည်လင်လင် ရှိခိုးပြတတ်၏။

အကျင့်ပါနေပြီဖြစ်သော ကိုလှဝေသည် ကလေးတို့၏ အိပ်ခန်းဆီ လျှောက်လာခဲ့၏။

သူ့ကုတင်ခြေရင်းတွင် ခြေတွဲလောင်းချထိုင်ရင်းက ညီကြီးက သူ့အစ် ကို နှိုးနေသည်။

"ထရော့…"

မိဝင်းက နိုးနေပြီဖြစ်သော်လည်း မထသေးဘဲ လှဲနေ၏။ မျက်လုံးများ တော့ ဖွင့်ထားသည်။

ကိုလှဝေက မိဝင်း၏နဖူးကို စမ်းကြည့်၏။ တော်ပါသေးရဲ့။ ကိုယ်မ တော့။

ကိုလှဝေက ညီကြီးဘက် လှည့်ကြည့်သောအခါ ညီကြီးက သူ့အိပ်ရာ ကို လက်ညှိုးထိုးပြပြီး ဆို၏။



"ရှူးတွေ…"

"အာ…အာ…ဟုတ်ပါတယ်၊ အဲဒါ ဘယ်သူပေါက်ထားတာလဲ"

"ရှူးတွေ…"

မိဝင်း ဘာသာပြန်ပေးရန်မလို။ ပေါင်းသင်းလာသည်မှာ အတန်ကြာပြီ ဖြစ်သောကြောင့် ညီကြီး၏ဆိုလိုချက်ကို ကိုလှဝေ နားလည်သည်။

"ကောင်းပါပြီခင်ဗျာ၊ လျှော်လဲလျှော်ပေးပါမယ်၊ နေပူလဲ လှမ်းပေးပါ မယ်၊ လူကြီးမင်း ဒါကိုဆိုလိုတာ မဟုတ်လား၊ ကဲ…ကြွကြွ…မျက်နှာသစ်ချေ"

ညီကြီးသည် ကုတင်ပေါ်မှဆင်းရာ မိဝင်းလည်း လူးလဲထ၏။

"သမီး နေကောင်းလား၊ အိပ်ချင်လဲ အိပ်ဦးလေ"

"အိပ်တော့ဘူး၊ ညီကြီး သွားတိုက်ဆေးတွေ စားနေဦးမယ်"

"ဘာတွေစားမယ်"

"သွားပွတ်တံပေါ်က သွားတိုက်ဆေးတွေ၊ ညီကြီးက လက်ညှိုးနဲ့ ကော် ကော်ပြီးစားတယ်၊ ပြီးတော့ မျိုချတယ်"

"ဟာ…ဒုက္ခပါပဲ၊ ကဲ…သွား…သွား၊ မြန်မြန်သွား"

ကိုလှဝေက ရေချိုးခန်းတွင် သွားတိုက်မျက်နှာသစ်သည်။ ခေါင်းဖြီးနေ စဉ်အတွင်း နောက်ဖေးဘက်မှ မောင်နှမနှစ်ယောက်၏ အသံများကို ကြားနေရ သည်။

သူတို့ မျက်နှာသစ်ရန်အတွက် အိမ်နောက်ဖေး လှေခါးတံခါးဝတွင် ခင်းပေးထားသည်။ သွားပွတ်တံများပေါ်တွင် ဒေါ်မြကြည်က သွားတိုက်ဆေးညှစ် ထည့်ပြီး အဆင်သင့်ပေးသည်။ ပလပ်စတစ်ပုန်းတစ်လုံးနှင့်လည်း ရေထည့်ပေးထား လေ၏။

ကိုလှဝေ နောက်ဖေးဘက်ဆီ ထွက်လာသောအခါ မိဝင်းက လှမ်းတိုင် သည်။

"ဟောဒီမှာဦးဦး ညီကြီး မျက်နှာမသစ်သေးဘူး"

ညီကြီးက ကိုလှဝေကို လှမ်းကြည့်ပြီး ဆင်ခြေပေး၏။

"ရေကွမ်ဘီ"

"ကုန်မှာပေါ့၊ နင်ဆော့ပစ်တာကိုး"

"ရှော့ဘူး၊ ရေကွမ်ဘီ"

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝေက ပလပ်စတစ်ပုန်းတွင်းကို ကြည့်သည်။ အမှန်ပင် ရေ…
တော့။

ကိုလှဝေက ညိုကြီးကိုကြည့်သောအခါ ညိုကြီးက အောက်သို့ လက်ညှိုး…
ထိုးပြ၏။ထို့နောက် ''ရေကွမ်ဘီ'' ဟုလည်း ထပ်ဆိုသေး၏။

ညိုကြီးညွှန်ပြရာ အောက်မြေပြင်တွင် သခေါ်ပင်တစ်ပင်လည်း ရှိသည်…
ပျဉ်းတော်သိမ်တစ်ပင်နှင့် စပါးလင်တစ်ဖုတ်လည်း ရှိ၏။

အပင်များတစ်ဝိုက်ရှိ မြေပြင်နှင့် လေ့ကားတွင် ရေတွေစိုနေ၏။

ကိုလှဝေက ပလစ်စတစ်ပုံးတွင်းသို့ ရေထပ်ထည့်ပေး၏။

''ကဲ…သစ်ပင်တွေကို ရေထပ်မလောင်းနဲ့တော့၊ မြန်မြန်မျက်နှာသစ်၊ …
အခု သွားစားသောက်တော့မယ်၊ မင်းနောက်ကျရင် မင်းဟာတွေပါ တို့စားပစ် မယ်''

''ဟင်း…ရှားနဲ့''

''မစားစေချင်ရင် မြန်မြန်သစ်''

ညိုကြီးသည် မျက်နှာမြန်မြန်သစ်တော့၏။

ဒေါ်မြကြည်သည် ဝတ္တရားမပျက် စားသောက်ဖွယ်ရာများကို ခါတိုင်းကဲ့…
သို့ ပြင်ဆင်ပေးသည်။ မျက်နှာကမူ မကောင်းလှသေး။

ကိုလှဝေကလည်း ညက မအိပ်မီချခဲ့သော ဆုံးဖြတ်ချက်တစ်ခုကို ပြန်…
စဉ်းစားနေသဖြင့် မျက်နှာထားတည်ပြီး နှုတ်နည်းနေသည်။

လူကြီးနှစ်ဦး၏ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး ကလေးနှစ်ဦးကလည်း…
ဆိတ်ငြိမ်ကောင်းမွန်စွာ စားသောက်ကြသည်။

စားသောက်ပြီးစီး၍ ကလေးများ ထသွားကြမှ ကိုလှဝေက ပြောသည်။

''ညက ဒေါ်လေးကို အသံမာမာနဲ့ ကျွန်တော်ပြောမိတာ ခွင့်လွှတ်ပါ၊
ဒေါ်လေးကို မရိုသေလို့ မဟုတ်ပါဘူး၊ လူတချို့မှာ အထိမခံနိုင်တဲ့ စိတ်ဒဏ်ဟာ
ရှိတယ်၊ ဒါကိုသွားထိရင် သတိလက်လွှတ် ဖြစ်သွားတတ်တယ်၊ ကျွန်တော်လဲ
အဲဒီလို ဖြစ်သွားမိတယ်''

''ငါ ဘာလွန်လွန်ကျူးကျူး ပြောမိလို့လဲ''

''ဒေါ်လေးမလွန်ပါဘူး၊ လွန်တာက ကျွန်တော်ပါ၊ ဒါကြောင့် အခု
ကျွန်တော် တောင်းပန်နေတာပါ''

ဤသို့ဆိုပြန်သော် ဒေါ်မြကြည်သည် မျက်ရည်ဝဲလာပြီး မျက်တောင်များ



… ပုတ်ခတ်ပုတ်ခတ်လုပ်၏။

''ငါလဲ စိတ်မကောင်းပါဘူးလေ၊ မင်းမကြိုက်မှန်းသိရက်နဲ့ ငါကလဲ
…လေးတွေကို သွားရိုက်မိတာကိုး''

''ပြီးတာပြီးပါစေတော့ ဒေါ်လေး၊ အရှည် ဒီလိုသွားနေလို့တော့ မဖြစ်
…တော့ဘူး၊ အိမ်မှုကိစ္စရော၊ ကလေးနှစ်ယောက် တာဝန်ရောပါဆိုရင် ဒေါ်လေး
…ယောက်တည်း မနိုင်နိုင်ဘူး၊ ကျွန်တော်ကလဲ အိမ်မှာအမြဲမရှိနိုင်ဘူး''

''ဒါတော့ဒါပေါ့ ဒါပေမယ့် ဘယ့်နှယ်လုပ်မလဲ''

''ဒေါ်လေးအတွက် အဖော်တစ်ယောက် ကျွန်တော်ရှာတော့မယ်''

''အိမ်ဖော်လား၊ ကောင်းသားပဲ''

''အိမ်ဖော်ဆိုရင်တော့ အိမ်ဖော်အလုပ်ပဲ လုပ်တတ်မယ်၊ ဒီလောက်တော့
…မှမထူးဘူး၊ ကလေးထိန်းဆိုရင်လဲ ကလေးပဲ ထိန်းတတ်မယ်၊ ထိန်းတတ်တယ်
…တာတောင်မှ သမားရိုးကျပဲ ထိန်းတတ်မယ်၊ ကျွန်တော်လိုချင်သလို ထိန်းတတ်
…မဟုတ်ဘူး''

''မင်းက ဘယ်လိုထိန်းစေချင်လို့လဲ''

''ကျွန်တော်လိုချင်တာက ထိန်းတာတောင်မဟုတ်ဘူး၊ ဘယ်လိုပြောရ
…လဲ၊ ဟိုဒင်း…၊ အမေ…အမေလုပ်မယ့်သူ''

''ဘာရယ်၊ အမေလုပ်မယ့်လူ''

''ဟုတ်တယ်၊ မိဝင်းနဲ့ ညိုကြီးရဲ့ အမေလုပ်မယ့်သူ''

ဒေါ်မြကြည်ရင်မှာ ထိတ်သွားသည်။ မျက်စိတွင်း၌ နုနုသွယ်ကို သွားမြင်
…သည်။ သည်ကောင်မလေး သည်အိမ်ပေါ် ရောက်လာတော့မှာလား။ ထိုအခါ
…၏အဆင့်သည် ဘယ်ကိုရောက်သွားမည်နည်း။ ကောင်မလေးက မဆိုးလှသော်
…ည်း သူ့အမေကြီးက ရှိနေသည်။ သူ့အမေပုံစံကြီးကိုတော့ မိမိကြည့်မရ။ သမီးကို
…မက သမက်ကိုပါ နိုင်မည့် ပုံစံကြီး။ အဲ…မိမိကိုလည်း နိုင်လာမည်။

''မင်း…မင်း…မိန်း…မိန်းမယူတော့မလို့လား''

ကိုလှဝေက ဒေါ်မြကြည်၏သဘောကို ရိပ်မိပြီး ပြုံးလိုက်၏။

''အမှန်ကတော့…အဲဒီလိုလုပ်လိုက်ရင် အကောင်းဆုံးပဲ ထင်တယ်''

''ဒါပေမယ့်…မင်းမိန်းမက မင်းတူနဲ့တူမအပေါ်မှာ ကြင်နာမယ်၊ သည်း…
…မယ်လို့ မင်းဘယ်လိုလုပ် ပြောနိုင်မလဲ၊ လူဆိုတာ ဝမ်းနဲ့မလွယ်ရင် …ားမမယ်
…''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုလည်း ကျွန်တော် တွေးမိပါတယ်"

"ဒါနဲ့ မင်း မိန်းမယူဦးမယ်"

"ကျွန်တော် မိန်းမယူတော့မယ်လို့ မပြောရသေးပါလား"

ဒေါ်မြကြည်၏ရင်တွင်းမှ အလုံးကြီး အနည်းငယ်ကျသွားသည်။ လုံး… ကျသည်တော့ မဟုတ်သေး။

"အမေလုပ်မယ့်သူ ဆိုတာက ဘာပြောတာလဲ"

"အမေလုပ်မယ့်သူဆိုတာက…တာဝန်နဲ့ အမေလုပ်မယ့်သူ၊ အမေမလု… နိုင်ဘူးလို့ ကျွန်တော်ထင်တဲ့အခါမှာ အမေအလုပ်က ကျွန်တော် ဖြုတ်ပစ်နိုင်တဲ့သူ…"

"မင်းပြောတာ ငါနားကိုမလည်ဘူး"

"ဒေါ်လေးနားလည်အောင် ကျွန်တော်ပြောပြမယ်၊ သဘောက…ဆရာ… တစ်ဦးလိုပေါ့၊ ဆရာမတစ်ဦးလဲ တကယ်လိုနေတယ်၊ မိဝင်းဟာ အခု ငါးနှစ်သ… ရှိပြီ၊ စာတစ်လုံးမှလဲ မတတ်သေးဘူး၊ ကျောင်းထားဖို့ကလည်း နှစ်ဝက်… စကောစကအချိန်၊ ဒီတော့ စာပြနိုင်ဖို့လည်းလိုတယ်။ ကလေးတွေကို အငှားအ… အဖြစ် စိတ္တဇအဆောက်အအုံလေးတွေ ပုံမှန်ဖြစ်သွားအောင် လုပ်ပေးနိုင်တဲ့… တစ်နည်းအားဖြင့်…ဟိုဒင်း…ဆရာမ- အမေပေါ့"

ဒေါ်မြကြည်၏ ရင်တွင်းမှအလုံးကြီး ကျကျနန ချုပ်ငြိမ်းသွားသည်။

"အဲဒါမျိုးရနိုင်ရင်တော့ ကောင်းတာပေါ့ကွာ"

"လခပေးနိုင်ရင် ဘာကြောင့် မရရမှာလဲ၊ အရေးကြီးတာက ဒေါ်… သဘောတူရဲ့လား"

ဒေါ်မြကြည် ခေတ္တစဉ်းစားသည်။ လူပိုတစ်ဦးတော့ တိုးမှာပဲ။ သို့ရာတွ… မိန်းမယူ ခေါ်တင်လာသည်ထက်တော့ ဆိုးလိမ့်မည်မထင်။

"မင်းကောင်းမယ်ထင်ရင် လုပ်ပေါ့၊ အေး…လူတော့ကြည့်ရွေးနော်"

"စိတ်ချ၊ ကျွန်တော်က ခေါင်းခေါက်ပြီးရွေးမှာ"

ဤတွင် စကားဝိုင်းပြီးသွားသည်။

ကိုလှဝေ၏စိတ်မှာ အထူးပေါ့ပါးသွားသည်။ မူလက အကြံမှာ အကြံ… သာဖြစ်သည်။ ဒေါ်မြကြည်ကို ရှင်းပြလိုက်သောအခါ ရှင်းရင်းက မိမိအကြံ… မိမိ ပိုကြိုက်သွားသည်။ ဘာမျှမလုပ်တာနှင့်စာလျှင် တစ်ခုခုလုပ်ကြည့်ခြင်းသ… ဤလောက၌ အကောင်းဆုံးတည်း။



ကိုလှဝေသည် ထမင်းစားခန်းမှ ထလာသောအခါ စိတ်သည် ပေါ့ပါးရုံ… …က ရွှင်လန်းလာသည်။ ထိုကြောင့် ညက ညိုကြီးထံမှ သူတတ်ခဲ့သော သီချင်း… …လေးကို ညည်းသည်။

"အာယာယာ…ဂျိုငေ၊ ဟေး…ဘာဂျီး…ဘာဂျီးယာ…"

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ရုက္ခဗေဒဟူသော ဘာသာရပ်အမည်မှ ရုက္ခဟူသောစကားက အပင်ဖြ
သည်။ အပင်ဆိုလျှင် သစ်ပင်ကိုပဲ လှမ်းမြင်သည်။ သစ်ပင်ဆိုတော့ မြင့်သည်
ရုက္ခဗေဒ ဓာတ်ခွဲခန်းများသည်လည်း မြင့်ရန်ကော…ဟုတွေးရင်း ငြိမ်းသည်
ဓီဝဗေဒအဆောင်ကြီး၏ အပေါ်ဆုံးထပ်သို့ ရောက်လာခဲ့သည်။

လက်တွေ့စမ်းသပ်လေ့ကျင့်သော ဓာတ်ခွဲခန်းများတွင်း၌ ကျောင်းသား
ကျောင်းသူ အနည်းငယ်သာ ကျန်တော့သည်။ လက်တွေ့သင်တန်းများ ပြီးပြီ၊ မိ
အချိန်ကိုက်လာခဲ့သည့်အတိုင်း အချိန်အမှန်ကိုက်နေသည်။

လက်တွေ့သင်တန်း ဓာတ်ခွဲခန်းများ အဝမှနေ၍ မိမိတွေ့လိုသူကို ငြိမ်းဏ
ရှာသည်။ မတွေ့သောအခါမှ သုတေသန ဓာတ်ခွဲခန်းများဆီ ဆက်လာခဲ့၏။

သုတေသန ဓာတ်ခွဲခန်းတစ်ခု၏ စားပွဲတစ်လုံးတွင် နုနုသွယ်သည်
ခဲတံတစ်ချောင်းဖြင့် လက်တွေ့သင်ခန်းစာဖိုင်များကို စစ်ဆေးအမှတ်ပေးနေသည်။

ခေါင်းငုံ့အလုပ်လုပ်နေသော နုနုသွယ်သည် ရှေ့၌ တစ်စုံတစ်ယောက်
လာရပ်သောကြောင့် ခေါင်းမော့ကြည့်လိုက်သည်။

"ဟင်…ငြိမ်း၊ ဒါ ဘယ်ကပေါ်လာတာလဲ"



"နုနုဆီ တမင်လာတာ"

ငြိမ်းက နုနုသွယ်၏ရှေ့၌ ဝင်ထိုင်လိုက်၏။

"ငြိမ်း ကျောင်းပြန်တက်တော့မလို့လား"

"ငြိမ်း ကျောင်းပြန်မတက်တော့ဘူးဆိုတာ နုနု ဘယ်လိုလုပ်သိထားနှင့်
"

"ကျောင်းပြန်ဖွင့်တော့ ငြိမ်းကိုလဲမတွေ့ဘူး၊ ဟိုနေ့က ကိုဇော်နဲ့တွေ့မှ
 ထွက်အလုပ်လုပ်တော့မယ်ဆိုတာ သိရတယ်၊ နုနု စိတ်မကောင်းလိုက်တာ၊
 ကျောင်းပြန်တက်မလို့လား"

"ဟင့်အင်း၊ အလုပ်အတွက် ထောက်ခံချက်တောင်းမလို့"

"ထောက်ခံချက်၊ ဘယ်သူ့ဆီကလဲ"

"နုနုဆီက…"

"ထောက်ခံချက်…၊ နုနုဆီက….၊ အို…ငြိမ်းမနောက်နဲ့"

"နောက်နေတာမဟုတ်ဘူး၊ တကယ်ပြောတာ၊ နေဦး…နုနု အချိန်ပေး
ရဲ့လား"

"နုနု စစ်စတော်လက်ကျိုဆက်ရှင်က ဒီနေ့ နဲနဲစောပြီးတယ်၊ ပုံတွေ
စစ်နေတာ၊ နုနု အချိန်ပေးနိုင်ပါတယ်"

နုနုသွယ်သည် ခဲတန်ကို လက်မှချလိုက်ပြီး "ကဲ…ဆို" ဟု ပြော၏။

"ပြောပါရောလား၊ နုနုဆီက ထောက်ခံချက်လိုချင်လို့…လို့…"

"နုနုက ဘာကြီးမို့လို့ ထောက်ခံချက်ပေးရမှာလဲ"

"တော်တော်ကြီးကျယ်တဲ့ အဆင့်မှာ နုနုက ရှိနေတယ်၊ ဘာဖြစ်လို့လဲ
တော့ နုနု ထောက်ခံပေးရမှာက နုနုအဆက်ကြီးဆီကို"

"ဘယ်က နုနုအဆက်ကြီးလဲ"

"လှဝေတဲ့…၊ စာရေးဆရာကြီး"

နုနုသွယ်၏ ပါးလေးများမှာ ရှက်သွေးဖြင့် ရဲသွား၏။

"ဆရာက နုနုရဲ့ အ…အ…အဆက် မဟုတ်ဘူး"

"သူငယ်ချင်းမိန်းကလေးချင်း အသည်းနှလုံးကို ဖုံးကွယ်မပြပါနဲ့ နုနု"

"ငြိမ်းနော်…၊ နုနုကို အဲဒီလိုမစနဲ့၊ နုနု စိတ်ဆိုးလိုက်မယ်"

နုနုသွယ်၏ အသံလေးမှာ တစ်မျိုးတစ်မည် တုန်ယင်နေသောကြောင့်
းက အံ့သြသွားပြီး နုနုသွယ်၏မျက်နှာလေးကို အကဲခတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နုနုသွယ်၏ ပါးလေးတွေမှာ ရဲနေ၏။ မျက်နှာလေးကလည်း ပျက်နေ...

"ကြည့်စမ်း၊ ဒီလောက်လေးပြောရုံနဲ့ နုနု တကယ်စိတ်ဆိုးတယ်"

"အို...အို...နုနု...စိတ်...စိတ်မဆိုးပါဘူး"

ငြိမ်းက နုနုသွယ်ကို စိုက်ကြည့်နေသည်။ နုနုသွယ် စိတ်မဆိုးဘူး... သည်မှာ မှန်မည်ထင်သည်။ နုနုသွယ်သည် အလွယ်တကူ စိတ်ဆိုးတတ်သော... မိန်းကလေးမဟုတ်။ သည်ဟာကိုတော့ ငြိမ်းသိသည်။ သို့ရာတွင် ယခု နုနုသွ... ဘာဖြစ်နေသနည်း။

ငြိမ်းက ငြိမ်ကြည့်နေသောအခါ နုနုသွယ်မှာ အနေရခက်လာပြန်သည်... ငြိမ်းလာရင်းကိစ္စကို သိလိုစိတ်လည်း ပေါ်လာ၏။

"ဆရာနဲ့ငြိမ်းက ဘယ်လိုပတ်သက်လာလို့လဲ"

ထိုအခါကျမှ ငြိမ်းသည် လက်ကိုင်အိတ်လေးတွင်းမှ သတင်းစာဖြတ်ပိုင်း... တစ်ခုကို ထုတ်ပြသည်။

"ဖတ်ကြည့်"

နုနုသွယ်က သတင်းစာဖြတ်ပိုင်းလေးကို လှမ်းယူပြီး ကြည့်သည်... ကြော်ငြာဖြတ်ပိုင်းလေး ဖြစ်၏။

**အလိုရှိသည်။**

မိခင်စိတ်ထားနိုင်သော ဆရာမတစ်ဦး အလိုရှိသည်။

စာသင်ကြားခြင်းထက် စိတ္တဗေဒဖွံ့ဖြိုးမှုကို တာဝန်ယူ ပြုပြင်ရမည်။ စိတ်ပညာနားလည်သူကို ဦးစားပေးမည်။ အသက် (၂၅) နှစ်ထက်မကြီးရ။ လခနှင့် အခွင့်အရေးအတွက် လူတွေ့စစ်ဆေးစဉ် ဆွေးနွေးညှိနှိုင်းနိုင်သည်။

လှဝေ (စာရေးဆရာ)

နံပါတ် (၃)၊ ....လမ်း။

ဘောက်ထော်။

ကြော်ငြာလေးကိုဖတ်နေစဉ် နုနုသွယ်၏ရင်မှာ ခုန်နေ၏။ ဝမ်းနည်းသ... သို့လည်း ဖြစ်လာ၏။

ဣန္ဒြေမပျက်အောင်ထိန်းပြီး မေးရ၏။

"ငြိမ်းက အဲဒီအလုပ် လျှောက်မလို့လား"

"လျှောက်မလို့၊ ငြိမ်း အလုပ်ရှာနေတာကြာပြီ"

"ငြိမ်း တကယ် မဟာဝိဇ္ဇာတန်း ဆက်မတက်တော့ဘူး"

ငြိမ်းက မချိပြုံးလေး ပြုံးလိုက်၏။

"ငြိမ်းကို ဒီအမေးချည်း မေးကြတယ်၊ တက်ချင်တာပေါ့၊ ဒါပေမယ့် ...အဖေ သေသွားပြီလေ၊ နွဲ့နွဲ့ကလဲ ကျောင်းတက်ဆဲ၊ မောင်လေးကလဲ...ကိုး ...န်းမှာ၊ ဘွဲ့ရပြီးတဲ့ငြိမ်းကမှ ထွက်အလုပ်မလုပ်ရင် ဘယ်သူကလုပ်ရမလဲ"

ငြိမ်းသည် တည်တည်လေးပြောနေ၏။ သို့ရာတွင် အသံ၌ ဝမ်းနည်းရိပ် ...င်း။

နုနုသွယ်မှာ မေးမိသည့်အတွက် စိတ်မကောင်း ဖြစ်ရပြန်သည်။

"စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့တော့ငြိမ်း၊ နုနုက အခု ဘာလုပ် ...ရမလဲ"

"တစ်ခုက...သိချင်တယ်လေ၊ သူ ဘာလုပ်ဖို့ ဒီလျှောက်လွှာ ခေါ်ရတာ ...၊ လျှောက်လွှာခေါ်ပုံက ဆန်းသလိုမို့ပါ၊ နုနုတော့ သိမှာပေါ့"

နုနုသွယ်သည် တစ်ချက် ငိုင်ငိုင်လေး ဖြစ်သွားပြီးနောက်မှ "နုနု ...ပါတယ်လေ" ဟု မပွင့်တပွင့်ဆို၏။

"သိရင်...ငြိမ်းကို ပြောပြပါလား"

နုနုသွယ်က သက်ပြင်းလေး မိုးရှိုက်ပြီး ဆို၏။

"ဆရာ့မှာ ကလေးနှစ်ယောက်ရနေပြီ"

"ဘယ်လို...၊ နို့...သူ လူပျိုမဟုတ်လား"

"လူပျိုပါပဲ၊ ဒါပေမယ့် ဟိုတလောက သူ့ညီဆုံးသွားတယ်၊ အဲဒါ... ...လေးနှစ်ယောက်...၊ တစ်ယောက်က မိန်းမလေး၊ အသက် ငါးနှစ်လောက်ရှိမယ်၊ ...စ်ယောက်က ယောကျ်ားလေး၊ အသက် သုံးနှစ်လောက်ရှိမယ်၊ ဆရာ့တူနဲ့ ...မပေါ့၊ သူတို့ကို အခု ဆရာကပဲ အဲ...မွေးရတယ်"

"ကလေးတွေ အမေကကော"

"အမေက အရင်ဆုံးတာတဲ့"

"သြော်...ဖြစ်ရလေ၊ မိဘဆိုး...ဘဝဆိုးလေးတွေပေါ့"

"ဟုတ်တယ်၊ နေဦး ဆရာပြောတဲ့စကား နုနုမှတ်မိတယ်၊ မိခင်ရဲ့ ...ချစ်ခြင်းမေတ္တာကို ဝေါ်မွတ်လို့ စိတ္တဇအားငယ်မှုဖြစ်နေတဲ့ ကလေးတွေ...တဲ့၊ ...ဒါဟာ ဖြစ်နိုင်သလား ငြိမ်း"

"ဖြစ်နိုင်တာပေါ့ နုနု၊ အမေဟာ နို့ချိုကိုသာ ပေးရတာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



လူမှန်ရင် မရှိမဖြစ်တဲ့ ချစ်ခြင်းမေတ္တာနဲ့ အဲဒီချစ်ခြင်းမေတ္တာ အခြေခံကသာ တဲ့ စိတ္တဇဗေဒလုံခြုံမှုကို အမေကပေးတယ်၊ တစ်နည်းအားဖြင့် အမေ သို့မဟု အမေ့ကိုယ်ပွားကသာ ပေးနိုင်တယ်"

"အမေ့ကိုယ်ပွားဆိုတာက ဘာလဲ"

"အမေနဲ့မခြား ကြင်နာသူပေါ့၊ အကောင်းဆုံးဥပမာက…မိထွေး ဂေါ်တမီပဲ"

"လောကမှာ မိထွေးတော်ဂေါတမီ ရှိနိုင်သလား"

"ရှိနိုင်တာပေါ့၊ မိထွေးတော်ဂေါတမီဟာ ဒီလောကမှာ တကယ်ရှိခဲ့ မိန်းမမြတ်ကြီးပါ၊ လက်ရှိလောကမှာလဲ မိခင်စိတ်ရှိတဲ့ မိန်းမတွေ အများကြီးပါ

ငြိမ်း၏စကားကြောင့် နုနုသွယ်မှာ လိပ်ပြာမသန့်သကဲ့သို့ ဖြစ်သွားသည် မိမိမှာက မိခင်စိတ်မရှိဘူးလော၊ မိခင်စိတ်ဆိုသည်၏ အတိုင်းအတာကလည်း ဘယ်လောက်အထိ ရှိသနည်း။

လိပ်ပြာမသန့်စိတ်ကို ကြာကြာ မထားလိုသောကြောင့် နုနုသွယ် စကားလမ်းကြောင်း လွှဲမေးသည်။

"ငြိမ်းက ခုနင်ကအလုပ်ကို တကယ်လုပ်မယ်ပေါ့"

"ရရင်လုပ်မှာပေါ့၊ ဒါပေမယ့် ငြိမ်း သိချင်တာလေးတွေ ရှိသေးတယ်"

"ဘာတွေလဲ…"

"ဥပမာ…ဆရာလှဝေရဲ့ စိတ်သဘောထား"

"ဘယ်လိုဟာမျိုးကို ပြောတာလဲ"

"နုနုနဲ့ ဆရာလှဝေဟာ…အဲ…အတော်ခင်မင်ကြတာပဲ၊ ဆရာလှဝေ စိတ်ထား သဘောထားလို့ ပြောလိုက်တာနဲ့ နုနုရင်ထဲ ဘာပေါ်လာသလဲ၊ အဲဒါ ပြောပေါ့"

နုနုသွယ် ငိုင်သွားပြန်သည်။ မိမိက လူတစ်ယောက်ကို စေ့စေ့စပ်စ လေ့လာသူမဟုတ်။ သိသလိုလိုတွေတော့ ရှိသည်။ တိတိကျကျ ဘာမျှတော့ မပြောပြတတ်။

"နုနု မပြောတတ်ဘူး၊ ဟိုဒင်း သဘောတော့ကောင်းတယ်"

"သဘောကောင်းတယ်ဆိုတာက ဘာကိုပြောတာလဲ"

"ဒုက္ခပါပဲ၊ သဘောကောင်းတာဟာ သဘောကောင်းတာပေါ့"

ငြိမ်းက ရယ်၏။



"သဘောကောင်းတာဟာ…သဘောကောင်းတာ၊ ကိစ္စမရှိဘူး၊ ဒါ နုနုရဲ့ အင်ပရက်ရှင်…၊ ကျေနပ်ပါပြီ၊ ဒီ့ပြင်ကော…"

"ဘာလဲ ဒီ့ပြင်ကော"

"မိန်းကလေးတွေနဲ့ ဆက်ဆံပုံ၊ ဥပမာ နုနုနဲ့ ဆက်ဆံပုံ"

"အာ..အာ…ဆရာက လူကြီးလူကောင်း သိပ်ပီသပါတယ်"

"အဲဒါကကော…ဘာပြောတာလဲ"

"ဟိုဒင်းလေ၊ တည်ကြည်တယ်၊ အခွင့်အရေး မယူတတ်ဘူး၊ ပြီးတော့ …ပြီးတော့…အို…ငြိမ်းနားလည်မှာပေါ့"

"ငြိမ်းနားလည်ပါပြီ၊ အရက်ကော သောက်တတ်သလား"

"မသောက်တတ်ဘူး၊ ဖေဖေကတိုက်တာတောင် မသောက်ဘူး"

"နုနုဖေဖေက တိုက်တာမို့ မသောက်တာလား"

"အဲဒါက ဘာစကားလဲ"

"ထားပါတော့၊ ကလေးနှစ်ယောက်အပြင် သူ့အိမ်မှာ ဘယ်သူရှိသေး လဲ"

"သူ့အဒေါ်၊ ဟိုဒင်း…အပျိုကြီး…"

"အဲဒီအပျိုကြီးကကော၊ စိတ်သဘောကိုပြောတာ"

"ဒီလိုပါပဲ…၊ သူ့လိုငါလိုပဲ"

"အဲဒီအဒေါ်က ကလေးတွေကို မထိန်းနိုင်ဘူးလား"

"ကြည့်ရတာ အတော်စိတ်ပျက်နေတဲ့ပုံပဲ၊ ကလေးတွေကလဲ တော်တော် ဆိုးတယ်"

"သြော်…နုနု ကလေးတွေကို တွေ့ပြီးပြီပေါ့"

"အင်း…တွေ့ပြီးပြီ"

"နုနုကော…အဲဒီကလေးတွေကို မထိန်းချင်ဘူးလား"

"အို…နုနုနဲ့ ဘာဆိုင်လို့လဲ"

"စကားအဖြစ် မေးကြည့်တာပါ"

"နုနုနဲ့ ဘာမှမဆိုင်ဘူး၊ နုနု ကလေးတွေနဲ့လဲ မနေဖူးဘူး၊ ပြီးတော့… ပြီးတော့လဲ…"

"ဆက်လေ…၊ ဘာဖြစ်သလဲ"

"အို…ဘာ…ဘာမှမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသည် နုနုသွယ်ကို တစ်ချက်စိုက်ကြည့်သည်။ နုနုသွယ် ဘာဖြစ်နေ သနည်း။

"ငြိမ်းအလုပ်ရဖို့ ဆရာ့ကို နုနု ထောက်ခံပေးနိုင်မလား"

"နုနုက ဘာမို့ ထောက်ခံပေးရမှာလဲ"

"ငြိမ်းက နုနုရဲ့သူငယ်ချင်း၊ ဆရာက နုနုနဲ့ခင်မင်တဲ့လူ၊ အကြောင်း မလုံလောက်ဘူးလား"

ငြိမ်းပြောသည်မှာ မှန်နေ၏။ အကြောင်းက လုံလောက်နေသည်။

"ငြိမ်း သိပ်အလုပ်လိုချင်နေတယ်ဆိုရင် နုနု ပြောပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် နုနု၊ ငြိမ်း သိပ်အလုပ်လိုချင်နေတာ မဟုတ်ဘူး ငြိမ်းအလုပ်မရရင် မဖြစ်တော့ဘူး"

"ဒီလောက်တောင်ပဲလား ငြိမ်းရယ်"

"ကိုယ့်ဝမ်းနာ ကိုယ်သာသိပါတယ် နုနုရယ်"

"ကောင်းပြီလေ၊ နုနုပြောပေးပါ့မယ်၊ အာမ,တော့ ခံတာမဟုတ်ဘူး နော်"

"ငြိမ်းနားလည်ပါတယ်"

ငြိမ်းပြန်သွားသောအခါမှ နုနုသွယ်သည် ကောင်းကောင်း ထိုင်စဉ်းစား သည်။ လုပ်လက်စအလုပ်ကို ဆက်မလုပ်ဖြစ်တော့။

ထူးထူးဆန်းဆန်း ဝမ်းနည်းသကဲ့သို့ ဖြစ်နေသော မိမိကိုယ်ကိုလည်း ပြန်တွေ့နေမိသည်။ တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်သကဲ့သို့လည်း ခံစားနေရသည်။ ငြိမ်းကို ပြောလိုက်သကဲ့သို့...အို ဘာဆိုင်လို့လဲ...ဟု ကိုယ့်ကိုယ်ကို ပြောကြည့် သည် မရ။

ကျောင်းမှပြန်လာသည်အထိ နုနုသွယ်မှာ စိတ်ကို မဆုံးဖြတ်ရသေး ငြိမ်းကိုသာ ကတိပေးလိုက်မိသည်။ ကိုလှဝေဆီ သွားတွေ့သင့်,မသင့် ဝေခွဲမရ ဖြစ်နေသည်။ ဟိုတစ်နေ့က အဖြေမျိုး ပေးလိုက်မိပြီးမှ မိမိသွားတွေ့၍ ကောင်းပါ ဦးမည်လော။

သို့ရာတွင် ကိုလှဝေ ဘာသဘောနှင့် ဘာတွေလုပ်နေမှန်းကို သိချင်သော စိတ်ကလည်း တားမရ။

ဟိုက်ဗ္ဗမ်ဟော်တယ်ရှေ့ရောက်မှ အမိန့်ပေးသည်။

"ဦးသောင်းရှိန်၊ ဘောက်ထော်ဘက်က လှည့်မောင်းဦး"

"ဘောက်ထော်ကို...ဟိုတစ်နေ့ကလို ရေပက်ခံနေရဦးမယ်နော်"



ဤမျှသာ ရယ်စရာပြောပြီး ဦးသောင်းရှိန်က လမ်းဆုံအရောက်တွင် …ဘက်သို့ ချိုးခဲ့သည်။ ထိုနောက် ဝွတ်တလိတ်လမ်းဘက်မှ ပတ်မောင်းသည်။

ကိုလှဝေ၏ခြံရှေ့မရောက်ခင် ခြံတွင်းမှ မိန်းမပျိုတစ်ဦး ထွက်လာသည် …ို တွေ့ရသည်။ မိန်းမပျိုမှာ မိမိထက်ငယ်သည်။ ရွှန်းစိုနုနယ်မှုနှင့် ရဲရင့်သွက် …က်မှုလေးများက ပေါ်နေ၏။ ဝတ်ပုံစားပုံကလည်း...ယနေ့ ကျောင်းသားကျောင်း …တွေ အပြောနှင့်ဆိုရလျှင် "သမိ(စ်)"မှာ ပြနေသည်။

ရင်ခုန်ခုန်ဖြင့် နုနုသွယ်သည် မိန်းမပျိုလေးကို လည်ပြန်သည်အထိ ကြည့်မိသည်။ အလုပ်လျှောက်သူပဲ ဖြစ်ရမည်။

ဦးသောင်းရှိန်က ကားကို ဆင်ဝင်အောက်၌ ဆိုက်ပေးသောအခါ စ… …န်းရုံဘက်သို့ သေချာစွာကြည့်ပြီးမှ နုနုသွယ်သည် သတိနှင့် ဆင်းလိုက်သည်။ ဦးသောင်းရှိန်ကလည်း ကားကို ဆက်မောင်းသွားပြီး လွတ်လွတ်ကင်းကင်းနေရာ …တွင် ရပ်ထား၏။

အိမ်တံခါးက ပွင့်လျက်သားမို့ နုနုသွယ်သည် အိမ်ပေါ်သို့ တက်လာခဲ့ သည်။

ဧည့်ခန်းတွင် လူတစ်ယောက်မျှမရှိ။ အခြား အခန်းတစ်ခုဆီမှ စကားပြော သံများကိုမူ ကြားရ၏။

ဧည့်ခန်းတွင်ရပ်ရင်း နုနုသွယ် စိုးရိမ်မိသည်။ ယခုနေများ ညိုကြီးခေါ် …သော သတ္တဝါလေးပေါ်လာပြီး မိမိကို တစ်ခုခုလုပ်လျှင်...။

စိုးရိမ်နေဆဲ ခြေသံကြားသဖြင့် နုနုသွယ်မှာ ခေါင်းနပန်းကြီးမိသွား၏။

အိမ်နောက်ဘက်မှ ဝင်လာသူကား ဒေါ်မြကြည်သာဖြစ်၏။

ဒေါ်မြကြည်က နှုတ်ခမ်းပေါ် လက်ညှိုးတင်၍ သတိပေးပြီးမှ နုနုသွယ် …ားကပ်လာကာ တိုးတိုးပြော၏။

"မောင်လှဝေ...မိန်းမ...အဲလေ...အမေ...အဲလေ...ဆရာမ ရွေးနေ တယ်"

"ဘယ်မှာလဲ"

"ဟောဒီဘုရားခန်းထဲမှာ၊ ဘုရားခန်းကို ခဏရုံးခန်းလုပ်နေရတယ်။ အဟီး...တချို့ကောင်မလေးတွေကို မောင်လှဝေက ဘုရားရှိခိုးပြခိုင်းတယ်"

"ရှင်..."

"ကိုယ့်ကိုယ်ကို ဗုဒ္ဓဘာသာလို့ ပြောတဲ့လူကိုပါ၊ …ကောင်မလေးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက် ငါးပါးသီလမခံတတ်ဘူး''

''ကလေးတွေကော…''

''အလုပ်ကောင်းကောင်းလုပ်နိုင်အောင် နောက်ဖေးခန်းမှာ အဒေါ်ထိန်းပေးထားရတယ်၊ ပါးစပ်ရော လူရောငြိမ်အောင် အခု ကွာစေ့ကျွေးထားတယ်''

နုနုသွယ်က ဘာပြန်ပြောရမှန်းမသိ။

''လာ နုနု…နောက်ဖေးဘက် လိုက်ခဲ့ပါလား''

''ဟင့်အင်း…ဟင့်အင်း…နုနု ဒီမှာပဲ ထိုင်နေတော့မယ်''

''ကဲ ဒါဖြင့်လဲနေရစ်၊ အဒေါ်တော့ သွားလိုက်ဦးမယ်''

တစ်ယောက်တည်း ကျန်ရစ်သော နုနုသွယ်သည် ဘုရားခန်းမှ အသံများကို ဂရုစိုက် နားထောင်ကြည့်သည်။

ကိုလှဝေ၏မေးသံ ပေါ်လာသည်။

''ကလေးက ဘယ်သန်ဖြစ်ပြီး ဘယ်နဲ့ချည်း စာရေးနေရင် ဘယ့်နှယ်လုပ်မလဲ''

''ညာနဲ့ရေးတတ်အောင် စိတ်ရှည်လက်ရှည် သင်ပေးမှာပေါ့''

ဖြေသည့်အသံမှာ မိန်းမသံတော့ မှန်သည်။ မြန်မာသံတော့ မပီလှ။

''ဘယ်သန်တာကို ဖွတ်ညာသန်နိုင်းရင် ဘာဖြစ်တယ်လို့ ကြားဖူးလဲ''

''မကြားဖူးဘူး၊ ဘာဖြစ်တတ်လို့လဲ''

''ထားပါတော့လေ၊ ကလေးက အားရင် လက်ချောင်းကို တပြွတ်ပြွတ်နဲ့ စုတ်နေရင် ဘာလုပ်မလဲ''

''မစုတ်အောင်ပြောရမှာပေါ့''

''မရဘူးလေ''

''တဖြည်းဖြည်းသင်သွားရင် ရမှာပေါ့၊ တစ်ခုခုကျွေးပြီး ချော့တန်ချော့မယ်''

''အဲဒီလိုဆို ရရောလား''

ဖြေသံပေါ်မလာ။

''အမျိုးသားယဉ်ကျေးမှုနဲ့ ကလေးထိန်းသိမ်း မွေးမြူရေးဟာ ဘယ်လိုဆက်စပ်မှုရှိသလဲ''

''အဲဒါတွေတော့ ကျွန်မ နားမလည်ဘူး၊ ကျွန်မ ကလေးတွေကို စပိကင်းကောင်းကောင်းတတ်အောင် သင်ပေးနိုင်တယ်၊ နူတ်ရဲအောင်၊ သွက်လက်အောင်၊



…တော့ မင်းနား(စ်)…ရန်ကုန်မြို့မှာ ကျွန်မ လိုက်သင်ပေးနေတဲ့အိမ်တွေ အများ…ရှိပါတယ်''

အတန်ကြာ တိတ်ဆိတ်သွားသည်။

''ကောင်းပါပြီ၊ ပြန်နိုင်ပါပြီ''

''ကျွန်မ အဖြေသိရမလား''

''ကျွန်တော် စာနဲ့အကြောင်းပြန်ပါမယ်''

''သိုင်းခရူ၊ ဂွဒ်ဘိုင်''

''ဟုတ်ကဲ့၊ ကြွပါ''

ထွက်လာသူအမျိုးသမီးက အသားတော့မည်းသည်။ ဂါဝန်ဝတ်ထား၏။ …တင်းစာကြော်ငြာ၌ အသက်အစိတ်ထက် မကြီးရဟု နုနုသွယ် မှတ်မိသော်လည်း …ခုအမျိုးသမီးမှာ သုံးဆယ်ကျော်ခန့်ရှိပေပြီ။

အမျိုးသမီးဆင်းသွား၍ မကြာမီ ကိုလှဝေ ထွက်လာ၏။

''အာ…နုနု…''

ကိုလှဝေမှာ အမှန် အံ့အားသင့်သွားသည်။ ဝမ်းသာသကဲ့သို့လည်း ဖြစ်…သည်။

''ကားသံကြားမိသလိုလိုတော့ ရှိတယ်၊ ဒါပေမယ့် အာရုံက တခြားမှာ …က်နေလို့၊ နုနုရောက်တာ ကြာပြီလား''

''သိပ်မကြာသေးပါဘူး''

''ကျောင်းက လှည့်ဝင်လာတာလား''

''ဟုတ်တယ်''

ကိုလှဝေ၌ မျှော်လင့်ချက် တက်လာသည်။ နုနုသွယ် စိတ်ပြောင်းသွား…လော။ ဟိုနေ့ကအဖြေကို ပြင်တော့မည်လော။

''နုနု ဟိုကြော်ငြာကိုတွေ့တယ်''

''သြော…''

''အခု လူတွေ့လာအစစ်ခံနေကြတာလား''

''ဟုတ်တယ်''

''စောစော ခပ်ငယ်ငယ် မိန်းကလေးတစ်ယောက်လဲ ခြံထဲကထွက်သွား…ဘ တွေ့လိုက်တယ်၊ သူလဲ အလုပ်လျှောက်လာတာလား''

''ဟုတ်တယ်''

www.burmeseclassic.com



"အဲဒီအရွယ်လေးတွေက ဆရာမ လုပ်နိုင်ပါ့မလား"

"လျှောက်ကြတာကတော့ အရွယ်စုံပဲလေ၊ ခုနင်က အမျိုးသမီး ကြည့်ပါလား၊ အသက်လေးဆယ်ပြည့်ခါနီးပြီ"

"သူ့ကို ဆရာ သဘောမကျဘူးလား"

"ဟင့်အင်း၊ သူက နာရီပိုင်းကျူရှင် လိုက်ပေးချင်တာ၊ ပြီးတော့ သူ့ လင်နဲ့သားနဲ့ ကလေးတွေနဲ့"

"ဆရာလိုချင်တာက…ဟိုဒင်း…အမျို…အဲ…လူလွတ်ပေါ့ ဟုတ်လား"

ကိုလှဝေသည် "ဟုတ်တယ်" ဟု ဖြေမည်လုပ်ပြီးမှ ပါးစပ်ကို ဘာရ အုပ်လိုက်သည်။ နုနုသွယ်က ဘာကြောင့် ဤမေးခွန်းမေးရသနည်း။

"အဲဒီလိုပဲ ဖြေရမှာပဲ၊ ကိုယ်လိုချင်တာက…အမှန်က…ဆရာမ မဟုတ်ပါဘူးလေ၊ မာသားဆရာဂိတ်လို့ခေါ်တယ်၊ ကလေးတွေအတွက် စိတ္တဇ မိခင်၊ ကလေးတွေနဲ့ မိခင်လို အတူနေနိုင်ရမယ်"

"ဒီအိမ်မှာ လာနေရမယ်ပေါ့"

"အမေလုပ်တဲ့နောက် အတူလာနေရမယ်၊ အတူစားရမယ်၊ အတူအိ မယ်"

"သူ…သူတို့တွေက လာနေမယ်တဲ့လား"

နုနုသွယ်၏ မျက်စိတွင်း၌ စာစောက 'သမိ(စ်)' မှာပြနေသော မိန်း ပျိုလေးကို မြင်ယောင်ရင်း မေးခြင်းဖြစ်၏။

"အခုထိတော့ တစ်ယောက်နှစ်ယောက်ကလွဲပြီး အများကတော့ လာ မယ် ပြောကြတာပဲ"

နုနုသွယ် မျက်လုံးလေး ပြူးချင်သွား၏။ အများဟုဆိုပါတကား။ ဘယ် နှစ်ယောက်နည်း။ 'သမိ(စ်)' မှာပြသူ ဘယ်နှစ်ယောက်နည်း။

နုနုသွယ်က ညည်းညည်းလေး စကားလွှဲ၏။

"ဆရာ့မလဲ ဒုက္ခပဲနော်"

"ဘယ်တတ်နိုင်မလဲ၊ ဖြစ်လာပြီမဟုတ်လား"

"ကျောင်းတစ်ခုခုမှာ သွားအပ်ထားပါလား၊ ဥပမာ…မူကြိုကျောင်း လေ"

"နုနု ကိုယ့်ရည်ရွယ်ချက်ကို နားမလည်ဘူးထင်တယ်၊ မိဘမဲ့ကလေးတွေကြည့် သာမန်ကြည့်ရင် သာမန်ပဲမြင်မယ်၊ ဒါပေမယ့် သူတို့ အသည်းနှလုံးကမ္ဘာလေး [...]ဖုံးထားတယ်၊ အဲဒီပျက်နေတဲ့ ကမ္ဘာလေးအကြောင်းကို နုနု နားမလည်နိုင်ဘူး၊ [...]ခါလေးလည်း နားမလည်နိုင်ဘူး၊ လူတော်တော်များများဟာ နားမလည်နိုင်ဘူး၊ [...]ကိုယ်ကတော့ နားလည်တယ်၊ ဘာဖြစ်လို့လဲဆိုတော့…ကိုယ့်ကမ္ဘာလေးဟာ [...]ပျက်ခဲ့ဖူးတာကိုး"

ကိုလှဝေ၏သန္တာန်တွင် အမှတ်မပြုမိသော ခံစားမှုတွေက လွှမ်းလာ သည်။ သူ့အသံသည် အနည်းငယ် တုန်ရင်ပြီး ကိုယ်သည် ကျုံ့တင်းနေ၏။

"ကလေးတစ်ယောက်ရဲ့ အသည်းနှလုံးကမ္ဘာဆိုတာဟာ…အမေပါ နုနု၊ အမေဆိုတာဟာ…ကလေးရဲ့ကမ္ဘာ၊ ကလေးရဲ့စကြဝဠာ၊ ကလေးရဲ့ အမှန်တရား၊ [...]တို့ချုပ်ပြောရရင်…ကလေးအတွက် လောကသုံးပါး၊ အဲဒီလောကပျက်နေတဲ့ [...]ကလေးနှစ်ယောက်အတွက် လောကသစ် ပြန်တည်ဆောက်ပေးဖို့ ကိုယ်ကြိုးစားနေ တာ"

နုနုသွယ် အံ့သြရပြန်သည်။ မိမိ ယခင်ကြုံဖူးသည်က တည်ကြည်အေးချမ်း သော ကိုလှဝေ…။ ယခု မိမိရှေ့မှကိုလှဝေကား ပြင်းထန်သော ခံစားမှုအပြည့်နှင့် ကိုလှဝေ…။

"နုနုနားမလည်လို့ မေးမိတာ ခွင့်လွှတ်ပါဆရာ၊ အမှန်က အခု နုနုလာ တာက ဆရာ့ကို…ကူ…ကူညီချင်လို့"

နုနုသွယ် ပြောလိုက်သော စကားကို ကိုလှဝေမှာ မယုံနိုင်အောင်ပင် ဖြစ်သွားသည်။ မျှော်လင့်ချက်အားလည်း ပြန်တက်လာ၏။

"နုနုက ကိုယ့်ကို ကူညီမယ် ဟုတ်လား"

"ဟိုဒင်းလေ၊ နုနုပြောချင်တာက ဒီလိုပါ၊ ဆရာအခု စိတ်တိုင်းကျ…အဲ …ဆရာမရွေးလို့ ရပြီလား"

"စိတ်တိုင်းကျတော့ မတွေ့သေးဘူး၊ သူတို့အားလုံးက စာသင်ဖို့ဘက် ကချည်း သန်နေတာ၊ တစ်ယောက်နှစ်ယောက်ကတော့ စမ်းသုံးကြည့်လို့ ရမလား သေဘူး"

"ဆရာ စိတ်တိုင်းကျမယ်ထင်တဲ့ တစ်ယောက်တော့ နုနုတွေ့ထားတယ်"

"ဘယ်လို…နုနုတွေ့ထားတယ်"

"ဟုတ်တယ်၊ နုနုသူငယ်ချင်း၊ စိတ်ပညာမဟာဝိဇ္ဇာတန်း တက်နေတာ၊ အခုတော့ အဖေဆုံးသွားလို့ အလုပ်ရှာနေတာ၊ အသက်ကတော့ နုနုနဲ့ ရွယ်တူပဲ၊ နှစ်ဆယ့်လေးနှစ်"

www.burmeseclassic.com



"သူက နုနုလို အချိန်ပိုင်းဆရာမအလုပ် မရဘူးလား"

"ဌာနချင်းအခြေအနေ မတူဘူးလေ၊ နုနုတို့ဌာနက သုတေသနရုံ ရထားတယ်၊ နုနုကို အဲဒီငွေနဲ့ ခန့်ထားတာ၊ ဒါတောင် တစ်နှစ်မှ ထောင့်ငါးရာ ရတာပါ၊ ငြိမ်းအနေနဲ့က ဒီ့ထက် ငွေလိုနေတယ်ထင်တယ်"

"ဘယ်သူ…၊ ငြိမ်း…ဟုတ်လား"

"ဟုတ်တယ်၊ ပုသိမ်က၊ ဖေဖေပင်စင်မယူခင်က နုနုတို့ ပုသိမ် နေဖူးတယ်၊ ရှစ်တန်းအထိ ငြိမ်းနဲ့ နုနု အထက(၃)မှာ အတူတူတက်ခဲ့ကြတာ နောက် တက္ကသိုလ်မှာ ပြန်ဆုံကြတယ်"

ကိုလှဝေက စဉ်းစားနေသည်။ ဤနာမည်ကို ကြားဖူးသကဲ့သို့ ရှိသည် ဘယ်မှာမှန်းတော့ မမှတ်မိ။

"နုနုရဲ့ငြိမ်းက ဒီအလုပ်လုပ်ချင်ပါ့မလား၊ အဲဒီနာမည်နဲ့ လျှောက်လွှာ တော့ ကိုယ်မတွေ့သေးဘူး"

"သူလုပ်ချင်ပါတယ်၊ သူပဲ နုနုကို ဒီအကြောင်းလာပြောတာ"

"ဘာအကြောင်းလာပြောတာလဲ"

"သြော်…သူ့ကို ထောက်…ထောက်ခံပေးဖို့"

"နုနုနဲ့ ကိုယ်ခင်တာ သူသိတယ်ပေါ့"

"နုနုသူငယ်ချင်းပါလို့ ပြောထားပြီပဲ"

ကိုလှဝေ စဉ်းစားပြန်၏။ မိန်းကလေး သူငယ်ချင်းချင်း တစ်ယောက် အကြောင်း တစ်ယောက် ဘယ်လောက်သိကြသနည်း။ အချင်းချင်း…ဘာတွေ များ…ဘယ်လောက်ပြောကြသနည်း။

"နုနုသူငယ်ချင်းရဲ့ စိတ်သဘောထားက ဘယ်လိုရှိလဲ"

နုနုသွယ်က ရယ်၏။

"အဟင်း…သူကလဲ ဆရာ့စိတ်သဘောထား ဘယ်လိုလဲလို့ မေးတယ်"

"ဟုတ်လား…၊ နုနု ဘယ်လိုဖြေလိုက်လဲ"

"ဆရာ့အကြောင်း မကောင်းပြောစရာ နုနုမှာ တစ်ခုမှမရှိပါဘူး"

ကိုလှဝေ အားတက်သွားပြန်၏။ ဘုရားသခင်…။ မျှော်လင့်ချက်ရောင် ခြည်တွေ အများကြီး ကျန်ပါသေးတကား။

"နုနု ဒီလိုပြောလို့ ကိုယ်သိပ်ဝမ်းသာတယ်"

"ငြိမ်းအကြောင်းလဲ နုနု မကောင်းပြောစရာ တစ်ခုမှမရှိဘူး၊ ပြီးတော့ တော်တော် နားလည်ပုံလဲရတယ်"

"ဘာကိုနားလည်တာလဲ"

"ဆရာ ခုနင်ကပြောတဲ့ ဟာမျိုးတွေ၊ မိထွေးတော်ဂေါတမီအကြောင်း ောင် ပြောပြသေးတယ်"

"ဘာရယ်…ဘာအကြောင်း…"

"ဟိုဒင်းလေ…ဘာတဲ့…ကိုယ်ပွားမိခင်တဲ့၊ မိထွေးတော်ဂေါတမီဟာ ပြုကိုယ်ပွားမိခင်တဲ့"

ကိုလှဝေသည် ငြိမ်းဆိုသောမိန်းကလေးကို အထင်ကြီးသွားသည်။ မှန် ာက်လေ။ မိထွေးတော်ဂေါတမီသည် စံပြကိုယ်ပွားမိခင်၊ ယခုမှ မိမိ သည်အချက် ကို သတိပြုမိသည်။

"ပြီးတော့ ငြိမ်းပြောတာတွေ ရှိသေးတယ်၊ အမေရယ်၊ ချစ်ခြင်းမေတ္တာ ယ်၊ နောက်··ဘာဆိုလဲ…လုံခြုံမှု"

"စိတ္တဗေဒလုံခြုံမှု"

"အင်း ဟုတ်တယ်၊ စိတ္တဗေဒလုံခြုံမှု"

"နုနုပြောတာနဲ့ ငြိမ်းကို ကိုယ်စိတ်ဝင်စားသွားပြီ၊ နုနုရဲ့ငြိမ်းကို ကိုယ့် ီ လွှတ်လိုက်ပါလား"

"ဆရာ ငြိမ်းကို ခန့်မယ်လား"

"လူချင်းတော့ တွေ့ဖို့လိုဦးမယ်၊ ဒါပေမယ့်…နုနုရဲ့သူငယ်ချင်း၊ နုနု ောက်ခံတဲ့လူဆိုတော့…ကိုယ် အများကြီး ဦးစားပေးပါ့မယ်"

ကိုလှဝေက စကားကို အဓိပ္ပာယ်တွေအများကြီးနှင့် ပြောသည်။ အများ ီးပင် နားလည်လိုက်သော နုနုသွယ်မှာ ပါးလေးများရဲပြီး ရင်လေးဖိုလာ၏။

"ဝေါ့…အင့်…ဖွီး…ဗွတ်…"

အသံက ညှော်ခန်းဆီ ထမင်းစားခန်းမှဝင်သော တံခါးဝမှ လာသည်။ ညိုကြီးပင်ဖြစ်သတည်း။

ညိုကြီးသည် တစ်စုံတစ်ရာကို တဖွီးဖွီးနှင့် ထွေးထုတ်နေသည်။ သူ့ပါးစပ် ာစ်ဝိုက်တွင် ဖြူဖြူနှင့် မည်းမည်းအစများ လိမ်းကပ်ပနေသည်။ ကြမ်းပြင်ပေါ် ှင်လည်း ဖြူဖြူနှင့်မည်းမည်း အစအနများကို တွေ့နိုင်သည်။

နောက်ပါးမှ မိဝင်းလည်း ကပ်၍ပေါ်လာသည်။

မိဝင်းက ကိုလှဝေတို့ကို လှမ်းကြည့်ပြီး ရှေ့နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ တမင်လုပ်တာမဟုတ်ဘူး၊ အဲဒါ...အန်တာ"

"ဟိုက်...ဘာတွေအန်တာလဲ"

"ကွာစိတွေ..."

"ဘာ...ကွာစိတွေ..."

"ဘွားဘွားက ကျွေးထားတာ၊ အဲဒါ..သူက ခွာပြီးမစားတတ်တော့ ဒီတိုင်းပဲ အများကြီး ဝါးဝါးစားချတာ၊ အခုမှ ထ,အန်တာ"

ကိုလှဝေက ညိုကြီးနားထလာပြီး ကြည့်သည်။

ညိုကြီး၏အမူအရာမှာ အထူးမပျက်။ ငိုလည်းမငို။ ပါးစပ်တစ်ဝိုက် အစအနများကိုပင် လျှာနှင့် လိုက်သိမ်းနေသေး၏။ လက်လေးနှစ်ဘက်ကိုတော့ နောက်၌ဝှက်ထား၏။

နုနုသွယ်က အလန့်တကြားလေး ဝင်ပြော၏။

"ဆရာ...သူ့လက်ထဲမှာ ဘာလဲမသိဘူး၊ ရှိသေးတယ်"

"ဟုတ်လားညိုကြီး၊ ဘာလဲ ပြစမ်း"

ညိုကြီးသည် "ဟင်း" ဟုအော်ကာ ကိုလှဝေဆီမှ ဆုတ်ရှောင်သည်။ ထို့နောက် ဘာစိတ်ပေါက်သည်မသိ၊ နုနုသွယ်ကို သူ့လက်တွင်းမှအရာနှင့် ပစ်လိုက်သည်။

"အမလေး..."

တစ်စုံတစ်ရာက မျက်နှာကို လာမှန်သောကြောင့် နုနုသွယ်က ကြောက်အားလန့်အားနှင့် အော်သည်။

အမှန်ကား...ညိုကြီးပစ်လိုက်သည်မှာ စက္ကူထုပ်လေးတစ်ထုပ်သာ ဖြစ်သည်။ စက္ကူထုပ်တွင်းမှ ကွာစိမည်းမည်းတွေ စင်ကျလာ၏။

"ဟော့ကောင်...မင်း ဘယ့်နှယ်လုပ်လိုက်တာလဲ"

ညိုကြီးသည် အသံပြဲကြီးနှင့် ကုန်းငိုတော့သည်။ ငိုရင်းလည်း ပြောသေးသည်။

"တွာကျိုကုန်ပြီ...၊ ဟီး...တွာကျိုကုန်ပြီ"

"မငိုနဲ့မောင်လေး၊ ရမယ်...ရမယ်"

မိဝင်းသည် နုနုသွယ်နားကပ်လာကာ ကြမ်းပြင်မှ ကွာစိများကိုလည်း လိုက်ကောက်သည်။ နုနုသွယ် ပေါင်ပေါ်မှ ကွာစိများကိုလည်း ကောက်ယူသည်။

"ဟဲ့...ဟဲ့...ဘာလုပ်တာလဲ"



နုနုသွယ်မှာ ပျာပျာသလဲ အော်ရပြန်သည်။ အကြောင်းမှာ မိဝင်းက ဆေမီဖျားကို ဆွဲခါနေသောကြောင့် ဖြစ်သည်။

"ကွာစိတွေ ကပ်ကျန်နေမှာစိုးလို့"

ကိုလှဝေ မနေသာတော့။

"မိဝင်း လာစမ်း၊ ကွာစိတွေလဲ ကောက်မနေနဲ့"

မိဝင်း၏ကိုယ်လေးသည် ကျုံ့ယုံ့တွန့်လိမ်သွားသည်။ ပုန်းရန် လေဟာပြင်၌ နံရံရှာပြန်လေပြီ။

ချက်ချင်းသတိရပြီး ကိုလှဝေက ပြုံးပြောရ၏။

"ဦးဦးပြောတာက မောင်လေးကို ကွာစိမကျွေးနဲ့တော့၊ ထပ်အန်ဦးမယ်၊ ဒေါ်လေးဆီမှာ သကြားလုံးသွားတောင်းစားကြ၊ ဦးဦးက ပြောတယ်ပြော၊ သွား... ညိုကြီးပါ ခေါ်သွား"

ထိုအခါကျမှ မိဝင်းရော ညိုကြီးပါ ဧည့်ခန်းတွင်းမှ ထွက်သွားကြ၏။

စိတ်မောလူမောဖြင့် ကုလားထိုင်တွင်ပြန်ထိုင်ပြီး ကိုလှဝေက လေပြေထိုးသည်။

"နုနုတော့ ဒီလာတိုင်း စိတ်ပျက်စရာတွေနဲ့ တိုးနေပြီထင်တယ်"

နုနုသွယ်က မချိပြုံးလေးပြုံးပြ၏။ ဟုတ်သည်ဟု ပြန်ပြောနိုင်ရန် နုနုသွယ်က မရိုင်း။ ကိစ္စမရှိဘူးဟု ပြောရန်မှာလည်း လူက စိတ်ပျက်ရုံမက စိတ်ကုန်ချင်သလို ဖြစ်နေသည်။ ထို့ကြောင့် အားနာပါးနာဖြင့် မချိပြုံးသာ ပြုံးပြရသည်။

"အင်းလေ၊ ဒါမျိုးတွေကို ပြုပြင်ချင်လို့ ကိုယ် ခုလို ဆရာမလျှောက်လွှာ ခေါ်ယူတာပဲ၊ နောင်ကိုတော့ အစစအရာရာ ကောင်းသွားလိမ့်မယ် ထင်တာပဲ"

"ဆရာက ဘယ်လောက်ကြာကြာ ခန့်ထားမှာလဲ"

"အဲဒါက အခြေအနေတိုးတက်မှု ဘယ်လောက်ရှိတယ်ဆိုတာမှာ မူတည်နေတာပဲ၊ အနည်းဆုံး တစ်နှစ်ကနေ နှစ်နှစ်အထိ ကြာလိမ့်မယ်ထင်တယ်"

"အဲဒီလောက်ဆို ကလေးတွေ...ဟိုဒင်း...လိမ္မာလာကြမယ်ပေါ့"

ကိုလှဝေသည် ရင်တွင်း၌ ပြုံးမိသည်။ နုနုသွယ်သည် ယခုတိုင် နားလည်သေးပါတကား။

"လိမ္မာတယ်ဆိုတဲ့စကားကို သုံးရမလား မသုံးရမလား ကိုယ်မသိဘူး၊ ကိုယ်ဆိုလိုတာက သူတို့စိတ်လေးတွေ ပုံမှန်ပြန်ဖြစ်လာရေးပါ၊ ကိုယ်နားထဲတွေ့ရတာက သိပ်ငယ်တဲ့ ကလေးတွေတော့ တစ်နှစ်လောက် ကိုယ်ပွားမိခင်စံနစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်လိုက်ရင် တိုးတက်မှုရှိလာတယ် ပြောတာပဲ၊ စမ်းကြည့်ရတာပဲလေ”

“အောင်မြင်ပါစေလို့ နုနုလဲ ဆုတောင်းပါတယ်၊ ငြိမ်းကို လွှတ်ပေးလို မယ်နော်”

“လွှတ်ပေးလိုက်ပါနုနု”

နုနုသွယ်ပြန်သောအခါ ခြံတွင်းကားနားအထိ ကိုလှဝေက လိုက်ပို့သည်

နုနုသွယ်၏ကား ပျောက်သွားသည်အထိ ကိုလှဝေ ငေးကြည့်ကျန် သည်။

ဩော်…နုနုသွယ်သာ မိထွေးတော်ဂေါတမီ လုပ်နိုင်လျှင် မည်မျှကော လိမ့်မည်နည်း။ ယခု မိမိလုပ်နေသည်တို့ကို ဘာမျှလုပ်နေစရာမလို။

ခက်သည်ကား မိထွေးတော်ဂေါတမီက အရင့်အမာ ပါရမီရှင်ကြီး သာသနာတော်တွင် ကျေးဇူးကြီးလှသည့် ရဟန္တာမကြီးပင် ဖြစ်သွားသည်။

နုနုသွယ် မိထွေးတော်ဂေါတမီကဲ့သို့ မကျင့်နိုင်သည်ကို မိမိ အပြစ်မတ လို။

တကယ်ဆိုတော့ မိမိကလည်း သုဒ္ဓေါဓနမင်းကြီး မဟုတ်၊ အိမ် ကလေးတွေကလည်း ဘုရားအလောင်းလေးတွေ မဟုတ်…မဟုတ်…။

အဲသည်လိုပဲ ဖြေရမည်။ အင်း…အဟင်း…။

❑❑❑

# အခန်း (၁၁)

လူကျပ်လှသော ဟိုးနိုးဘတ်(စ်)ကားတွင်းမှ တိုးထွက်ပြီး အမြောက်တပ် ဘားဂိတ်မှတ်တိုင်တွင် ငြိမ်း ဆင်းလိုက်၏။ တွန့်တွန့်ကြေကြေ ဖရိုဖရဲလေးဖြစ်သွား သော အဝတ်အစားတို့ကို သေသပ်အောင် ခေတ္တပြုပြင်ပြီး ငြိမ်းသည် တောင်ဘက် သို့ ပြန်လျှောက်လာခဲ့၍ လက်ဝဲဘက်သို့ မြေနီလမ်းလေးအတိုင်း ဆက်ခဲ့ပြန်သည်။

ခြံနံပါတ် (၃) အတွင်း ဝင်လိုက်ပြီး ဘေးဘီကို ခေတ္တအကဲခတ်ကြည့် သည်။

ကျွန်းအိမ်လေးက မကြီးသော်လည်း ပုံပန်းကျနသည်။ ဆင်ဝင်ထောင့် တွေမှာက စက္ကူပန်းရုံတွေရှိသည်။ ဆင်ဝင်တည့်တည့်မှာက ယပ်တောင်ဖြန့်ထား သည်နှင့်တူသော တရုတ်စကားပင်ရှိသည်။ မိမိရပ်နေသော ခြံဝနှင့် ဆင်ဝင်ကြားမှာ က မြက်ခင်းပြင်လေး..။ ကားလမ်းက မြက်ခင်းပြင်ကို ပတ်ဝိုင်းထားသည်။

ခြံက အသက်ရှုလွတ်လပ်လောက်အောင် သင့်တင့်ကျယ်ဝန်းသည်။ နှင်းပင်ပျို၊ သရက်ပင်ပျိုနှင့် ဒန့်ဒလွန်ပင်ပျိုများလည်း ရှိသည်။

နေချင်ဖွယ်ကောင်းသော အိမ်နှင့်ခြံလေးဟု ငြိမ်း မှတ်ချက်ချမိသည်။

ဟိုဟိုသည်သည် ကြည့်မိသော ငြိမ်း၏မျက်လုံးလေးများသည် မျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့်သည်ကို တွေ့သဖြင့် အနည်းငယ်ပြုံးသွားသည်။

ကလေးနှစ်ယောက်…။

မိန်းကလေးက ပိန်ပိန်သေးသေး ဂါဝန်လေးနှင့်၊ ဝဝတုတ်တုတ် ယောက်ျား လေးက တင်ဖုံးသော စွပ်ကျယ်စပို့ရှပ်နှင့်။

ချေွတ်လေးက သဘော်ပင်တစ်ပင်ကို ဖက်တက်နေသည်။ ကောင်မလေး က သဘော်ပင်စည်ကို အားပြုရပ်၍ ချေွတ်လေး ခြေကန်ရန် ပခုံးနှင့် ခံပေးထား သည်။

ငြိမ်း သူတို့ကိုမြင်စဉ်၌ ချေွတ်လေးမှာ ရှေ့ဆက်မတက်နိုင်ဘဲ ခုလပ်တွင် တန်းလန်းဖြစ်နေသည်။

နောက်ခဏတွင်ကား ကောင်မလေးသည် တောင့်မခံနိုင်တော့ဟန် ယိမ်း သွား၏။ ချေွတ်လေးလည်း လျှောပြုတ်ကျလာသည်။

ငြိမ်း သူတို့ထံ ပြေးရောက်သွားချိန်၌ ချေွတ်လေးက မြေမှလူးလဲထ သည်။ ငိုတော့ မငို။

ကောင်မလေးက ငြိမ်းကိုတစ်လှည့် အိမ်ဘက်သို့တစ်လှည့် တစ်စုံတစ်ရာ စိုးရိမ်ဟန် ကြည့်သည်။

ငြိမ်းက သဘော်ပင်ကို မော့ကြည့်ရာ ဝင်းဝါနေသော သဘော်သီးမှည့် တစ်လုံးကို တွေ့ရ၏။

"သြော…သဘော်သီးခူးကြမလို့လား"

ကောင်မလေးက ခေါင်းညိတ်ပြပြီး အိမ်ဘက်သို့ ကြည့်ပြန်၏။

ချေွတ်ကမူ သဘော်သီးကို လက်ညှိုးနှင့်ထိုးပြပြီး "ရှားမယ်" ဟု ဆို၏။

"အေးအေး…စားရမယ်၊ နေဦး"

ငြိမ်းသည် လက်ဆန့်၍ လှမ်းကြည့်သည်။ မမီ…။

"မမ ချီပြီးမြှောက်ပေးမယ်၊ မင်း ခူးနော်"

ငြိမ်းက ချေွတ်ကိုချီပြီး မြှောက်ပေးသည်။ ပထမ ၊ မမီသေး။ ခြေဖျား ထောက်ပြီး လက်ကိုလည်း ပိုဆန့်မြှောက်လိုက်မှ မီသွားသည်။

မြေပြင်သို့ ပြန်ရောက်သောအခါ ချေွတ်က လက်တွင်းမှ သဘော်သီးကို ကြည့်ပြီး ပြုံးသည်။ ထို့နောက် ငြိမ်းကိုလည်း ပြုံးပြပြန်၏။

"ရှားမယ်"



"အေးအေး…၊ သွားစားကြ၊ ရေဆေးပြီးမှ စားကြနော်၊ ပြီးတော့… ဆူကြီးကိုခွဲခိုင်း…ဟုတ်လား"

ကောင်မလေးက သူ့မောင်ကို လက်ဆွဲခေါ်သည်။

"လာ…မောင်လေး၊ တို့ အိမ်နောက်ဖေးကပဲ ပြန်တက်ကြမယ်"

ချေွတ်သည် သဘော်သီးကိုတော့ မလွှတ်ဘဲ သူ့အစ်မခေါ်ရာသို့ နောက် ပြန် လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွား၏။

ငြိမ်းက အိမ်ရှေ့ဆီဆက်လာပြီး လှေကားထိပ်မှ လူခေါ်ခလုတ်ကို နှိပ် သည်။

နေ့လည်ခင်း ဆိတ်ဆိတ်ငြိမ်ငြိမ်ရှိနိုက် စာရေးနေရာမှ ကိုလှဝေက တံခါးထဖွင့်ပေးသည်။

"သြော…"

ငြိမ်း၏မျက်နှာလေးကို သေသေချာချာ မြင်မိပြီးသောအခါ၌ ကိုလှဝေ နှုတ်ဖျားမှ အံ့အားသင့်သောအသံ ထွက်သွား၏။

"ကျွန်မ ငြိမ်းပါ၊ နနက လွှတ်လိုက်ပါတယ်"

"သြော်…ဟုတ်ကဲ့…ဟုတ်ကဲ့…ဝင်ပါ…ဝင်ပါ…"

ငြိမ်းကို ဧည့်ခန်း၌ထိုင်ခိုင်းပြီး ကိုလှဝေက မျက်နှာချင်းဆိုင်၌ ထိုင်သည်။ ဧနေ့က သူများကဲ့သို့ ဘုရားခန်းသို့ ခေါ်စစ်မေးရန် ကိုလှဝေ အားနာသကဲ့သို့ ဖြစ်နေသည်။

အံ့အားသင့်ခြင်း အရှိန်ကလည်း မပျောက်ချင်သေး။ ငြိမ်းဆိုသည်က အခြားမဟုတ်။ ဟိုတလောက ဟိမဝန္တာရုပ်ရှင် ဦးကျော်သင်း၏ ရုံးခန်းတွင် အမှတ်မထင်တွေ့ခဲ့ဖူးသော မိန်းကလေး၊ ရုပ်ရှင်တွင်မက ဘယ်မှာမှ ရှုမည်မဟုတ် ဟု ဦးကျော်သင်း အလေးအနက် မှတ်ချက်ချခဲ့သော မိန်းကလေး။

အသားလေးက ညိုညက်သည်။ နုနုသွယ်လို ဖြူဖြူဝင်းဝင်းတော့ မဟုတ်။ ဖြူဖြူဝင်းဝင်းမဟုတ်သဖြင့် ငြိမ်း၏အလှက တစ်ချက်မြင်ရုံနှင့် ဝေးသွား စေလောက်အောင် မစွမ်း။ သို့ရာတွင် နှစ်ခါတော့ ပြန်ကြည့်စေတတ်သည်။ နှစ်ခါ ကြည့်မိမှ ရှိမ်းမြမြ ပြာလတ်လတ်အလှသည် ရင်အေးအောင် ပေါ်လာသည် ဟုတ်သည်…။ ရင်အေးသည်။ ယခုပင် ကိုလှဝေ၏ရင်မှာ ထူးထူးအေးဆန်း အေးမြလာသည်။

"ဆရာနဲ့ ငြိမ်း ဟိမဝန္တာရုပ်ရှင်သူဌေး ရုံးခန်းမှာ တွေ့ဖူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဆရာလဲ အခု အဲဒီဟာကို ပြန်သတိရနေတာ"

ငြိမ်းက စူးစမ်းဟန် သူ့ကို စိုက်ကြည့်လေသောကြောင့် ကိုလှဝေက ပျာပျာလေး ဆက်ရှင်းသည်။

"ငြိမ်းကို ရုပ်ရှင်ရူးမလေးလားလို့ စဉ်းစားနေတာ မဟုတ်ပါဘူး၊ ငြိမ်းဟာ ရိုးသားစွာနဲ့ ရရာအလုပ်တစ်ခုခုကို ရှာနေတဲ့မိန်းကလေးလို့ ဦးကျော်သင်းက ဆရာ့ကို ပြောပြလိုက်ပါတယ်"

ငြိမ်းက သာယာစွာရယ်သည်။ ငြိမ်းရယ်စဉ် ငြိမ်း၏သွားလေးများသည် ညီညာရှည်ကာ ဖွေးဖွေးလှဲ့လေမှန်း စားရေးဆရာက သေသေချာချာ သတိပြုလိုက်မိ၏။

"ငြိမ်းက ရုပ်ရှင်တော့ မရူးပါဘူး၊ ဒါပေမယ့် အဲဒီတုံးက ငြိမ်း တစ်စုံတစ်ရာတော့ ရူးခဲ့တယ်"

"ဘယ်လို...ဘယ်လို"

"ငြိမ်း စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ အလုပ်လိုချင်တဲ့ လူငယ်တစ်ဦးဟာ သမားရိုးကျနည်းလမ်းတွေ မသုံးတော့ဘဲ လမ်းမှာတွေ့တဲ့ ကုမ္ပဏီမှန်သမျှကိုတက်ပြီး ရဲရဲဝံ့ဝံ့ အလုပ်တောင်းတယ်၊ သူဌေးကြီးတစ်ဦးက သူ့ရဲဝံ့မှုကို သဘောကျပြီး အလုပ်ခန့်လိုက်တယ်၊ ငြိမ်းလဲ အဲဒီနည်းကို စမ်းကြည့်တာ၊ အရူးထ,တယ်လို့ ခေါ်နိုင်ပါတယ်"

ငြိမ်းက သက်သက်သာသာ ရယ်ရယ်မောမောနှင့် ပြောနေသောကြောင့် ကိုလှဝေလည်း လိုက်ရယ်၏။

"ဆရာ့ကြော်ငြာအရကော...နှုနှုပြောပြချက် အရကော...လုပ်ရမယ့် အလုပ်သဘာဝကို ငြိမ်းတော့ သဘောပေါက်ပြီးပါပြီ၊ ဆရာကြိုက်တာမေးပါ။ ငြိမ်းကို အားမနာပါနဲ့"

ငြိမ်း၏ မိမိကိုယ်ကို ယုံကြည်မှုသဘောကို ပထမဆုံး သတိပြုလိုက်မိ၍ ကိုလှဝေ ကျေနပ်သွားသည်။

"ငြိမ်းက စိတ်ပညာ မဟာဝိဇ္ဇာတန်းအထိ တက်ခဲ့တယ်နော်၊ ဘာအထူးပြုသလဲ"

"ပညာရေးနဲ့ ကလေးစိတ်ပညာပါ"

"တခြားလူတွေကိုတော့ ဆရာလူလည်လုပ်ပြီး ကြားဖူးနားဝ တတ်သမျှလျှောက်မေးတာပဲ၊ ငြိမ်းကိုတော့ တိုတိုနဲ့လိုရင်း တစ်ခုပဲမေးမယ်"



"မေးပါဆရာ"

"အေချိုင်း(လ်) အစ်(စ်) ဖားသား အော့(ဖ်) မင်း...၊ ကလေးတစ်ယောက်သည် လူကြီး၏ ဖခင်ဖြစ်သည်ဆိုတဲ့ စကားအဓိပ္ပာယ်က ဘာလဲ"

ငြိမ်း၏ သာယာသောရယ်သံကို ကိုလှဝေ ကြားရပြန်၏။ အသားညိုလေးတိုင်း အသံသာသလော။ ငြိမ်း၏ စကားပြောသံနှင့် ရယ်သံတွင် ဂီတဆန်သော အရည်အသွေးအား ကိုလှဝေ သတိပြုမိသည်။

"ခုနင်က ဆရာက ကြားဖူးနားဝ တတ်သမျှဆိုတဲ့ စကားကို သုံးတယ်၊ ဒါပေမယ့် ငြိမ်း တစ်ခုမေးပါရစေ"

"မေးပါ...မေးပါ..."

"စိတ်ပညာကို ဆရာ စံနစ်တကျ လေ့လာဖူးတယ် မဟုတ်လား"

"အား...ဟိုဒင်း...ဘာပြုလို့လဲ"

"မရှိမသေ မထင်နဲ့နော် ဆရာ၊ ငြိမ်းမေးတာကို အရင်ဖြေပါဦး"

"ဘီအေတုန်းက ဖီလက်ဆက်ဖီကို အထွေထွေစိတ်ပညာနဲ့ ဆရာ ယူခဲ့တယ်၊ ဝါသနာအရလဲ ဆက်လက်လေ့လာဖတ်ရှုတယ်၊ ဒီလောက်ပါပဲ၊ ဘာပြုလို့ ငြိမ်းက မေးရတာလဲ"

"ဆရာ့မေးခွန်းကြောင့်ပါ၊ ဆရာ့မေးခွန်းက တိုတော့တိုပါတယ်၊ ဒါပေမယ့်...မေးခွန်းတစ်ခုထဲနဲ့ ပညာရေးနဲ့ ကလေးစိတ်ပညာ၊ လူမှုရေးစိတ်ပညာ၊ ကိုယ်ရေကိုယ်သွေးစိတ်ပညာ၊ စံလွဲစိတ်ပညာ- အဲဒီနယ်ပယ်တွေအားလုံးကို ခြုံငုံပြီး မေးထားတယ်၊ ကိစ္စမရှိပါဘူး၊ ငြိမ်း ကြိုးစားပြီး အဖြေပေးပါ့မယ်"

ငြိမ်းသည် ခေတ္တစဉ်းစားပြီးနောက် တည်ငြိမ်စွာ ရှင်းပြသည်။

"လူဟာ လေဟာပြင်ထဲမှာ နေတာမဟုတ်ပါဘူး၊ လူ့ဘောင်ထဲမှာ နေတာပါ၊ လူ့ဘောင်ရဲ့ လူမှုပတ်ဝန်းကျင်နဲ့ လူဟာ အမြဲတမ်း အညမည တွဲလှယ်ဆက်သွယ်နေတယ်။ ကလေးတစ်ယောက် ရှေးဦးစွာတွဲလှယ်ဆက်သွယ်ရတဲ့ ဆက်ဆံရေးယူနစ်ဟာ မိသားစုဘဝပဲ ဖြစ်ပါတယ်၊ လူ့ဘောင်ရဲ့ လူမှုပြဋ္ဌာန်းချက်တွေနဲ့အညီ မိသားစုဘဝက ကလေးကို ဆက်ဆံမှုပုံသွင်းခြင်း လုပ်ပေးလိုက်တယ်၊ ကလေးကို သတ္တဗေဒသတ္တဝါ သက်သက်ကနေ လူမှုရေး သတ္တဝါဖြစ်အောင် လုပ်ပေးခြင်းပေါ့၊ တစ်နည်းအားဖြင့် အတ္တနဲ့ပရကို ညှိယူတတ်အောင် သင်ပေးခြင်းပါ၊ တစ်နည်းအားဖြင့်လဲ မိသားစုဘဝကစပြီး ကလေးဟာ လူ့ဘောင်တစ်ခုရဲ့ ထုံးစံ၊ အစဉ်အလာ၊ ယဉ်ကျေးမှုတွေကို လက်ခံရရှိလာပြီး၊ အဲဒီလူ့ဘောင်ရဲ့

www.burmeseclassic.com



စံတွေနဲ့ကိုက်တဲ့…စံကိုက်လူကြီးတစ်ယောက် ဖြစ်လာတယ်၊ အဲဒီထောင့်က ကြည့်ရင်လဲ လူကြီးတစ်ယောက်ဟာ ကလေးဘဝကနေ မွေးဖွား ထွက်လာတာ ငြိမ်း ဒီအထိပြောတာ ရှင်းပါတယ်နော် ဆရာ''

''ရှင်းပါတယ် ငြိမ်း၊ ရှင်းပါတယ်''

''ပုဂ္ဂလိကထောင့်က ကြည့်ရအောင်၊ လူတိုင်းမှာ ကိုယ်ရည်ကိုယ်သွေး ရှိကြပါတယ်၊ သာမန်အရပ်သားတစ်ဦးအနေနဲ့ ဒီစကားကို တိတိကျကျနားလည် မှာမဟုတ်ဘူး၊ ကိုယ်ရည်ကိုယ်သွေးဆိုတာက ရုပ်ရဲ့အရည် ရုပ်ရဲ့အသွေး ပြောတာမဟုတ်ဘူး၊ ရုပ်ပိုင်းစိတ်ပိုင်း နှစ်ခုစလုံးကို ပေါင်းခြုံပြောတာ၊ စိတ် သဘောထား၊ အကျင့်စာရိတ္တ၊ ဆက်ဆံရေး၊ စိတ်ညွတ်မှု၊ စိတ်ဝင်စားမှု၊ အချ အမုန်း၊ အကြိုက်–မကြိုက်၊ အထုံ၊ ဝါသနာ၊ စရိုက်၊ အလေ့၊ အကျင့် အဲဒါတွေ အားလုံးကိုပေါင်းပြီး…စိတ်ပညာသုံးစကားနဲ့ ကိုယ်ရည်ကိုယ်သွေးလို့ ခေါ်တယ် ဒါလောက်ကိုတော့ အထွေထွေ စိတ်ပညာယူစဉ်က ဆရာသင်ခဲ့ရမှာပေါ့''

''အာ…ဟုတ်တယ်၊ ဒုတိယနှစ်မှာ သင်ခဲ့ရတယ်''

''ကလေးတစ်ယောက်ဟာ လူကြီးတစ်ယောက်ဖြစ်လာရင် ဘယ်လို ကိုယ်ရည်ကိုယ်သွေး ရှိလာမယ်ဆိုတာဟာ ကလေးဘဝ အတွေ့အကြုံပေါ်မှာ အဓိက တည်နေတယ်၊ စံကိုက် သို့မဟုတ် ပုံမှန်ကိုယ်ရည်ကိုယ်သွေး ရှိလာမလား စံလွဲ သို့မဟုတ် ပုံမမှန် ကိုယ်ရည်ကိုယ်သွေး ရှိလာမလား၊ ဒါတွေအားလုံးဟာ ကလေးဘဝ အတွေ့အကြုံအပေါ်မှာ တည်နေတာပဲ၊ အထူးသဖြင့် မိသားစုဘဝ အတွေ့အကြုံအပေါ်မှာ တည်နေတယ်၊ စိတ်ကျန်းမာမှုကို ထိခိုက်စေတဲ့ စိတ်ဒဏ် တွေ၊ စိတ်လှုပ်ရှားမှု လုံခြုံခြင်း အားနည်းချက်တွေ၊ စိတ္တ–ကာမ ဖောက်ပြန်မှုတွေ မသိစိတ်စေ့ဆော်မှုတွေ၊ အဲဒါတွေအားလုံးဟာ ကလေးဘဝမှာ ကြုံခဲ့ရတဲ့ စိတ်ပဋိ ပက္ခတွေမှာ အစပျိုးတယ်၊ အဲဒီထောင့်တွေက ကြည့်ပြန်ရင်လဲ လူကြီးတစ်ယောက် ဟာ ကလေးဘဝက မွေးထုတ်ပေးလိုက်တာပါပဲ၊ ဆရာ့မေးခွန်းကို ငြိမ်း ဒီလောက် ပဲ ဖြေပါရစေ''

''ငြိမ်းဖြေတာ ပြည့်စုံပါတယ်၊ တစ်ခုပဲ ဆရာ နောက်ဆုံးမေးပါမယ် ကလေးတွေမှာ စိတ်ပဋိပက္ခနည်းအောင် ဘာလုပ်မလဲ''

''ဒီမေးခွန်းကို ပြည့်ဝအောင်ဖြေဖို့က ရှည်မယ်၊ အဓိကအချက်ကိုပဲ ငြိမ်း ဖြေပါမယ်၊ မိဘ သို့မဟုတ် လူကြီးဟာ ကလေးတွေရဲ့လိုအင်ကို သိနားလည် ရမယ်၊ အဲဒီလိုအင်တွေကို စံနစ်တကျ မှန်မှန်ကန်ကန် ဖြည့်တင်းပေးနိုင်ရမယ်''



''လိုအင်တွေဆိုတာက ဘာတွေလဲ''

''ကလေးတစ်ယောက်အတွက် အဓိကကျတဲ့ လိုအင်ကြီးလေးခု ရှိပါ တယ်၊ လုံခြုံမှုလိုအင်ရယ်၊ နားလည်မှုလိုအင်ရယ်၊ ချစ်ခင်မှုလိုအင်ရယ်၊ ရုပ်ပိုင်း ဆိုင်ရာ ဂရုပြုမှုလိုအင်ရယ်…၊ အဲဒီလေးခုပါ''

ကိုလှဝေက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ငြိမ်းပြောသည်တို့တွင် သူသိပြီးသည်တို့ ပါသည်။ သို့ရာတွင် တိတိနှင့် လိုရင်းကို ပြည့်စုံထိမိစွာ ပြောနိုင်သော ငြိမ်းကို အံ့သြသည်။ မိမိကိုယ်၌ ဤမျှမပြောတတ်။ စာတွေ့တော့ တတ်လေပြီ။ လက်တွေ့၌မူ မည်သို့ရှိလေမည်နည်း။

ကိုလှဝေ ငြိမ်စဉ်းစားနေခိုက် နောက်ဖေးဘက်ဆီမှ တဒုံးဒုံးပြေးသံ ကြားရသည်။

ညိုကြီးလော၊ သို့ရာတွင် မိမိ စာ,စရေးစဉ်က ကလေးနှစ်ဦးလုံး အိပ်ရာ ထဲတွင် အိပ်နေကြသည်။ မိမိစာရေးနေသည်မှာလည်း ဘာမျှမကြာ။

ပြေးသံများသည် နောက်ဖေးဆီမှသာ ဆက်ထွက်နေသည်။ ထမင်းစားခန်း ကို ပတ်ပြေးနေပုံရသည်။

နောက်ဆုံးတော့ မိဝင်း၏ အသံစာစာသည် ထွက်လာ၏။

''ကဲ…ရော့ရော့…၊ အဲဒီဓားကြီးနဲ့ မလုပ်နဲ့၊ ဘွားဘွားနိုးလာမှ ခွဲခိုင်း''

ဓားကြီးဟု အသံကြားရသဖြင့် ကိုလှဝေမှာ ဆတ်ခနဲဖြစ်သွား၏။

ကိုလှဝေက ငြိမ်းကို တစ်ချက်ကြည့်ပြီး နေရာမှထ၏။

ထိုစဉ် အပေါက်ဝ၌ ညိုကြီးပေါ်လာသည်။ သူ့လက်တစ်ဘက်၌က သင်္ဘောသီးမှည့်တစ်လုံး၊ အခြားလက်တစ်ဘက်၌က ထင်းခွဲဓားမကြီးကို ကိုင်ထား သည်။

ထုံးစံအတိုင်း နောက်မှ မိဝင်းကပ်ပါလာပြီး ဆင်ခြေပေးသည်။

''ဘွားဘွားနိုးမှ ခွဲစားမယ်လို့ သမီးချော့တာ မရဘူး''

ကိုလှဝေ ထိတ်လန့်သွားသည်။ မနေ့က နနွင်းသွယ်ကို ညိုကြီး ကွာစိထုပ် နှင့် ပေါက်ပြီးပြီ။ ယခု ငြိမ်းကိုလည်း တစ်ခုခုလုပ်ခဲ့လျှင်…လက်တွင်းမှာလည်း ဓားကြီးနှင့်၊ ဖွတ်ဝင်လှ၍လည်းမဖြစ်၊ စိတ်ပေါက်ပြီး ငြိမ်းကို သင်္ဘောသီးနှင့် ပစ်ခဲ့လျှင်…။

ကိုလှဝေ ချီတုံချတုံဖြစ်နေခိုက် ညိုကြီးသည် မမျှော်လင့်သည်ကို ပြု၏။ ညိုကြီးက ငြိမ်းကို လှမ်းပြုံးပြ၏။ ပြုံးရင်းကလည်း သင်္ဘောသီးကိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားသောလက်ကို ကမ်းပေးဟန် ဆန့်တန်း၍ ငြိမ်းဆီလျှောက်သွား၏။

ညိုကြီးသည် သဘော်သီးကို ငြိမ်းအားပေး၏။ ဓားမကြီးကိုပါ ပေးလိုက်၏။ ပြီးမှ တိုတိုတုတ်တုတ် လိုရင်းကို မိန့်ဘိ၏။

"ရှားမယ်..."

"သြော်...စားမယ်လား၊ မမခွဲကျွေးပါမယ်၊ ဒါပေမယ့် ဒီဓားကြီးနဲ့ မရဘူး ကလေးရဲ့"

"ရှားမယ်..."

ငြိမ်းက မိဝင်းကို လှမ်းကြည့်သည်။ စောစောက သူ့ကိုယ်သူ သမီးရေ ရည်ညွှန်းသုံးပုံကို သတိပြုမိသည်။

"သမီးရေ ဓားပါးလေးမရှိဘူးလား"

"ရှိတယ်...ရှိတယ်..."

"သွားယူပါလား၊ ပန်းကန်ပြားနှစ်ချပ်လဲ ယူခဲ့နော်"

"ဟုတ်ကဲ့..."

ခြေရင်းဘက်အခန်းတစ်ခုမှ ဒေါ်မြကြည် ထွက်လာသည်။

"ဘာဖြစ်နေကြတာလဲ...သြော်..."

သူစိမ်းသည်သည်ကို မြင်သောကြောင့် ဒေါ်မြကြည်သည် ရှက်ပိတ်သွား၏။ ဒေါ်မြကြည်၏အသွင်မှာ အိပ်ရာမှ လန့်နိုးလာပုံပေါ်နေ၏။

ကိုလှဝေလည်း ယခုမှ လှုပ်ရှားလာ၏။

"ကဲ...ဒေါ်လေးရေ၊ ဟောဒီမှာ ကြည့်လုပ်ပေးလိုက်ပါဦး၊ ငြိမ်း... ဒေါ်လေးကို ပေးလိုက်ပါ"

"ပေးဘူး..."

ကိုလှဝေ၏အမိန့်ကို ဖီဆန်ပြီး ကြားမှဝင်အော်သူမှာ ညိုကြီးဖြစ်သည်။

ဝင်အော်ရုံတွင်မက ကာဆီးသည့်သဘောဖြင့် ငြိမ်းဘက်သို့ ကျောပေးလျက် နောက်ဆုတ်နောက်ဆုတ်ဖြင့် ကပ်သွားသည်။

ငြိမ်းကရယ်မောပြီး ကိုလှဝေကို လှမ်းပြောသည်။

"နောက်ကျသွားပြီဆရာ၊ သူ့သဘောထားကို မြင်တော့မှာ မဟုတ်ဘူး ကိစ္စမရှိပါဘူး၊ သူကျေနပ်အောင် ငြိမ်းပဲလုပ်ပေးလိုက်ပါမယ်"

ဓားပါးလေးတစ်ချောင်း၊ ပန်းကန်ပြားနှစ်ချပ်နှင့် မိဝင်းလည်း ရောက်လာ၏။



ငြိမ်းသည် သဘော်သီးမှည့်ကို သေချာစွာ စစ်ဆေးသည်။ ကောင်းစွာ မှည့်ပျော့နေပြီ ဖြစ်သည်။ ရေဆေးထား၍ သန့်စင်လည်းနေသည်။

"ရေ ဘယ်သူဆေးထားလဲ"

"သမီးဆေးထားတာ၊ ရေဆေးပြီး ကြောင်အိမ်ထဲထည့်ထားတာ၊ ချော့လို့ မရဘူး၊ အဲဒီဓားကြီးနဲ့ ခွဲစားမလို့တဲ့"

သူ့အကြောင်းပြောသည်ကို မကြိုက်ဟန်ဖြင့် "ရှားမယ်" ဟု ညိုကြီးက အော်ဟောက်၏။

ခေါင်းကိုခါပြီး ဒေါ်မြကြည်က ရေချိုးခန်းဘက် ထွက်သွားသည်။

ငြိမ်းက သဘော်သီးကို အခွံသင်သည်။

ငြိမ်းနားကပ်ရပ်နေသော ညိုကြီး၏တင်ပါးသည် ငြိမ်း၏ဒူးနှင့် ထိနေသည်။

ညိုကြီးသည် သူ့တင်ပါးကို ခွာကြည့်သည်။ ထို့နောက် ငြိမ်း၏ဒူးနှင့် ပြန်ကပ်ကြည့်ပြန်၏။ တစ်ပြိုင်နက်တွင် ငြိမ်း၏မျက်နှာကိုလည်း အကဲခတ်ကြည့်သည်။

ငြိမ်းက သဘော်သီးကို ဂရုတစိုက် အခွံသင်နေသည်။ အခွံများကို ဓားပွဲပုလေးပေါ်ရှိ ပန်းကန်တစ်ချပ်အတွင်း သင်ချရလေရာ လက်လှမ်းမီရန် ဆက် ကုလားထိုင် အဖျားပိုင်း၌ ငြိမ်းက ထိုင်ထားသဖြင့် ကုလားထိုင်အဖျားစွန်းမှ ပုဆိုးအောက်မှ ငြိမ်း၏ပေါင်များလည်း ထွက်နေသည်။

ညိုကြီးသည် သူ့တင်ပါးနှင့် ငြိမ်း၏ပေါင်တစ်ဘက်ကို ကပ်ကြည့်ပြန်သည်။

ထိုအချိန်တွင်ကား ညိုကြီး ဘာလုပ်နေသည်ကို ငြိမ်းသတိပြုမိသည်။ သို့ရာတွင် မသိချင်ယောင်ဆောင်၍ ငြိမ်းသည် သဘော်သီးကိုသာ ပြီးအောင် အခွံသင်နေသည်။

ငြိမ်းလုပ်ကိုင်နေသည်ကို...ကိုလှဝေက ထိုင်ကြည့်နေသည်။ အစသော် အာမန်ကြည့်နေခြင်းသာ ဖြစ်သည်။ မကြာမီပင်...အဓိပ္ပာယ်ပြည့်ဝသော ရှုခင်း တစ်ရပ်ကို မြင်နေရမှန်း သတိဝင်လာသည်။

မိန်းမသားတစ်ဦးက စားသောက်ဖွယ်ကို ပြင်ဆင်နေသည်။ အနီးတွင် ကလေးနှစ်ဦးက စောင့်မျှော်နေကြသည်။

သည်ရှုခင်းမျိုးကို ဘယ်မှာတွေ့နိုင်သနည်း...။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်းတွင် တွေ့နိုင်သည်။ မိခင်နှင့် သားသမီးများ…။ သားသမီးများ နှင့် မိခင်…၊ သည့်ထက် ဘဝအဓိပ္ပာယ် ပြည့်ဝသော ရှုခင်း…၊ သဘာဝအကျကြီး ကျသော ရှုခင်း…၊ ဘယ်မှာတွေ့နိုင်ပါသနည်း…။

ကြည်နူးစိတ်ဖြင့် ငိုင်ကြည့်နေသော ကိုလှဝေမှာ တိုးတက်ဖြစ်ထွန်းမှု အသစ်တစ်ရပ်အတွက်လည်း မျက်လုံးပြူး အံ့ဩသွားရ၏။

ငြိမ်းက သဘော်သီးကို ကျကျနန အခွံသင်ပြီးသွားပြီ။ ငြိမ်း၏ပေါင်ပေါ် ၌လည်း မတ်စတာညိုကြီးက ကျကျနန ရောက်နေလေပြီ။

ညိုကြီးကို ပေါင်ပေါ်တင်ထားလျက်နှင့် ငြိမ်းက ပန်းကန်ပြားအလွတ် တစ်ချပ်တွင်းသို့ သဘော်သီးကို လေးထောင့်အတုံးလေးတွေတုံး၍ ထည့်သည်။

'အားလုံးပြီးသွားသောအခါ သဘော်သီးတစ်တုံးကို ငြိမ်းကယူ၍ ညိုကြီး ကို ခွံ့ပေးသည်။

"သမီးလဲစားလေ"

ငြိမ်းကပြောသဖြင့် မိဝင်းကလည်း နှိုက်စားသည်။

ကိုလှဝေက မယုံနိုင်စွာဖြင့် ညိုကြီးကို မျက်လုံးပြူးကြည့်မိသည်။

ခါတိုင်းဆိုလျှင် သူချည်း အပေါ်စီးယူ လုနှိုက်ပြီး ပလုပ်ပလောင်းနှင့် စားတတ်သည်။ ယခုမူ သူကောင့်သားက ယဉ်ကျေးလိမ္မာ ဣန္ဒြေရစွာဖြင့် ငြိမ်း ခွံ့ပေးသည်ကို ငြိမ်စားနေသည်။

ငြိမ်းက လှမ်းပြောသည်။

"ဆရာလဲ စားပါဦး"

"ဗျာ…"

"မြည်းကြည့်ပါဦး"

ငြိမ်းက ပန်းကန်ကို ကမ်းပေးသဖြင့် ကိုလှဝေလည်း သဘော်သီး သုံးလေးတုံးကို နှိုက်စား၏။ သဘော်သီးကလည်း ချိုသည်။ သူ့ရင်မှာလည်း ချို၏။

ညိုကြီးက ငြိမ်း၏ပါးစပ်ကို လက်ညှိုးထိုးပြပြီးဆို၏။

"ရှား…"

"သြော်…အင်း…စားပါ့မယ်"

ငြိမ်းက သဘော်သီးကို နှိုက်ယူစားပြရာ ညိုကြီးသည် အလွန်သဘောကျ ဟန်ဖြင့် ရယ်၏။



ညိုကြီးရယ်သဖြင့် မိဝင်းက လိုက်ရယ်သည်။ မိဝင်းရယ်သဖြင့် ကိုလှဝေ က လိုက်ရယ်သည်။ သူတို့အားလုံး ရယ်နေသဖြင့် ငြိမ်းလည်း လိုက်ရယ်သည်။

ရေချိုးခန်းမှ မျက်နှာသစ်ပြန်လာ၍ မျက်နှာနှင့်ဆံပင်ကို အနည်းငယ် ဖြပြင်ပြီးသွားသော ဒေါ်မြကြည်သည် မိမိအခန်းဝ,မှနေ၍ ရယ်နေသူများကို နား မလည်နိုင်စွာ လှမ်းကြည့်နေသည်။

ဘာတွေများ ရယ်နေကြပါသနည်း။ မြိုင်လိုက်ဆိုင်လိုက်ပါဘိ။ ဖွ… မပြောကောင်း ပြောကောင်း၊ သားအမိ သားအဖတွေနှင့် တူတူသေးတော့…။ အယ်…တောက်တီးတောက်တဲ့…တွေ။

သူ့အတွေး သူပြန်ရှက်ပြီး အပျိုကြီးသည် မျက်နှာပိုးသတ် ဣန္ဒြေဆောင် လျက် မီးဖိုခန်းဘက် ထွက်ခဲ့၏။

သဘော်သီးကုန်သွားသောအခါ မိဝင်းက လက်သုတ်ပဝါ ယူလာပေးပြီး ားများပန်းကန်များကို သိမ်းသွားပေး၏။ငြိမ်းကချီးမွမ်းသည်။

"သိပ်အလိုက်သိတဲ့ ကလေးပဲ၊ သွက်လဲ သွက်တယ်နော်"

"ဟုတ်တယ်၊ ဒါပေမယ့်…အားကြီး ဝမ်းနည်းတတ်တယ်"

"သြော…"

ညိုကြီးက ငြိမ်းပေါင်ပေါ်မှ မဆင်းတော့။ မိဝင်းသည် ပြန်ဝင်လာပြီး ငြိမ်းဘေးရှိ ကုလားထိုင်၌ ထိုင်သည်။ အသိအမှတ်ပြုသည့် သဘောဖြင့် ငြိမ်းက မိဝင်း၏ လက်လေးတစ်ဘက်ကို လှမ်းဆုပ်ကိုင်သည်။

ကိုလှဝေက ချောင်းဟန့်သည်။ မူရင်းကိစ္စစကားက မပြတ်သေး…။

"ဆရာတို့ လခအကြောင်း မပြောရသေးဘူး…"

"ဟုတ်ကဲ့"

"နေဖို့၊ စားဖို့သောက်ဖို့၊ ခရီးသွားဖို့ အားလုံး ဆရာတာဝန်ယူတယ်၊ လခချည်းသက်သက်…နှစ်ရာ၊ ငြိမ်း သဘောတူရဲ့လား"

ငြိမ်းမှာ အံ့အားလည်းသင့်၊ ဝမ်းလည်းသာသွားသည်။

"ငြိမ်း မျှော်လင့်ထားတာထက်တောင် ကောင်းပါတယ်၊ ငြိမ်း သဘော တူပါတယ်"

"တခြား ငြိမ်း ဘာပြောစရာရှိသေးလဲ"

"တစ်ခုတည်းပါပဲဆရာ၊ အစပိုင်းမှာ ဆရာ လခတစ်ဝက်ပဲ ပေးပါ၊ ဒါပေမယ့် ငြိမ်း ဒီမှာနှစ်လလောက်လုပ်ပြီးလို့ ဆရာကျေနပ်ရင် ငြိမ်းကို ငွေ

www.burmeseclassic.com

www.burmeseclassic.com



(၁၅၀၀) လောက် ကြိုတင်ပေးပါ၊ ငြိမ်းရဲ့ နောက်လခတွေထဲက ဖြတ်ယူပါ''

''ဆရာ့အတွက် အဲဒီလောက်ဟာ အပန်းမကြီးပါဘူး''

''ဒီလိုဆိုရင် ငြိမ်းမှာ ဘာမှပြောစရာ မရှိတော့ပါဘူး၊ ငြိမ်း ဘယ်နေ့ အလုပ်ဝင်ရမလဲ''

ကိုလှဝေက ရယ်သည်။

''ငြိမ်း အခု အလုပ်ဝင်နေပြီလေ''

''ရှင်...''

''ငြိမ်းပေါင်ပေါ်က ပုဂ္ဂိုလ်လေးကို လွယ်လွယ်ကူကူနဲ့ ဆင်းခိုင်းလို့ရမယ် ထင်သလား''

ကိုလှဝေ၏စကားကို ညိုကြီး နားလည်ဟန်တူသည်။ ညိုကြီးသည် ငြိမ်း၏မျက်နှာကို မော့ကြည့်သည်။ သူ့မျက်လုံးလေးများမှ စိုးရိမ်မှုသဘောကို ငြိမ်းမြင်သည်။

ငြိမ်းက ပြုံးလိုက်ရ၏။

''ကောင်းပါပြီ၊ ဒီနေ့ပဲ ငြိမ်း အလုပ်ဝင်ပါမယ်၊ ငြိမ်း ပစ္စည်းလေးတွေ တော့ ပြန်ယူရဦးမယ်၊ ကြာလဲ မကြာပါဘူး''

''ဒီလိုလုပ်လေ၊ ဆရာတို့လဲ လိုက်သယ်ပေးမယ်၊ ဆရာ့မှာ ကားရှိပါ တယ်၊ ငြိမ်း ဘယ်မှာတည်းလဲ''

''ငြိမ်းရဲ့ဆရာမ၊ လက်ထောက်ကထိကတစ်ဦးရဲ့ အိမ်မှာပါ၊ ပညာရေး တက္ကသိုလ်နောက်က''

''ကဲ ဒီလိုဆို သွားကြမယ်၊ ညိုကြီးနဲ့မိဝင်း အဝတ်လဲကြဟေ့...''

သည်တစ်ချီမှာတော့ ကားလေးပေါ်တွင် လူလေးဦး၊ နေရာအပြောင်း အလဲလည်း ရှိသွားပြီ။

ကိုလှဝေ၏ဘေးတွင် မိဝင်းထိုင်သည်။ နောက်ခန်း၌ကား ငြိမ်းနှင့် ညိုကြီး။ ကားရှေ့ခန်းတွင်ထိုင်ရန် ညိုကြီး မတောင်းဆိုတော့။

မြင်းပြိုင်ကွင်းကြီးကို အပတ်၌ ထုံးစံအတိုင်း ညိုကြီး၏သီချင်းသံ ပေါ် လာသည်။

''အာယာယာ...ဂျီငေ...၊ ဟေး...ဘာဂျီး ဘာဂျီးယာ''

''ဆရာ...အဲဒါ သူဘာပြောတာလဲ

''သူပျော်လို့ သီချင်းဆိုတာငြိမ်း၊ ညိုကြီးက သူ့သီချင်း သူစပ်တာ''



ကိုလှဝေ ချီးမွမ်း၍လားမသိ။ ညိုကြီးသည် သူ့သီချင်းကို စာသားသစ် များ တိုးထည့်၏။

''အာယာယာ...ဂျီငေ...၊ ဟေး...ဘာဂျီး...ဘာဂျီး...ယာ...၊ ဂျင်း ကော်ကော်...ဂျင်းကော်ကော်...တီ...တီ...တီ..တီ...ဗွန်...ဗွန်...ဗွန်...ဗွန် ...''

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ပန်းဆိုးတန်းလမ်းရှိ လေးထပ်တိုက်ဝါကြီးတစ်ခု၏ လှေကားမှ ကိုလှဝေ တက်လာနေသည်။ သူ့လက်တွင်း၌ လက်ဆွဲသေတ္တာအနက်လေးတစ်လုံးကို ကိုင်ထားသည်။

လှေကားမှတက်လာစဉ် ကိုလှဝေသည် "အာယာယာ...ဂျီငေ...ဟေး...ဘာဂျီ...ဘာဂျီးယာ..." ဟု စိတ်တွင်း၌ တေးဆိုလာ၏။

"ညွှန့်စံနမူ" စာပေဟု ဆိုင်းဘုတ်လေးတပ်ထားသော ဒုတိယအထပ်မှ အခန်းတစ်ခုရှေ့တွင်ရပ်ပြီး ကိုလှဝေက သံမျောက်လက်ဖြင့် တံခါးကို နှာနှာခေါက်၍ လူခေါ်သည်။

သိပ်မကြာဘဲ တံခါးပွင့်လာ၏။ တစ်ပြိုင်နက်မှာပင် ကြောင်သေးနံ့က နှာခေါင်းတွင်း စူးဝင်လာသည်။

မျက်နှာပြည့်ပြည့် မိုက်ရှဲရှဲ ကတုံးဆံတောက်နှင့် အသက်လေးဆယ်ကျော်လူတစ်ဦးက ပြုံးရွှင်စွာ ကိုလှဝေကိုကြိုဆိုသည်။

"ဟာ...ဆရာ၊ လာလာ...မျှော်နေတာ"

ကိုလှဝေက အခန်းတွင်းသို့ ဝင်လိုက်သည်။



ညွှန့်စံနမူစာပေ၏ ဧည့်ခန်းလည်းဖြစ်၊ အလုပ်ခန်းလည်းဟုတ်၊ ရုံးခန်းလည်းမှန်သော ရှေ့ခန်းတွင် ကိုလှဝေ ထိုင်မိသည်။

ကိုလှဝေနှာခေါင်း ပွစိပွစိလုပ်နေသည်ကို ကြည့်ပြီး အိမ်ရှင်က ရယ်၍ ပြော၏။

"ဆရာ ဒီလာတိုင်း နှာခေါင်း ပွစိပွစိလုပ်တယ်"

"အဟင်း...ဦးခင်ညွှန့်တို့အိမ်ရောက်ရင် နှာပွင့်ပွင့်သွားတယ်"

"ကြောင်တွေရှိတာကိုး ဆရာရဲ့၊ ကျွန်တော်တို့က စာအုပ်နဲ့ လုပ်စားတာ မဟုတ်လား၊ ကြွက်ခြောက်ရတယ်၊ ကြောင်ရှိမှ"

ဧည့်ခန်းမှတစ်ပိုင်းတစ်စ လှမ်းမြင်ရသော အိပ်ခန်းတွင်း၌ နယ်ပို့ရန်ထုပ်စည်းထားသော စာအုပ်ပုံကိုမြင်ရသည်။ အိမ်နောက်ဖေး၌လည်း စာအုပ်ထားသော အထပ်ခိုးရှိသေးမှန်း ကိုလှဝေသိသည်။ ဦးခင်ညွှန့်ပေးသော ဆင်ခြေမှာမဆိုး။ သို့ရာတွင် အမှန်က သူ့မိန်းမနှင့် ခယ်မက ကြောင်ချစ်၍ ကြောင်သေးနံ့ကို သူလည်း သည်းခံနေရကြောင်း ကိုလှဝေ ကောင်းကောင်းသိသည်။

ကိုလှဝေ ပြုံးစိစိလုပ်နေသည်ကို မြင်သောအခါ ဦးခင်ညွှန့်က တန်ပြန်ခပ်သည်။

"ညီကြီးသေးနဲ့ ဘယ်သူနဲ့လဲဆရာ၊ အဟဲ..."

"ထွတ်...၊ ကလေးသေးက ဒီလောက်မနံပါဘူးဗျာ၊ ပြီးတော့ ညီကြီးက သေးပြတ်တော့မှာ"

"ဘာနည်းရလို့လဲဆရာ"

"ဘာနည်းရယ်လို့မဟုတ်ဘူး၊ ငြိမ်းရောက်ကတည်းက...အဲ...ညတိုင်း မလုပ်တော့ဘူး၊ ရက်ခြားတစ်ခါလောက်တော့ ဖောက်တုံးပဲ၊ ဒါပေမယ့် တစ်ခါတည်း ပြတ်သွားတဲ့နည်းကို ငြိမ်းက စဉ်းစားမိပြီတဲ့"

"နည်းက ဘယ်လိုတဲ့လဲ"

"ကျွန်တော်လဲ မသိသေးဘူး"

ဦးခင်ညွှန့်က ယဉ်ကျေးမှုအရ ရယ်နေသေးသည်။ ပြီးမှ အဓိကအကြောင်းကို မေး၏။

"ဝတ္ထုပြီးပြီလား ဆရာ"

"ပြီးတာမှ အပြီးအငြိမ်း"

"ဘယ်လိုအပြီးအငြိမ်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စာပေစီစစ်ရေးကိုတင်ဖို့ လက်နှိပ်စက်နဲ့ရိုက်ပြီး စာမူနှစ်ခု အပြီးအငြိမ်း"

"တယ်ဟုတ်လိုက်ပါလား၊ ဆရာ လက်နှိပ်စက်နဲ့ ရိုက်တတ်သွားပြီလား"

"ဘယ်ကလာ ကျွန်တော် ရိုက်တတ်ရမှာလဲ၊ ငြိမ်းရိုက်ပေးတာဗျ"

"ငြိမ်းက လက်နှိပ်စက်လဲ ရိုက်တတ်တယ်"

"ဘွဲ့ယူစာတမ်းရေးထဲက မှတ်သွားပြီး နောင်စာတန်းရေးတဲ့အခါ၊ ကျမ်းပြု တင်သွင်းတဲ့အခါ သူတစ်ပါးကို အားမကိုးရအောင် ကျောင်းရက်ရှည်ကြီးပိတ်တုန်း က လက်နှိပ်စက်သင်ထားတာတဲ့ဗျ"

"ဆရာရဲ့ငြိမ်းက တယ်ဟုတ်ပါလား"

"ဘာစကားလဲဗျ၊ ဆရာရဲ့ငြိမ်းဆိုတာ"

"အဟီး…ဆရာရဲ့ ငြိမ်းမဟုတ်လို့ ဘယ်သူ့ရဲ့ငြိမ်းလဲ"

"ကိုဇော်ရဲ့ငြိမ်း"

"ဘယ်သူ…"

"ဇော်တင်တဲ့၊ ငြိမ်းရဲ့ချစ်သူ"

"ငြိမ်းမှာ ချစ်သူရှိတယ်"

"ဘွဲ့ရပြီး…မဟာဝိဇ္ဇာတန်းအထိ တက္ကသိုလ်မှာနေတဲ့…ရုပ်ချောတဲ့ မိန်းကလေးတစ်ဦးမှာ ချစ်သူရှိပြီးဖြစ်နေတာဟာ ဆန်းသလား"

ဦးခင်ညွန့်သည် ခေတ္တစဉ်းစားနေပြီးမှ "ဟီးဟီး" ဟု ရယ်၏။

"ခင်ဗျား…ဘာရယ်တာလဲ"

"ဘွဲ့လည်းရပြီးပြီ၊ တက္ကသိုလ်မှာလည်း မဟာသိပ္ပံတန်းတက်နေတယ်၊ ရုပ်လဲချောတယ်၊ ဒီတော့…နုနုသွယ်မှာလဲ ချစ်သူရှိတယ်ပေါ့"

"အာ…ဘာဆိုင်လို့တုံး"

"ဆရာ့စကားနဲ့ ဆရာပဲလေ"

"အာ…အင်း…ဟင်း…ဟင်း…"

"ဆရာ့ယောက္ခမလောင်းကြီး ပြုစုနေတဲ့ ကျမ်းကြီးကော ပြီးခါနီးပြီ လား"

"ဟာ ဒုက္ခပါပဲ၊ ဒီလူ ဘာတွေလျှောက်ပြောနေတာလဲ"

"အကောင်းပြောတာပါ၊ ဆရာ့မျက်နှာထောက်ပြီး…သူ့ကျမ်းကြီးကို ရှုံးချင်ရှုံးပေစေ၊ ကျွန်တော့်တိုက်က ရိုက်ပေးပါ့မယ်"

"အဲဒီလိုဆို သူ့ကျမ်းကြီးပဲ စောင့်ထုတ်တော့၊ ကျွန်တော့်စာမူ မယူနဲ့



…တော့"

"အာ…အာ…အဲဒီလိုတော့ မလုပ်ပါနဲ့၊ ဆရာ့စာအုပ်ထွက်မှ မျက်မျက် …း စားရသူပါ"

ကိုလှဝေမှာ သွားစရာရှိသေးသဖြင့် အချိန်ဆွဲမနေတော့ဘဲ သေတ္တာနက် …းတွင်းမှ စာမူနှစ်ခုကို ထုတ်ပေးသည်။

ဦးခင်ညွန့်က စာမူနှစ်ခုကို ဟိုလှန်သည်လှန်ကြည့်သည်။

"ဆရာ့လက်ရေးနဲ့က စာမျက်နှာ ဘယ်လောက်ရှိလဲ"

"တစ်ရာခြောက်ဆယ့်လေး"

"ဒီလိုဆို (၂၇) ဖောင်လောက်ပေါ့၊ အတော်ပါပဲ၊ မထူမပါး၊ ကြော်ငြာ …တ်ထားလို့ နယ်ကိုယ်စားလှယ်တွေကလဲ မေးလှပြီ"

"စာမူခတော့ နည်းနည်းပြောချင်တယ်"

"ခင်ဗျာ"

"ကျွန်တော့်ကို နှစ်ဆယ်ရာခိုင်နှုန်း ပေးတော့ဗျာ"

"အာ…ဆရာရယ် မများဘူးလား"

"ကျွန်တော့်ကို နှစ်ဆယ်ရာခိုင်နှုန်း ပေးတဲ့လူတွေရှိတာ ခင်ဗျားလည်း …သိ၊ ဟို…မှတ်ဆိတ်မွေးကြီးဆိုရင် ဘယ်လောက်အထိ စကားခေါ်တယ်ဆိုတာလဲ …ျားအသိ၊ မိတ်ရင်းဆွေရင်းမို့ ကျွန်တော် ဆယ့်ငါးရာခိုင်နှုန်းပဲ ယူခဲ့တာကြာပြီ"

ဦးခင်ညွန့် ခေါင်းကုတ်စဉ်းစားနေ၏။ အတန်ကြာမှ…

"ဒီလိုလုပ်ပါလား ဆရာရယ်၊ ကြားထဲက…ဆယ့်ရှစ်ရာခိုင်နှုန်းထား"

"ဦးခင်ညွန့် ငွေရေးကြေးရေး ကျွန်တော် စကားမပြောတာ ခင်ဗျားအသိ …ပဲ၊ အဲ…အဲဒါ…ဟိုတုန်းက၊ အခုတော့ ကျွန်တော့်မှာ ကလေးနှစ်ယောက်လဲ …ာပြီ၊ ငြိမ်း…အဲ…ဆရာမလခလဲ ရှိသေးတယ်"

ဦးခင်ညွန့်သည် အချိန်အတန်ကြာ စဉ်းစားနေသည်။ ငါးရာခိုင်နှုန်းကြီး …း ထပ်တိုးပေးရမှာက မနည်း…။ သို့ရာတွင် ကိုလှဝေ မိမိပေါ် ကောင်းခဲ့သည် …ှ ရှိသည်။ မိမိတိုက်သည် ကိုလှဝေ၏ စာအုပ်တွေကြောင့် နာမည်ရခဲ့သည်။ …သည်ကား ကိုလှဝေ၏ စာအုပ်များက မြတ်သမျှ ကလောင်သစ်လေးများ၏ …အုပ်တွေက အကျိုးမရှိလှ၊ မွေးသည့်သဘောဖြင့် အရှုံးခံထုတ်ရသည်။ နာမည်ရ …ပြန်တော့ ဈေးကောင်းပေးရာ တိုက်ပြောင်းကုန်ကြသည်။ ယခု နာမည်ရစ …တ်ကိုင် ကလောင်သစ်နှစ်ဦး ရှိသည်။ သူတို့ကိုလည်း စိတ်မချရ။ သည်ကြားထဲက

www.burmeseclassic.com



ကိုလှဝေ ကိုပါ လက်လွှတ်သွားလျှင်…။

ဦးခင်ညွှန့် စိတ်ကို ဆုံးဖြတ်ပြီးပြော၏။

"ဆရာ့မှာ တိုးလာတဲ့ တာဝန်တွေလဲ ရှိလာတော့…ကျွန်တော် မ တော့ပါဘူး၊ ဒါပေမယ့် တစ်ခုပဲ ဆရာ"

"ဘာများလဲ"

"ဆရာ တစ်နှစ်ကို ခုထက် အနည်းဆုံး တစ်အုပ်တော့ ပိုရေး မယ်"

"ရေးမှာပေါ့ဗျာ"

"ရေးမှာပေါ့ မလုပ်နဲ့လေ၊ တော်တော်ကြာမှ…ဗီလင်မလာလို့၊ လမ်းမကြိုက်သေးလို့၊ နောက်ခံဒေသ သွားမလေ့လာရသေးလို့နဲ့…ဆရာ ခွဲ မှာ"

"ကျွန်တော် ပြောပါရစေလား…၊ အဲဒါက အရင်တုန်းက…၊ အ တော့ ငွေလိုတယ်ဗျာ…၊ တကယ်လိုတယ်၊ ခင်ဗျားစိတ်ချ၊ အခု ကျွန်တော့် ထဲမှာ ရေးစရာ ဇာတ်လမ်းသုံးပုဒ် အဆင်သင့်ရှိတယ်"

ဦးခင်ညွှန့် ဘဝင်ကျသွားသည်။ ရာခိုင်နှုန်းတိုးပေးရသော်လည်း တိုးရလျှင် မဆိုး။ မဆိုးမဟုတ် အများကြီး အကျိုးရှိမည်။

"ကဲ ကျွန်တော် သွားစရာရှိသေးတယ်၊ စာမူရိုက်ခ,တော့ လက်ငင်း ဗျို့"

"မဆိုင်းတော့ဘူးလား ဆရာရဲ့"

"ကျွန်တော့်အတွက် မဟုတ်ဘူး၊ ငြိမ်းအတွက်"

"သြော…ငြိမ်းအတွက်"

"ခင်ဗျား ဘာပြောတာလဲ"

"သြော်…ဆရာ့မှာ တာဝန်တွေတိုးလာတာကိုပါ၊ ကလေးတွေအတွ ငြိမ်းအတွက်…၊ ဟဲ…ဟဲ…ဟဲ…အဲ…ဘယ်လောက်လဲ ဆရာ"

"လက်နှိပ်စက်ရိုက်ခက…တစ်ရာ့ခြောက်ဆယ်၊ စက္ကူတစ်ထုပ်ဖိုး နှစ်ဆယ်နဲ့ လေးဆယ့်ငါးပြား၊ ကာဘွန်စက္ကူဖိုးတော့ မယူတော့ပါဘူး"

"သိပ်တိကျပါလား ဆရာ"

"တိကျရပြီလေ"

"ဒါပေါ့ ကလေးတွေအတွက်၊ ငြိမ်းအတွက်"



"ခင်ဗျား ငြိမ်းကိုချည်းပဲ ခလုတ်တိုက်နေတယ်"

"မဟုတ်ပါဘူး၊ ကလေးတွေလဲ ပါ,ပါတယ်"

ကိုလှဝေက ဘာမျှမပြောတော့။ ဦးခင်ညွှန့် သော့ထုတ်ပြီး အံခွဲဖွင့်သည် သာ ကြည့်နေတော့၏။

"ရော့ ဆရာ…၊ တစ်ရာရှစ်ဆယ်နဲ့တစ်ကျပ်"

"အား…ကျေးဇူးပါပဲ"

ကိုလှဝေက ငွေကို သေတ္တာတွင်းထည့်ပြီး နေရာမှထသဖြင့် ဦးခင်ညွှန့်က ာသည်။

"နေဦးဆရာ၊ ရည်ရွယ်ချက်နဲ့ ဇာတ်လမ်းအကျဉ်းချုပ်"

"ခင်ဗျား စာမူကို သေသေချာချာ မကြည့်သေးဘူး၊ အားလုံးပါတယ် ပြီးအငြိမ်း"

"ဆောရီးဆရာ၊ ကျွန်တော်မေ့သွားတယ်၊ အပြီးအငြိမ်း၊ ကျွန်တော်တို့ ့ပြောတဲ့ စကားတွေထဲမှာ…ဒီ ငြိမ်းဆိုတဲ့စကားက တယ်ပါသနော်"

ကိုလှဝေသည် ပြန်မပြောတော့ဘဲ အခန်းတွင်းမှ ထွက်လာခဲ့တော့သည်။

လမ်းတစ်ဘက်ရှိ ခရေပင်အောက်တွင် ဆိုက်ထားခဲ့သော ကားပေါ်ပြန် ရောက်၍ ကိုလှဝေသည် ကိုယ့်ဘာသာကိုယ် ပြုံးမိသည်။

ငြိမ်း…၊ အင်း…ငြိမ်းမှာလိုက်သည်က ရှိသေးသည်။

မကြာမီ ကိုလှဝေ၏ကားလေးသည် အလံပြဘုရားလမ်းရှိ ပါရာမောင့် ဝတ်ချုပ်ဆိုင်ရှေ့တွင် ရပ်လာသည်။

ကောင်တာတွင် အဆင်သင့်တွေ့ရသော ဆိုင်ရှင်ထောင်ကဲကို ကိုလှဝေက မ်းမေးသည်။

"ပြီးပြီလား သူငယ်ချင်း"

"ပြီးပြီ၊ ပြီးပြီ"

ဆိုင်ရှင်က ဘီဒိုတွင်း၌ အဆင်သင့်ရှိနေသော အဝတ်များကို ထုတ်ပေး ကိုလှဝေက စစ်ကြည့်၏။

အဝတ်များကား ကလေးဝတ်များ ဖြစ်လေသည်။ ရိုးရိုးအဝတ်မဟုတ် ဝတ်ဘောင်းဘီနှင့် အင်္ကျီလေးများဖြစ်ပြီး လှပသော ကီမိုနိုစဖြင့် ချုပ်ထားသည်။

"ဆရာ့အကြံ သိပ်ကောင်းတယ်၊ ဒါမျိုး ဘယ်သူမှ မချုပ်သေးဘူး၊ လေးတွေ ခေါ်မလာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မပါဘူးခင်ဗျ"

"ဆရာ့မိန်းမကော…"

"အား…"

"ဆရာ့မိန်းမက ချောတယ်နော်…"

"အား…"

"ကလေးတွေလဲ ချောတာပါပဲ"

"ကျွန်တော့်မိန်းမ…မဟုတ်ဘူးဗျ၊ ကျွန်တော့်…ဟိုဒင်း…နှမ…"

"ဟိုက်…၊ စိတ်မဆိုးပါနဲ့နော်…၊ တောင်းပန်ပါတယ်၊ ကျွန်ေ အများကြီး တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူးဗျာ၊ ကိစ္စမရှိပါဘူး"

ချုပ်ရှင်းပေးပြီး ကိုလှဝေသည် ဆိုင်တွင်းမှ မြန်မြန်ထွက်လာခဲ့သည်

ကားလေးကို ဂူးကနဲ မောင်းထွက်လာခဲ့စဉ် စိုင်းထီးဆိုင်၏ ဟိုသီချ လေးအတိုင်းပင် ကလေးနှစ်ယောက်ကောက်ရတဲ့ ငါ့တစ်ယောက်ရဲ့အဖြစ်ဟာ မလွယ်ပါဘူး…ဟု အော်ညည်းချင်စိတ် ပေါက်မိသည်။

❑

အိမ်ရှေ့မြက်ခင်းပြင်တွင် ညိုကြီးတို့က အသွင်တစ်မျိုးနှင့် ဖြစ်နေသည်

ကရာတေးဝတ်စုံဖြူလေးနှင့်ဖြစ်ရာ ပုပုလုံးလုံးနှင့် ညိုကြီးသည် အ လေးနှင့် တူနေသည်။ အရုပ်နှင့်သာတူသည် လူက ဟန်အပြည့်…၊ မာန်အပြ

မိဝင်းကလည်း ထိုနည်းတူ၊ ဝတ်စုံဖြူအပြည့်၊ ဟန်အပြည့်၊ မာန်လ အပြည့်။

ခါးပတ်ညိုစည်းထားသည့် ကရာတေးဝတ်စုံနှင့် ငြိမ်းက အမိန့်ပေးသည်

"ဒီစကိတ်…"

ရောမ ကရာတေးသင်တန်းသားကြီး နှစ်ဦးတို့သည် ဟတ်ချိဂျိဒတ် ရပ်နည်း ရပ်နေကြရာ ခြေစုံပူးလိုက်ကြကာ လက်ဖဝါးနှစ်ဘက်ကို ပေါင်ရှေ့ ကပ်ပြီး ငြိမ်ရပ်နေကြ၏။

"ရိန်း…"

ကစားမည့်မြေကြီးကို ပထမ ဦးညွှတ်အလေးပြုကြသည်။ ထိုနော



ငြိမ်းနှင့် အပြန်အလှန် အလေးပြုကြပြန်သည်။ ပြီးသောအခါ ညိုကြီးနှင့် မိဝင်းတို့ ဘ ပခုံးနှင့်အညီ ပေါင်ကား၍ ဟတ်ချိဂျိ ဒတ်ချိရပ်နည်းနှင့် ပြန်ရပ်နေကြ၏။

ငြိမ်းက လက်သီးဆုပ်လေးများကို လိုက်စစ်သည်။

နှစ်ဦးလုံး လက်ချောင်းလေးများကို ညီအောင်ဆုပ်ပြီး လက်မကို လက်ညှိုး နှင့် လက်ခလယ်ကြားထား၍ စံနစ်တကျ ဆုပ်ထားကြကြောင်း တွေ့ရသည်။

ငြိမ်းက "ချူဒန်တစုကီး" ဟု အချက်ပေးရာ ညိုကြီးက ငြိမ်းကို လှည့်ကြည့်သည်။

"ညိုကြီး၊ မိဝင်းလုပ်တာကို ကြည့်လေ"

ထိုအခါမှ ညိုကြီးသည် မိဝင်းကိုကြည့်လျက် လက်သီးဆုပ်ထားသော ဘက်ကို မှောက်လျက် ရှေ့သို့ ဆန့်ထုတ်သည်။ ညာလက်သီးဆုပ်ကိုမူ ခါးအနီး တွင် ပက်လက်ထားသည်။

ငြိမ်းက "အိချ်…အိချ်" ဟု အချိန်မှတ် အမိန့်ပေးရာ ညိုကြီးနှင့် မိဝင်းတို့သည် သူတို့လက်လေးများကို စည်းနရီကိုက် အမှောက်အလှန်မှန်စွာဖြင့် ဘယ်တစ်လှည့် ညာတစ်လှည့် ရှေ့ထုတ်ကာ ခါးလောက်ဆီကို ထိုးနေကြ၏။

ခါးစောင်းလောက်မြင့်သော တရုတ်စကားပင်ခွ၌ ထိုင်လျက် ဖော်တင်က ငြိမ်းတို့လုပ်နေသမျှကို ထိုင်ကြည့်နေ၏။

အတန်လေးကြာမှ သူတို့ကို ပြန်ရပ်နိုင်းလိုက်ပြီး ငြိမ်းကမှာသည်။

"ကဲ…တစ်ယောက်တလဲ အမိန့်ပေးရမယ်နော်၊ မိဝင်းက စ,အမိန့်ပေး ရမယ်၊ ညိုကြီး…ဒီဂန်တစုကီး…"

ညိုကြီးသည် သူ့ဘယ်ဘက်လက်လေးကို အထက်သို့မြှောက်ပြီး ငြိမ်းကို ကြည့်ပြန်၏။

"ဟုတ်ဘူးလေ"

ထိုအခါမှ ညိုကြီးက သူ့ဘယ်လက်လေးကို အောက်သို့စိုက်စိုက် ရှေ့ ထုတ်ချိန်သည်။

"အဲ…ဟုတ်ပြီ"

မိဝင်းက "အိချ်…အိချ်" ဟု အချိန်မှတ်အော်ပေးသည်။

ညိုကြီးက သူ့ပါးစုံလေးများလှုပ်အောင် ဟန်နှင့်ပန်နှင့် ထိုးနေ၏

ငြိမ်းက ဖော်တင့်အနီး ကပ်လာသည်။

"ကိုဖော်…ပျင်းနေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



''ပျင်းမနေဘူး၊ စဉ်းစားနေတာ''

''ဘာတွေများ စဉ်းစားနေတာလဲ''

''အဲဒီကောင်မလေးလဲ ကြီးလာရင် ချစ်သူတွေဘာတွေ ရှိလာမှာပဲ''

''တောက်တီးတောက်တဲ့တွေနော်''

''သဘာဝကို ပြောနေတာ၊ ကောင်မလေးက ခုထဲက ကရာတေးသင်ေ
တော့…အင်း…သူ့ချစ်သူတော့…ကိုဇော်လိုပဲ မသက်သာဘူး''

ငြိမ်းက ရယ်၏။

''တစ်ခါလေးခံထားရတာ သူမကြေသေးဘူး''

''နေပါဦး…၊ ကောင်မလေးကို ဘာလို့ မိဝင်းလို့…မိတပ်ပြီး ခေါ်ရ
လဲ''

''သြော်…ဒါလား၊ မိဝင်းတို့မေမေက မွန်တဲ့…၊ ရှမ်းမှာ နန်း၊ ဗ
မှာ…မ၊ မွန်မှာ…မိ၊ ဆရာက ဒီအစဉ်အလာကို တမင် ထိန်းသိမ်းထားတာတဲ့''

''ဒါဖြင့် ညီကြီးကျတော့ကော''

''မင်းညီကြီးလို့ ခေါ်ရမယ်ထင်တယ်''

''အံမယ်…တယ်ခန့်တဲ့ နာမည်ကြီးပါလား''

ငြိမ်းကရယ်ရင်း ဟန်နှင့်ပန်နှင့် အပြည့်လုပ်နေသော ညီကြီးကို လှ
ကြည့်နေသည်။

''ငြိမ်းက ဘာလို့ သူတို့ကို အဲဒါတွေ သင်ပေးနေတာလဲ''

''ငြိမ်းက တမင်သင်တာမဟုတ်ဘူး၊ ငြိမ်းလေ့ကျင့်တာ ဘေးက
ကြည့်ကြရင်း အတုခိုးလိုက်လုပ်ကြတာနဲ့ ငြိမ်းက စံနစ်တကျ သင်ပေးရတ
တစ်နည်းအားဖြင့် မမျှော်လင့်ဘဲ အခွင့်ကောင်းတစ်ခု ရတာပေါ့လေ''

''ဘာအခွင့်ကောင်းလဲ''

''ကလေးတိုင်းဟာ ခုန်ချင်ပျံချင် ဆော့ချင်စိတ်ရှိတယ်၊ အစွမ်းအစပြ
စိတ်လဲ ရှိတယ်၊ တစ်ပါးသူတွေက ဝိုင်းပြီး အာရုံပြုတာကို ခံလိုစိတ်ရှိတ
စိတ်ဆိုတဲ့စကားထက် လိုအင်ဆိုတဲ့စကားကို ငြိမ်းတို့သုံးတယ်၊ ဒီလိုအင်တွေ
စံနစ်တကျ ဖြည့်မပေးရင်…ရန်လိုတဲ့ကလေးတွေ၊ ဗိုလ်ကျတဲ့ကလေးတွေ၊ မျက်
ပြောင်တဲ့ကလေးတွေ ဖြစ်လာတတ်တယ်၊ အခု ညီကြီးနဲ့ မိဝင်းကိုကြည့်၊ က
ရင်းက သူတို့လိုအင်လေးတွေ ပြည့်နေတယ်၊ ပြီးတော့ အမိန့်နာခံတတ်ခြ
ပူးပေါင်းညီညာ လုပ်ဆောင်တတ်ခြင်း၊ စည်းကမ်းရှိသေတတ်ခြင်းဆိုတဲ့ အကျ



ကောင်းလေးတွေ ရသွားတယ်''

ဇော်တင့်ကို ရှင်းပြနေခိုက် ငြိမ်းသည် ညီကြီးတို့ဘက် လှည့်မကြည့်မိ။ မိဝင်း၏ အမိန့်ပေးသံမကြားရမှ ငြိမ်းက လှမ်းကြည့်သည်။ ညီကြီးသည် လုံးလုံး,လုံးလုံးနှင့် ငြိမ်းထံ ပြေးလာသည်။

''အမေ့…''

''ရှင်း…''

''တူလို့ရမယ်…''

''သြော်…ဟုတ်တယ်''

ညီကြီးက သူလည်း အမိန့်ပေးချင်သေးသည်။ ကရာတေးဝေါဟာရများကို သူ အကုန်ကား မသုံးတတ်သေး။ ထို့ကြောင့် ငြိမ်းဆီ လာအကူတောင်းခြင်းဖြစ်၏။

''ကဲ…မိဝင်း…ဂျော်ဒန်တစုကီး''

မိဝင်းက ဘယ်လက်ကို အထက်သို့ မြှောက်ထားလိုက်သည်။

''ကဲ…သား အမိန့်ပေးတော့''

ထိုအခါ ညီကြီးသည် ရင်ကိုကော့ကာ ခန့်ခန့်ကြီးဖြင့် အိချ်…အိချ်နှင့် အမိန့်ပေးနေတော့၏။

''ငြိမ်း…''

''အင်…''

''ခုနင်က…ညီကြီးက ငြိမ်းကို ဘယ့်နှယ်ခေါ်လိုက်တယ်''

''သြော်…အဟင်း…အမေတဲ့''

''ဗျာ…ငြိမ်းက အဲဒီလိုအခေါ်ခံတယ်''

''ကိုဇော်နားလည်ဖို့က ညီကြီးဟာ သူ့အမေကိုသူ လူမှန်းမသိခင်ထဲက ဆုံးရှုံးခဲ့ရတယ်၊ သူ လူမှန်းသိတတ်စမှာ တခြားကလေးတွေမှာ အမေရှိတာ၊ တခြားကလေးတွေမှာ သူတို့အမေကို အမေလို့ခေါ်တာ သူတွေ့ခဲ့တယ်၊ ကြားခဲ့တယ်၊ ငြိမ်းလဲ အစက သူက…အမေလို့ခေါ်လိုက်တော့ တစ်မျိုးကြီးဖြစ်သွားတယ်၊ နောက်မှ မိဝင်းပြောပြလို့ သိရတယ်၊ ရွာမှာထဲက ညီကြီးဟာ တခြားကလေးတွေ နဲ့ အမေကို အမေပဲ လိုက်ခေါ်တတ်တယ်တဲ့၊ သူ့ခင်တဲ့ မိန်းမသားတွေကိုလည်း အမေလို့ပဲ ခေါ်တတ်တယ်တဲ့၊ ငြိမ်းနဲ့မတွေ့ခင် သူ့အပိုင် အမြဲတမ်းခေါ်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ယောက်ကို ညိုကြီး ဘယ်လောက်များ စောင့်ခဲ့ရရှာသလဲ၊ အဲဒါ သနားတာမို့…ငြိမ်း…အမေလို့ ခေါ်တာခံတယ်”

“ဒါဖြင့်…မိဝင်းကော”

“အစက သူက…မမလို့ခေါ်တယ်၊ နောက်…ညိုကြီးခေါ်တာတွေ့ သူလဲ…ပြောင်းခေါ်တယ်၊ အမေလို့တော့ မဟုတ်ဘူး၊ မေမေငြိမ်း…တဲ့”

ဖော်တင်သည် မျက်နှာရှုံ့၍ ခေါင်းခါသည်။

“ဘာခေါင်းခါတာလဲ”

“ငြိမ်းဟာ မဟုတ်သေးပါဘူး”

“ဘာမဟုတ်တာလဲ”

“မပြောချင်ဘူးကွာ၊ ပြောလဲ ငြိမ်းကြိုက်မှာမဟုတ်ဘူး”

“အဲဒီလိုဆိုရင်လဲ မပြောနဲ့”

ငြိမ်းက စကားကို တမင်ဖြတ်ပစ်သည်။ ဖော်တင့်ရင်တွင်း ဘာရှိသည် ငြိမ်းရိပ်မိသည်။ ဤအလုပ် မိမိ ဝင်လုပ်သည်ကို ဖော်တင်က အစ,တည်း သဘောမတူ။

ဖော်တင်ကမူ ရင်တွင်း၌ ယားကျိကျိဖြစ်နေသည်ကို မခံနိုင်၍ ဆက် သည်။

“ဆရာကိုလှဝေကိုကော သူတို့က ဘယ်လိုခေါ်လဲ”

“အဖေတဲ့…ကဲ”

“ဗျာ…အဖေတဲ့…”

“အဖြစ်သည်းနေလို့ ရွဲ့ပြောတာ၊ ဘယ်လိုခေါ်ရမလဲ၊ ဦးဦး…တဲ့”

“အင်း…တော်သေးတာပေါ့”

“ဟင်းနော်၊ ဒါဘာစကားလဲ”

ထိုအခိုက်တွင်ပင် ခြံတွင်းသို့ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ဝင်လာ သည်။ ရှေ့မှအစီးမှာ ကိုလှဝေ၏ကားဖြစ်ပြီး နောက်တစ်စီးကား မြင်းချေးရောင် ကော်ရိုလာအမျိုးအစား ဖြစ်သည်။

နောက်ကား ဆင်ဝင်အောက်တွင် ရပ်နိုင်ရန်ရည်ရွယ်၍ ကိုလှဝေ မိမိ၏ကားကို ဂိုထောင်ဆီ တန်းမောင်းသွား၏။

“ကိုဖော်…ခဏနေဦးနော်”

ငြိမ်းသည် ကားဂိုထောင်ဆီသို့ အပြေးလေးသွား၏။



ဖော်တင်က မျက်မှောင်ကြုတ်ကြည့်နေသည်။ သူ့ရင်မှာ ယားကျိကျိမက။ အောင့်တောင့်တောင့် ဖြစ်သွားသည်။

ဂိုထောင်တွင်း၌ကား ငြိမ်းကမေးသည်။

“ရခဲ့လားဆရာ”

“ရခဲ့တယ်”

“အဲဒါကို အခု သူတို့မမြင်စေနဲ့ဦး”

“ဟင် ဘာပြုလို့”

“ငြိမ်းလုပ်မယ့်ကိစ္စမှာ…တိုင်မင်(ချိန်ကိုက်မှု) အရေးကြီးတယ် ဆရာ၊ အနားကပ်မှ သိစေချင်တယ်”

“ဒီလိုလား၊ သိပါဘူး ဆရာက အခုပဲပြမလို့”

“ဝှက်ယူသွားဦးဆရာ၊ ငြိမ်း ဒါလာပြောတာ”

“ဟုတ်ပြီ…ဟုတ်ပြီ”

ငြိမ်းနှင့် ကိုလှဝေတို့သည် ဂိုထောင်မှ အိမ်ရှေ့ဆီ အတူပြန်လျှောက်လာ ကြသည်။ ကိုလှဝေက ဝတ်စုံလေးများ ထည့်ထားသော စက္ကူအိတ်ကို ကလေးများ လှမ်းမမြင်နိုင်အောင် ကိုယ်ဖြင့် ခပ်ကွယ်ကွယ်ယူလာ၏။

ဖော်တင်၏အနားတွင် သူနှင့် ရွယ်တူပုံတူ ဆံရှည်မင်းသားတစ်ပါး ရပ်နေ၏။

ကိုလှဝေက နှုတ်ဆက်သည်။

“ကိုဖော် ရောက်နေတာ ကြာပြီလား”

“ဟုတ်တယ်ဆရာ၊ နေ့လယ်ခင်းထဲကပဲ”

ငြိမ်းသည် ဖော်တင်ကို ဖျတ်ခနဲ တစ်ချက်ကြည့်မိသည်။ ဖော်တင့်မျက်နှာ ၌ အောင်မြင်ခြင်း အပြုံးရိပ်ငွေ့ငွေ့ကို တွေ့ရသည်။

ငြိမ်းသည် မသိမသာလေး အံကြိတ်သည်။ အမှန်က ဖော်တင်ရောက်လာ သည်မှာ နှစ်နာရီခန့်သာ ရှိဦးမည်။ မိမိက စကားစပ်မိ၍ ကိုလှဝေ ထမင်းစားပြီး ကတည်းက ထွက်သွားကြောင်း ပြောမိသည်။ ယခု သူက ထို့ကြောင့် နေ့ခင်းထဲက ဟု ပြောနိုင်သည်။ နေ့ခင်းထဲကဆိုတော့…အကြာကြီး။ တွေးချင်သူ ချဲ့တွေးနိုင် သည်။

ကိုလှဝေကမူ ဘာမျှမတွေးမိဟန်ဖြင့် ဆို၏။

“ဟုတ်လား၊ ကဲ…စကားဆက်ပြောကြဦး”

www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့မယ်ဆရာ၊ ကျော်မင်းအောင် ရောက်လာပြီ"

ဇော်တင်သည် ငြိမ်းကိုပါ နှုတ်ဆက်ပြီး ကော်ရိုလာကားပေါ် တက်ထိုင်သည်။ ကျော်မင်းအောင်ကလည်း နှုတ်ဆက်စကားပြော၍ စတီရာရင်နောက်၌ ဝင်ထိုင်၏။

ငြိမ်းက မခံချင်ဟန်ဖြင့် ဇော်တင့်ကို စေ့စေ့ကြည့်နေ၏။

ကော်ရိုလာကားသည် စက်သံညက်ညက်မာမာဖြင့် ခြံတွင်းမှ ထွက်လာခဲ့သည်။

လမ်းမကြီးပေါ်အရောက်၌ ကျော်မင်းအောင်က ပြောသည်။

"ဟေ့ကောင်…ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"မင်းမျက်နှာကြီးက ကိုယ့်မုန့်အလုခံရတဲ့ ကလေးလို ဖြစ်နေလို့"

"ခေါက်ထားစမ်းပါ"

"မင်းတို့ ဒီနေ့ မကြည်ခဲ့ဘူးလား"

"ကြည်ပါတယ်ကွာ"

ဖြေသာဖြေရသည်။ ဇော်တင့်ရင်တွင်းမှ ယားကျိကျိဝေဒနာသည် မပျောက်။

မိမိနှင့် စကားပြောနေရင်းက ကိုလှဝေကားဝင်လာသည်နှင့် မိမိကိုပစ်ကာ ကိုလှဝေဆီ ပြေးသွားသော ငြိမ်းကို မကျေနပ်။ သည်လောက်တောင်ပဲလား။ အလုပ်ရှင်နှင့် အလုပ်သမားသည် သည်လောက်တောင်ပဲလား။ ပြန်လာသည်ကို သွားခရီးဦးကြိုလုပ်ရသလော။

ကျော်မင်းအောင်က ဆက်ဆွနေ၏။

"မင်း ငါပြောတဲ့အကြံမှ လက်မခံဘဲ"

"ဘာလဲ"

"မထူးတော့ဘူး၊ ကောင်မလေးကို ယူလိုက်တော့လို့"

"မင်းဘိုးအေ၊ ယူဖို့က လွယ်တာမှမဟုတ်ဘဲ"

"မင်းအိမ်က သဘောမတူဘူးလား"

"အဲဒါကလဲ တစ်ဖက်ပဲကွ၊ ငါ့အဖေလဲ ငါကြောက်ရတယ်၊ ငြိမ်းကိုတော့ ငါပြီးတယ်၊ အမှန်က ငါ့အမေက ငါ့ကို မိန်းမယူဖို့ အရွယ်ရောက်ပြီဆိုတာ သတိကိုမရသေးဘူး"



"ယူပြလိုက်ရင် သတိရသွားမှာပေါ့ကွ"

"သတိမရဘဲ…သတိလစ်သွားလို့ လှနေမယ်၊ ငါ့ကို မိန်းမပေးစားဖို့ သတိရတောင်မှ…ငါ အမှန်ဝန်ခံမယ်၊ ငါ့အမေအိပ်မက်ထဲက မိန်းကလေးဟာ ငြိမ်းမဟုတ်ဘူးကွာ"

"ဒီလိုဆို…မင်းတို့ဥစ္စာ ဘယ့်နှယ်လုပ်မှာတုံး"

"ခုနေတော့ မလွယ်သေးဘူးပေါ့ကွာ၊ မဟာသိပ္ပံဘွဲ့ရပြီး အလုပ်လေးဘာလေး ရ,လာရင်တော့ တစ်မျိုးပေါ့"

"မင်းဥစ္စာကြာဦးမှာ"

"ဘယ့်နှယ်တတ်နိုင်မလဲ"

"ရှေးရှေးက စကားပုံတစ်ခု ငါကြားဖူးတယ်"

"ဘာလဲ"

"ချဉ်သီးနဲ့ဆား၊ အတူထား၊ လျှာဖျားသွားရည်ယိုတဲ့"

"ဘာဆိုင်လို့လဲ"

"ငြိမ်းဆိုတဲ့ ချဉ်သီးလေးကြောင့် ဟိုဘဲကြီး သွားရည်မယိုဘူးလား"

"သူ့မှာလဲ သူ့ချဉ်သီးနဲ့ပါကွာ"

"ဘယ်သူလဲ"

"နုနုသွယ်လေ၊ နုနုနဲ့ငြိမ်းက သူငယ်ချင်းပဲ၊ ငြိမ်း ဒီမှာ အလုပ်လုပ်တာဟာလဲ နုနုနဲ့ တိုင်ပင်ပြီးလုပ်တာ"

"ဪ…ဒီလိုလား"

ကျော်မင်းအောင်က ဆက်မပြောတော့ဘဲ ကားကို ဂရုစိုက်မောင်းသည်။

ဇော်တင်ကမူ ကျော်မင်းအောင်ပြောသော စကားပုံကို ပြန်စဉ်းစားနေသည်။

ချဉ်သီးချင်းတော့ တူသည်။ သို့ရာတွင် နုနုသွယ်ဆိုသည့် ချဉ်သီးကဟိုအဝေးက အပင်ပေါ်မှာ။ ငြိမ်းဆိုသည့် ချဉ်သီးက…ဆားအိုးကြီးနှင့် ကပ်လျှက်။ အမယ်လေး…လေး။

ဇော်တင်၏ရင်မှာ ယားကျိကျိတွင်မက ချဉ်ငံငံစပ်တပ်တပ် ဖြစ်ခဲ့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ညကိုးနာရီခန့် ရှိပြီ။

ကိုလှဝေက မိမိအခန်းတွင် စာထိုင်ရေးနေသည်။ ဒေါ်မြကြည်က ဘုရား ခန်း၌ ပုတီးစိပ်နေ၏။

ဧည့်ခန်းတွင် ငြိမ်းက ရွှေသွေးဂျာနယ်ကို ရှေ့တွင်ချလျက် ဖတ်ပြနေ၏။

ကလေးများ အရုပ်တွေကိုပါ တွေ့နိုင်အောင် စာအုပ်ကို ငြိမ်းက စားပွဲ ပုလေးပေါ်တွင် ချထားလျက် ဖတ်ပြရ၏။ မိဝင်းက ငြိမ်းအနီးကြမ်းပြင်တွင် ဒူးထောက်လျက် လက်လေးတစ်ဖက်ကို စားပွဲပေါ်တင်ရင်း နားထောင်နေသည်။ ညိုကြီးကမူ ထိုင်နေသော ငြိမ်း၏ဒူးကြားတွင် ရပ်လျက်ဖြစ်သည်။

ဇာတ်လမ်းမှာ ရွှေကြက်ဖနှင့် အစားပြိုင်သော ဆင်ကြီးအကြောင်းဖြစ် သည်။ တဟောက်ဟောက်နှင့် အစာကောက်စားသော ရွှေကြက်ဖကိုပြိုင်ရန် ကြံ ချောင်းတွေ၊ သစ်သီးတွေစားပြီး ဆင်ကြီး အိပ်မောကျသွားပုံ ရောက်သောအခါ ကလေးနှစ်ဦးက တခွိခွိနှင့် ရယ်ကြ၏။

မိဝင်းက မှတ်ချက်ပေး၏။

"အဲဒါ…ညိုကြီးနဲ့တူလို့"



ညိုကြီးက "ဟို့ဖူး" ဟု ငြင်းသည့်အပြင် ငြိမ်း၏ပေါင်ကိုပုတ်ကာ "မေမေ့…ဟို့ဖူး" ဟု အကူအညီတောင်း၏။

"အေး…ဟုတ်ဘူး၊ ညိုကြီးနဲ့ မတူပါဘူး"

ငြိမ်းက ဇာတ်လမ်းကို ဆက်ဖတ်ပြ၏။

ဆင်ကြီး တစ်ရေးနိုး၍ ထ,ကြည့်သောအခါ ရွှေကြက်ဖမှာ တဟောက် ဟောက်နှင့် အစာကောက်စားတုန်း ဖြစ်သဖြင့် ဆင်ကြီး အရှုံးပေးရသည်။ ထိုစဉ် ရွှေကြက်ဖက ဆင်ကြီး၏ခေါင်းပေါ် ပျံတက်လိုက်၏။ သူ့ဦးနှောက်တွေကို ရွှေ ကြက်ဖက ဖောက်စားတော့မည်ထင်ပြီး ဆင်ကြီးမှာ ကြောက်လန့်တကြား အော် ဟစ်ပြေးသွားသတည်း။

ဇာတ်သိမ်းကို သဘောကျလှသဖြင့် မိဝင်းနှင့် ညိုကြီးတို့က အားရပါးရ ရယ်ကြ၏။

မိဝင်းက မေး၏။

"သမီးလဲ အဲဒီလို ဘယ်တော့ဖတ်တတ်မှာလဲ"

"မေမေငြိမ်း သင်ပေးတာတွေ ရ,အောင်လုပ်ပေါ့၊ သမီးလဲ ဖတ်တတ် မှာပေါ့"

"ရပြီလေ…၊ က…ကညစ် ပေမှာခြစ်၊ ခ…ခရာ အသံသာ၊ အဲဒါတွေ အကုန် သမီးရပြီ၊ က,ကြီးရေ က၊ က,ကြီးရေးချ ကာ၊ က,ကြီးရေးချ ရှေးထိုး ကော်တင် ကား…၊ က…ကာ…ကား…၊ ကဲ သမီးရတာပဲ"

"အဲဒါမျိုးတွေ အများကြီးရတော့ သမီး ဖတ်တတ်သွားမှာပေါ့၊ ကဲ မေမေငြိမ်းပြမယ်၊ ဟောဒီမှာ ခဲတံ၊ ခုနင်ကစာအုပ်မှာ သမီးသိတဲ့စာလုံးလေး တွေ ကို ခဲနဲ့ လိုက်ဝိုင်းပြ"

"အဲဒီထဲမှာ သမီးသိတာတွေ ပါတယ်လား"

"ပါတာပေါ့"

မိဝင်းသည် ခဲတန်လေးကိုင်ပြီး စာအုပ်၏ ပုံနှိပ်စာလုံးများတွင် သူသိ သော စာလုံးလေးများကို လိုက်ရှာကြည့်နေ၏။

ညိုကြီးက အားကျမခံဟန်ဖြင့် "ဝ…ဝ…ဝ…" ဟု အော်သည်။

"အဲ…ဟုတ်ပြီ၊ ငါ့သားလဲ စာတတ်ပြီ၊ မေမေ့ကိုဆိုပြ"

ညိုကြီးသည် လက်ညှိုးနှင့် လက်မတို့ဖြင့် ဝိုင်းပြ၏။ ထို့နောက် လက်နှစ် ဖက်ဖြင့် အဝိုင်းကြီးကြီးလုပ်ပြပြီး "ဝ" ဟု အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ကော"

ညိုကြီးသည် ကြမ်းပြင်သို့ ထိုင်ချလိုက်သည်။ ထို့နောက် ပြန် "ထ" ဟု အော်သည်။

"ပြီးတော့ကော"

ညိုကြီးက လက်ကလေးနှစ်ဘက်ကို မြှောက်ကာ က,ပြပြီး "ထ" ဟု အော်သည်။

"တယ်ဟုတ်ပါလား၊ ပြီးတော့ကော"

ညိုကြီးက မိုးပေါ်သို့ လက်ညှိုးထိုးပြပြီး "လ" ဟု အော်သည်။ မှုမက အိမ်ပေါက်ဝဆီ ထွက်ကြည့်လိုက်သေး၏။

"ရှိဘူး"

"ဘာလဲ သား"

ညိုကြီးက လက်ဖဝါးလေးကို လှည့်ခါပြရင်း "ရှိဘူး…ရှိဘူး" ဆိုနေ၏။

"သြော်…ဟုတ်ပါရဲ့၊ လမင်းကြီးမရှိဘူး၊ သူက ဟိုအဝေးကြီး အလည်သွားနေတယ်၊ ကဲ…လာပါဦး"

ညိုကြီးက ငြိမ်းထံပြန်လာသည်။

"ကဲ…လ,ပြီးပြီ၊ နောက်တစ်ခုကော၊ တစ်ခုကျန်သေးတယ်"

ညိုကြီးသည် အားရပါးရကြီး ပြုံးလိုက်ပြီး သူ့ရင်ပတ်ကို ပုတ်ပြ သည်။

"တ…တားတား"

ငြိမ်းက ညိုကြီးကိုပွေ့ယူကာ ရင်ခွင်တွင်းသွင်း၍ ပါးလေးကို နမ်းသ

"သားက သိပ်တော်တာပဲ၊ ဝ-ထ-က-လ-သ,တောင် တတ်နေပြ

မိဝင်းကလည်း သူ ခဲနှင့်ဝိုင်းထားသော စာလုံးများကို ပြ၏။

"သမီး မှတ်မိသားပဲ၊ မေမေငြိမ်းမပြောဘူးလား၊ ဒီထဲမှာ သမီးသိ စာလုံးတွေ ပါတယ်လို့"

"သမီးမသိတဲ့ စာလုံးတွေလဲ အများကြီးပဲ"

"တဖြည်းဖြည်းနဲ့ သိလာမှာပေါ့၊ မေမေငြိမ်း သင်ပေးနေတာပဲ သမီးကလဲ ဉာဏ်သိပ်ကောင်းတယ်"

ထိုစဉ် ဘုရားခန်းမှ ဒေါ်မြကြည် ထွက်လာသဖြင့် "ဟော ဘွားဘွ



…င် ပုတီးစိပ်ပြီးသွားပြီ၊ အိပ်ကြရမယ်၊ ဘာလုပ်ကြမလဲဟေ့" ဟု ငြိမ်းက …သည်။

ညိုကြီးနှင့် မိဝင်းတို့သည် ဘုရားခန်းသို့ ဝင်ပြေးကြရာ ငြိမ်းက လိုက် …ည့်သည်။

ကလေးနှစ်ယောက်က ဘုရားကို ဦးချကြသည်။ မိဝင်းက ရိုးရိုးဦးချ …ာ်လည်း ညိုကြီးက ပါးစပ်မှ "ပယား…ပယား" ဟု ဆိုသေး၏။

ဒေါ်မြကြည်က ဧည့်ခန်းတွင်ထိုင်ပြီး ရွှေသွေးဂျာနယ်ကို ကြည့်နေ၏။ …န်မှာ ဒေါ်မြကြည်လည်း ကာတွန်းနှင့် ရုပ်ပြစာစောင်များကို ကြိုက်သည်။

ကလေးနှစ်ယောက်က ဘုရားခန်းမှ ထွက်လာပြီး ဒေါ်မြကြည်ကို ဦးချ …။

"သာဓု…သာဓု၊ ဘုန်းကြီးကြပါစေ၊ သက်ရှည်ကြပါစေ၊ ငါ့မြေးတွေက …ိပ်လိမ္မာလာကြတာပဲဟေ့"

ညိုကြီးနှင့် မိဝင်းတို့သည် ကိုလှဝေရှိရာ သွားကြပြန်၏။

"အား…သာဓု၊ သာဓု၊ သာဓု၊ ဘုန်းကြီးကြပါစေ၊ သက်ရှည်ကြပါစေ၊ …တွေ အများကြီး စားကြရပါစေ"

မိဝင်းက အထွန့်တက်သည်။

"ဦးဦး…"

"ဗျား…ဗျား…"

"မုန့်တွေ အများကြီးစားရအောင် ဦးဦးဝယ်ပေးမှပေါ့"

ညိုကြီးကလည်း "ဦးဦးဝယ်ပေး" ဟု သံယောင်လိုက်သည်။

"အာ…ဝယ်ပေးမှာပေါ့၊ အများကြီးဝယ်ပေးမှာပေါ့"

ညိုကြီးနှင့် မိဝင်းတို့သည် ငြိမ်းထံပြန်လာ၍ ဦးချကြပြန်၏။

"ဘုန်းကြီးကြပါစေ၊ သက်ရှည်ကြပါစေ၊ ပျော်ရွှင်ကြပါစေ၊ ကဲ… …ွားကြမယ်"

ငြိမ်းသည် ကလေးများကို ရေချိုးခန်းဘက်ဆီသို့ ကိုယ်တိုင်ခေါ်သွားပြီး …ိပ်ရာမဝင်မီ ပြီးရမည့်ကိစ္စများကို ပြီးစေ၏။

အိပ်ခန်းသို့ ပြန်ရောက်ကြသောအခါ ငြိမ်းသည် အစီအမံကို စ,သည်။

"သမီး၊ ဒီညကစ,ပြီး ညဝတ်ဘောင်းဘီ အင်္ကျီ ဝတ်ရမယ်"

"တကယ်၊ ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ"

ငြိမ်းက ဝှက်ထားရာနေရာမှ ညဝတ်စုံလေးတစ်စုံကို ထုတ်ယူပေးသ

"ဟယ်…လှလိုက်တာ၊ ဟိုနေ့က သွားတဲ့ဆိုင်မှာ ချုပ်တာနော်"

"ဟုတ်တယ်၊ ကဲ…ဝတ်ရအောင်"

ငြိမ်းသည် မိဝင်းကို ညဝတ်စုံဝတ်ပေးနေရာ ညိုကြီးသည် နားမလ ဟန်ဖြင့် ကြည့်နေသေးသည်။

ပန်းရောင်ခံလျက် မီးခိုးနုရောင်အကွက်များ၊ အဝါ၊ အပြာ၊ အ အစိမ်းပွင့်လေးများနှင့် ဝတ်စုံလေးမှာ အသွေးအရောင်စုံလျက် လှပသည်။

မိဝင်းသည် ကိုယ်ဟန်ပြမယ်လေးကဲ့သို့ သူ့ကိုယ်လေးကို အမျိုး လှည့်ကြည့်နေသည်။

"ဝတ်စုံလေးက သိပ်လှတာပဲ၊ သမီးနဲ့ သိပ်ကြည့်ကောင်းတာပဲ"

"ဟုတ်တယ်နော် မေမေငြိမ်း၊ သိပ်လှတာပဲ"

"ကဲ…သွား…၊ မှန်ကြည့်လိုက်ပါဦး…"

ညည့်ခန်းဗီရို၌ ကိုယ်လုံးပေါ်မှန်ရှိရာ မိဝင်းပြေးထွက်သွား၏။ မိဝ နောက်မှ ညိုကြီးလည်း ပြေးလိုက်သွား၏။

မှန်ကိုအားရအောင် ကြည့်ပြီးမှ မိဝင်းပြန်ဝင်လာရာ ညိုကြီးလည်း ပါလာ၏။

"လှတယ်မို့လား သမီး"

"သိပ်လှတာပဲ မေမေငြိမ်း"

ညိုကြီး၏အော်သံ ထွက်ပေါ်လာ၏။

"ဝတ်မယ်"

"ဘာပြောတယ် သား"

"ဝတ်မယ်"

"ဘာဝတ်မှာလဲ"

ညိုကြီးက မိဝင်းဝတ်ထားသော ဝတ်စုံကို လက်ညှိုးထိုးပြ၏။

"ဟင့်အင်း…သား မဝတ်ရသေးဘူး"

"ဝတ်မယ်"

"မိဝင်းက အိပ်ရာထဲမှာ ရှုရှုမပေါက်ဘူး၊ ဒီတော့ ဝတ်ရတယ် သားက အိပ်ရာထဲ ရှုရှုပေါက်တယ်၊ ဒီတော့…မဝတ်ရဘူး"



"ဟင့်…ပေါက်ဖူး၊ ဝတ်မယ်"

ညိုကြီး၏အသံ၌ ငိုသံပါလာသည်။ မျက်နှာမှာလည်း မဲ့လာပြီ။

ငြိမ်းသည် ဝှက်ထားသော အခြားဝတ်စုံတစ်ခုကို ထုတ်ပြသည်။ မျှော် င့်ချက်ဖြင့် ညိုကြီး၏မျက်လုံးလေးများ အရောင်တောက်လာ၏။

"ကြည့်…ဟောဒီမှာရှိတယ်၊ ဒါပေမယ့် သားမဝတ်ရဘူး၊ အိပ်ရာထဲမှာ ရှုပေါက်တဲ့လူ မဝတ်ရဘူး"

"ပေါက်ဖူး၊ ဝတ်မယ်"

"ဟင့်အင်း…သားပေါက်တာပဲ၊ မဝတ်ရဘူး"

ငြိမ်းသည် ဝတ်စုံကို စက္ကူအိတ်အတွင်း ပြန်ထည့်၏။

ညိုကြီးသည် အသံပြဲနှင့် ကုန်းအော်ငိုတော့၏။

ငြိမ်းရင်တွင်းမှာ မကောင်း။ ကလေးကို ညှင်းသကဲ့သို့ ဖြစ်နေသည်။ ရာတွင် မတတ်နိုင်။ ညိုကြီးကို မချော့ဘဲ ကြည့်နေသည်။

ညိုကြီးငိုသံကြောင့် ကိုလှဝေ ရောက်လာ၏။

ယခုအခါတွင် ငြိမ်းနှင့် ကိုလှဝေမှာ ဇာတ်တိုက်ပြီး ဖြစ်ကြသည်။

"ဟေး…ညိုကြီး ဘာလို့ငိုတာလဲ"

ညိုကြီးက စက္ကူအိတ်ဆီ လက်ညှိုးထိုးပြပြီး "ဝတ်မယ်" ဟု ငိုရင်းက ။

"သြော်…အဲဒါဝတ်ချင်လို့လား၊ ငြိမ်း…သူ ဘာလို့မဝတ်ရတာလဲ"

"သူ အိပ်ရာထဲ ရှုရှုပေါက်တယ်"

"ရှုရှုမပေါက်ရင် ဝတ်ရမယ်ပေါ့"

"အင်း…ဝတ်ရမယ်"

ကိုလှဝေသည် ညိုကြီးကို ကောက်ချီလိုက်သည်။

"ငြိမ်းကိုပြောလိုက်၊ ရှုရှုမပေါက်ဘူးလို့"

"ပေါက်ဖူး"

"ငြိမ်းရေ…၊ သူ မပေါက်တော့ပါဘူးတဲ့"

"သား…၊ မေမေ့ကို ပြန်ပြောစမ်း၊ ရှုရှုပေါက်အုံးမလား"

"ပေါက်ဖူး"

"ကဲ…ဒါဖြင့် ဝတ်ရမယ်၊ မျက်ရည်တွေသုတ်၊ နှပ်တွေသုတ် ရော… လက်ကိုင်ပဝါ"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းက လက်ကိုင်ပဝါလေးပေးရာ ညိုကြီးသည် သူ့မျက်နှာလေး သုတ်၏။

ငြိမ်းသည် ညိုကြီးကို ဝတ်စုံလေးဝတ်ပေးသည်။ ညိုကြီး၏မျက်နှာသည် လည်း မဲ့ရာမှ ပြုံးတုံးတုံးဖြစ်လာ၏။

ကိုလှဝေက ဝင်မြှောက်ပေး၏။

"အံမယ်...၊ လှတယ်ဟေ့..၊ ငြိမ်း...မလှဘူးလား"

"လှတာပေါ့...၊ သိပ်လှတယ်"

ညိုကြီးသည် မိဝင်းလုပ်သကဲ့သို့ သူ့ကိုယ်လေးကို လှည့်ကြည့်နေရာ ငြိမ်း ဝင်ပြော၏။

"ကဲ...မှန်သွားကြည့်လိုက်ဦး"

ညိုကြီးသည် မိဝင်းကဲ့သို့ မပြေး။ သူ့ဝတ်စုံကို ထိနိုက်မည်စိုး၍ မသိ။ ကားယား...ကားယားနှင့်သာ လျှောက်ထွက်သွားသည်။

ငြိမ်းသည် ညိုကြီးနောက် လိုက်သွား၏။

ညိုကြီးက မှန်ရှေ့ရပ်ပြီး ကြည့်နေသည်။ သူ့မျက်နှာနှင့် မျက်လုံးများ ကျေနပ်မှုကို ဖော်ပြနေကြသည်။

"ကြည့်စမ်းသား၊ ဘယ်လောက်လှလဲ၊ ဟောဒီမှာလဲ ပန်းလေးတစ်ပွင့် ဟောဒီမှာလဲ တစ်ပွင့်၊ ဟောဒီမှာက သစ်ရွက်လေး"

ညိုကြီးသည် ငြိမ်းထောက်ပြသော ရောင်စုံအပွင့်လေးများကို လိုက်ကြည့် နေသည်။

"ကဲ...လာ...အိပ်ကြစို့"

ငြိမ်းက ညိုကြီးကိုချီခေါ်ခဲ့ပြီး သူ့ကုတင်လေးပေါ်တွင် ချပေး၏။

ညိုကြီးသည် သူ့ဝတ်စုံ သူပြန်ငုံ့ကြည့်ပြီး "လရယ်" ဟု ဆို၏။

"ဟုတ်တယ်၊ လှတယ်၊ ဒါပေမယ့်...ရှုံ့ရှုံ့တွေစိုကုန်ရင်...မလှတော့ ဘူး"

"ပေါက်ဖူး"

"အင်း...၊ မပေါက်နဲ့နော်၊ သားက လိမ္မာပါတယ်"

ငြိမ်းသည် ကလေးနှစ်ဦးကို ခြင်ထောင်ချပေးခဲ့ပြီး အပြင်သို့ ထွက်လာ သည်။

ကိုလှဝေက ဧည့်ခန်းတွင် ထိုင်နေ၏။



"ငြိမ်း တော်တော်မောသွားလား"

"ဟုတ်တယ်၊ မောတာထက် ကလေးကို သနားတယ်"

ငြိမ်းက မျက်နှာချင်းဆိုင်၌ ဝင်ထိုင်၏။

"ရလိမ့်မယ်လို့ ငြိမ်းထင်လား"

"စမ်းကြည့်တာပဲလေ၊ အိပ်ရာထဲ ဒီလိုလုပ်တာကို **အင်ယူးရီးဆစ်** ခေါ်တယ်၊ စိတ်လှုပ်ရှားမှုညှိယူခြင်း မှုမမှန်မှုနဲ့ ဆက်နွယ်နေတယ်၊ ငြိမ်းရောက် မှ ဒါလုပ်တာနည်းသွားတာက အားတက်စရာပဲ၊ စိတ်လုံခြုံမှု တိုးတက်လာတဲ့ ကွဏာပဲ၊ တစ်နည်းအားဖြင့် မသိစိတ်စေ့ဆော်မှု အားနည်းသွားတဲ့ သဘောပေါ့၊ မ်း ဒီညလုပ်ကြည့်တာက မသိစိတ်စေ့ဆော်မှု အားနည်းအသွားမှာ သိစိတ်ရဲ့ န်းကွပ်မှု အားကြီးလာအောင် ဖန်တီးကြည့်တာပဲ၊ ရ,မယ်လို့ ထင်ပါတယ်"

"ငြိမ်းစီစဉ်ပုံက အကွက်တော့မိတယ်၊ ရ,မယ်လို့ ဆရာလဲ ယုံကြည် ယ်၊ ဪ...ဒါထက် ငြိမ်းကို ပေးရဦးမယ်"

ကိုလှဝေက အိတ်တွင်းမှ ငွေစက္ကူများကိုထုတ်၍ ငြိမ်းကိုပေးသည်။

"အဲဒါ ဘာအတွက်လဲဆရာ"

"ငြိမ်းရဲ့ အချိန်ပိုလုပ်အားခ"

"ရှင်"

"ဆရာ မပြောရသေးဘူး၊ စာမူကို လက်နှိပ်စက် ရိုက်တဲ့အခါမှာ ိုယ့်ဘာသာကိုယ် မရိုက်တတ်ရင် ငှားရိုက်ခိုင်းရတယ်၊ ဆရာက ဒီလက်နှိပ်စက် ဟောင်းလေး ဝယ်သာထားရတာ၊ မရိုက်တတ်သေးဘူး၊ ပြီးတော့...တစ်သက်လုံး က်နဲ့ရေးလာတော့...လက်နဲ့မရေးရရင် ခံစားမှုက ထွက်မလာဘူး၊ တစ်ခုခု တအယောင် လုပ်နေရသလိုပဲ၊ ကိုယ့်လက်ရေးနဲ့ ကိုယ့်စာကို ကိုယ်ပြန်မြင်မှ က်လက်ဖန်တီးလို့ရတယ်"

"အဲဒါနဲ့...ဒီပိုက်ဆံက"

"ဆရာ ရှင်းပြပါမယ်လေ၊ ဆရာက ထုတ်ဝေသူကို လက်ရေးစာမူပဲ းလိုက်တာပဲ၊ သူ့ဘာသာ လက်နှိပ်စက်ရိုက်တတ်တဲ့သူ ငှားရိုက်ခိုင်းပြီး သူ့ ာသာပဲ ပိုက်ဆံပေးရတယ်၊ အခု ဒီပိုက်ဆံက ဆရာ့အိတ်ထဲက မဟုတ်ဘူး၊ င်ညွှန့်...အဲ ထုတ်ဝေသူဆီက တောင်းလာတာ၊ စောစောထဲက ပိုက်ဆံရမယ့် ကြောင်း ကြိုပြောမထားတာက ငြိမ်း လိပ်ပြာမသန့်မှာစိုးလို့"

"ရှင်...ဘယ်လို..."

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းက စေတနာနဲ့ ကူညီတာ၊ ပိုက်ဆံရမယ်လို့ ဆရာကပြောလို ရင်…ငြိမ်း လိပ်ပြာသန့်ပါတော့မလား၊ ပြီးတော့ ငြိမ်းရဲ့စေတနာကို…ဆ စော်ကားသလို ဖြစ်မသွားဘူးလား"

ငြိမ်းက ကိုလှဝေအား ကျေးဇူးတင်စွာနှင့် ကြည့်သည်။ မိမိ၏ စေတ ပေါ် နားလည်လေးစားသောကြောင့် ကျေးဇူးတင်ခြင်းဖြစ်သည်။

"ဒီငွေက ဆရာ့ငွေအမှန် မဟုတ်ဘူးနော်"

"ငြိမ်းကို ဆရာလိမ်မတဲ့လားကွယ်"

"သေချာအောင်လို့ မေးရတာပါ၊ ဆရာ့ငွေမဟုတ်ရင် ငြိမ်း လက်ခံ တယ်၊ ငွေအတွက်ရော…ငြိမ်းစေတနာကို နားလည်လို့ရော…ဆရာ့ကို ငြိ သိပ်ကျေးဇူးတင်ပါတယ်"

ကိုလှဝေက နေရာမှထ၏။

"အဲဒါပေးချင်လို့၊ ည,နက်ပြီ၊ ငြိမ်းအိပ်ချင်ရောပေါ့၊ ဆရာတော့ စာ လိုက်ဦးမယ်"

ကိုလှဝေက နှုတ်ဆက်ပြီး သူ့အခန်းဆီပြန်သွားရာ ငြိမ်းသည် ငွေစ လေးများကို ကြည့်ရင်း ကျန့်ရစ်သည်။

နွဲ့နွဲ့…ဟု ငြိမ်းသည် ညီမကို သတိရသည်။ မ,တည်ငွေရင်း (၁၅၀ ကိုမူ ကိုလှဝေဆီက ရ,မည်ဟု ကတိရှိပြီ။ မ,တည်ငွေရရုံနှင့် မပြီး။ တစ်စုံတ သော အချိန်အထိ ကိုယ့်စားရိတ်နှင့်ကိုယ် စားသွားရမည်။ မ,တည်ငွေနှုတ်ပြ သော မိမိ၏လခက မေမေနှင့် မောင်လေးတို့အတွက်။ ယခုလို မမျှော်လင့်ဘဲရ သော ငွေပိုလေးများက…နွဲ့နွဲ့အတွက်…။

ငြိမ်းသည် အခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။

ကလေးများဆီသို့ကြည့်ရာ နှစ်ဦးလုံး အိပ်ပျော်သေးဟန်မတူ၊ ကို လေးများက မငြိမ်သေး။

ငြိမ်းက ညီကြီးကို ဂရုစိုက် အကဲခတ်သည်။

ညီကြီး၏မျက်လုံးများက မှေးလိုက်ပွင့်လိုက် ဖြစ်နေသည်။ လက်ဒေ တစ်ဖက်ကို စောင်အောက်မှထုတ်ပြီး မမြှောက်တမြှောက် လုပ်ထားသည်။

ငြိမ်းကပြုံးသည်။ ညီကြီးသည် လှပသော အင်္ကျီလက်ကို ကြည့်ရင်း ငိုက်နေပုံရသည်။

ကိုလှဝေက ငြိမ်းကို ဒေါ်မြကြည်အခန်း၌အိပ်ရန် ပြောခဲ့သော်လည်



ငြိမ်းက ကလေးများအခန်း၌ပင် အိပ်သည်။

မိမိ၏ခုတင်အောက်မှ သေတ္တာတွင်း ငွေစက္ကူများကို ထည့်သိမ်းပြီး ဘုရားခန်းသို့သွားကာ ငြိမ်းက ဘုရားရှိခိုး၏။

အိပ်ခန်းဆီသို့ ငြိမ်းပြန်ရောက်သောအခါ ကလေးနှစ်ဦးလုံး အိပ်ပျော် သွားကြပြီ။

ငြိမ်းက အခန်းတံခါးကို ပိတ်သည်။ မီးပွင့်ကြီးကိုလည်း ပိတ်ပြီး အပြာရောင် ငါးအားမီးလုံးလေးကိုသာ ဖွင့်ထားလျက် ငြိမ်းလည်း အိပ်ရာဝင်သည်။

သတိနှင့်အိပ်သော ငြိမ်းမှာ အသံလေးတစ်သံကြောင့် နိုးလာခဲ့သည်။

အသံက ကြိတ်ငိုသံ၊ ညီကြီး၏ ခုတင်ဆီမှ လာသည်။

ငြိမ်းက လူးလဲထ,ပြီး မီးပွင့်ကြီးကိုဖွင့်၍ ညီကြီးဆီသွားသည်။

"သား…ညီကြီး၊ ဘာဖြစ်သလဲ"

"အီး…အီး…ရှူပေါက်ချင်တယ်"

"ဩော်…ရှူပေါက်ချင်လို့လား၊ မေမေ လိုက်တယ်မှာပေါ့၊ လာ… လာ…"

ငြိမ်းက ညီကြီးကိုပွေ့ချီကာ သန့်စင်ခန်းသို့ခေါ်ခဲ့၍ ရှူရှူတည်သည်။ ကိစ္စပြီးသောအခါ ငြိမ်းက ညီကြီးကို ခုတင်ပေါ်တွင် ပြန်သိပ်သည်။

"အမေ့…"

"ရှင်…"

"လရယ်…"

"အင်း…သိပ်လှတယ်"

"ရှူပေါက်ဖူး"

"အင်း…သားကလိမ္မာတယ်၊ မေမေက ဒါကြောင့် သားကိုချစ်တာ"

ငြိမ်းသည် ညီကြီး၏ ပါးဖောင်းဖောင်းလေးများကို နမ်းသည်။

အိပ်ရာပြန်မဝင်မီ ငြိမ်းက လက်ပတ်နာရီကို ကြည့်သည်။ နံနက် သုံးနာရီ ရှိပြီ။

ငြိမ်းက စိတ်ချမ်းသာစွာဖြင့် အိပ်ရာပြန်ဝင်သည်။ မိမိ၏ စမ်းသပ်မှုလေး အောင်မြင်သွားပြီတည်း။

နောက်တစ်နေ့နံနက်၌ ငြိမ်းနိုးသောအခါ မိဝင်းမနိုးသေး၊ ညီကြီးတစ်ယောက် ခုတင်ပေါ်တွင် လှုပ်တုတ်လှုပ်တုတ်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း ထ,ကြည့်သောအခါ ခုတင်ပေါ်တွင်ထိုင်လျက် ဟိုစမ်းသည်စမ်း လုပ်နေသော ညိုကြီးကို တွေ့ရသည်။

ငြိမ်းလန့်သွား၏။ လုပ်ထားပြန်လေပြီလော။

သို့ရာတွင် ညိုကြီးက ပြုံးချိုစွာဖြင့် လှမ်းပြောသည်။

"အမေ့ . . .ချိဘူး"

"ဘာမရှိဘူးလဲသား"

"ချိဘူး . . .၊ ရှုရှုချိဘူး"

ငြိမ်းသည် သဘောကျလွန်း၍ ဟက်ဟက်ပက်ပက်လေး ရယ်ကာ ညိုကြီး ကို ကောက်ယူချီလျက် အားရပါးရ နမ်းလိုက်သတည်း။

❑❑❑

## အခန်း (၁၄)

နာမည်ကြီး ဝေါ့ဒစ်စနေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် လူကြိုက် များသော လက်ဖတင်နှင့် ရော်ဘင်ခရူးဆိုး ဇာတ်ကားပြသည်မှာ နှစ်ပတ်တွင်းသာ ရှိသေးသဖြင့် ရှေ့ပွဲမပြီးမီကတည်းက နောက်ပွဲအတွက် တန်းစီတိုးနေသူများသည် သမ္မတရုပ်ရှင်ရုံရှေ့တွင် ကြိတ်ကြိတ်တိုးနေကြသည်။

နေ့လည်ပွဲအပြီး မြောက်ဘက် အထူးတန်းထွက်ပေါက်မှ ထွက်လာကြသူ များတွင် နုနုသွယ်တို့ သားအမိသားအဘ သုံးဦးလည်း ပါကြသည်။

နုနုသွယ်နှင့် ဒေါ်စိုးလှတို့က လက်တွဲပြီး ရှေ့မှဆင်းသည်။ ဦးဘသွယ် က နောက်မှကပ်လိုက်၏။

အရေးထဲ နုနုသွယ်မှာ ရင်တွင်း၌ မကျေမနပ်လေး ဖြစ်မိသည်။ ရုပ်ရှင် သာကြည့်တိုင်း သည်ပုံစံ၊ မေမေက မိမိကို ကလေးတစ်ယောက်ပမာ အမြဲလက်တွဲ ထားလေ့ရှိသည်။ သို့ရာတွင် နုနုသွယ် မကန့်ကွက်ရဲ၊ မကန့်ကွက်ချင်။

ရုံပြင် အလင်းထဲအရောက်၌ လှေကားရင်းဆီ ရောက်လုနီးပြီဖြစ်သော ပွဲတစ်တွဲကို တွေ့လိုက်ရသော နုနုသွယ်မှာ ရင်တွင်း၌ ဒိတ်ခနဲဖြစ်သွား၏။ အမှန်တ

www.burmeseclassic.com



စုံတွဲဟု ခေါ်နိုင်ပါ့မည်လော။ ကလေးနှစ်ဦးက ပါနေလေသေးသည်။

ကိုလှစေက ညီကြီးကိုချီထားသည်။ ကိုလှဝေနှင့် ယှဉ်ကမ်တွဲလျက်

ငြိမ်း။ ငြိမ်း၏လက်တစ်ဖက်က မိဝင်း၏လက်လေးကို တွဲထားသည်။

နုနုသွယ်က သူ့မိခင်ကို အလန့်တကြားလေး ကြည့်သည်။ ဒေါ်စိုး

ကလည်း ကိုလှဝေတို့ကို မြင်ပြီဖြစ်သည်။

"အမယ်...ရှေ့ကဟာ...မောင်လှဝေမဟုတ်လား"

နုနုသွယ်က မဖြေ။

"ဘယ်အချိန်က မိန်းမရသွားသလဲ၊ မိန်းကလေးကို ငါမြင်ဖူးပါတယ်"

နုနုသွယ် ဖြေချိန်မရလိုက်။ အောက်မှ ငြိမ်းက လှည့်အကြည့်

နုနုသွယ်တို့ကို မြင်သွားသည်။

"ဆရာ...၊ ဟိုမှာ...နုနုတို့...၊ ဟေး...နုနု..."

ကိုလှဝေမှာ ဒေါ်စိုးလှနှင့် ဦးဘသွယ်ကိုပါ တွေ့ရသဖြင့် အလိုလိုနေ

တုန်လှုပ်ချောက်ချားသွားမိသည်။

နုနုသွယ်တို့က ကိုလှဝေတို့အနီး ရောက်လာကြသည်။

ဒေါ်စိုးလှအသံက အလျှင်ထွက်လာသည်။

"အလို...ငြိမ်းမဟုတ်လား၊ ငြိမ်းက..."

သူ့မိခင် ပါးစပ်မှ ထင်ရာမြင်ရာ စွတ်မထွက်လာမီ နုနုသွယ်က

လေး ဖြတ်ပြော၏။

"ငြိမ်းက...ဆရာ့တူနဲ့ တူမတွေရဲ့ ဟိုဒင်း...ဆရာမ ဝင်လုပ်နေတ

မေမေ"

ဒေါ်စိုးလှက ငြိမ်းကိုကြည့်သည်။ နောက်...ကိုလှဝေကို ကြည့်သ

နောက်ဆုံး သူ့သမီးကို သူကြည့်သည်။ သူ့အကြည့်က မေးခွန်းတွေ တစ်ပုံ

မေးသော အကြည့်ဖြစ်သည်။

အနေရအထိုင်ရကျပ်သော ကိုလှဝေက ဦးဘသွယ်ကို လှမ်းမေးသ

"ဇာတ်ကားကို ဘယ်လိုသဘောရလဲ ဦး..."

"အာ...အဲ..."

ဦးဘသွယ် ကိုယ်တိုင်မှာလည်း ငြိမ်း၊ ကလေးနှစ်ယောက်နှင့် ကိုလှ

ကို စိတ်ဝင်စားနေသည်။ တစ်ဖန်...ကလေးကြိုက် လူငယ်ကြိုက်ဇာတ်ကား

မိမိကဲ့သို့ ပုဂ္ဂိုလ်ကြီးတစ်ဦး လာကြည့်သည်ကို လူမိသကဲ့သို့ ဖြစ်နေပြန်သ



တို့ကြောင့် ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်နေသည်။

"ဦးကတော့...ဟိုဒင်း...ဝေါ့ဒစ်စနေကို လေးစားတယ် မဟုတ်လား၊

သူ့နာမည်ပါနေလို့ လာကြည့်တာ၊ အင်း...အပျင်းတော့ပြေသား"

ဒေါ်စိုးလှက ကလေးနှစ်ဦးကို အကဲခတ်ပြီးမေးသည်။

"သူတို့က မောင်လှဝေရဲ့ တူနဲ့တူမ...ဟုတ်လား"

"ဟုတ်ပါတယ်"

"ငယ်ငယ်လေးတွေ ရှိသေးတာပဲ"

ညီကြီးကလည်း မျက်မှောင်ကြုတ်၍ သူတို့ကို အကဲခတ်ကြည့်နေသည်။

"အမေ..."

"ရှင်..."

ညီကြီးသည် နုနုသွယ်ကို လက်ညှိုးလေးနှင့် ထိုးပြကာ..."တူ..."

ဟုဆို ဘာသဘောကျသည်မသိ ခစ်ခစ်...ခစ်ခစ်နှင့် ရယ်တော့၏။ မိဝင်းက

လည်း သူ့မောင်နှင့်အတူ အလွန်သဘောကျဟန် လိုက်ရယ်၏။

လူကြီးတွေကြောင်နေခိုက် မိဝင်းက စတင် ဘာသာပြန်သည်။

"ညီကြီးပြောတာက...သူ့ကို မှတ်မိတယ်တဲ့၊ ညီကြီးက...သူ့ကို...

သူ့ကို..."

နုနုသွယ်မှာ မျက်လုံးဝိုင်းနေ၏။ ကိုလှဝေက အသက်အောင့်ထားမိ၏။

ညီကြီးနှင့် နုနုသွယ်တို့၏ ဇာတ်လမ်းကို ကိုလှဝေထံမှ တစ်ဆင့်သိပြီး

သော ငြိမ်းက အလျှင်အမြန် ကြားဝင်ပြောရ၏။

"သြော်...အဟင်း...၊ ညီကြီးက သိပ်မှတ်ဉာဏ်ကောင်းတယ်၊ အခု

လဲ...ညီကြီးက နုနုသွယ်ကို မှတ်မိလို့...အဲဒါ...နှုတ်ဆက်တာ"

ညီကြီး၏မျက်လုံးများသည် ဗန်းနှင့်ဈေးသည်ဆီ ရောက်သွားပြီး အခြား

သူမှတ်မိရာတစ်ခုကိုတွေ့၍ အော်သည်။

"ထွာကျို...ထွာကျို"

"သြော်...အေးအေး၊ ဝယ်ပေးမယ်"

နုနုသွယ်သည် လျှင်မြန်စွာ ဝင်နှုတ်ဆက်၏။

"ကဲ...လမ်းမှာ မတ်တတ်ကြီး၊ ငြိမ်းရေ...သွားအုံးမယ်၊ ဆရာ...

သွားမယ်"

နုနုသွယ် အမူပျက်နေသည်ကို ဒေါ်စိုးလှရိပ်မိသဖြင့် စိတ်တွင်းမှ မကျေ

www.burmeseclassic.com

www.burmeseclassic.com



နပ်လှ။ သို့ရာတွင် လက်ချင်းတွဲထားသဖြင့် သမီးနောက်ပါရသည်။

ဦးဘသွယ်ကမူ ပြောစရာရှိနေသေးသည်။

"မောင်လှဝေ အိမ်မရောက်တာကြာပြီ"

"ဩော်...ဟုတ်ကဲ့၊ ကျွန်တော် ခုတလော မအားလို့ပါ"

"ဦးက **အင်တိုနီးနီး(စ်)** ကေရာဇ် ဆိုတာတွေကို အစက ဘာလို့ခေါ်မှန်း မသိဘူး၊ နောက်မှ...**အင်တိုးနီးယက်(စ်)** အမည်ခံတဲ့ ကေရာဇ်တွေကိုး၊ ဒီနာမည် ယူတဲ့ ကေရာဇ်က တစ်ပါးထဲမဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား"

"မှန်ပါတယ်"

"ပုဂံသမိုင်းမှာလဲ ဒီလိုပါပဲ၊ စည်သူဘွဲ့ခံတဲ့ဘုရင်က တစ်ပါးထဲမဟုတ် ဘူး၊ အလောင်းစည်သူရယ်၊ နရပတိစည်သူရယ်၊ အံမယ်...ဒီစည်သူတွေလက် ထက်မှာ တိုင်းပြည်က ငြိမ်းချမ်းဝ,ပြော ကြွယ်ဝနေတယ်၊ သူတို့တွေကို မြန်မာ **အင်တိုနီနီး(စ်)** တွေလို့ မခေါ်နိုင်ဘူးလား"

"ဦးမြင်တာ မဆိုးပါဘူး၊ ဒါပေမယ့်...ရောမသမိုင်းက သအိတ်(ချ်) အော့(ဖ်) အင်တိုနီနီး(စ်)...(အင်တိုနီနီးစ်ခေတ်) ဆိုတာက အင်တိုးနီးယက်(စ်) ဘွဲ့ခံ ကေရာဇ်တွေကိုချည်း ရည်ညွှန်းတာမဟုတ်ဘူး၊ နာဗားကေရာဇ်ကနေ မားဂတ်(စ်) ဩရဲလီ(စ်)ယက် ကေရာဇ်အထိ ကေရာဇ်ငါးပါးကို ရည်ညွှန်းပါ တယ်၊ အဲဒီ ကေရာဇ်မင်း ငါးဆက်ခေတ်ကို အင်တိုနီနီး(စ်)ခေတ် သို့မဟုတ် **ကေရာဇ်မင်းကောင်းများခေတ်** လို့ သမိုင်းပညာရှင်တွေက ခေါ်ကြပါတယ်"

ဦးဘသွယ် မျက်မှောင်ကြုတ်သွားသည်။ မိမိမသိသော စကားအသုံးအနှုန်း ကို ကြားရသောကြောင့် ဖြစ်သည်။ ဆက်ဆွေးနွေးချင်သေးသော်လည်း လမ်းပေါ် မှာဖြစ်ကြောင်း သတိရသဖြင့် နှုတ်ဆက်၏။

"ဆက်ဆွေးနွေးချင်သေးတယ်၊ ဒါပေမယ့် ဟိုမှာ မစိုးလှတို့ စောင့်နေပြီ၊ သွားလိုက်ဦးမယ်၊ အိမ်လဲလာဦးလေ"

"ဟုတ်ကဲ့...ဦး"

ငြိမ်းက ကလေးတွေကို ကွာစိဝယ်ပေးပြီး ကိုလှဝေအနီး ပြန်ရောက်နေပြီ။

ကွာစိထုပ်လေးကို ကိုင်ထားသော ညီကြီးသည် ရပ်စောင့်နေသော ကားပေါ်မှ နုနုသွယ်တို့သားအမိကို မြင်သွား၏။

ညီကြီးက ပြုံးပြုံးရွှင်ရွှင်နှင့် ကွာစိထုပ်လေးကို လှမ်းမြှောက်ပြရာ နုနုသွယ်သည် လျှင်မြန်စွာ မျက်နှာလွှဲလိုက်၏။



"နုနု...ဘာဖြစ်နေတာလဲ"

"ခေါင်း...ခေါင်း...နဲနဲကိုက်လို့"

နုနုသွယ်တို့ကား ထွက်သွားမှ ကိုလှဝေတို့အသိုက်လည်း မိမိတို့ကား ဆီးပေါ် တက်ကြသည်။

ကားအထွက်တွင် ငြိမ်းက သတိပေးသည်။

"ကားပေါ်မှာ ကွာစိမစားကြရဘူးနော်၊ အိမ်ကျမှ စားရမယ်၊ သား သိမ်းထားနော်...၊ အိမ်ကျမှ မေမေ အခွံခွာကျွေးမယ်"

"သမီး မစားသေးပါဘူး" ဟု မိဝင်းကဖြေရာ ညီကြီးကလည်း "ရှားဘူး" ဟု သံယောင်လိုက်ပြောသည်။

ကားထွက်လာ၍ အတန်ကြာသောအခါမှ ကိုလှဝေက မေးသည်။

"နုနုတို့မိဘတွေနဲ့ ငြိမ်းကသိတယ်နော်"

"ဟုတ်ကဲ့၊ သိပါတယ်၊ သူတို့က ပုသိမ်မှာ အကြာကြီးနေသွားတာပဲ၊ ဒီရောက်မှလဲ သူတို့အိမ် ငြိမ်း အလည်ရောက်ဖူးပါတယ်"

ကိုလှဝေသည် ဘာမျှဆက်မပြောဘဲ ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်ကာ ကားကိုသာမောင်းနေ၏။

"ဆရာနဲ့ နုနုတို့မိဘတွေက တော်တော်ခင်သလား"

"အင်း...အထူးသဖြင့် ဦးဘသွယ်နဲ့...ခင်တယ်ဆိုပါတော့"

"သူကြည့်ရတာ ဆရာနဲ့ တော်တော် ဆွေးနွေးချင်ပုံရတယ်၊ ခုနင်က ဆရာတို့ပြောနေကြတာ ငြိမ်း အကုန်လုံးတော့ နားမလည်ဘူး၊ ရောမသမိုင်းထင် တယ်"

ကိုလှဝေက တစ်ချက်ရယ်၏။

"အဟင်း...၊ ဦးဘသွယ်က သနားစရာ...ရယ်စရာကောင်းတယ်"

"ရှင်"

"ဦးဘသွယ်က...စာရေးတာကို လွယ်လွယ်ထင်နေတယ်၊ ရေးချင်တဲ့ အချိန် ကောက်ရေးလိုက်၊ စာရေးဆရာ ဖြစ်လာမယ်ထင်တယ်၊ ပင်စင်ယူမှ စာရေး လိုက်ဦးမယ်ဆိုတဲ့ လူစားမျိုးပေါ့၊ အဲ...ပင်စင်လဲရရော...ဘာက စ,ရေးရမှန်း မသိ ဖြစ်နေတယ်၊ နောက်ဆုံး ရေးမယ်လို့ ဆုံးဖြတ်လိုက်တာကြီးကလဲ...အဟ... ခါချဉ်ကောင်ရဲ့၊ ဝေရတ်တောင်ကြီး ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဆရာ…"

"ဂစ်ဘင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို အားကျပြီး…ဟိုက…ရောမလက်နက်နိုင်ငံကြီး ဆုတ်ယုတ်ယိုင်ယွင်းခြင်းနှင့် ပျက်သုဉ်းခြင်းရေးသလို သူကလဲ ပုဂံယဉ်ကျေးမှုကြီး ပေါ်ပေါက်ပုံနဲ့ ပျက်သုဉ်းပုံ ရေးမလို့တဲ့၊ ခက်တာက ရောမသမိုင်းလဲ သူ သိပ်မသိဘူး၊ ပုဂံအကြောင်းဆို သာဝေးသေးတယ်၊ ပုဂံအကြောင်း ပြည့်စုံအောင် သုတေသန အများကြီးလုပ်ဖို့ ကျန်သေးတယ်"

ကိုလှဝေသည် စကားကိုရပ်လိုက်ပြီး ပြန်စဉ်းစား၏။

မိမိသည် ယောက္ခမအလောင်းအလျာအကြောင်း ကွယ်ရာမှာ အတင်းပြောမိနေသလော။ အဲ…မိမိကကော…ဘယ်လောက် ရိုးသားပါသနည်း။ တကယ်တော့…မိမိသည်လည်း ရောမသမိုင်းကို ပိုင်လှသည်မဟုတ်။ တက္ကသိုလ်နေစဉ်က ရေးဟောင်းသမိုင်း ယူဖူးရုံရှိသည်။ ဦးဘသွယ် နောက်ဆုံး ဘာစာအုပ်ဖတ်၍၊ ဘာတွေ စိတ်ဝင်စားနေသည်ကို နနသွယ်ထံမှ သိရသည်။ ထိုအခါက မိမိက ဆိုင့်မည်ထင်သည်တို့ကို လှျော့ဖတ်ပြီး ဦးဘသွယ်နှင့် အပိုင်ဆွေးနွေးသည်။ အင်း…အဟင်း…။ စီမံကိန်းလေ။ ယောက္ခထီးကြီး အထင်ကြီးရေးအတွက် စီမံကိန်းလေ…။ ယခုတော့ အားလုံး အံချော်ကုန်ပြီထင်၏။

ကိုလှဝေသည် စကားမဆက်။ ငြိမ်းကလည်း ထပ်မမေး။

ကားသည် ဗဟန်းကန်တော်ကြီးအနီးသို့ ရောက်လာသည်။

နွေရောက်ခဲ့ပြီဖြစ်သဖြင့် ရွက်ဝါဆင်သည့် အပင်တွေကဆင်၍ ခြွေသည့် အပင်တွေက ခြွေနေကြသည်။

"အတော်လေး ပူလာပြီနော် ဆရာ"

"ဟုတ်တယ်၊ ရုပ်ရှင်ရုံထဲက ထွက်လာစ,ဆိုတော့ ပိုဆိုးတာပေါ့"

ကိုလှဝေအား ရှေ့ခန်း၌ ငြိမ်လိုက်ပါလာသော မိဝင်းက ဝင်မေး၏။

"အဲဒီရေတွေဟာ မေမေငြိမ်းပြောတဲ့ ကန်ကြီးလား"

"ဟုတ်ဘူး၊ ဒါက ကန်တော်ကြီး၊ မေမေငြိမ်းပြောတာက အင်းလျား"

"ပင်လယ်လို အကြီးကြီးပဲလား"

"ပင်လယ်လောက်တော့ ဘယ်ကြီးမလဲ၊ ဒါပေမယ့် တော်တော်တော့ ကြီးတာပေါ့"

"ဟင်…သမီး သွားချင်လိုက်တာ"

ကိုလှဝေက ဝင်မေး၏။



"ငြိမ်းက အင်းလျားအကြောင်း ဘာပြောထားလို့လဲ"

"ဩော်…ရုပ်ရှင်ရုံထဲတုန်းကပါ၊ မိဝင်းက ရန်ကုန်မှာ ပင်လယ်လဲ မရှိဘူးဆိုတာနဲ့ ငြိမ်းက အင်းလျားကန်ကြီး ရှိတဲ့အကြောင်း ပြောမိတာပါ"

ကိုလှဝေကပြုံးလျက် မိဝင်းဘက် ခေါင်းငဲ့ကြည့်ပြီး မေး၏။

"သမီးက ပင်လယ်ကို အောက်မေ့လို့လား"

"ရုပ်ရှင်ထဲမှာ ပင်လယ်ကြီး၊ သမီး သဘောကျလိုက်တာ၊ သမီးတို့ စက်စဲမှာလဲ ပင်လယ်ရှိတာပဲ"

ကိုလှဝေ၏ရင်တွင်း မကောင်းဖြစ်မိသည်။ ပင်လယ်ပါသော ဇာတ်ကားကို ပြမိသည်။ ယခု…မိဝင်းက ပင်လယ်ကို လွမ်းဟန်ရှိသည်။

"ဟုတ်ပါရဲ့၊ သမီးတို့ကို ဦးဦးက အင်းလျားကို ခေါ်မသွားမိသေးဘူး၊ သမီးက ကြည့်ချင်လို့လား"

"သမီး သိပ်ကြည့်ချင်တာ"

"ကဲ…ငြိမ်းရေ၊ အချိန်လဲရှိသေးတယ်၊ အိမ်ပြန်ရောက်လဲ အိုက်နေဦးမယ်၊ အင်းလျားဘက် လှည့်ဝင်တာပေါ့"

"ကောင်းသားပဲ ဆရာ"

ကိုလှဝေသည် ဂွတ်လိတ်လမ်းက မဆင်းတော့ဘဲ ကမ္ဘာအေးစေတီလမ်းအတိုင်း ဆက်မောင်းသည်။

မကြာမီ အနောက်ဘက်ဖွဲ့ဆင်းပြီး ကားလေးသည် အင်းလျားကန်ဆီသို့ ရောက်လာသည်။

ငြိမ်းနှင့် ကလေးနှစ်ဦးက ကားပေါ်မှ အရင်ဆင်းကြသည်။

ကိုလှဝေက ကားလေးကို စိတ်တိုင်းကျ နေရာရွေးဆိုက်ရန် ခေတ္တကျန်ရစ်၏။

နွေတွင်ဖြစ်သဖြင့် ရေလာကူးသူတို့ ရှိနေကြသည်။ စနေ,တနင်္ဂနွေ မဟုတ်သဖြင့် များတော့မများလှ။

ရေကူးသူတွေနှင့်လွတ်ရာ ခပ်လှမ်းလှမ်းတစ်နေရာသို့ ကလေးနှစ်ဦးကို ငြိမ်းက ခေါ်လာခဲ့သည်။

"ကန်ကြီးက အကြီးကြီးပဲ၊ ရေတွေအများကြီးပဲ၊ သမီးလဲ ရေကူးချင်လိုက်တာ" ဟု မိဝင်းကဆိုသည်။

"အဝတ်ပိုမှမပါဘဲ၊ ဘယ်ကူးလို့ဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စက်စဲမှာတော့…သမီးတို့ ဒီလိုပဲ အဝတ်ချွတ်ပြီး ကူးလိုက်တာပဲ"

ညိုကြီးသည် ငြိမ်း၏လက်မှ ဆောင့်ရုန်းလိုက်၏။ ထိုနောက် "ရေ…ရေတွေ…." ဟုအော်ကာ ရေစပ်ဆီပြေး၏။

"ဟဲ့ သား…ဘယ်လဲ၊ ရေထဲကျမယ်" ဟုအော်ရင်း ငြိမ်းက အနောင် မှလိုက်၏။

မြန်လိုက်သည့် သတ္တဝါလေး။ လုံးလုံး…လုံးလုံးနှင့် ပြေးသည်။ ငြိမ်း မမီခင်ပင် ကမ္ဘူစွန်းလေးတစ်ခုမှ ရေထဲသို့ ညိုကြီးသည် ခုန်ဆင်းသွား၏။

ဖြစ်သမျှမှာ စက္ကန့်ပိုင်းလေးသာ ရှိမည်။ ထိုစက္ကန့်ပိုင်းလေးအတွင်း ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း၊ အံ့အားသင့်ခြင်းတို့သည် ငြိမ်းတစ်ကိုယ်လုံးကို စိုး လွှမ်းခြုံသွားသည်။ ချက်ချင်းပင် သတိပြန်ဝင်လာသော ငြိမ်းသည် ဘာမျှစဉ်း မနေနိုင်တော့ဘဲ ကမ္ဘူစွန်းမှနေ ရေထဲသို့ ခုန်ဆင်းလိုက်သွား၏။ နားထဲတွင် တစ်စုံတရာအော်လိုက်သော မိဝင်း၏အသံကို နောက်ဆုံး ကြားလိုက်မိသကဲ့သို့ ရှိသည်။

ရေထဲရောက်ရောက်ချင်း ငြိမ်းက စိုးရိမ်ပူပန်စွာဖြင့် ညိုကြီးကိုရှာသည်။ ညိုကြီးကို တွေ့ပါ၏။ နှစ်လံကွာလောက်တွင်…။

သို့ရာတွင်…ညိုကြီး၏ခေါင်းလေးက ရေပေါ်တွင် သက်သက်သာသာ ပေါ်နေသည်။ မျက်နှာလေးကလည်း ပြုံးပြုံးချိုချိုနှင့်…။

ရေက ငြိမ်း၏ရင်ခေါင်းလောက်သာ ရှိသည်။

ရုတ်တရက်မို့ နားမလည်နိုင်သေးသော ငြိမ်းသည် ညိုကြီးကိုဖမ်းမိရန် ရှေ့တိုးလိုက်သည်။

ငါးလေးတစ်ကောင်ကဲ့သို့ ညိုကြီးသည် ရေတွင်း စုပ်ခနဲ ငုတ်သွားသည်။ ငြိမ်း အူကြောင်ကြောင်ဖြစ်နေဆဲ ညိုကြီးက မလှမ်းမကမ်းတွင် ပြန်ပေါ်လာပြီး သူ့လက်လေးများကို ပစ်ကာပစ်ကာ ကူးနေတော့၏။

ဖြစ်သမျှကို ကားတံခါးပိတ်နေရာမှ လှမ်းမြင်လိုက်ရသော ကိုလှဝေသည် ကမ္ဘူစွန်းလေးရှိရာသို့ အူယားဖားယား ပြေးရောက်လာသည်။

သူကသာ အူယားဖားယား၊ မိဝင်းက အလွန်သဘောကျဟန် ဇွေ့ဇွေ့ ခုန်လျက် လက်ခုပ်တီးကာ ရယ်မောနေသည်။

"ဟာ ဟာ ဟာ့…၊ ညိုကြီးက ရေကူးတတ်တယ်၊ အဲဒါ…သမီး ပြောတာ မေမေငြိမ်းမကြားဘူး၊ တစ်ခါထဲ ရေထဲခုန်လိုက်သွားတာ၊ အင်္ကျီတွေ



ရော…ခေါင်းတွေရော စိုကုန်ပြီ…၊ ဟာ ဟာ ဟာ့…"

ကိုလှဝေက ငုံ့ကြည့်ရာ ဖြစ်နေသမျှကို မြင်ရ၏။

"သမီးက ဒါရယ်စရာလား"

"ရယ်စရာပေါ့၊ ဦးဦးလဲ လိုက်သွားလေ"

"ဘယ်ကိုလိုက်ရမှာလဲ"

"မေမေငြိမ်းဆီကို၊ ဟိုမှာ မေမေငြိမ်း တစ်ယောက်ထဲ"

မိဝင်းက ကိုလှဝေကို တွန်းသည်။ တကယ် တွန်းသလော၊ ဟန်ဆောင် တွန်းသလောမသိ၊ သို့ရာတွင် ကမ္ဘူစွန်းမှ အောက်သို့ငုံ့ကြည့်ဆဲ ဟန်ချက်ပျက်နေသော ကိုလှဝေမှာ ယိုင်သွားပြီး ရင်ထဲ၌လည်း အေးခနဲဖြစ်သွား၏။

"ဟယ်…သွားပဟ…"

ငြိမ်း၏အနီး ရေထဲသို့ ကိုလှဝေမှာ မဟားတယား ကျလာ၏။

နောက်တစ်ခဏ၌ ဂါဝန်အင်္ကျီဝါလေးနှင့် မိဝင်းသည်လည်း ငှက်လေး တစ်ကောင်ပမာ ရေထဲသို့ ဝဲကျလာ၏။

ခေါင်းမှရေတွေကိုခါရင်းက ကိုလှဝေသည် ဘေးတစ်ဝိုက်ကို ကြည့် သည်။

မိဝင်းနှင့် ညိုကြီးတို့က ရယ်မောသံလေးများကိုပြုရင်း ပျော်ရွှင်စွာ ကူးခတ်နေကြပြီ။

ထိတ်လန့်အံ့ဩမှုပြေသွားသော ငြိမ်းက ဟက်ဟက်ပက်ပက်လေး ရယ် တော့၏။

"ကြည့်စမ်း…၊ ငြိမ်းဟာပါ ရယ်နေတယ်"

"နို့…မရယ်လို့ ဘာလုပ်ကြမလဲ"

"အဲ…အဟင်း…ဟဲ…ဟဲ…ဟဲ…၊ ဟား…ဟား…ဟား…"

အဝတ်အစားတို့ ရေစိုနေသဖြင့် သိသာထင်ရှားလှစွာ အချိုးကျကြော့ ရှင်းသော ငြိမ်း၏ကိုယ်လေးသည် ရေမျက်ပြင်ထက် ဇွေ့ခနဲ မြောက်ပေါ်လာသည်။ ထိုနောက် ကလေးများရှိရာသို့ ကျင်လည်စွာ ကူးသွား၏။

ရုတ်တရက် စိတ်ဝယ် ပျော်ရွှင်ကြည်နူးသွားသော ကိုလှဝေသည်လည်း ငြိမ်းနောက်သို့ ကူးခတ်လိုက်လာခဲ့လေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အပြင်ဘက်တွင် မိုးပေါက်တို့ တဖြောက်ဖြောက် ကျနေသည်။

စာကြည့်ခန်းတွင်းမှလည်း ဦးဘသွယ်၏ စိတ်ဓာတ်တို့ တဖြုတ်ဖြုတ် ကျဆင်းနေသည်။

ဂစ်ဘင်၏ကျမ်း သို့မဟုတ် ဒီအင်လိုး၏ ဂစ်ဘင်လက်သန်းကျမ်းကိုတော့ ဖတ်၍ပြီးသွားပြီ။ ဝေဖန်ရေးဆရာတို့က ဂစ်တင်၏ကျမ်းကြီးသည် ဆင်ဖနီ တေးဂီတကြီးနှင့် တူလှသည်ဟု ချီးမွမ်းကြသည်။ ဆင်ဖနီတေးဂီတကို ဦးဘသွယ် နားလည်းမထောင်ဖူး၊ နားလည်းမလည်။ အရေးအသား ကောင်းလှသည်ကိုမူ ဦးဘသွယ် သိသည်။

မိမိသည် ဂစ်ဘင်လောက် အရေးအသား ကောင်းပါ့မည်လား။ ပြီးတော့ ဂစ်ဘင်လောက် အချက်အလက်စုံအောင် စုနိုင်ပါမည်လော။

ဂစ်ဘင်က သူ့ကျမ်းကြီးကို အနှစ်နှစ်ဆယ်ကျော် ပြုခဲ့သည်ဆို၏။ ဟုတ်တန်လောက်သည်။ ပထမတွဲနှင့် ဒုတိယတွဲကြားမှာတွင် အချိန်ဆယ့်နှစ်နှစ်ခြားသည်။

မိမိက ပုဂံအကြောင်း ယခုမှ စ,လေ့လာသည်။ မိမိအသက်က ခြောက်ဆယ့်ငါးနှစ်ရှိလေပြီ။ အမယ်မင်း…သည်ဘဝ အချိန်မှ ရ,ပါဦးတော့မည်လော။



စောစောစီးစီးက ဘာကြောင့် သည်အကြံမရခဲ့ပါသနည်း။

အကြံဟုဆိုကာမှ ဦးဘသွယ်၏ခေါင်းတွင်း၌ အကြံသစ်တစ်ခု ဝင်းခနဲ ပေါ်လာသည်။

ပုဂံအကြောင်း ဘေးချိတ်ထားလိုက်။ ဂစ်တင်၏ကျမ်းကြီးကို ဘာသာပြန်မည်။ ဘာသာပြန်နှင့် အမျိုးသားစာပေဆုရသူတွေ ရှိသည်။ မိမိကော အမျိုးသားစာပေဆု မရနိုင်ဘူးဟု မည်သူပြောမည်နည်း။

ဦးဘသွယ် ဉာဏ်သစ်ပွင့်ချိန်မှာပင် စေ့ထားသောတံခါးက ပွင့်လာပြီး ဒေါ်စိုးလှ ဝင်လာ၏။

ဒေါ်စိုးလှက တံခါးကို ပြန်စေ့ရုံမက ချက်ချပိတ်လိုက်သည်။

"ဟော့…မင်း ဘာလို့ တံခါးပိတ်ရတာလဲ"

"ရှင်က အပျိုလေး၊ ကျွန်မက လူပျိုသိုးကြီး၊ အဲဒီလို ထင်လို့လား"

"ဘာကွ…"

"တံခါးပိတ်တာကို ရှင်က အလန့်တကြား မေးတာကိုး…"

"အေးလေ၊ ဘာလို့ပိတ်ရတာလဲ"

"ရှင့်ကို တိုးတိုးတိတ်တိတ် ပြောစရာရှိလို့"

"မင်း ဘာကောလဟာလတွေ ကြားလာပြန်ပြီလဲ၊ ငါ အဲဒါတွေ မယုံဘူး"

"ရှင့်သမီးအကြောင်းကို ရှင့်မယားကိုယ်တိုင်က ပြောမှာတော့ ရှင်ယုံရမယ်"

"ဘာ…ငါ့သမီးအကြောင်း"

ဒေါ်စိုးလှက ကျကျနနဝင်ထိုင်ပြီးမှ ရှင်းသည်။

"ဟိုလက ရုပ်ရှင်ရုံကအထွက်မှာ မောင်လှဝေတို့အသိုက်ကို တွေ့ခဲ့တာ မှတ်မိသေးလား"

"အေး အဲဒါ ဘာဖြစ်လဲ"

"ငြိမ်းဆိုတဲ့ကောင်မလေး အဲဒီအိမ်ရောက်နေတာ ရှင့်သမီးနဲ့ ရှင့်စာရေးဆရာတို့ တိုင်ပင်ပြီး လုပ်ကြတာတဲ့"

"မင့် ဘယ်သူပြောလဲ"

"ရှင့်သမီးပဲ ဝန်ခံတာ"

"အဲဒါနဲ့ မင်းက ခုဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမလဲ၊ သူ့ကို ကျွန်မ အစက သင်ပေးတာက အပြုတ်ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



အပြတ်ဖြတ်ဖို့၊ အခုဟာက မပြတ်တဲ့အပြင် တန်းလန်းကြီး၊ ရိုးရိုးတန်းလန်းကြီး မဟုတ်ဘူး၊ စီမံကိန်းနဲ့ တန်းလန်းကြီး၊ တစ်နည်းအားဖြင့် စီမံကိန်းဝင် တန်းလန်း လုပ်ငန်းလို့ ခေါ်နိုင်တယ်''

''မစိုးလှ…မင်းပြောတာ နဲနဲမြင့်သွားပြန်ပြီ''

''ရှင် ဒီလောက်မှ ဉာဏ်မမီဘူးလား၊ ဒီကလေးတွေကို ပြောသာဆိုသာ တဲ့အထိ ငြိမ်းက ဝင်ထိန်းပေးထား၊ အခြေအနေပေးတဲ့အခါကျမှ ရှင့်သမီးက သူ့နေရာဝင်ယူလိုက်၊ တော်တော်လာတဲ့ဉာဏ်၊ ရှင့်သမီးစွမ်းတာတော့ မဟုတ်ဘူး စာရေးဆရာဦးနှောက်က လာတာဖြစ်ရမယ်''

''နေပါဦး၊ မင့်သမီးက မောင်လှဝေကို တကယ်ပဲ ကြိုက်နေလို့လား''

''မကြိုက်ဘဲနဲ့ ဒါမျိုးလုပ်မလား၊ သူနဲ့ဘာဆိုင်လို့လဲ၊ ဆိုင်လို့သာ ဒါ တွေ လျှောက်လုပ်နေတာပေါ့၊ ကျွန်မ ကိုသောင်းရှိန်ကို စစ်ပြီးပြီ၊ ရှင့်သမီး အဲဒီအိမ်ကို မှန်မှန်သွားတယ်တဲ့''

''ဒီတော့ ငါက ဘာလုပ်ပေးရမလဲ၊ သမီးကို အဲဒီအိမ်မသွားရဘူးလို့ အမိန့်ထုတ်ပေးရမလား''

''ရှင့်အမိန့်ကို ရှင့်သမီးက နာခံမယ်များထင်လို့လား''

''မင်း အဲဒါ ငါ့ကိုစော်ကားတာ''

''ရှင် တစ်ခါပြောသလိုပဲ၊ ကျွန်မက အရှိကို အရှိအတိုင်း ပြောတာ ထားပါလေ၊ ရှင်နဲ့ ကျွန်မ ရန်ဖြစ်ဖို့မဟုတ်ဘူး၊ တိုင်ပင်ကြဖို့''

''တိုင်ပင်ချင် တိုင်ပင်ကွာ၊ မင်းဟာက နိဒါန်းသိပ်ရှည်တယ်''

''ကဲ…တိုတိုကြိုက်ရင် တိုတိုပဲပြောမယ်၊ ရှင့်သမီးကို ကျွန်မ လင်ပေး စားတော့မယ်''

''ဟိုက်ရော…၊ မင်းဟာ မြန်လှချည်လား''

''မမြန်လို့မဖြစ်ဘူး၊ အခြေအနေတွေ မရှုပ်ထွေးလာခင် လက်ဦးမှုယူရ မယ်''

ဦးဘသွယ်က သူ့မိန်းမကို အံ့သြစွာကြည့်သည်။ မြင့်မားသော ဉာဏ်အသုံး အနှုန်းတွေကို ဤအမျိုးသမီး ဘယ်ကတတ်လာသနည်း။

''မင့်အကြံတော့ မသိဘူး၊ မင့်စကား အသုံးအနှုန်းကိုတော့ ငါအထင် ကြီးသွားပြီ''

''ကျေးဇူးတင်ပါတယ်၊ အခု ကျွန်မပြောတာ ဘယ်ရောက်သွားပြီလဲ''



''အခြေအနေတွေ မရှုပ်ထွေးခင်တဲ့၊ ဘာလဲ…အခြေအနေဆိုတာတွေ က''

''အိုးချင်းထားရင် အိုးချင်းထိတယ်၊ ကြိုးချင်းထားရင် ကြိုးချင်းငြိတယ်၊ ငြိမ်းနဲ့ စာရေးဆရာဟာ ထိနိုင်တယ်၊ ငြိနိုင်တယ်''

''အဲဒီလိုဆို မင်းထောင့်ကကြည့်ရင် ပိုမကောင်းဘူးလား''

''စကားပုံကို သေသေချာချာ ပြန်ကြည့်၊ အိုးနှစ်လုံးထဲလို့ မပြောဘူး၊ ကြိုးနှစ်ချောင်းထဲလို့လဲ မဆိုဘူး''

''အာ…အာ…အာ…''

''ဟုတ်တယ်မဟုတ်လား၊ အိုးသုံးလုံးချင်းလဲ ထိနိုင်တယ်၊ ကြိုးသုံး ချောင်းချင်းလဲ ငြိနိုင်တယ်၊ ပိုထိလို့ငြိလို့တောင် ကောင်းသေးတယ်''

''မင်း သိပ်…သိပ်ကိုမှန်တယ်ကွာ''

''ရှုပ်ထွေးလာနိုင်တဲ့ အခြေအနေဆိုတာက အဲဒါပဲ၊ လောကကြီးမှာ တစ်လင်တည်းမယား ဖြစ်ကုန်တဲ့ ဇာတ်လမ်းတွေရှိတယ်''

ဦးဘသွယ်၏နားတွင်းမှာ ဝူးဝူးဝါးဝါး ဖြစ်သွားသောကြောင့် မျက်နှာ ကြီး ရှုံ့သွား၏။

''မင့်စကားက နဲနဲမကြမ်းဘူးလား''

''အဲဒီသဘောကို နူးအောင်ပြောတဲ့စကား ရှင်ရှာပေးလေ''

''ထားပါ…ထားပါ၊ သဘောလောက်ပဲထားပါ''

''ကျွန်မက စာမဖတ်ပေမယ့်…ကျော်ကြားတဲ့ စာရေးဆရာတွေ၊ ရုပ်ရှင် မင်းသားတွေ၊ အဆိုတော်တွေအကြောင်းကို ရှင့်ထက်သိတယ်၊ ရှင်ယုံရဲ့လား''

''အား…ယုံပါတယ်၊ ယုံပါတယ်''

''မောင်လှဝေ ဘာတွေအရေးကောင်းလဲ ကျွန်မတော့ မသိဘူး၊ ဒါပေ မယ့် ကောင်မလေးတွေ သိပ်ကြိုက်တာတော့ သိတယ်၊ အဲဒီကောင်မလေးတွေထဲ မှာ ရှင့်သမီးလဲပါနိုင်တယ်၊ ငြိမ်းဆိုတဲ့ ကောင်မလေးလဲ ပါနိုင်တယ်၊ စိတ်ကူးယဉ် ကြပြီး ကျွန်မ ခုနင်က ပြောတဲ့ဟာမျိုး ဖြစ်သွားရင်…''

''ငါ သဘောသိပ်ပေါက်နေပါတယ်ကွာ…''

''ဒါဖြင့်ရင်ပြီးရော…အဲဒါက အဆိုးဆုံးအဆင့်အထိ တွေးခေါ်မျှော်မှန်း ကြည့်တာ၊ ဒီအဆင့်မရောက်တောင်မှ စိုးရိမ်စရာက ရှိသေးတယ်''

ဦးဘသွယ် ဝင်မမေးတော့။ ယနေ့ မိမိ၏ဇနီးသည် တွေးခေါ်မြော်မြင် အား အလွန်ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက…ဘာလဲဆိုတော့ မိန်းမတို့သဘာဝ"

ဦးဘသွယ် မျက်လုံးဖြဲကြည့်သည်။ သူ့ဇနီးဖွင့်ဆိုမည့် မိန်းမတို့သဘာဝ ကို သူကြားချင်သည်။

"မိန်းမဆိုတာက အပြိုင်ရှိလာရင် အသည်းထဲ ကျလစ်…ကျလစ် ဖြစ်လာတယ်၊ အခု ကျွန်မ အစ်အောက်ကြည့်တော့ ရှင့်သမီးအသည်းထဲမှာ ကျလစ် …ကျလစ် ဖြစ်စပြုနေပြီ၊ အဲဒါလဲ…စာရေးဆရာ ဖန်တီးယူတာပဲဖြစ်မှာ၊ ဒါ ရှင့်သမီး သူ့ခြေဖက်လိုက်အောင်"

"မင်းက သမီးကို မောင်လှဝေနဲ့ သဘောမတူနိုင်ဘူးပေါ့"

"ဘယ်နှစ်ခါပြောရမလဲ၊ နေပါဦး…ရှင်က ရှင့်ကျမ်းကြီး ရေးဦးမှာ လား"

"အဲဒါခဏထားပြီး ငါ ဘာသာပြန် ကြိုးစားမလို့"

"ထားပါလေ၊ ရှင် စာတွေရေးမယ်မဟုတ်လား"

"ရေးမှာပေါ့"

"ရှင့်အိမ်ပေါ် မျောက်ရှုံးအောင်ဆော့တဲ့ ကလေးနှစ်ကောင် ပါလာမယ် အဲဒီကလေးနှစ်ကောင်ကလည်း ကိုယ့်မြေးအရင်းမဟုတ်ဘူး၊ ဒါဖြင့်ရင်…ရှင် တစ်ဦးတည်းသော သမီးကို….လင့်နောက် မျက်နှာလွှဲခဲပစ် ထည့်လိုက်မယား ထည့်လိုက်ပြန်ရင်လဲ…ကိုယ့်ဝမ်းနဲ့ လွယ်မမွေးရတဲ့…ကလေးနှစ်ယောက်ရဲ့ ကျွ သွားဖြစ်နေဦးမယ်၊ ရှင်စဉ်းစား"

ဦးဘသွယ်သည် ခဏအတွင်း၌ အများကြီး စဉ်းစားပစ်လိုက်၏။ တစ်နည်းအားဖြင့် စဉ်းစားရန်ပင်မလို။ ညှပ်ပြီး၊ ချုပ်ပြီး စဉ်းစားသည် ကြီးကို ဒေါ်စိုးလှက ထိုးပေးနေသည်မဟုတ်လော။

"အဲဒီတော့ ဘာလုပ်ကြမလဲ"

"ကျွန်မ ပြောပြီးပါရောလား၊ ရှင့်သမီးကို လင်ပေးစားရမယ်လို့"

"ဘယ်သူနဲ့လဲ"

"ဟောဒီမှာ…စာရင်း၊ ရှင်ရွေး"

"ငါက လင်ရွေးရမယ်"

"ဒါမက်ရွေးရမယ်၊ အတူတူပါပဲ"

ဦးဘသွယ်က ဒေါ်စိုးလှတင်ပြသော စာရင်းကိုကြည့်သည်။ ငါဦး တော့ မနည်းပါလား။

"အဲဒါ…မိဘတွေ လာနှားဖောက်ကြတဲ့အထဲက ကျွန်မ ဆန်ကာတင်ထား



တာ"

"ငါ့ခေါင်းထဲ မရှိတော့ဘူး၊ မင်းပဲ ဝေဖန်ပြပါဦး"

"ပစ္စည်းအနေနဲ့က မောင်တင်ဝင်းက အချမ်းသာဆုံး၊ အလုပ်က ပြည်သူ့ ရေးနံ့က မန်နေဂျာ၊ မဆိုးဘူး၊ ဒါပေမယ့် ညီအစ်ကို မောင်နှမများတယ်၊ သူ့အမေက မာနကြီးပြီး…သူ့အစ်မကြီးက နေရာတကာ ဝင်စွက်တတ်တယ်၊ သူ့အဖေက ဆန်စက်သူဌေးဟောင်းဆိုပေမယ့် ဆန်မှောင်ခိုမှုနဲ့ ထောင်ထဲ ရှစ်လရောက်ဖူးတယ်"

"မဖြစ်ပါဘူးကွာ"

"ရှင်တို့ ကျွန်မတို့မိတ်ဆွေ ဗိုလ်မှူးထူးမောင်နဲ့ ဒေါ်လှဲလှဲသား မျိုးမွန် ထူးမောင်က…လေယာဉ်မှူး၊ ရုပ်ချော၊ ဂိုက်ကောင်း၊ လခလဲကောင်းတယ်၊ နိုင်ငံ ခြားလည်း ခဏခဏသွားရတယ်၊ ဒါပေမယ့် သူ့မှာက ရည်းစားဟောင်းရှိတယ်၊ အဲဒါနဲ့ သဘောမတူလို့ လှဲလှဲတို့က နှုန်းနဲ့ လာနှားဖောက်တာ၊ အဆက်ဟောင်းနဲ့ ကင်းမကင်း မသေချာဘူး"

"ဖြစ်ပါ့မလားကွာ"

"ဆရာဝန်မောင်ဌေးအောင်လဲ မဆိုးဘူး၊ ဒါပေမယ့် မိဘက မချမ်းသာ ဘူး၊ သူ့ကိုပဲ မှီခိုနေကြတာ၊ သူ့အဖေက ဒီတိုက်နဲ့ခြံကို နှုန်းနှာမည်နဲ့ ထားသလား၊ ဘယ်သူ့နာမည်နဲ့ ထားသလဲမေးတယ်၊ ဆရာဝန်ဈေးကောင်းတော့ မိန်းကလေး ဘက်က တင်တောင်းစေချင်တဲ့သဘော ပြတယ်"

"လင်ဝယ်ပေးစားတာ ငါ ဝါသနာမပါဘူး"

"နှစ်ဘက်မိဘမျိုးရိုးလဲ ကောင်းတယ်၊ လူလေးကလဲ တည်ကြည်တယ်၊ ကထိက ဦးတင်မောင်ဌေးနဲ့ ဒေါ်မြမြသား၊ ဗိုလ်ကြီး စိုးအောင်ဌေး၊ ဒါပေမယ့် သူက တစ်ပြည်လုံး လျှောက်သွားနေရတာ၊ ကျွန်မတို့သမီးနဲ့ ခွဲနေကြရမှာကတော့ သေချာတယ်"

"ထားလိုက်ပါဦးလေ"

"နောက်ဆုံးတစ်ယောက်က အမေမရှိဘူး၊ အဖေပဲရှိတယ်၊ အဖေကလဲ သူ့အစ်မအကြီးဆုံးနဲ့ နေတယ်၊ သူ့အစ်မယောက်ျားကလဲ တောင်ကြီးမှာ လက်ဖက် ခြောက်သူဌေး"

"ဘယ်သူလဲ…အာရ်အိုင်တီက ထွန်းဦးကျော်လား"

"ဟုတ်တယ်၊ ရာထူးကတော့ သရုပ်ပြပဲရှိသေးတယ်၊ ဒါပေမယ့် ဒေါက် တာဘွဲ့ရပြီးပြီ၊ မကြာခင် လက်ထောက်ကထိက ဖြစ်လာမှာပဲ၊ အိမ်မကွာ ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



မကွာလည်း နေရတယ်၊ နိုင်ငံခြားက ပြန်လာတုန်းက ဝယ်လာတဲ့ ကော်ရိုလာ ကားတစ်စီးလဲ ရှိတယ်"

"အေး…သူဆိုမဆိုးဘူး၊ ဒါပေမယ့် နဲနဲ…ဆံပင်ရှည်သလားလို့"

"နိုင်ငံခြားက ပြန်ရောက်စ,မို့ပါ၊ နောက်တော့ တိုသွားမှာပေါ့"

"ခက်တာက…မင်းနဲ့ငါချည်း ကြိုက်နေလို့မရဘူးကွ"

"နုနုအတွက်လား၊ အဲဒါတော့ ကျွန်မတာဝန်ထား၊ ရှင်သာ တော်တော် ကြာ သမီးက ရှုံ့မဲ့ရှုံ့မဲ့လုပ်ပြရင် ကာဆီးကာဆီး ဝင်မလုပ်နဲ့"

"ငါ့သမီးလေးများ စိတ်မချမ်းမသာဖြစ်ရင်…"

"ရှင့်ကို ကျွန်မယူစဉ်က ဒီလောက်ကြီးကြိုက်လို့ မဟုတ်ပါဘူး၊ လူကြီး တွေ သဘောတူပြီး ပေးစားကြလို့"

"ဟော…အခုမှပေါ်တယ်၊ ငါက မင်း…ငါ့ကို ကြိုက်တယ်လို့ တစ် သက်လုံး ထင်ခဲ့တာ"

"တော်စမ်းပါ…ကလေးကလားတွေ၊ ကျွန်မပြောတာက…မိဘပေးစား တာယူပြီး စိတ်ချမ်းသာသူတွေလဲ တစ်ပုံကြီး၊ ကိုယ်ကြိုက်တာ ကိုယ်ယူပြီး… ဒူးနဲ့မျက်ရည်သုတ်နေကြရတာလဲ အနန္တ"

"အား…တော်သေးတာပေါ့"

"ဘာတော်သေးတာပေါ့လဲ"

"မင်းစကားအရ…မင်း ငါနဲ့ပေါင်းခဲ့တာမှာ စိတ်ချမ်းသာတယ်လို့ ကောက်ချက်ချနိုင်တာမို့…ငါ အများကြီး ဂုဏ်ယူပါတယ်"

ဒေါ်စိုးလှက ဦးဘသွယ်ကို မျက်စောင်းထိုးပြီး နေရာမှထ,သည်။

"ကျွန်မတင်ပြတာတွေကို ရှင် အတည်ပြုပြီနော်"

ဦးဘသွယ်သည် တစ်သက်လုံး မိမိဇနီးကို မိမိ အထင်မကြီးခဲ့။ ယနေ့ကျ မှ စာမဖတ်သော မိမိ၏ဇနီးသည် မိမိထက် တွေးခေါ်မြော်မြင်တတ်ကြောင်း သိရဘိသည်။ ထို့ကြောင့် မှန်သောသစ္စာစကားကို ဦးဘသွယ်ဆို၏။

"အတည်ပြုပါတယ်ကွာ၊ အတည်ပြုပါတယ်၊ နို့…တစ်သက်လုံး မင်း တင်ပြတာတွေကို ငါထိုင်အတည်ပြုပေးခဲ့တာပဲ မဟုတ်လား"

□□□

## အခန်း (၁၆)

မိုး ရုတ်တရက်ပြတ်သွားသော ဩဂုတ်လ၏ညနေမှာ နွေညနေထက် ပူနေသည်။ ပူသည်ဆိုသည်ထက် အိုက်စပ်စပ်နေသည်ဆိုခြင်းက ပိုမှန်ပေလိမ့်မည်။

ကိုလှဝေ၏အိမ် မြက်ခင်းအနီးတွင် ရပ်နေသော ဇော်တင်၏ရင်တွင်းမှာ လည်း အိုက်စပ်စပ်ဖြစ်နေသည်။

သုံးနာရီတကည်းက မိမိရောက်လာသည်။ ကိုလှဝေလည်း မရှိ။ ငြိမ်းနှင့် ကလေးနှစ်ဦးလည်း မရှိ။ ဒေါ်မြကြည် ပြောပြချက်အရ မိဝင်းကို ကျောင်းသွားကြို ကြသည် ဟူ၏။

ဇော်တင့်ရင်တွင်း မကျေနပ်။ မိဝင်းကို…ကိုလှဝေတစ်ယောက်တည်း ကျောင်းသွားကြို၍ မရဘူးလော။ ငြိမ်းက ဘာကြောင့် လိုက်သွားရသနည်း။ အတူတူ ကလေးကျောင်းလာကြိုသည်ကို မြင်သူတွေက ဘယ်လိုထင်ကုန်ကြမည် နည်း။

ဇော်တင့်အသည်းတွင်း ကျလစ်…ကျလစ် ဖြစ်နေဆဲ ကားသံကြားရ သည်။

ခြံဝ,မှဝင်လာသောကားကို လှမ်းမြင်ရချိန်၌ ဇော်တင်၏မျက်လုံးများမှာ ပြာသွားသည်။

www.burmeseclassic.com



စတီယာရင်ကိုကိုင်ကာ မောင်းလာသူက ငြိမ်း…။ ငြိမ်းဘေးတွင် ထိုင်လျက် ငြိမ်းပခုံးကိုသိုင်း၍ ပိုင်စိုးပိုင်နင်း ဖက်ထားဟန်ရှိသူ ကိုလှဝေ…။

ခြံအဝင်က တစ်ဆစ်ချိုးကွေ့ရသည်။ အတက်လေးလည်း ဖြစ်နေသော ကြောင့် စတီယာရင်မနိုင်သေးသော ငြိမ်းကို…ကိုလှဝေက ကူရမည်။ ကားမောင်း သင်ပေးဖူးသော ဇော်တင်က သဘောတော့ပေါက်သည်။ အသည်းတွင်းမှာတော့ ကျလစ်,ကျလစ် ဖြစ်မြဲဖြစ်သည်။

ငြိမ်းက ဇော်တင့်ကို ပြုံးရွှင်စွာ လှမ်းနှုတ်ဆက်ပြီး ကားကို ဆင်ဝင် အောက်၌ ရပ်လိုက်သည်။

"ကဲ…ကိုဇော်ရောက်နေပြီ၊ ကားကို ဆရာပဲသွင်းလိုက်မယ်"

"ဟင့်အင်း…ငြိမ်းပဲသွင်းမယ်၊ ငြိမ်း ဘက်(ခ်)ဆုတ်တာ ကျင်လည်နေ တယ်"

ကိုလှဝေက ဆင်းနေရစ်သည်။ ကလေးနှစ်ဦးက မဆင်း။ ထုံးစံအတိုင်း ဂိုထောင်ထဲအထိ လိုက်ရမှ ကျေနပ်ကြသည်။

ဂိုထောင်တွင်းသို့ ကားကို တည့်တည့်ဖြောင့်ဖြောင့် နောက်ဆုတ်သွင်းခြင်း ကို ငြိမ်းလေ့ကျင့်ချင်သည်မှာလည်း အမှန်ဖြစ်သည်။ ဇော်တင် မျက်စိမျက်နှာ ပျက်နေသည်ကိုလည်း ငြိမ်း သတိပြုမိသည်။ ဘာကြောင့်ဟုလည်း ရိပ်မိသည်။ ပျာပျာသလဲ ဆင်းစကားပြောလျှင် လိပ်ပြာမလုံရာကျမည်။ ထိုကြောင့် ငြိမ်းက လုပ်ရိုးလုပ်စဉ် ကိစ္စသဘောပေါ်လွင်အောင် ဣန္ဒြေမပျက် ကားကို ဂိုထောင်တွင်း ရောက်သည်အထိ သွင်းခြင်းဖြစ်သည်။

လွယ်အိတ်လေး လွယ်ထားသော မိဝင်းက ကားပေါ်မှ ဖြောင့်ဖြောင့် ဆင်းသော်လည်း ညီကြီးက ဟွန်းကို သုံးလေးချက်နှိပ်ပြီးမှ ဆင်းသည်။

"ကိုဇော် စောင့်ရတာ ကြာသွားသလား"

အနီးအရောက်တွင် ငြိမ်းက အေးချမ်းစွာမေးသည်။

"သုံးနာရီကတဲက"

ဇော်တင့်အသံက အနည်းငယ် ပူခြောက်ခြောက်နိုင်သည်။

"နာရီဝက်ကျော်ကျော်ကလေး စောင့်ရတာနဲ့ မျက်နှာက ဒီလောက်ဖြစ် နေရသလား"

ဇော်တင်က ဘေးဘီကိုကြည့်သည်။

ကိုလှဝေရော ကလေးတွေပါ အိမ်ပေါ်သို့ တက်သွားကြပြီဖြစ်သည်။



"ကျောင်းကြိုသွားတာ ငြိမ်းလိုက်သွားဖို့ လိုသလား"

"လိုတယ်"

"ဆရာလှဝေတစ်ယောက်ထဲ သွားကြိုလဲ ဖြစ်တာပဲ"

"မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ"

ငြိမ်း၏မျက်နှာလေးသည် တည်တည်လေးဖြစ်သွား၏။

"လာ…ဒီမှာက အိမ်နားနီးတယ်၊ ဟိုသွားကြမယ်"

ခြံ၏လက်ဝဲဘက် သရက်ပင်ပျိုရိပ်ရှိ ခုံတန်းလေးဆီသို့ ဇော်တင့်ကို ငြိမ်းက ခေါ်သွားသည်။

"ကိုဇော့်ကို ငြိမ်းမေးမယ်၊ အခု ငြိမ်းလုပ်နေတဲ့အလုပ်က ဘာအလုပ် လဲ"

ဇော်တင်က မဖြေ။

"ကိုဇော်မဖြေဘူး၊ ငြိမ်းပဲဖြေမယ်၊ ငြိမ်းအလုပ်က ကလေးအမေအလုပ် ပဲ"

"အဲဒီစကားကြီး မသုံးစမ်းပါနဲ့"

"အမှန်ကို စကားလှနဲ့ ဘာကြောင့်ဖုံးရမလဲ၊ ငြိမ်း လိပ်ပြာသန့်သန့်နဲ့ ကလေးအမေလုပ်နေတာ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"မိဝင်းဟာ အခုမှ ကျောင်းနေစ၊ အမေတွေ ဘာလုပ်ကြသလဲ၊ ကျောင်း လိုက်ကြည့်၊ ကျောင်းနေစ ကလေးတွေရဲ့ အမေတွေဟာ…ကျောင်းလာပို့ကြတယ်၊ နေ့လည်မှာ ထမင်းယူလာပြီး ကျွေးကြတယ်၊ ညနေမှာ လာကြိုကြတယ်၊ ကျောင်း နေသားကျသွားရင်တော့ တစ်ကဏ္ဍပေါ့၊ ဒါလေးဟာ သာမန်ကြည့်ရင်တော့ အသေးအဖွဲလေးပဲ၊ ဒါပေမယ့် မိဝင်းနေရာကကြည့်၊ တခြားကလေးတွေနဲ့ အမေ တွေရဲ့ ဆက်ဆံရေးကိုမြင်ပြီး သူ့မှာတော့ ဂရုစိုက်သူရှိတာ မတွေ့ရင် ဘယ့်နှယ် နေမလဲ၊ ငြိမ်း ခက်ခက်ခဲခဲ တည်ဆောက်ပေးထားရတဲ့ အလွန်သိမ်မွေ့တဲ့ အငွေ့ အထားမှာ ရှိနေသေးတဲ့…မိဝင်းရဲ့ ခံစားမှုလုံခြုံခြင်း သဘောလေးဟာ ဘာဖြစ် သွားမလဲ၊ ဒီတော့ အခု ငြိမ်းက ငြိမ်းတာဝန်ကို အပြည့်ထမ်းနေတာ"

"ထားပါတော့လေ၊ ကားမောင်းကော ဘာကြောင့်သင်ရသလဲ"

"ငြိမ်း ငယ်ငယ်ထဲက ကားမောင်းတတ်ချင်တယ်၊ ငြိမ်းတို့မှာ ကိုယ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ကားမရှိတော့ ဒီဆန္ဒဟာ မပြည့်ဝခဲ့ဘူး၊ အခု အခွင့်အရေးရတယ်၊ ဒီအခွင့်အ
ကို ငြိမ်းသုံးတာပဲ၊ ပြီးတော့ ဝတ္ထုကိစ္စ၊ ရုပ်ရှင်ကိစ္စတွေနဲ့ ဆရာဟာ တစ်ခါတ
နယ်ထွက်ရတယ်၊ အဲဒီအခါမျိုးမှာ ဈေးဖို့၊ ကျောင်းပို့ကစ,ပြီး...ငြိမ်း ကားမောင်း
တတ်ထားရင် ကောင်းတာပေါ့''

''ငြိမ်းမှာကတော့ ဆင်ခြေအပြည့်ပဲ''

''ဆင်ခြေဆိုတဲ့စကားကို မသုံးပါနဲ့၊ ဆင်ခြေက အပြစ်ရှိသူမှပေးတာ
ငြိမ်းမှာ ဘာအပြစ်တွေ ရှိနေလို့လဲ''

''ငြိမ်းမှာ အပြစ်တွေရှိတယ်လို့ ကိုဇော် မစွပ်စွဲသေးဘူး''

ဇော်တင့်လေသံမှ ခနဲ့ဟန်ကို ငြိမ်းသတိပြုမိသည်။

ငြိမ်းသည် မျက်မှောင်လေး အသာတွန့်၍ ဇော်တင့်မျက်နှာကို စေ့စေ့
ကြည့်သည်။

ဇော်တင်ကလည်း ငြိမ်းကို ပြန်စေ့စေ့ကြည့်သည်။ မပြုံး၊ မရယ်။

''ကိုဇော် ဒီနေ့ ငြိမ်းနဲ့ ရန်ဖြစ်ဖို့လာတာလား''

''ကိုဇော် စိတ်ချမ်းသာမလားလို့ လာတာ''

''ဘယ်လို...''

''ကိုဇော် စိတ်ချမ်းသာမလားလို့ လာတာ''

''အခုတော့...''

''ကိုဇော် စိတ်မချမ်းသာဘူး''

''ကိုဇော့်စိတ် ကိုဇော် ကြံဖန်ညှဉ်းဆဲနေရင်တော့ ကိုဇော် စိတ်ချမ်းသာမှာ
မဟုတ်ဘူး''

''ဩော်...ကိုဇော်က ကိုဇော့်စိတ်ကို ကြံဖန်ညှဉ်းဆဲနေတယ်လို့ ငြိမ်းထ
ထင်တယ်ပေါ့''

ငြိမ်းသည် တစ်စုံတရာ ပြောတော့မည်ပြုပြီးမှ သတိအုပ်လိုက်သည်။

ဇော်တင့်ရင်တွင်း ဘာဖြစ်နေသည်ကို ငြိမ်းသိသည်။ မခံချင်စိတ်ပေါ်
ကရုဏာလွှမ်းလာ၏။

''ငြိမ်း တောင်းပန်ပါတယ်၊ ငြိမ်း စကားပြောမှားသွားတယ်၊ ဘာပဲဖြစ်
ဖြစ်...ကိုဇော်ဟာ ငြိမ်းရဲ့ချစ်သူဆိုတာ ငြိမ်းမမေ့ဘူး''

ဇော်တင်က တစ်ချက် ကွက်ခနဲ ငြိမ်းကိုကြည့်သည်။ ဘာမျှတော့
မပြော။



''ကိုဇော့်ရင်ထဲ ဘာတွေခံစားနေရမယ်ဆိုတာ ငြိမ်းနားလည်တယ်၊ ဒါ
ပေမယ့်...ငြိမ်း ထပ်တောင်းပန်ပါတယ်၊ သည်းခံပါဦး၊ ခွင့်ပြုပါဦး၊ ပြီးတော့...
ငြိမ်းရဲ့သစ္စာကိုလဲ...ယုံမြဲ ဆက်ယုံပါဦး၊ ငြိမ်းမှာ ဒီစကားပဲ ပြောစရာရှိတယ်''

ထိုစဉ် ကရာတေးဝတ်စုံလေးများကိုဝတ်၍ မိဝင်းနှင့်ညိုကြီးတို့က အိမ်
ပေါ်မှ ပြေးဆင်းလာကြသည်။

ညိုကြီးသည် ဇော်တင့်ရှေ့၌ရပ်လျက် ရန်သူနှင့်တွေ့သဖြင့် ခုခံထိုးကြိတ်
တော့မည့်သဏ္ဍာန် လုပ်ပြသည်။ ထိုနောက် ''ယား'' ဟုအော်၍ ဟန်နှင့်ပန်နှင့်
လေထဲတွင် ခုန်ပျံပြ၏။

မိဝင်းက ငြိမ်း၏လက်ကိုလာဆွဲပြီး ''ကစားကြမယ်လေ မေမေငြိမ်း''
ဟု ဆိုသည်။

''အင်း...ကစားကြတာပေါ့၊ ကိုဇော် နေဦးနော်၊ ငြိမ်း အဝတ်သွားလဲ
လိုက်ဦးမယ်''

''ကိစ္စမရှိဘူး၊ ကိုဇော်ပြန်ဦးမယ်''

ငြိမ်းက ဇော်တင့်ကို စိုက်စိုက်လေး ကြည့်မိပြန်သည်။

''ကျော်မင်းအောင် ကားမအားဘူး၊ ဘတ်(စ်)ကားနဲ့ လာခဲ့ရတာ၊ အပြန်
နောက်ကျရင် ကားစောင့်ရလို့ မိုးချုပ်မယ်''

''ဆရာ့ကို လိုက်ပို့ခိုင်းပေးမယ်လေ''

''ကိစ္စမရှိဘူး၊ ဝင်စရာတစ်နေရာလဲ ရှိသေးတယ်''

ငြိမ်း၏မျက်လုံးများတွင် ဇော်တင်၏ ကလေးဆန်သောမျက်နှာသည်
ထင်ရှားလာပြန်၏။ ယခုတစ်ကြိမ်မှာတော့ စိတ်ကောက်သော ကလေးတစ်ဦး
၏ မျက်နှာ...။

''ဒါဖြင့်လဲပြန်၊ နောက် နှစ်လလောက်ဆိုရင်...ကိုဇော့်ကို ငြိမ်းကိုယ်
တိုင် ကားမောင်းပြီး ပြန်ပို့ပေးမယ်''

ဇော်တင်သည် နှုတ်ခမ်းကိုတွန့်ပြုံးပြီး ထွက်သွား၏။

ဇော်တင့်ကျောကို ငေးကြည့်ကျန်ရစ်ရာမှ ငြိမ်းသည် သက်ပြင်းချ၏။

''သမီးတို့ ခဏနေဦးနော်၊ မေမေငြိမ်း အဝတ်အစား သွားလဲလိုက်ဦး
မယ်''

''ဟုတ်ကဲ့ မေမေငြိမ်း''

ညိုကြီးကလည်း ''ဟူးဂဲ့...ဟူးဂဲ့...'' ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လေးတွဲ့စွာ အိမ်ပေါ်ရောက်လာသော ငြိမ်းကို ဒေါ်မြကြည်က စာအိတ် တစ်အိတ် ပေးလာ၏။

"ငြိမ်းတို့ထွက်သွားမှ စာပို့သမားလာသွားတယ်"

ငြိမ်းသည် စာအိတ်လေးကို ကြည့်သည်။ လိပ်စာမြင်ရုံနှင့် နွဲ့နွဲ့လက်… မှန်း ငြိမ်းသိသည်။

အဝတ်အစားမလဲသေးဘဲ ခုတင်ပေါ်တွင်ထိုင်လျက် ငြိမ်းက စာ… အမြန်ဖောက်ဖတ်သည်။

**ချစ်တဲ့မမငြိမ်း**

ညီမ ဝမ်းသာစွာနဲ့ ဒီစာကို ရေးနေပါတယ်။ မမ ပို့လိုက်တဲ့ ငွေတစ်ထောင့်ငါးရာကိုရလို့ နွဲ့နွဲ့ သက်ဆိုင်ရာကို သွင်းလိုက်ပါပြီ။ မနေ့ကပဲ နွဲ့နွဲ့တို့ရွာနမူနာဆီက ပြန်စာရတယ်။ မွန်ပြည်နယ် ပြည်သူ့ကောင်စီ၊ သံဖြူဇရပ်မြို့နယ် ပါတီယူနစ်နဲ့ ပြည်သူ့ကောင်စီ၊ စတဲ့ ပါတီကောင်စီတွေရဲ့ ကူညီမှုကြောင့် နွဲ့နွဲ့တို့ရဲ့ အဏ္ဏဝါဓိဝဇ္ဇ ဘွဲ့ရလူငယ်များ ကုန်ထုတ်သမဝါယမအတွက် စက်စဲစခန်းအနားမှာ မြေဧက ကိုးဆယ်လောက် ရတယ်တဲ့။ လုပ်ငန်းအတွက် မြေရှိတော့ သာမန်သမဝါယမတွင် မဟုတ်ဘဲ အဆင့်မြင့် ကုန်ထုတ် သမဝါယမ ဖွဲ့ခွင့်ရနိုင်တာပေါ့။ အဲဒီ သမဝါယမအဆင့်မျိုး ဖွဲ့ခွင့်ရအောင် သက်ဆိုင်ရာကို တင်ပြထားပြီတဲ့။ အခွင့်ရ တာနဲ့ တစ်ပြိုင်နက် စည်းမျဉ်းဥပဒေနဲ့အညီဖွဲ့ပြီး လုပ်ငန်းစ, ကြရုံပဲ။

အခုတော့ ညီမ ပုသိမ်မှာပဲ စောင့်နေတယ်။ ညီမလို စတင်ငွေရင်းထည့်ဝင်တဲ့ ဘွဲ့ရအမျိုးသား အမျိုးသမီး ဆယ့် သုံးဦးရှိတယ်၊ ဖွဲ့စည်းရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေက နိုဝင် ဘာ သို့မဟုတ် ဒီဇင်ဘာလထဲမှာ ပြတ်မယ်။ အဲဒီတော့မှ နွဲ့နွဲ့လဲ စက်စဲကိုသွားရမယ်။

မမကို ညီမ သိပ်ကျေးဇူးတင်တယ်။ ဖေဖေဆုံး သွားတာနဲ့ ညီမရဲ့ရည်ရွယ်ချက် ပျက်ပြီလို့ အားငယ်နေတာ အခု မမ စွမ်းဆောင်ပေးလို့ ညီမ ဆုတောင်းပြည့်ပြီ၊ ညီမ



ဘယ်လောက် ဝမ်းသာနေတယ်ဆိုတာကို မမကို ဘယ်လိုပြောရ မလဲ။ မေမေလဲ သိပ်ဝမ်းသာနေတာပေါ့။ ဒီကိစ္စဟာ ဖေဖေ သိပ်စိတ်ဝင်စားပြီး အားပေးခဲ့တဲ့ ကိစ္စမဟုတ်လား။ အခု ဖေဖေမရှိတော့ပေမယ့်…"

စာဖတ်ရင်း ငြိမ်း၏မျက်လုံးတို့တွင် မျက်ရည်များ ပြည့်လာသည်။ ဝမ်းလည်းနည်းသည်။ ဝမ်းလည်းသာသည်။ ဝမ်းသာမှုက ပိုသည်။

စာကို ဆုံးအောင်ဖတ်ပြီးနောက် သေတ္တာတွင်း၌ ငြိမ်းက တရိုတသေ သိမ်းလိုက်၍ အဝတ်အစား စတင်လဲသည်။

ချစ်သူ စိတ်ကောက်သွားသဖြင့် စောစောက ငြိမ်း၏စိတ်လေးမှာ ညှိုညှို့ မှုန်မှုန်နေသည်။ ယခု ညီမထံမှ စာရသောအခါ လန်းဆန်းကြည်လင်လာသည်။

မိမိ၏ရည်ရွယ်ချက် တစ်စိတ်တစ်ဒေသ အောင်မြင်ခဲ့ပြီ။ သည်တော့… ချစ်သူစိတ်ကောက်ချင် ကောက်ပါစေ။ စိတ်ကောက်သူကို နောက်မှချော့တော့မည်။

သေးသွယ်သောခါး၌ ခါးပတ်ညိုလေးပတ်လျက် ဝတ်စုံဖြူနှင့် ငြိမ်းသည် သိုကြီးတို့အိမ်းသို့ ခုန်ခုန်ပျံပျံလေး ရောက်ရှိလာလေ၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဒေါ်မြကြည်က ထမင်းအိုးမွှေနေခိုက် ငြိမ်းက ရေတ်သီး ထောင်းနေသည်။ မိဝင်းက ချဉ်ပေါက်ရွက်လေးများကို သပ်သပ်ရပ်ရပ် ဆိတ်ခြွေနေ၏။

ညိုကြီးက ပုစွန်ခြောက်ဝါးရင်း ချဉ်ပေါင်ရိုးများနှင့် ဆော့နေ၏။

ဒေါ်မြကြည်က ယောက်မကိုချထားပြီး မိဝင်းနှင့်အတူ ချဉ်ပေါင်ရွက် လာဆိတ်သည်။

"ဘွားဘွား ထမင်းပဲတယ်ပါ၊ သမီး ဒါတွေကုန်အောင် ဆိတ်ပေးမယ်"

"ထမင်းအိုးက ငှဲ့ဖို့လိုသေးတယ် သမီးရဲ့၊ ဘွားဘွား ကူဆိတ်ပေးမယ်၊ ငါ့မြေးလေး ပင်ပန်းနေပါဦးမယ်"

"သမီး မပင်ပန်းပါဘူး၊ ချဉ်ပေါင်ရွက် ဆိတ်ပြီးရင်တောင် မေမေငြိမ်းကို ရေတ်သီးကူထောင်းပေးမလို့"

ညိုကြီးက ဆော့နေရာမှ "ထောင်းနဲ့" ဟုအော်ကာ ငြိမ်းနားကပ်သွား၏။

"ဘာလဲသား"

"ထောင်းမယ်"



"ဒါပုစွန်ခြောက်ထောင်းတာ မဟုတ်ဘူး သားရဲ့၊ ရေတ်သီးထောင်းတာ၊ မျက်စိထဲဝင်ရင် စပ်တယ်"

ငြိမ်းသည် ရေတ်ကျည်ပွေ့ကိုနှုတ်၍ ညိုကြီးမျက်နှာအနီး ထိုးပြသည်။ ညိုကြီးက မျက်စိပိတ် နှာခေါင်းရှုံ့ပြီး နောက်ဆုတ်ပြေး၏။

"သား ရေတ်သီးစားမလား"

"ရှားဘူး"

"ဘာပြုလို့"

"ရှုပ်တယ်"

"ဪ…ရေတ်သီးကစပ်တယ်၊ မီးကကော…"

"ရှုပ်တယ်၊ ဟုတ်ဖူး၊ ပူရယ်"

"သား မီးနဲ့ ဆော့ချင်ဘူးလား"

"ရှော့ဘူး၊ ပူရယ်"

ဒေါ်မြကြည်၊ ငြိမ်းနှင့် မိဝင်းတို့က ရယ်ကြ၏။

ဒေါ်မြကြည်က ထမင်းအိုးကို ထ,ကြည့်သည်။

"ကဲ…ထမင်းရည်ငှဲ့မယ်၊ ဟဲ့…ငါ လက်နှီး ဘယ်ချထားလိုက်ပါ လိမ့်"

"ဟောဒီမယ် ဘွားဘွား"

ဟင်းသီးဟင်းရွက် ထည့်ထားသော ဇန်းတွင်းမှ လက်နှီးကို မိဝင်းက ကောက်ယူပြရာ ညိုကြီးကပြေးယူပြီး ဒေါ်မြကြည်ကို ပေး၏။

"အံမယ်…ငါ့မြေးက အဖော်ရတယ်ဟေ့…၊ ကဲ နောက်ဆုတ် နောက်ဆုတ်၊ အပူလောင်မယ်"

ညိုကြီးက "ပူယောင်မယ်…ပူယောင်မယ်" ဟု လိုက်ဆိုပြီး နောက်ဆုတ်ပေး၏။

ဒေါ်မြကြည်က ထမင်းအိုးကိုဖုံးပြီး ဗာလီပုံးတစ်ခုပေါ်တွင် အံကျစောင်း တင်ထားလိုက်၏။ ထို့နောက် သံဗူးတစ်လုံးတွင်းမှ ပုစွန်ခြောက်နှိုက်ယူပြီး တစ်ဝက်ကို ညိုကြီးအားပေး၏။ ကျန်တစ်ဝက်ကို မိဝင်းအားပေးရာ မိဝင်း၏မျက်နှာလေးမှာ လည်း ပြုံးရွှင်သွား၏။

မကြာမီ ချဉ်ပေါင်ရွက်ဆိတ်၍ ပြီးသွားရာ မိဝင်းကမေး၏။

"ပြီးပြီ၊ သမီး ဘာလုပ်ပေးရဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေငြိမ်းလဲ ပြီးတော့မယ်၊ သမီးသွား ရေချိုးနှင့်တော့၊ သမီးပြီးရင် မောင်လေးချိုးရမယ်"

"ဟုတ်ကဲ့ မေမေငြိမ်း"

မိဝင်းထွက်သွားရာ ညိုကြီးက လိုက်မသွားဘဲ ငြိမ်း၏အနီးတွင် ပုခုံးခြောက် ထိုင်စားနေ၏။

"အရင်တုန်းကငြိမ်းရယ်၊ ရေချိုးရင် ဆူနေတာပဲ၊ ရေထွက်ပေါက်ထဲ အဝတ်နဲ့ဆို့ပြီး သံမံတလင်းပေါ် တက်လာတဲ့ ရေလက်နှစ်လုံးသုံးလုံးမှာ ရေကူး ကြသတဲ့"

ငြိမ်းကပြုံးပြီး ညိုကြီးကို လှမ်းကြည့်သောအခါ ညိုကြီးကရယ်၍ "ရေ ကူးရယ်" ဟု ဆိုသည်။

"ဟုတ်တယ်၊ သား ဘယ်မှာကူးလဲ"

"ဟိုး…မှာ"

"အင်းလေ၊ အဲဒါကို ဘယ်လိုခေါ်လဲ"

"ရေရဲ့မှာ"

"ဟုတ်ပြီ၊ ဘယ်က ရေထဲမှာလဲ"

"အိမ်း…ညား…"

ဒေါ်မြကြည်က သဘောကျစွာရယ်ပြီး "ကိုညိုကြီးတို့က အင်းလျား တောင် သိနေပြီ၊ တကယ့် ရန်ကုန်သားကြီးပါလား" ဟု ဆို၏။

ငြိမ်းက ရေတံသီးထောင်းပြီးသွားသဖြင့် ဒေါ်မြကြည်ကို မေးသည်။

"ငြိမ်း ဘာလုပ်ပေးရဦးမလဲ ဒေါ်လေး"

"ဟင်းအိုးပြင်ရုံပဲ ရှိတော့တယ်၊ မလိုတော့ပါဘူး ငြိမ်း၊ ဒေါ်လေးလုပ်ပါ့ မယ်၊ ငြိမ်းသားသာ ငြိမ်းသွားရေချိုးပေးချေတော့၊ ကိုးနာရီထိုးပြီးပြီ ထင်တယ်"

"ကဲ…ဒါဖြင့်…သားလာ၊ ရေချိုးကြမယ်"

မိဝင်းက ရေချိုးပြီးသွားပြီဖြစ်ရာ ငြိမ်းက ညိုကြီးကို ကိုယ်တိုင်ချေးတွန်း ဆပ်ပြာတိုက်နှင့် ရေချိုးပေးနေ၏။

အိမ်ရှေ့မှ ကားဆိုက်သံနှင့် မရှေးမနှောင်းပင် လူခေါ်ခေါင်းလောင်းသံ ပေါ်လာ၏။

"သား ခဏနေဦးနော်"

ငြိမ်းက အိမ်ရှေ့သို့ ထွက်လာခဲ့သည်။



"အား…နုနု…"

ရွှန်းမြဝင်းပစွာ ဝတ်စားပြင်ဆင်ထားသော နုနုသွယ်က ငြိမ်းကို အံ့အား သင့်စွာ စိုက်ကြည့်သည်။

ငြိမ်းက ထဘီတိုတို ဝတ်ထားသည်။ ခြေသလုံးနှင့် လက်များတွင် ရေတွေစိုနေပြီး ထဘီနှင့်အင်္ကျီတွင် ရေစွန်းရေစများ ထင်နေ၏။

"ငြိမ်း အဝတ်လျှော်နေသလား"

"မဟုတ်ဘူး၊ ရေချိုးပေးနေတာ"

"ဘယ်သူ့ကိုလဲ"

"ညိုကြီးကို၊ လာ…နုနု…ထိုင်၊ ဆရာတော့မရှိဘူး"

"ဟုတ်လား၊ ဘယ်သွားလဲ"

"ရှပ်ရှင်ခြံထဲကို၊ ဆရာ့စာတည်းနှန်း ရိုက်နေတယ်လေ"

"သြော်…"

"နုနု ခဏလေးနော်၊ ငြိမ်း အခုပြန်လာခဲ့မယ်"

နုနုသွယ်ကို ဧည့်ခန်း၌ထားခဲ့ပြီး ငြိမ်းက ညိုကြီးဆီ ပြန်လာခဲ့၏။

ကိုယ်မှ ဆပ်ပြာသန့်စင်အောင် ရေဆက်ချိုးပေးပြီး ညိုကြီးကိုယ်လေးကို ချက်နှာသုတ်ပဝါကြီးဖြင့် ရစ်ပတ်ခြုံကာ ပွေ့ဖက်ခေါ်လျက် ငြိမ်း ပြန်ထွက်လာခဲ့ ၏။

"သြော်…နုနုရေ…၊ တစ်ယောက်တည်း ပျင်းနေမယ်၊ လာ…ငြိမ်းနဲ့ လိုက်ခဲ့"

အလှပြင်ဖီးလိမ်းရန်နေရာက ဒေါ်မြကြည်တစ်ဦးတည်းနေသော အခန်း တွင်ရှိရာ ယင်းအခန်းသို့ နုနုသွယ်ကို ငြိမ်းက ခေါ်လာခဲ့သည်။

နံရံတွင်ထောင်ထားသော မှန်တစ်ချပ်ရှိသည်။ မှန်ရှေ့တွင် ကျောက်ပြင် တစ်ချပ်၊ ယင်းအနီးတွင် သနပ်ခါးတုံးများ ထည့်ထားသော တောင်းလေးတစ်လုံး ရှိသည်။

ကျောက်ပြင်ရှေ့ရှိ ဖျာငယ်တစ်ခုပေါ်တွင်ထိုင်လျက် အတွင်းခံဘောင်းဘီ လေးသာ ဝတ်ထားသော သနပ်ခါးလိမ်းပြီးနေသည့် မိဝင်းသည် မှန်ကြည့်၍ မျက်ခုံးမွေး ဆွဲနေသည်။

ငြိမ်းက နုနုသွယ်ကို ခုတင်ပေါ်တွင် ထိုင်ခိုင်းပြီး သူကမူ ပြောင်လက် နေသော ကြမ်းပြင်တွင် ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပြင်မြောင်းတွင်း၌ သနပ်ခါးတစ်ပုံ ရှိသည်။

ညိုကြီးကို ရေထပ်သုတ်ပေးပြီး ကိုယ်ကို ငြိမ်းက စတင် သနပ်ခါးလိမ်းပေး၏။

ငြိမ်းလုပ်သမျှကို စိတ်ဝင်စားစွာ ကြည့်နေသော နုနုသွယ်က မေးသည်။

“သနပ်ခါး ဘယ်သူသွေးထားတာလဲ”

“ငြိမ်းသွေးထားတာပေါ့၊ ရေချိုးပေးပြီးမှ သွေးနေရင် ကလေးရေအေးမိသွားနိုင်တယ်”

“ဒီလိုပဲ နေ့တိုင်းလုပ်ပေးရသလား”

“မိဝင်းက သူ့ဘာသာသူ လုပ်တတ်နေပြီ၊ ညိုကြီးကိုတော့ ငြိမ်းလုပ်ပေးရတယ်၊ အင်း…နေ့တိုင်းပေါ့၊ တစ်နေ့နှစ်ခါ”

“သူက သူ့ဘာသာ ရေမချိုးတတ်သေးဘူးလား”

“ကိုယ်ပေါ် ရေနဲ့လောင်းတာတော့ လုပ်တတ်တာပေါ့ နုနုရယ်၊ ဒါပေမယ့် စံနစ်တကျသန့်စင်အောင် လူကြီးက ချိုးပေးရတယ်”

“ဒါဖြင့်…ဟိုဒင်း…ဟိုဒင်း…ကျတော့ကော”

“ဘာလဲ နုနု”

“ဟိုဟာ…တွိုင်းလက် (အညစ်အကြေး သန့်စင်ခြင်း)”

“အဲဒါဟာ…အရေးအကြီးဆုံးပေါ့”

“အရေးကြီးတယ်…”

“ကိုယ်သန့်ရှင်းရေးနဲ့ ကျန်းမာရေးအတွက်ကော၊ စိတ်ကျန်းမာရေးအတွက်ရော အရေးကြီးတယ်”

“အဲဒါလဲ ငြိမ်းလုပ်ပေးရတာပဲလား”

“ညိုကြီးအတွက် ငြိမ်းပဲ လုပ်ပေးရတာပေါ့၊ ဒီအရွယ် ဘယ်မှာ စံနစ်တကျ လုပ်တတ်ဦးမှာလဲ”

နုနုသွယ်သည် ဘာမျှမပြောတော့ဘဲ ကြည့်နေသည်။

မိဝင်းက မျက်နှာကို ကျကျနန ပေါင်ဒါဖို့ပြီးနောက် အင်္ကျီဝတ်၏။

ငြိမ်းက ညိုကြီး၏မျက်နှာကို သနပ်ခါးလိမ်းပေးပြီး ပါးဖောင်းဖောင်းလေးပေါ်၌ ပါးကွက်လှလှ လုပ်ပေးနေသည်။

နုနုသွယ်က အံ့သြနေသည်။ ဤသတ္တဝါလေးကို အလွန်ဆော့၊ အလွန်ဆိုးသည်ဟု မိမိ မှတ်ယူထားသည်။ ယခုမူ ခေါင်းလေးမော့၊ မျက်လုံးလေးမှေးပြီး



ငြိမ်းလုပ်ပေးသမျှကို ခွေးလိမ္မာ၊ ကြောင်လိမ္မာလေးပမာ ခံနေသည်။

ငြိမ်းသည် ညိုကြီး၏မျက်နှာကို ပေါင်ဒါဖို့ပေးပြီးနောက် ကိုယ်တွင် အဝတ်အစား ဝတ်ပေးသည်။ အဆုံးသတ်အဖြစ် ဘီးဖြင့် ဆံပင်လေးတွေကိုခွဲပြီး ခေါင်းဖြီးပေး၏။

“ကဲ…မှန်ကြည့်လိုက်ပါဦး သား”

ညိုကြီးက မှန်ကြည့်သည်။

“လှရဲ့လား”

ညိုကြီးက နုနုသွယ်ကို တစ်ချက်လှမ်းကြည့်ကာ ရှက်ပြုံးကြီး ပြုံးနေ၏။

“ကဲ…လာ၊ ပြီးပြီ၊ ထွက်ကြမယ်”

အပြင်ခန်းသို့ အားလုံးပြန်ရောက်ကြသောအခါ ဘီဒိုတွင်းမှ ကာတွန်းစာအုပ်များကို ငြိမ်းကထုတ်ယူပြီး ကလေးနှစ်ဦးကို ပေးသည်။

“မေမေငြိမ်း ဒီမှာ ဧည့်သည်နဲ့ စကားပြောဦးမယ်၊ နောက်ဖေးစားပွဲမှာသွားအရုပ်ကြည့်ကြနော်၊ တော်တော်ကြာ ထမင်းစားကြရမယ်”

ကလေးနှစ်ဦးသည် စာအုပ်များကိုယူပြီး ထွက်သွားကြ၏။

“ငြိမ်းစကားကို သူတို့ နားထောင်ကြတယ်…နော်”

“သူတို့လေးတွေက လိမ္မာကြပါတယ်”

“ဒါပေမယ့် အစက သူတို့ သိပ်ဆိုးကြတယ်”

“ဆိုးတဲ့ကလေးရယ်လို့ မရှိပါဘူး နုနု၊ ကလေးကို နားမလည်တဲ့ လူကြီးသာ ရှိပါတယ်”

“ဘယ်လို…ငြိမ်း”

“ကလေးတစ်ယောက် ဘာလုပ်လုပ်၊ သူ့မှာ သူ့အဓိပ္ပာယ်နဲ့သူ ရှိတယ်၊ အဲဒီအဓိပ္ပာယ်ကို နားလည်အောင်ကြိုးစားပြီး လူကြီးက အစွန်းနှစ်ဖက်မထွက်တဲ့ နည်းနဲ့ မွေးမြူရတယ်”

“အစွန်းနှစ်ဖက်ဆိုတာက ဘာတွေလဲ”

“လူကြီးနှစ်စားရှိတယ်၊ တစ်စားက ကလေးကို ငြင်းပယ်တယ်၊ တစ်စားက ကလေးကို အချစ်လွန်တယ်၊ ဒီဟာကလဲ အစွန်းနှစ်ဖက်ပဲ၊ ငြင်းပယ်တယ်…ဆိုတာက…၊ တစ်ကြောင်းကြောင်းကြောင့် ကလေးကိုမချစ်ဘူး၊ မိဘချင်း မချစ်ဘဲ ခွဲလာလို့၊ သားသမီးများလွန်းလို့ သားစိတ် သမီးစိတ် ကုန်နေလို့ မိးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့၊ ကျန်းမာရေးမကောင်းလို့၊ အယူသီးမှုတစ်ခုခုရှိလို့၊ စသဖြင့် တ
က ကလေးကို မလိုချင်ဘူး၊ မချစ်ဘူး၊ ဒီတော့ ငြင်းပယ်တယ်၊ အငြင်းပယ်
ကလေးတွေဟာ အင်မတန် သနားစရာကောင်းတယ်၊ ဆိုးသွမ်းလူငယ်တွေ၊ ရာ
ဇဝတ်မှု ကျူးလွန်သူတွေ၊ လူ့ဘောင်ကို တစ်နည်းမဟုတ်တစ်နည်း ဆန့်ကျင်သူတွေ
ဖြစ်ချင်လဲ ဖြစ်လာတတ်တယ်၊ ဒါမှမဟုတ်…အစိုးရိမ်လွန်သူ၊ အကြောက်ကြီးသူ
ဝမ်းနည်းအားငယ်တတ်သူ၊ မယုံသင်္ကာဖြစ်လွယ်သူတွေရင်လဲ ဖြစ်လာတတ်တယ်
ဒါဖြင့်ရင်…ချစ်တယ်ဆိုရင် ပြီးရောလား၊ ကောင်းရောလားလို့ မေးစရာရှိလာ
တယ်''

''ကလေးတွေကို ချစ်ရမယ်၊ မေတ္တာထားရမယ်လို့ ပြောတာ ကြားဖူး
တာပဲ''

''ချစ်ရမယ်၊ မေတ္တာထားရမယ်၊ မှန်ပါတယ်၊ အချစ်လွန်တာတော့ မ
ကောင်းပြန်ဘူး၊ အချစ်လွန်လာရင် ထပ်ဆင့်အစွန်းနှစ်ဘက် လုပ်လာတတ်ပြန် တယ်''

''ဘယ်လို…၊ ထပ်ဆင့်အစွန်းနှစ်ဘက်…ဟုတ်လား''

''ဟုတ်တယ် နုနု၊ အချစ်လွန်သူလူကြီးဟာ အလိုလိုက်လွန်းသူ ဖြစ်ချင်
ဖြစ်…၊ အကာအကွယ် လွန်လွန်းသူ ဖြစ်ချင်ဖြစ်…တစ်စားစား ဖြစ်လာတတ်
တယ်၊ အလိုလိုက်လွန်းသူဆိုတာက…ကြောင်းကျိုးမဆင်ခြင်ဘဲ ကလေးတောင်း
သမျှ လိုက်လျောတာ၊ ကလေးလုပ်သမျှ ခွင့်ပြုတာ။ အဲဒီလူကြီးမျိုး မေ့နေတာက
…တစ်နေ့မှာ ကလေးဟာ ကြီးပြင်းပြီး လူ့ဘောင်မှာ ကျင်လည်ရဦးမှာကိုပဲ
လူ့ဘောင်မှာ ကျင်လည်ခြင်းဆိုတာကလဲ လူလူချင်း သူ့အလို ကိုယ့်အလိုမျှအောင်
ညှိယူရခြင်းပဲ၊ အလိုလိုက်လွန်း ခံရတဲ့ကလေးဟာ…သူ့အလိုသာ သူသိတော့တယ်
သူ့အလိုပြည့်ရေးကိုသာ ဦးစားပေးတော့တယ်၊ တစ်နည်းအားဖြင့် အတ္တနဲ့ပ
မညှိတတ်ဘူး၊ အတ္တလွန်ကဲတတ်တယ်၊ လူ့ဘောင်ကို ပေးဖို့ထက် လူ့ဘောင်
ကသာ ရယူလိုသူ၊ လူ့ဘောင်ကို အလိုမကျသူ၊ ငါတစ်ယောက်တည်းမှန်ပြီး
တစ်လောကလုံး မှားတယ်ဆိုတဲ့သူ၊ တစ်ကိုယ်ကောင်းဆန်သူ၊ လူ့ဘောင်မှာ အံမဝင်
ခွင်မကျသူ၊ ဒေါသကြီးသူ၊ အလိုကြီးသူ…အဲဒီလိုလူမျိုး ဖြစ်လာတတ်တယ်

နုနုသွယ်သည် စိတ်ရှုပ်ဟန် နဖူးရေလေးတွန့်၍ နားထောင်နေသည်။

''အကာအကွယ်လွန်သူ ဆိုတာကတော့…အချစ်ဇောက ပေါက်ဖွားလာ
တဲ့ အစိုးရိမ်လွန်မှုကြောင့် နေရာတကာမှာ ကလေးရှေ့က ကာဆီးကာဆီးလုပ်တာ



ကြက်မကြီးက ကြက်ကလေးတွေအပေါ်မှာ အုပ်သလို နေရာမရွေး အချိန်မရွေး
အုပ်ထားတာ၊ ကလေးရဲ့ သဘာဝအတိုင်း တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်
စေတဲ့အထိ လူကြီးက ဝင်စိုးမိုးချုပ်လှယ်တာ၊ အမှန်က သင့်တော်လျောက်ပတ်တဲ့
ဘောင်ထဲမှာ ကလေးကို လွတ်လပ်စွာလုပ်ခွင့်၊ ဆော့ခွင့်၊ စွန့်ခွင့် ပေးရတယ်၊
မပြောပလောက်တဲ့ ထိခိုက်နာကျင်မှု ရနိုင်တောင်မှ လွတ်ပေးတန် လွတ်ပေးရ
တယ်၊ ဒါမှ အကျိုးအပြစ်သဘောကို ကြောင်းကျိုးဆက်သွယ်ပြီး ကလေးဟာ
သဘောပေါက်ခွင့် ရသွားတယ်၊ဥပမာ…အခု ညိုကြီးဟာ မီးခြစ်မဆော့တော့ ဘူး''

နုနုသွယ်က စိတ်ဝင်စားသွား၏။ ဒေါ်မြကြည်က ညိုကြီးကို ရေစုံမီးစုံ
လေးဟု ဘွဲ့ပေးခဲ့ခြင်းကို သတိရသောကြောင့် ဖြစ်၏။

''ငြိမ်း ဘယ်လိုလုပ်လိုက်သလဲ''

''ဖယောင်းတိုင်နဲ့ ဘုရားမီးပူဇော်တိုင်း ညိုကြီးကို မီးခြစ် ,ခြစ်ခိုင်းပြီး
မီးညှိစေတယ်၊ သူလုပ်ချင်တာလေးကို ခိုးလုပ်ဖို့မလိုဘဲ ဖြောင့်လုပ်ခွင့် ရသွားတာ
ပေါ့၊ တစ်ကြိမ်မှာ မီးခြစ်ဆံတိုသွားပြီး သူ့လက်လေး နဲနဲမီးလောင်သွားတယ်၊ အခု
ညိုကြီးဟာ…ရေတ်သီးဆိုစပ်တယ်၊ မီးဆိုပူတယ်ဆိုတာ သဘောပေါက်သွား ပြီ၊
မီးခြစ်မဆော့တော့ဘူး၊ အဲ…မီးခြစ်ကိုလဲ စံနစ်တကျ သိမ်းပေးရသေးတယ် ပေါ့၊
ဆိုလိုတာက ကလေးကို လောင်းရိပ်မိအောင် နေရာတကာ ကာဆီးကာဆီး မလုပ်ရဘူး၊
လုပ်ရင် ဒီကလေးဟာ ကိုယ့်ဘာသာကိုယ် မဆုံးဖြတ်သူ၊ မရွေးချယ်တတ်သူ၊
ကိုယ့်အားကိုယ်မကိုးသူ၊ ကိုယ့်ကိုယ်ကို မယုံသူ၊ ဒွိဟများသူ၊ သတ္တိနည်းသူ၊
ဖြစ်လာတတ်ပြန်တယ်''

နုနုသွယ်က စိတ်ပျက်ဟန်ဖြင့် ခေါင်းလေးခါ၏။

''ငြိမ်းပြောသလိုဆိုတော့…ကလေးတစ်ယောက်ကို မွေးမြူရတာ ဘယ်
လွယ်လို့လဲ''

''ဘယ်လွယ်ပါ့မလဲ နုနုရယ်၊ အထူးသဖြင့် စံနစ်ကျတဲ့ ကလေးမွေးမြူ
နည်းဟာ သိပ်အရေးကြီးပါတယ်၊ အတ္တနဲ့ပရ မျှတတဲ့သူတွေ၊ မိမိလိုအင်နဲ့ နိုင်ငံ့
လိုအင်ကို ညှိယူမှုကောင်းသူတွေ၊ ပြိုင်ဆိုင်ခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတို
သူ့နေရာနဲ့သူ ခွဲခြားဦးစားပေးတတ်သူတွေ ဖြစ်လာဖို့ ကလေးဘဝထဲက အိမ်ကျော
ကျောင်းတွေမှာ လေ့ကျင့်ပေးရမယ်၊ မွေးမြူခြင်းဆို တာမှာ လေ့ကျင့်ပေးခြင်းသဘောတ
ပါနေတယ်၊ စံနစ်ကျသော၊ သတိပညာ ဦးဆောင်သော၊ ချစ်ခြင်းမေတ္တာ ပတ်ဝန်း
ကျင်ရှိသော လေ့ကျင့်ပေးခြင်းပေါ့''

www.burmeseclassic.com



နုနုသွယ်သည် စဉ်းစားကြည့်နေရာမှ ရုတ်တရက် မေးသည်။

"ငြိမ်း အခု…ဒီအလုပ်လုပ်နေရတာ ပျော်သလား"

ငြိမ်းသည် ရယ်မောလိုက်ပြီး အမှတ်မထင် ပြောမိ၏။

"ငြိမ်းရဲ့ အပျော်ဆုံးနေ့များလို့ နုနု ခေါ်နိုင်ပါတယ်"

နုနုသွယ်သည် ငြိမ်း၏မျက်နှာလေးကို အကဲခတ်ကြည့်နေမိပြီးမှ သူ ဘာသာသူ မလုံမလဲဆို၏။

"ငြိမ်းပျော်တယ်ဆိုလို့…နုနုလဲ…ဝမ်း…ဝမ်းသာပါတယ်"

"ဟုတ်လား…၊ နုနု ဝမ်းသာတယ်…"

"ဟိုဒင်းလေ…၊ ငြိမ်း ဒီမှာလုပ်ဖြစ်လာအောင်…နုနုပယောဂလေးလဲ ပါတယ်မဟုတ်လား"

"ဩော်- နုနုရယ်…ပယောဂမဟုတ်ပါဘူး၊ ကူညီမှုပါ၊ နုနုကျေးဇူးကို ငြိမ်း ဘယ်တော့မှမမေ့ဘူး"

"ဆရာ့ကိုကော ငြိမ်း ဘယ်လိုတွေ့ရသလဲ"

"ဘာဆိုလိုတာလဲ နုနု"

"ဟိုဟာလေ…၊ ဆရာနဲ့ပတ်သက်ပြီး နုနုပြောပြခဲ့တာနဲ့ ငြိမ်းကိုယ်တွေ့ နဲ့…၊ အဲ…အဲဒါကိုပြောတာ"

"ဩော်…အဲဒါလား၊ ဆရာဟာ… ငြိမ်း ရင်းနှီးဖူးတဲ့ ယောက်ျားတွေ ထဲမှာ ကြည်ညိုစရာ…လေးစားစရာ အကောင်းဆုံး လူတစ်ယောက်ပဲ"

နုနုသွယ်၏ရင်တွင်း၌ နှလုံးသည် နိမ့်ဆင်းသွားသကဲ့သို့လည်း ဖြစ် သည်။ ဝမ်းနည်းသယောင် မနာလိုသယောင်လည်း ဖြစ်သည်။

"ဒါထက်…ဆရာ ဒီနေ့ ဘယ်တော့လောက် ပြန်လာမလဲ"

"ခါတိုင်းတော့ ညမိုးချုပ်ခါနီးမှ ပြန်လာတတ်တယ်၊ နုနု ဆရာနဲ့ တွေ့ချင်လို့လား"

"အို…မ…မဟုတ်ပါဘူး၊ ဒီနေ့ တနင်္ဂနွေနေ့၊ နုနု ဆရာတစ်ဦးအိမ်က ဘုန်းကြီးဆွမ်းကျွေးလို့ အဲဒီကနေ လှည့်ဝင်လာတာ"

"ဆရာ့ကို ငြိမ်း ဘာပြောလိုက်ရမလဲ"

"အို…ဘာ…ဘာမှမရှိပါဘူး၊ လမ်းကြုံလို့ လှည့်ဝင်လာတာ"

နုနုသွယ်က ထိုင်ရာမှထ,သဖြင့် ငြိမ်းကမေးသည်။

"အို…ပြန်တော့မယ်"



"ဟုတ်တယ်၊ ကြာသွားရင် မေမေ စိတ်ပူနေလိမ့်မယ်၊ ပြီးတော့ ငြိမ်း အဝတ်အစားတွေလဲ ရေစိုနေတယ်လေ"

ဤသည်ကတော့ မှန်သည်။ ပြီးတော့ ငြိမ်းလည်း ရေချိုးရဦးမည်။ ထမင်းစားချိန် နီးလာသောကြောင့် ကလေးတွေလဲ ဆာရေမည်။ ထို့ကြောင့် ငြိမ်းသည် အထူးမတားတော့ဘဲ နုနုသွယ်ကို အိမ်ပေါက်ဝအထိ လိုက်ပို့၏။

လမ်းတွင် ကားပေါ်၌ နုနုသွယ်က ဦးသောင်းရှိန်ကို ပြောသည်။

"ဦးလေးကို နုနု တစ်ခုတောင်းပန်ရဦးမယ်"

"ဘာများလဲ နုနု"

"နုနု ဒီအိမ်ဝင်တာ မေမေ့ကို ပြန်မပြောပါနဲ့"

ဦးသောင်းရှိန်က အဖြေမပေး။

"ဦးလေးကိုတော့ နုနု ဘာမှဖုံးကွယ်စရာမရှိဘူး၊ ဦးလေးလဲ မြင်သားပဲ၊ နုနုနဲ့ ဆရာလှဝေဆက်ဆံတာ ရိုးရိုးပါ"

ဤသည်ကိုတော့ ဦးသောင်းရှိန် ခေါင်းညိတ်ပြမိ၏။

"မေမေက အခု နုနုကို တခြားလူတစ်ယောက်နဲ့ နားချနေတယ်၊ နုနုက အလွယ်တကူ ခေါင်းမညိတ်လို့ မေမေက နုနုကို အထင်လွဲနေတယ်၊ ဆရာလှဝေ နဲ့ နုနုကို…ဟိုဒင်း…ဟိုဒင်း…"

"ဦးလေး သဘောပေါက်ပါတယ်"

"နုနု ဒီလာရတာက နုနုသူငယ်ချင်းအတွက်ပါ၊ ငြိမ်းကို ဒီအိမ်မှာ ကလေးတွေ ဆရာမလုပ်ဖို့ နုနုထောက်ခံပေးထားတာ"

"ဩော်…အဲဒါတော့ ဦးလေးမသိဘူး"

"နုနု တစ်သက်လုံး မဟုတ်တာမလုပ်ခဲ့တာ၊ မသွားခဲ့တာ…ဦးလေး အသိဆုံးပါ"

နုနုသွယ်၏အသံ၌ ငိုသံလေးပါနေမှန်း ဦးသောင်းရှိန် သတိထားမိသည်။

အမှန်တော့ ဦးသောင်းရှိန်သည် နုနုသွယ်တို့နှင့် နေခဲ့သည်မှာ ကြာပြီ။ နုနုသွယ်၏ ရိုးသားမှု၊ မာနကင်းမှု၊ မိမိပေါ် လေးစားမှုတို့ကို ဦးသောင်းရှိန်သိ သည်။ ယခု မိမိပေါ် ယုံကြည်သမှုနှင့် တောင်းပန်နေရှာရာ ဦးသောင်းရှိန် ကရုဏာ သက်လာ၏။ ထို့ပြင် ကိုလှဝေကိုလည်း ဦးသောင်းရှိန်ခင်သည်။ ကိုလှဝေတာ သူ့ဝတ္တုထွက်တိုင်း မိမိကို တစ်အုပ်ပေးသည်။ မိမိဝယ်မဖတ်နိုင်သော နှစ်ဆယ် တန်၊ အစိတ်တန်များ…။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ နုနုရယ်၊ နုနုလဲ မဟုတ်တာမှ မလုပ်ဘဲ၊ ပြန်မပြောပါဘူး၊ ဦးလေး ကတိပေးပါတယ်"

နုနုသွယ်သည် သက်ပြင်းလေးချလိုက်၏။

ဩော် မပြတ်သားသော ဘဝ၊ မရေရာသောအဖြစ်၊ သည်ဝဋ်က ဘယ်တော့ ကျွတ်ရပါမည်နည်း။

❑❑❑

## အခန်း (၁၈)

"ညနက်မှာကိုလဲ တားလို့မရဘူး။ လ,ထွက်တာကိုလဲ တားလို့မရဘူး။ ညနက်မှသာတဲ့ လ,ဟာ ဒီလောကမှာ အလှဆုံးပါ။ အမှောင်ရိပ်တွေက ညင်းလေလေ...ငွေလရောင်က ဖြူလေလေပဲ။ သည်တော့ မင်း ကိုယ့်ကို မုန်းချင်သလောက် မုန်းပါ၊ ကိုယ့်မေတ္တာဆိုတဲ့ ငွေလဟာ...အမုန်းကမ္ဘာရဲ့ ညမှောင်မှောင်ပေါ်မှာမှ သာချင်ပါသတဲ့ မိန်းကလေးရယ်။"

ကိုလှဝေသည် ဖောင်တိန်ကို ချထားလိုက်သည်။

လိုချင်သော စကားလုံးလေးတွေကို ရှာရပြီး ရေးချလိုက်နိုင်သဖြင့် စိတ်မှာ ကျေနပ်သွားသည်။ တစ်ပြိုင်နက်မှာပင် မောမောပန်းပန်းလည်း ဖြစ်သွား၏။

ကိုလှဝေက ပြတင်းမှနေ၍ အပြင်ဘက်ဆီ လှမ်းကြည့်သည်။

အပြင်ဘက်မှာတော့ ညမနက်သေးဘဲ လ,ကထွက်နေသည်။ ပြည့်ပြည့်ဝန်းဝန်းကြီးပင် ထွက်နေ၏။

မိုးရိပ်မိုးနံ့လေးများ မကုန်သေး။ သို့ရာတွင် စိတ်ကပဲ ထင်မြင်လာမသိ၊ ဆောင်းရိပ်ဆောင်းနံ့လေးများကို ခံစားရသယောင်ယောင် ရှိသည်။ အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းမည်မှုးမှုးရှာသီ၏ အလှကို မနောဝိညာဉ်က သိနေသည်။

ခြံတွင်းဆီ၌ လ,ရောင်သာမက မီးပုံးရောင်များလည်း လင်းနေသည်။ ညိုကြီးနှင့် မိဝင်းတို့၏ ကြည်လင်သာယာသော အသံလေးများကိုလည်း ကြားရသည်။

ကိုလှဝေ၏ရင်မှာ လန်းဆန်း၍လည်း လာသည်။ ကြည်နူး၍လည်း လာသည်။

ကိုလှဝေသည် သေတ္တာနက်လေးကိုဖွင့်ကာ တယောလေးကိုယူပြီး ခြံတွင်းသို့ ဆင်းလာခဲ့သည်။

အိမ်ရှေ့မှာက မီးပုံးတွေ စီစီရီရီ ထွန်းထားသည်။

ကိုလှဝေ ပြုံးမိသည်။ ဤအိမ်၌ သီတင်းကျွတ် မီးပုံးထွန်းသည်မှာ ဤတစ်ကြိမ်သာ ရှိသေးသည်။ ခါတိုင်းတော့ သီတင်းကျွတ်များသည် အမှတ်မထင်သာ ဖြတ်သန်းသွားခဲ့ကြသည်။

မြက်ခင်းအစပ်တွင် ငြိမ်း၏ကြီးကြပ်မှုအောက်၌ ကလေးနှစ်ဦးက မီးပန်းလွှတ် ကစားနေကြသည်။

ကိုလှဝေကိုမြင်သော မိဝင်းက လှမ်းဖိတ်ခေါ်သည်။

"ဦးဦး…လာ…၊ သမီးတို့နဲ့ မီးပန်းလွှတ်မလား"

သူတို့အနီး ချဉ်းကပ်သွားပြီး ကိုလှဝေက ဖြေသည်။

"သမီးတို့ ကစားပါ၊ ဦးဦးက တယောထိုးမလို့"

"ဟင်…ဦးဦးက သမီးတို့ကစားပြီးမှ တယောထိုးပါလား၊ သမီးတို့လဲ နားထောင်ချင်တယ်၊ ဟိုတစ်ခါတုန်းကလို မေမေငြိမ်းကဆို"

ကိုလှဝေက ငြိမ်းကိုလှမ်းကြည့်ရာ ပြုံးနေသည်ကို တွေ့ရ၏။

"ဟုတ်တယ် ငြိမ်းရေ၊ ဆရာ စိတ်နည်းနည်းညောင်းလို့"

"စိတ်ညောင်းလို့…၊ ဆရာဝတ္ထုရေးတာ ပိတ်နေလို့လား"

"ဟုတ်ဘူး၊ ပွင့်တာနဲ့ သွန်ချလိုက်တာ…အဲ…ခန်းပြီး ပန်းသွားတယ်"

"သူတို့ပြီးရင် ငြိမ်း လာခဲ့ပါမယ်၊ ဆရာသွားပြီး လက်နှုးနှင့်"

ကိုလှဝေက သရက်ပင်ဖျိုရိပ်ရှိ ခုံတန်းလေးဆီ လျှောက်ခဲ့ပြီး ထိုင်၏။ တယောကြိုးများကိုညှိပြီး မထိုးသေးဘဲ ငြိမ်းတို့ရှိရာ လှမ်းကြည့်မိသည်။

ငြိမ်းက စက္ကူဘူးလေးထဲမှ မီးပန်းချောင်းလေးများကို ထုတ်ပေးသည်။ ညိုကြီးနှင့် မိဝင်းတို့က ဖယောင်းတိုင်မီးတွင် ရှို့ပြီး မြှောက်လွှတ်ကစားကြ၏။



တစ်ဖန်…ငြိမ်းက မီးပန်းသုံးလေးချောင်းကို တွဲသည်။ နောက်ဆုံး အချောင်းအရင်းကို ကောက်သည်။ ထိပ်ဆုံးမှ မီးပန်းကိုရှို့ပြီး ဖွားဖွားတောက်မှ မီးပန်းတွဲကို စက္ကူပန်းရုံတွင် သွားချိတ်ထားလိုက်၏။ စိမ်းမှောင်သော ပန်းရုံနောက်ခံ တွင် တောက်ပထွန်းလင်းနေသော မီးပန်းတွဲကိုကြည့်ကာ သဘောကျသော ကလေး နှစ်ဦးက လက်ခုပ်တီးကြ၏။

လှသည်…ဟု ကိုလှဝေစိတ်တွင်းမှာ မှတ်ချက်ချမိသည်။ ဘာက လှသနည်း…။ အားလုံးကလှသည်။ လရောင်, ကြယ်ရောင်, မီးပုံးရောင်နှင့် သီတင်း ကျွတ်ည,ကလည်း လှသည်။ ကွန့်မြူးတောက်ပသော မီးပန်းရောင်များတွင် ညိုကြီး လည်းလှသည်။ မိဝင်းလည်းလှသည်။ ငြိမ်းလည်းလှသည်။ တစ်ခြံလုံးလှသည်။

ဩော်…လှပသော ဘဝဟူသည်ကို မသိရဘဲ မိမိနေခဲ့သည်မှာ ကြာပြီ။ သီတင်းကျွတ်ပြီဆိုတော့…သုံးဆယ့်ရှစ်နှစ်။ မြတ်စွာဘုရား…။ သုံးဆယ့်ရှစ်နှစ် တွင်းတောင် ဝင်ခဲ့ပါရောလား။

တစ်စုံတရာသည် ကိုလှဝေ၏ရင်တွင်းမှာ နိုးကြားလာသည်။ သည်နိုးကြား မှုက ခံစားမှုတစ်ခုလည်း ဖြစ်လေသည်။ ဘာခံစားမှုဟူ၍တော့ ရေရေရာရာမသိ။ လှပသော ခံစားမှုတစ်ခုမှန်းတော့ ကောင်းစွာသိသည်။

ကိုလှဝေသည် တယောကို စတင်ထိုးသည်။ သီချင်းတစ်ပုဒ်တော့ မဟုတ်။ ဂီတတစ်ခုသာ ဖြစ်သည်။ ဂီတတစ်ခုမည်သည် သီချင်းဖြစ်ဖို့မလို။ နာမ်တရား၏ အလှအပနယ်စီ ခရီးသွားခြင်းတစ်ခု။

တိုးတိုးညင်သာ ရယ်သံလေးများကို အလျင်ကြားရ၏။ ထိုနောက်… ညိုကြီး၏အသံ။

"အိပ်နေရော…"

ကိုလှဝေက မျက်လုံးဖွင့်ကြည့်သောအခါ မိဝင်းက ကြွေးကြော်သည်။

"ဟာဟ…ဦးဦးရယ် တယောထိုးရင်း အိပ်ပျော်နေတယ်"

ငြိမ်းကရယ်၍ ခုံတစ်ဘက်စွန်း၌ ဝင်ထိုင်သည်။ မိဝင်းက ကိုလှဝေနှင့် ငြိမ်းကြားတွင် ထိုင်၏။ ညိုကြီးက ထုံးစံအတိုင်း ငြိမ်းပေါင်ပေါ်မှာ…။

မိဝင်းက ပွဲတောင်း၏။

"မေမေငြိမ်း…ဆိုလေ"

ငြိမ်းက ကိုလှဝေကို လှမ်းကြည့်သဖြင့် ကိုလှဝေက မေးသည်။

"ငြိမ်းဘာဆိုချင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရာသီဘွဲ့ထဲက"

"အဲ…ကောင်းတယ်၊ သီတင်းကျွတ်ပြီဆိုတော့…နေမင်းကြီး ပြင်လ စံပြီး ဆောင်းရောက်တော့မယ်၊ ဘုံပျံနေနှန်း လုပ်ကြရအောင်"

"အာပါပါ…ဆရာက ငြိမ်းကို အထင်ကြီးလွန်းအားကြီးသွားပြီ၊ ငြိမ်း တက္ကသိုလ်ရောက်မှ အနုပညာအသင်းမှာ အဆိုသင်ရတာ၊ ဘုံပျံနေနှန်းနား ဘယ် ကပ်နိုင်ဦးမှာလဲ"

"ဒါဖြင့် ဘာဆိုမလဲ"

"ကလေးတွေ စိတ်ကျေနပ်ရုံပဲဟာ၊ ရိုးရိုးနဲ့ တိုတို…သည်ဆောင်းယော ပဲ ဆိုရအောင်"

"ငြိမ်းသဘောပါ"

ကိုလှဝေက ဘွဲ့ခံတီးပြီး အဆုံး၌ ငြိမ်းက သဖင်ပန်းဘွဲ့လေးကို ဆိုေ ၏။

"သည်ဆောင်းယောမန် × × × မြောက်ပြန်လေညှင်း × × × ဆော်တယ် ကို × × × နတ်တော်ပြာသို × × × ခွာညိုတည့်နှင်းဖုံဖုံ × × ×"

ကလေးနှစ်ဦးက ကြည်နူးနှစ်သက်ဟန်ဖြင့် နားထောင်နေကြသည်။ တယောထိုးရင်းက ကိုလှဝေလည်းကြည်နူးနှစ်သက်သည်။ ငြိမ်းပြောသကဲ့သ ဤသဖင်ပန်းဘွဲ့လေးက ရိုးရိုးလေးသာဖြစ်သည်။ သို့ရာတွင် ငြိမ်း၏အသံလေး သာသည်။ အေးအေးလေးနှင့် ဧွသံလွင်လွင်သာသည်။ အသံကလှတော့ သီချင်း ရိုးရိုးလေးသည်လည်း လှလာတော့၏။

သီချင်းဆုံးသွားသောအခါ မိဝင်းက လက်ခုပ်တီး သြဘာပေးရာ ညို ကလည်း သူ့လက်တုတ်တုတ် ဖောင်းဖောင်းလေးများနှင့် အားရပါးရ လိုက်လက်ခု တီး၏။ ပြီးမှ ဆို၏။

"အမေ့…"

"ရှင်…"

"ကဂျားအွမ်းမယ်"

"ဘာကစားမလဲ"

"မီးပန်း"

"တော်ပြီလေ၊ နက်ဖြန်ညမှ တစ်ခါကစားရမယ်၊ အခု ကစားပစ်ရင် ကုန်သွားမှာပေါ့"



"အိပ်ချင်ဒေးဘူး"

"သြော်…မအိပ်ချင်ရင် မအိပ်ပါနဲ့"

"ဂဂျားမယ်"

မိဝင်းက ဝင်အကြံပေး၏။

"လာ မောင်လေး၊ တို့ စိန်ပြေးတမ်း ကစားကြမယ်"

"ဂဂျားမယ်"

"သမီးတို့ စိန်ပြေးတမ်းတော့ ကစား၊ တူတူမပုန်းနဲ့၊ မှောင်ရိပ်တွေထဲ မသွားနဲ့"

"ဟုတ်ကဲ့ မေမေငြိမ်း"

ကလေးနှစ်ဦးက မြက်ခင်းလေးဆီ ပြန်ပြေးသွားကြ၏။

ခေတ္တစကားမပြောဘဲ တိတ်ဆိတ်နေရာမှ ငြိမ်းကမေးသည်။

"ဆရာ့ဝတ္ထု တော်တော်ကျပြီလား၊ ငြိမ်း ဘယ်တော့ စ၊ ရိုက်ပေးရမလဲ"

"လေးငါးခန်းပဲ ပြီးသေးတယ်၊ ဇာတ်လမ်း အသားမကျသေးဘူး၊ ဆရာ နဲ့ထပ်ပြင်ရဦးမယ် ထင်တယ်၊ သန်ဘက်ခါလောက်ဆို ငြိမ်း စ၊ ရိုက်နိုင်ပါပြီ"

"ဒီတစ်ခါ ဘာအကြောင်းလဲဆရာ"

"ရင်ခုန်ချစ်မှာကိန်းတဲ့ မေတ္တာသဘော"

"ဘယ်လို ဆရာ"

"စာရေးဆရာဟာ မသိခြင်းကြောင့် ရှာဖွေနေသူတစ်ဦးလို့ဆိုရင် ငြိမ်း ဘယ်လိုပြောမလဲ"

"ငြိမ်း ဘယ်ပြောတတ်မလဲ၊ ဒါပေမယ့် ဆရာ အခု အနက်ဖွင့်ဆိုပုံလေး ငြိမ်း စိတ်ဝင်စားတယ်"

"ဟုတ်တယ်၊ ဒီသဘောကို ကိုယ်တွေ့သိတာ ဆရာလဲ မကြာသေးဘူး၊ အစကတော့ ခံစားမှုရှိလို့ စာရေးတယ်လို့ လွယ်လွယ်ပဲထင်ခဲ့တယ်၊ ဒါပေမယ့် စာရေးဆရာမှ ခံစားမှုရှိသလား၊ တခြားလူတွေမှာလဲ ခံစားမှုရှိတာပဲ၊ ပြီးတော့ ခံစားမှုကြောင့် စာရေးတယ်ဆိုရင် ခံစားမှုသဘောဟာ ကုန်သွားနိုင်တယ်၊ ခန်းသွား နိုင်တယ်၊ ဒါပေမယ့် စာရေးဆရာကြီးတွေဟာ မသေမချင်း စာရေးနေကြတယ်၊ တချို့က အကြောင်းအရာတွေ ပြောင်းရေးကြတယ်၊ တချို့ကတော့ တစ်ကြောင်း တည်းကိုပဲ တစ်သက်လုံးရေးသွားတယ်၊ အသွင်အားဖြင့် တစ်ကြောင်းတည်း ဆိုပေမယ့်…ချဉ်းကပ်ပုံပြောင်းကြတယ်၊ သုံးသပ်ပုံပြောင်းကြတယ်၊ တင်ပြပုံ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းကြတယ်၊ အတိမ်အနက်လဲ ပြောင်းကြတယ်''

''အသက်နဲ့ အတွေ့အကြုံကြောင့် ထင်တယ်နော် ဆရာ''

''ဒါလဲပါလိမ့်မယ်၊ ဒါပေမယ့် အဓိကအကြောင်းက…ကိုယ့်ကိုယ်ကို မကျေနပ်မှုကြောင့်လို့ ဆရာထင်တယ်''

''ကိုယ့်ကိုယ်ကို မကျေနပ်မှု…! ဘာကို မကျေနပ်တာလဲ ဆရာ''

''အဲဒါကို အဖြေရ တော်တော်ကျပ်တယ်၊ သိပ္ပံပညာရှင်တစ်ဦးနဲ့ နှိုင်းယှဉ်ကြည့်ကြရအောင်၊ သိပ္ပံပညာရှင်ဟာ စူးစမ်းစိတ်ကပေါ်လာတဲ့ မေးခွန်းတွေကို ဖြေဖို့ **မော်ဒယ်** လို့ခေါ်တဲ့ **ပုံစံ** ထုတ်ကြည့်တယ်၊ အဏုမြူရဲ့ပုံစံ ဖြစ်ချင်ဖြစ်မယ်၊ စကြဝဠာရဲ့ပုံစံ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ငြိမ်းတို့စိတ်ပညာက စကင်နာတို့၊ ဟားလ်တို့ရဲ့ အပြုအမူပုံစံ ဖြစ်ချင်ဖြစ်မယ်''

ငြိမ်းက ရယ်ပြီး ''ဆရာက…စကင်နာတို့ ဟား(လ်)တို့ကိုတောင် သိတာကိုး'' ဟု မှတ်ချက်ပေး၏။

''သဘောပေါက်သိတာပါ၊ ဆရာ့စကား ဆက်ရဦးမယ်၊ သိပ္ပံပညာရှင်ဟာ သူတည်ဆောက်လိုက်တဲ့ ပုံစံကို အသုံးပြုပြီး မေးခွန်းတွေအတွက် အဖြေထုတ်တယ်၊ အဖြေထွက်နေသမျှ ဒီပုံစံလေးဟာ ကျေနပ်ဖွယ်ပဲ၊ အဲ…တစ်နေ့တစ်ချိန်မှာ အဖြေမထွက်နိုင်ရင် သိပ္ပံပညာရှင်ဟာ ပိုမိုယက်မြက်တဲ့ ပုံစံသစ်တစ်ခုကို တည်ဆောက်ပြန်ရတယ်''

''မှန်ပါတယ်ဆရာ၊ ရူပဗေဒနဲ့ အာကာသသိပ္ပံတွင်မကဘူး စီးပွားရေးပညာနဲ့ စိတ်ပညာမှာလဲ ပုံစံသစ်ထုတ်မှုတွေ ရှိပါတယ်၊ ဒါကြောင့်လဲ သိပ္ပံပညာဆိုတာဟာ ဆပ်ဆက်ဆစ်(စ်) အက်ပရော့ဇီမေးရှင်း…အမှန်တရားကို တစ်ဆင့်ပြီးတစ်ဆင့် ခန့်မှန်းခြင်းလို့ ဖွင့်ဆိုကြပါတယ်''

''စာရေးဆရာတစ်ယောက် အတွက်လဲ ဒီလိုပါပဲ၊ သူကိုင်တွယ်တဲ့ အမှန်တရားက သင်္ချာပညာ သင်္ကေတတွေနဲ့တော့ ဖော်ပြလို့မရဘူး၊ ဘာကြောင့်လဲဆိုတော့ သူကိုင်တွယ်တာက…ဘဝနဲ့ ဘဝဆိုင်ရာ သဘောတွေကိုး၊ ဘာပဲဖြစ်ဖြစ် သူလဲ ပုံစံထုတ်ကြည့်တာပဲ၊ ဝတ္ထုတစ်ပုဒ်ဆိုတာဟာ သူစမ်းသပ်ထုတ်ကြည့်လိုက်တဲ့ ပုံစံပဲ၊ အဲဒီပုံစံနဲ့ သူဟာ အဖြေတွေမှာကြည့်တယ်၊ တစ်နည်းအားဖြင့် ဘဝဆိုင်ရာ အမှန်တရားတွေကို ခန့်မှန်းကြည့်တယ်ပေါ့၊ ခန့်မှန်းချက်မှန်သမျှဟာ အဆုံးသတ်သစ္စာ မဟုတ်တော့ ဘယ်မှာ ကျေနပ်ဖွယ်ရှိမလဲ၊ ဒီတော့ ထပ်ဆင့်ခန့်မှန်းရပြန်တယ်၊ ဒီလိုနဲ့ စာရေးဆရာဟာ ရေးလို့မပြီးနိုင်ဘူး၊ ရေးစရာဟာလဲ မကုန်နိုင်



ဘူး၊ ခေတ်အဆက်ဆက်က စာရေးဆရာတွေလဲ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာတာပဲ၊ အပြင်ပန်းကြည့်ရင်တော့ ဖွတ်ဖွတ်ကြေအောင် ရေးပြီးတာတွေ ပြန်ရေးနေကြတယ် ထင်ရတယ်၊ ဥပမာ…ဘဝဆိုင်ရာ အမှန်တရားတစ်ခုဖြစ်တဲ့ အချစ်ဆိုပါတော့၊ စာပေရယ်လို့ စ,ပေါ်ကတည်းက ရေးလာလိုက်ကြတာ၊ ခုထိရေးကြတုန်းပဲ၊ မဆုံးနိုင်ကြသေးဘူး၊ ဖတ်သူတွေကလည်း ဖတ်နေကြတုန်းပဲ၊ မငြီးငွေ့ကြသေးဘူး၊ တကယ်တမ်းကျတော့လည်း…အချစ်ဆိုတာ ဘာလဲလို့ ဘယ်သူမှ ရေရေရာရာ မသိကြသေးဘူး၊ ဒါက နမူနာတစ်ခုသာပါ၊ အလှတို့…မြင့်မြတ်ခြင်းတို့…တရားမျှတမှုတို့…ဆိုတဲ့ တခြားဘဝဆိုင်ရာ အမှန်တရားတွေလဲ ရှိသေးတယ်၊ ဒဿနပညာရှင်ကလည်း ဒါတွေကို ကိုင်တွယ်တာပါပဲ၊ ဒါပေမယ့် သူက ယုတ္တိဗေဒကို အားကိုးတယ်၊ စာရေးဆရာကတော့ သူထုတ်လိုက်တဲ့ ဘဝပုံစံလေးနဲ့ အဲဒီပုံစံကထွက်လာတဲ့ လူလူချင်း ဆက်ဆံရေး ဝိရောဓိနဲ့ သမုဟာသဘောတွေကို ပိုအာရုံစိုက်တယ်''

''ငြိမ်း ရေးရေးသဘောပေါက်လာပါပြီ၊ ဆရာ အခုရေးနေတဲ့ ဝတ္ထုမှာလဲ အခုပြောတဲ့ အမှန်တရားခန့်မှန်းခြေသဘော ပါနေတယ်ပေါ့၊ ဟုတ်လား''

''ဟုတ်တယ်၊ အချစ်…သို့မဟုတ် တိတိကျကျဆိုရရင် ရင်ခုန်ချစ်နဲ့ မေတ္တာသန့်သန့်သဘော၊ ဒါထက် ငြိမ်းတို့စိတ်ပညာက အချစ်ဆိုတာကို ဘယ်လိုသရုပ်ခွဲသလဲ''

''အဲ…စိတ်ပညာဟာ ဒီနေရာမှာ အားနည်းနေတယ်၊ အလွန်ရှင်သန်အားကြီးတဲ့ စေ့ဆော်မှုတစ်ရပ်အဖြစ်တော့ အသိအမှတ်ပြုတယ်၊ သရုပ်ခွဲပုံတော့ ငြိမ်း သိပ်အားမရဘူး၊ ယေဘုယျအားဖြင့် အချစ် သို့မဟုတ် ရင်ခုန်ချစ်…သို့မဟုတ် တည့်တည့်ပဲ ပြောကြတာပေါ့ ဆရာ၊ ဖိုမချစ်ကို ကာမဂုဏ်လိုအင်နဲ့ စိတ်လုံခြုံမှုလိုအင်…ဒီလိုအင်နှစ်ရပ်မှာ အခြေခံပြီး ဆွေးနွေးရှင်းပြကြတာ များပါတယ်၊ ရှိုက်ရဲ့ အမြင်ကျတော့ ကာမဂုဏ်လိုအင်ဘက် အစွန်းထွက်ပြီး တော်တော် ညစ်ညမ်းတာ တွေ့ရတယ်''

''ဆရာလဲ အဲဒီလိုပဲ သဘောပေါက်မိတယ်၊ အချစ်ဆိုတာကို ယေဘုယျအားဖြင့် ကိလေသာလို့တား၊ လောဘတဏှာလို့ ဆိုရမယ်၊ လောဘဆိုတာ ပိုင်ဆိုင်လိုချင်တာပဲ၊ ဒါပေမယ့် တချို့ဖြစ်ရပ်တွေမှာ ပိုင်ဆိုင်လိုမှုသဘောနဲ့ ကျွန်တဲ့ သဘောတွေ သွားတွေ့ရတယ်၊ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်း၊ ဖွင့်လွှတ်ခြင်း သဘောတွေပါ၊ အဲဒါကို ငြိမ်း ဘယ်လိုပြောမလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းမြင်တာကတော့ အချစ်ဆိုတာဟာ စေ့ဆော်မှုတစ်ခုထဲ မဟုတ်ဘူး ထင်တယ်၊ စေ့ဆော်မှု တော်တော်များများ ပေါင်းနေတဲ့ သဘောတစ်ခုကို လွယ်လွယ်ကူကူ အချစ်လို့ စကားတစ်လုံးထဲနဲ့ နာမည်ပေးမိကြတာ ထင်တယ်"

"အဲ…ဆရာလဲ အဲဒီလိုတွေးနေတာ၊ ဒီတော့ အချစ်မှာ မေတ္တာသဘော ကိန်းဝင်မှုရှိနိုင်တယ်၊ ကိန်းဝင်ဆိုတဲ့ စကားကို မသုံးချင်ရင် ရောပြွမ်းမှုလို့ ခေါ်ရမယ်၊ ကြီးစိုးလွှမ်းမိုးမှုတောင် ဖြစ်နိုင်တယ်"

"သစ္စာနဲ့ ပါရမီသဘောတွေကော ဆရာ…"

"ငြိမ်း ဘာပြောလိုက်တယ်"

"စိတ်အကြောင်းပြောကြရင် အနောက်နိုင်ငံအတွေးအခေါ်တွေကို သိပ်အားကိုးလို့ မရဘူး၊ အတွေးအခေါ်မှန်သမျှဟာ ဒေသတစ်ခုရဲ့ ရှေးအတွေးအခေါ်သမိုင်းနဲ့ ဆက်စပ်မှုရှိနေတတ်တယ်၊ ဥပမာ…ဥရောပ ရှေးအတွေးအခေါ်မှာ ဖိုမအချစ်ကို အ,ကုသိုလ်ဆိုးအဖြစ်ကလွဲပြီး ဘယ်လိုလုပ်ကြည့်လို့ရမလဲ၊ လူ့ဘဝ အစ,ဟာ အခြေခံ အ,ကုသိုလ်ဆိုးက ပေါက်ဖွားလာခဲ့တာလို့ ခံယူမှုက ရှိနေခဲ့တာ ကိုး၊ ဒီခံယူမှုက ဒီနေ့အထိ ဘယ်လောက် စကားပြောနေသေးလဲ၊ ဒါကိုလဲ ထည့်စဉ်းစားရမယ်"

"အဲဒါနဲ့ ခုနင်က ငြိမ်းပြောလိုက်တာနဲ့…ဘယ်လိုဆိုင်သလဲ"

"ဖို,ချစ် မ,ချစ်ရဲ့ အတွေးအခေါ်သမိုင်းမှာ ရပ်တည်ခဲ့တဲ့ အနေအထားကို ဆွေးနွေးနေတာပါ၊ ငြိမ်းတို့ရဲ့ အစဉ်အလာကို ပြန်စဉ်းစားကြည့်ကြရအောင်၊ အမရာနဲ့ မဟောသဓ၊ ကိန္နရီနဲ့ ကိန္နရာ၊ မဒ္ဒီနဲ့ ဝေဿန္တရာတို့ဟာ ဘာအချစ်နဲ့ ချစ်ကြသလဲ၊ ဖို,ချစ် မ,ချစ်မပါဘဲ ပုထုဇဉ်တွေပဲ ရှိသေးတယ်မဟုတ်လား၊ အဲဒီအချစ်သဘောကို အကုသိုလ်လို့ ဆရာခံယူကြည့်လို့ ရသလား"

"ဟာ…တောက်တီးတောက်တဲ့"

"မရဘူး၊ ဟုတ်တယ်မဟုတ်လား၊ ပြီးတော့ ခုနင်က မောင်နှံတွေရဲ့ ဆက်ဆံရေးမှာ…သစ္စာဆိုတာရယ်၊ ပါရမီဖြည့်ဘက်ဆိုတဲ့ သဘောရယ်က ထွန်းပ,ထွက်နေတယ်၊ ပါရမီဖြည့်ဘက်ဆိုရင်…သည်းခံရတယ်၊ အနစ်နာခံရတယ်၊ ခွင့်လွှတ်ရတယ်၊ စွန့်လွှတ်ရတယ်၊ တစ်နည်းအားဖြင့်လဲ မောင်နှံနှစ်ဦးရဲ့ ချစ်ခြင်းဘဝဟာ…ထန်းသီးကြွေခိုက် ကျီးမှင်းခိုက်…မတော်တဆကိစ္စလဲ မဟုတ်ဘူး၊ တဒင်္ဂ လိုအင်ဖြည့်ဝရေးလဲ မဟုတ်ဘူး၊ ဆုံးဖြတ်ရွေးယူမှုရှိသလို၊ အနာဂတ်ဦးတည်မှုလည်း ရှိတယ်၊ အနာဂတ် ဦးတည်မှုထဲမှာ မေတ္တာနဲ့ ကရုဏာတရားတွေပါဝင်လာတယ်၊ ကိုယ့်အတွက် မဟုတ်ဘူး၊ ကိုယ်မှတစ်ပါးဖြစ်သော အခြားသူတွေအတွက် မေတ္တာနဲ့ ကရုဏာ…၊ တခြားယဉ်ကျေးမှုက လူတွေရဲ့ အချစ်သဘာဝကို ငြိမ်း ဘာမှမပြောတတ်ဘူး၊ မပြောလဲ မပြောလိုဘူး၊ ငြိမ်းတို့ယဉ်ကျေးမှုက အချစ်ဆိုတာမှာတော့ ဆရာပြောသလိုပဲ ရောပြွမ်းနေတယ်၊ ဘာတွေ ရောပြွမ်းနေသလဲဆိုတော့ လူကို လူ့ဂုဏ်သိက္ခာနဲ့ ပြည့်စေတဲ့ တရားတွေဖြစ်တဲ့…မေတ္တာ၊ ကရုဏာ၊ သစ္စာ၊ ပါရမီဖြည့်ဘက် ဆိုတဲ့ တရားတွေ"



ကိုလှဝေသည် ငြိမ်းကို အငေးသားကြည့်မိ၏။

လရောင်တွင် ငြိမ်း၏ အသားလေးများက ရှိမ်းမြလတ်ပြာနေသည်။ နက်မှောင်သောဆံပင်က လက်လက်လဲ့လဲ့ ရှိသည်။ မျက်ဝန်းပြာများကလည်း လက်လက်လဲ့လဲ့ ပင်တည်း။

ငြိမ်းသည် ယဉ်ယဉ်လေးလှမှန်း ကိုလှဝေ အသိအမှတ် ပြုခဲ့မိသည်မှာ ကြာပြီ။ သို့ရာတွင် ယနေ့ည၌ အလှနှင့် တည်ငြိမ်မှု၊ အလှနှင့် ဣန္ဒြေ၊ အလှနှင့် အေးချမ်းမှု…အားလုံးကို ငြိမ်းဆီ၌ သတိပြုမိသည်။

ဣန္ဒြေရရ အေးအေးချမ်းချမ်းနှင့် ပြောပြနေသော သဘောတို့ကလည်း လေးနက်သည်တကား။

ကိုလှဝေက ရုတ်တရက် ရယ်လိုက်၏။

"ဆရာ ဘာလို့ ရယ်တာလဲ"

"ဝမ်းသာလို့ ငြိမ်း…၊ ငြိမ်းကို ဆရာ သိပ်အံ့ဩမိတယ်၊ ဆရာ အမှန်တို ဝန်ခံမယ်၊ အစက…မိန်းကလေးတစ်ယောက်ဟာ သိပ်တွေးမယ်ခေါ်မယ်လို့ ဆရာမထင်မိဘူး၊ နေဦး…၊ မိန်းမသားတွေဟာ မတွေးမခေါ်နိုင်ဘူးလို့ ဆရာ ပြောတာ မဟုတ်ဘူး၊ ဆရာက…ဒီလို လူလူချင်း အထင်သေးတတ်သူ မဟုတ်ဘူး၊ ဆရာဆိုလိုတာက မိန်းကလေးတစ်ယောက်ဟာ…အထူးသဖြင့် ငြိမ်းတို့အရွယ်ဟာ တွေးခေါ်မြော်မြင်ရေး တံခါးကိုခေါက်ဖို့ အချိန်ပေးနိုင်ရဲ့လား…၊ အဲဒီလိုပါ၊ ဆရာ မှားချင်မှားနေပါလိမ့်မယ်၊ အင်းလေ…မှားနေပါတယ်၊ အခု ငြိမ်းက တွေးခေါ်ပြသွားတယ်၊ ဆရာ မတွေးမိတာတွေကို တွေးပြသွားတယ်၊ ဆရာ့အတွက်တော့ မြတ်သွားပြီ၊ ဝတ္ထုမှာ ဘာကိုဖောင်းပေးတွေးပြီး ရေးရမယ်ဆိုတာ ဆရာ ရသွားပြီ"

ငြိမ်းက လရောင်တွင် သွားလေးများ လက်လက်ဖွေးစေလျက် ရယ်၏။

"ဆရာချီးမွမ်းတာနဲ့ ငြိမ်း ဘဝင်မြင့်ချင်သလို ဖြစ်သွားတယ်၊ ထားပါ

www.burmeseclassic.com

www.burmeseclassic.com



တော့လေ၊ ငြိမ်းပြောတာ ဆရာ့ဝတ္ထုအတွက် အထောက်အကူရသွားတယ်ဆို ငြိမ်းလဲ ဝမ်းသာပါတယ်၊ အဲ…စကားတော့ ကောင်းတယ်၊ ကလေးတွေ အိပ် တန်ပြီ ဆရာ”

ငြိမ်းသည် ခုံတန်းလေးမှထ,ပြီး ကလေးနှစ်ဦးကိုချော့ကာ အိမ် ပြန်ခေါ်သွား၏။

လရောင်အောက်၌ ကိုလှဝေတစ်ယောက်တည်း ခေတ္တ ငြိမ်ကျန်ရစ် အချစ်။ မေတ္တာ။ ကရုဏာ။ သစ္စာ။ ပါရမီဖြည့်ဘက်…။

ကိုလှဝေသည် တယောလေးကို စတင်ထိုးသည်။ သီချင်းစာသားများ လည်း စိတ်တွင်းမှ လိုက်ဆိုသည်။

“နှစ်ကိုယ်သစ္စာ။ အဆိုမေတ္တာ။ မြဲအောင်သာ။ ။ ကေသာလေမြတ် တင်ဦးထား။ ။ နှစ်ပါးကိုမှီသစ္စာ။ စုလျားတဲ့ရစ်ခွေကာ။ ။ သေချာလေ မှန်ကြော လျား။ တူနှစ်ကိုယ်ချစ်ရေးတော်ထား…။

ငြိမ်း ဖွင့်ဆိုအနက်ပေးခဲ့သော အချစ်သဘောနှင့် ကိုက်ညီဆီလျော်သော သီချင်းဖြစ်သည်။

ကိုလှဝေသည် ဝမ်းနည်းပမ်းနည်းလည်း ဖြစ်မိသည်။

ငြိမ်းကိုရှေ့ထားပြီး သည်သီချင်းလေးကို မိမိ မတီးမဆိုထိုက်။

ငြိမ်းအနေနှင့်လည်း မိမိနှင့်အတူ ငွေလရောင်အောက်တွင် သည်သီချင်း လေးကို မဆိုအပ်။ ဆိုမည်လည်းမဟုတ်…။

မဟုတ်…။…။

❑❑❑

## အခန်း (၁၉)

ဇော်တင်သည် နားကကြားရသည်ကို မယုံမိဘဲ ကျော်မင်းအောင်ကို မေးသည်။

“မင်းဥစ္စာ သေချာရဲ့လား”

“သေချာတယ်ကွ၊ ဆရာထွန်းဦးကျော် မိဘတွေနဲ့ ငါ့မိဘတွေက ခင် တယ်၊ သူ့အမေက ငါ့အမေကိုပြောတာ”

“ဒါပေမယ့်…ငြိမ်း ငါ့ကို သေသေချာချာပြောတယ်၊ နုနုသွယ်နဲ့ ဆရာ လှဝေက…”

“ဘာလဲ…ကြိုက်နေကြလား…”

“အဲဒီလိုတော့ မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီသဘောပဲ”

“မင်းဟာက မရေမရာကြီးပါကွာ၊ တော်တော်ကြာ နုနုသွယ်ဆိုတဲ့ ချဉ်သီးလေးက ဆရာထွန်းဦးကျော်ပါးစပ်ထဲ ရောက်သွားပြီး ငြိမ်းဆိုတဲ့ ချဉ်သီး လေးက…”

“ဟော့ကောင် တော်ကွာ၊ မဟုတ်တာတွေ မပြောနဲ့”

“မဟုတ်တာ ပြောတာမဟုတ်ဘူး၊ ငါ့မျက်စိနဲ့မြင်တာ နှစ်ခါရှိပြီ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာမြင်တာလဲ"

"အင်းလျားမှာ ရေလာကူးကြတာ၊ အပြန်မှာ ကားမောင်းသင်ပြန်တာ ကားမောင်းသင်ရင်း ဘာလုပ်လို့ရတာ မင်းကော ငါကော သိပြီးသားဟာ"

ဖော်တင်၏မျက်နှာတွင် သွေးဆုတ်သကဲ့သို့ ဖြစ်သွားသည်။ ရင်အတွင်း တစ်နေရာဆီ ကင်းမီးကောက် အထိုးခံရသကဲ့သို့လည်း ရှိသည်။

"ငြိမ်းဟာ သစ္စာမဲ့တဲ့ မိန်းကလေး မဟုတ်ပါဘူးကွာ"

"အခုခေတ်စွက သစ္စာနဲ့မဆိုင်ဘူးကွ၊ အိုးချင်းထား အိုးချင်းထိတယ် ကြိုးချင်းထား ကြိုးချင်းငြိတယ်၊ ရှေးလူကြီးတွေက ခေတ်ကြီးမမြင်ဖူးလို့ ခေတ်ကြီး ချင်းထိတော့ ငြိရုံမဟုတ်ဘူး၊ မီးထပွင့်တယ်"

"အေး...အဲဒီတော့ ငါဘာလုပ်ရမလဲ"

"အပြတ်ပေါ့ကွာ၊ အဲဒီအလုပ်က ထွက်နိုင်း"

"ငါပြောပြီးပြီ၊ မရဘူး"

"ပြောရုံနဲ့တော့ ဘယ်ရမလဲ၊ အလုပ်သဘောလေးလဲ ပါမှပေါ့"

"ဘာလဲ အလုပ်သဘောဆိုတာက"

"မင်း ငြိမ်းကိုတကယ်ချစ်ရင် ယူလိုက်တော့ပေါ့"

"မလွယ်တာ ငါပြောပြီးပြီပဲ"

"အေး နောက်ဆို သာမလွယ်ဦးမယ်၊ အဲဒီသတင်းတွေပွပြီး မင်းအဖေ ကြားသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ပုသိမ်က ကျောင်းသူကျောင်းသားတွေ အများ ကြီးရှိတယ်"

ဖော်တင် ငိုင်သွား၏။ ဤအချက်ကို မိမိ မစဉ်းစားမိ။ ယခုအချိန်အထိ ငြိမ်းကိုအပြစ်ပြ၍ မေမေတို့ ကန့်ကွက်လိုလျှင်...မချမ်းသာမှုတစ်ခုကိုသာ လက် ညှိုးထိုးနိုင်မည်။ နောင်တွင်မူ...။

"အဲဒါတွေထားတော့ကွာ၊ ခက်တာက ငြိမ်းကိုလက်ထပ်ဖို့ ငါပြောလို့ မရဘူး"

"လက်ထပ်ဖို့ပြောလို့မရရင် ခိုးပြေးကွာ"

"ဘာ..."

"ငါ့ဦးလေးနဲ့ အဒေါ် ဇာတ်လမ်းကို ပြောပြမယ်၊ နှစ်ယောက်သား ကြိုက်တော့နေကြတယ်၊ လက်ထပ်ဖို့ကျတော့ အဒေါ်က ဟိုအကြောင်းပြ၊ ဒီ အကြောင်းပြနဲ့ ငြင်းနေတယ်၊ ဒါနဲ့ တစ်နေ့ကျတော့ ရုပ်ရှင်ကြည့်မယ်ဆို ကားနဲ့



တင်ခေါ်ခဲ့ပြီး တစ်ခါထဲ ပဲခူးကိုသုတ်သွားတယ်၊ ပြတ်ကရော၊ ခုဆို ကလေးခြောက် ယောက်တောင် ရနေပြီ"

"ငြိမ်းကို ဘယ်လိုလုပ် ကားနဲ့ခေါ်မလဲ"

"ဟ ဆန်းသလား၊ ခါတိုင်း မင်းကားနဲ့ခေါ်တာ ငြိမ်းလိုက်နေကျပဲဟာ"

"အဲဒါက ရုပ်ရှင်ကြည့်ဖို့၊ ဟိုနားဒီနားသွားဖို့၊ မြို့ထဲတွင်၊ ပြီးတော့ မြို့ထဲတွင်ရော ခိုးလို့ရမလား၊ ဖတ်ခနဲ လမ်းပေါ်ဆင်းလိုက်ရင် ပြီးရော"

"မင်းခေါင်းတွေ ပူနေပုံရတယ်၊ ငါ စီမံကိန်းချပြမယ်၊ နားထောင်၊ မင်း ငြိမ်း ကားမောင်းသင်နေတယ်ဆိုတာ မယုံဘူးလား"

"ငါ...သိ....သိပါတယ်"

"အေး...ငြိမ်းကို တိုင်ပင်ဖို့ရှိတယ်ဆိုပြီး ပြည်လမ်းဘက်ကို ကားနဲ့တင် ခေါ်လာ၊ ပြီးတော့မှ ကားမောင်းကျင့်ဖို့ပြော၊ ငြင်းရင် စကားနာထိုး၊ သူတစ်ပါးနဲ့ တော့ ကားမောင်းသင်တယ်၊ ချစ်သူနဲ့တော့ မသင်ချင်ဘူး၊ ဘာသဘောလဲ... ဘာလဲလုပ်၊ မင်းကို တကယ်ချစ်ရင်...ငြိမ်း ဘယ်လိုလုပ် ငြင်းမှာလဲ"

"ပြီးတော့ကော..."

"မင်း မင်္ဂလာဒုံ တပ်မြေတွေကျော်တဲ့အထိ လိမ့်ခေါ်လာခဲ့၊ ပြီးတော့ ကားကို မင်းပြန်မောင်း၊ ငြိမ်းကမေးရင် ထောက်ကြံ့စစ်သချိုင်းထဲ အေးအေးဆေး ဆေး သွားစကားပြောကြမယ်ပြော၊ နေဦး...မင်းတို့နှစ်ယောက်ကို ငါ စစ်သချိုင်း ထဲ လိုက်ပို့ဖူးတယ်၊ အဲဒီတုံးက ခေတ်ပုံတောင် ရိုက်ကြသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်ကွာ"

"ထောက်ကြံ့ရောက်တော့ မဝင်နဲ့၊ ပဲခူးကိုသာ တန်းမောင်းပေတော့၊ ပဲခူးမှာ စိုးမြင့်တို့ တင်ထွဋ်ကြီးတို့ ရှိတယ်၊ ဒီကောင်တွေ အဲဒီမှာ မီးသေပါတယ်၊ အိမ်တစ်အိမ် ရှာခိုင်းထားမယ်ကွာ၊ ပြီးတော့...ရုံးတက်လက်ထပ်လိုက်ကြ"

"မင်းပြောတာက လွယ်လိုက်တာ၊ ငြိမ်းက သဘောမတူတော့ ဘယ့်နှယ်လုပ်မလဲ"

"အမလေး...လာကြပါ၊ ကယ်ကြပါလို့ ငြိမ်းက ကားပေါ်က အော်မယ် ထင်သလား၊ ဒါမှမဟုတ် ကားပေါ်က ခုန်ဆင်းမယ်ထင်သလား၊ မင်းမမေ့ဖို့က မင်းက တစ်စိမ်းမိန်းကလေးကို ခေါ်သွားဒါမဟုတ်ဘူး၊ ကိုယ့်ရည်းစား အရင်း ခေါက်ခေါက်ကြီးကို ခေါ်သွားတာ"

"ပဲခူးရောက်မှ ရဲသွားတိုင်ရင် ဘယ့်နှယ်လုပ်မလဲ၊ ရည်းစားပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အလိုမတူပဲ ခွတ်ခိုးရင် ထောင်ကျတယ်ကွ''

''ကိုယ့်ချစ်သူတစ်ယောက်လုံးကို ထောင်ထဲပို့ပါ့မလားကွာ''

ဖော်တင် စဉ်းစားရပြန်သည်။ သည်ထိအောင်တော့ ငြိမ်းရက်စက်မည် မထင်။

ဖော်တင် ငိုင်နေသည်ကို မြင်သဖြင့် ကျော်မင်းအောင်က ဆက်ပြော သည်။

''နောက်ဆုံးကွာ…ငြိမ်းက သိပ်ခေါင်းမာနေတယ်၊ ဟန်ပုံလဲမပေါ်ရင် လျှောချပြီး ပြန်ခေါက်ခဲ့ပေါ့ကွာ၊ စိတ်စမ်းတာ ဘာညာနဲ့ လှည့်ပေါ့''

''အဲဒီလိုဆိုတော့…လုပ်ခဲ့တာသာ အဖတ်တင်ပြီး ဘာထူးမှာလဲ''

''ထူးတာပေါ့ကွ၊ မင်းစိတ်ထဲ ဒီထိအောင်ကြံရတာ…ဘယ်လောက်ဖြစ် နေလို့ဆိုတာ သူသိသွားနိုင်တာပေါ့၊ အဲဒီလိုဆို စိတ်ပြောင်းပြီး ဟိုအလုပ်ထ ထွက်ချင်ထွက်ပေးမယ်၊ အဲ…မထွက်ဘူး၊ ပိုနေမြဲ ကျားနေမြဲဆိုရင်တော့…''

ကျော်မင်းအောင်က စကားမဆက်ချေ။

''ဆက်ပြောလေကွာ''

''ပိုနေမြဲ ကျားနေမြဲဆိုရင်တော့ မင်းဘက်က တာဝန်ကုန်ပြီ''

''ငါ့ဘက်က တာဝန်ကုန်ပြီ၊ မင်း ဒါ ဘာဆိုလိုတာလဲ''

''ငါ ဒီလောက်ပဲ ပြောချင်တယ်ကွာ၊ သူငယ်ချင်းချင်းဆိုပေမယ့် မပြောသင့်တာရှိတယ်၊ မင်းဘာသာမင်း စဉ်းစားတော့…''

ဖော်တင်သည် ညှိုးငယ်သောမျက်နှာနှင့် အတန်ကြာငိုင်နေ၏။ ထို့နောက် မှ သက်ပြင်းချပြီးဆို၏။

''မင်းအကြံက ကောင်းတော့ကောင်းပါရဲ့၊ ဒါပေမယ့် ငါမလုပ်ချင်ဘူး ကွာ၊ တစ်ခြားနည်း စဉ်းစားဦးမယ်''

''တခြားနည်းဘာရှိလို့လဲ''

''ရှာကြည့်ရမှာပေါ့ကွာ''

ကျော်မင်းအောင်က နေရာမှထသည်။

''အေး…လက်တော့နေးမနေနဲ့၊ အပေါင်းအသင်းထဲက တစ်ယောက် ကျောခံရရင် တို့အားလုံး သိပ်အောက်မယ့်''

ကျော်မင်းအောင်၏ မြင်းချေးရောင်ကားလေးက ဖော်တင်နေထိုင်ရာ ဦးလေး၏ တိုက်ခြံဝင်းတွင်းမှ ဦးဝိစာရလမ်းမပေါ်သို့ ထွက်ဆင်းပျောက်ကွယ်သွား သည်။



ခြံတွင်း၌ လမ်းလျှောက်ရင်း ဖော်တင်က စဉ်းစားချိန်ဆနေသည်။

ကျော်မင်းအောင်ဘဝကို ချဉ်းကပ်ပုံက တစ်မျိုးဖြစ်သည်။ သည်ကောင့် မိဘက စီးပွားရေးသမား၊ သူကလည်း ကျောင်းနေစဉ်ကတည်းက အကြံအဖန် လုပ်တတ်နေသော လူငယ်တစ်ဦးဖြစ်သည်။ ယခု ဘွဲ့ရပြီးသည်နောက်လည်း လခစားမလုပ်ဘဲ ဆက်လက်အကြံအဖန်လုပ်နေသည်။

သည်ကောင်က ဘာမဆိုရဲလွန်းသည်။ မိမိက သူ့လောက် သတ္တိမရှိ။

သူပြောသလိုမျိုး လုပ်လိုက်ရလျှင်…။

ဖော်တင်သည် တစ်ယောက်တည်း ခေါင်းခါမိပြန်၏။

ပြဿနာတစ်ခုတွင် အဖြေတော့ရှိမြဲ။ ယခုပြဿနာ၏အဖြေက ဘာ နည်း။ သို့မဟုတ် ဘယ်သူနည်း…။

ခဏတွင်ကား ဖော်တင်၏ခေါင်းသည် မတ်လာ၏။

အဖြေကို သူသိပြီထင်၏။

❏

နောက်တစ်နေ့တွင် ရက္ခဇေဒ သုတေသနဓာတ်ခွဲခန်းရှိရာ နုနုသွယ်၏ စားပွဲရှေ့၌ ဖော်တင်ရပ်လာ၏။

''ဟင်…ကိုဖော်''

ဖော်တင်နှင့် နုနုသွယ်တို့မှာလည်း ပုသိမ်တွင် တစ်ကျောင်းတည်းနေခဲ့ပြီး မိဘချင်းလည်း ရင်းနှီးသည့် သူငယ်ချင်းများဖြစ်ကြ၏။

''နုနုနဲ့ တိုင်ပင်စရာရှိလို့''

''ထိုင်လေ''

''ကျောင်းကြီးရှေ့ သွားကြရအောင်၊ ကိုယ် နည်းနည်း လွတ်လွတ် လပ်လပ် ပြောချင်တယ်''

''ဘာပြောမလို့လဲ''

''ငြိမ်းအကြောင်း၊ ပြီးတော့ ဆရာလှဝေအကြောင်း''

နုနုသွယ်၏ မျက်နှာလေးတွင် လှုပ်ရှားမှု သိသိသာသာပေါ်မှန်း ဖော်တင် သတိပြုမိ၏။

နုနုသွယ်သည် ဖော်တင့်မျက်နှာကို တစ်ချက်အကဲခတ်ကြည့်ပြီး ဘာမျှ

www.burmeseclassic.com

www.burmeseclassic.com



ထပ်မမေးတော့ဘဲ ထလိုက်လာ၏။

နုနုသွယ်သည် မိုးပြာနုအခံပေါ်တွင် ပွင့်ဖြူစိတ်စိတ်များ ဖော်ထားသည့် ထဘီကို ဝတ်ထားသည်။ အင်္ကျီကလည်း ဆွတ်ဆွတ်ဖြူဖြူ…။ အသားကလည်း ဖြူသဖြင့် ကြည်ကြည်လင်လင် ဖြူဖြူစင်စင်လှနေသည်။ ခါးသေးသည်မှအစ ကျန်သည်အားလုံး ဖွံ့ဖြိုးသည်။

နုနုသွယ်နှင့် ယှဉ်လျှောက်လာရင်း ဇော်တင်မှာ ဝမ်းနည်းသယောင် နှောင်တရသယောင် ဖြစ်မိသည်။

ဆယ့်ခြောက်နှစ်သား စိတ်ကစားစ,အရွယ်က မိမိစ,ကြိုက်မိသူများတွင် နုနုသွယ်သည် ထိပ်ဆုံးမှပါသည်။ ငြိမ်းနှင့်ချစ်ကြပြီးမှသာ မိမိနှလုံးသားမှန်ပြင်တွင် နုနုသွယ်တို့ မှေးမှိန်ကုန်သည်။

သြော်…နုနုသွယ်နှင့်သာ ချစ်ခဲ့မိကြလျှင်…ဘာပြဿနာမျှ တွေ့မည် မဟုတ်။ ဂုဏ်ရည်ချင်းကလည်း တူသည်။ လူကြီးချင်းကလည်း ခင်သည်။ ယခုတော့…။

လိပ်ပြာမသန့်စေသော အတွေးကို ဇော်တင်သည် ကြိုးစားမောင်းထုတ် ပစ်လိုက်ရ၏။

အမိတက္ကသိုလ်သင်္ကေတ သစ်ပင်ကြီး၏အနီး ခုံတန်းလေးတစ်ခုသို့ ရောက်လာကြသောအခါ နုနုသွယ်က ထိုင်သည်။ ဇော်တင်ကမူ ရပ်လျက်နေသည်။

''ပြောလေ၊ ဘာပြောမလို့လဲ''

နုနုသွယ်၏လေသံမှာ တိုးတိုးအေးအေးကလေး ဖြစ်သည်။ သို့ရာတွင် မျက်နှာလေးက မရွှင်လှ။ အနည်းငယ်ပိန်သွားသည်ဟု လည်းကောင်း၊ တစ်စုံတရာ ခံစားနေရသည်ဟု လည်းကောင်း ဇော်တင့်စိတ်တွင် ထင်နေ၏။

''ကိုယ်ပြောမယ့်စကားက နုနုရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်နေရင် ကိုယ့်ကိုခွင့်လွှတ်ပါ၊ ကိုယ်တို့ဟာ သူငယ်ချင်းတွေပါ၊ ပြီးတော့ ကိုယ်တို့ဘဝတွေကလဲ ဆက်နွယ်ကုန်ကြပြီး နောက်ပြီးတော့ ကိုယ့်ရင်ထဲ မီးလောင်နေလို့ပါ''

နုနုသွယ်က မျက်လုံးဝန်းဝန်းများနှင့်သာ သူ့ကိုကြည့်နေသည်။

''ငြိမ်းနဲ့ကိုယ် အဆင်မပြေကြတော့ဘူး''

''အို…ဘာပြုလို့''

''ကိုယ်ဟာ သဘောထားသေးနုသူ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် …နုဟာ ပညာတတ်တစ်ယောက်ပါ၊ လူ့သဘာဝကို နားလည်မယ်ထင်တယ်၊ ချစ်သူတစ်ယောက်ဟာ မနာလိုဖြစ်တတ်တယ်''



နုနုသွယ်က မှတ်ချက်မပေး။ မျက်လွှာကို မြေသို့ချထား၏။

''ငြိမ်းတို့ နေပုံထိုင်ပုံတွေဟာ လူပြောစရာဖြစ်ကုန်ပြီ၊ ကိုယ်လဲ မတွေးတတ်အောင် ဖြစ်နေပြီ၊ ပြီးတော့ ကိုယ်ဟာ သစ်ငုတ်တိုကြီးမဟုတ်ဘူး နုနု''

''ကိုဇော် နုနုကို ဘာလို့ ဒါတွေလာပြောနေရတာလဲ''

''ဒီကိစ္စဟာ နုနုနဲ့လဲ ဆိုင်နေတယ်မဟုတ်လား…''

''နုနုနဲ့လဲ ဆိုင်နေတယ်…''

''ဟုတ်တယ်လေ၊ အဲဒီမှာ အလုပ်ရအောင် ငြိမ်းကို နုနုကူခဲ့တယ် မဟုတ်လား''

နုနုသွယ် မဖြေ။

''ကိုယ် ရှင်းရှင်းပဲ ပြောပါရစေ၊ ကိုယ်နားလည်တာက…နုနုနဲ့ ဆရာလှဝေဟာ ချစ်သူတွေလို့…''

နုနုသွယ်၏ပါးလေးများ နီရဲသွားသည်။

''မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး''

''ဗျာ…မဟုတ်ဘူး၊ ဒါဖြင့်…ငြိမ်းကို နုနု ဘာလို့ အဲဒီမှာ အလုပ်သွင်းပေးလဲ''

''အဲဒါက…ငြိမ်းကိုကူတာ၊ ဆရာကိုလဲ…ဟိုဒင်း…ကူတာ''

ဇော်တင့်စိတ်ထဲတွင် ရပ်နေသောမြေကြီး ပျောက်သွားသကဲ့သို့ ခံစားရ၏။ သို့ရာတွင် မလျှော့သေးဘဲ ဆက်မေး၏။

''နုနု…ဆရာလှဝေကို ဘာလို့ကူရသလဲ၊ နုနုပြောသလိုဆို…နုနုနဲ့ ဆရာကိုလှဝေက ဘာဆိုင်လို့တုန်း''

''ဆိုင်တာပေါ့၊ နုနုနဲ့ဆရာဟာ…မိတ်…မိတ်ဆွေတွေ၊ သိပ်ခင်တဲ့ မိတ်ဆွေတွေ''

ဇော်တင်သည် နုနုသွယ်ကို အကဲခတ်ကြည့်သည်။

နုနုသွယ်၏ အမူအရာတွေက ပျက်နေသည်။ တစ်စုံတစ်ရာကို ခုခံကာ ကွယ်နေမှန်းလည်း ထင်ရှားနေသည်။

''ကောင်းပါပြီ၊ ကိုယ်မေးမယ်၊ နုနုနဲ့ ဆရာလှဝေက သိပ်ခင်တဲ့ မိတ်ဆွေတွေ၊ ဘယ်လောက်အထိ ခင်ကြသလဲ''

နုနုသွယ်ဆီမှ အဖြေမလာ၊ စိုက်ကြည့်သော ဇော်တင်က မမျှော်လင့်သည်

www.burmeseclassic.com

www.burmeseclassic.com



ကို သတိပြုမိ၏။

နုနုသွယ်၏ မျက်လုံးများတွင် မျက်ရည်တွေ ပြည့်လျှံနေသည်။ ဇော်တင် စိုက်ကြည့်နေဆဲမှာပင် မျက်ရည်တစ်ပေါက်သည် ပါးပေါ်သို့ ခုန်ဆင်းလာ၏။

ပထမသော် ဇော်တင် အံ့အားသင့်သွား၏။ မိမိသည် နုနုသွယ် မျက်ရည်ကျလောက်အောင် ဘာများပြောမိသနည်း။ နောက်တခဏ၌မူ ဇော်တင် သဘောပေါက်လာ၍ သတိထားပြီးပြော၏။

"နုနု မျက်ရည်ကျတော့ ကိုယ်စိတ်မကောင်းဘူး၊ နုနုကို ကိုယ်လာညှင်းဆဲမိသလား၊ အမှန်က ကိုယ်လဲ မျက်ရည်မကျကောင်းလို့၊ ဒါပေမယ့် ကိုယ့်ရင်ထဲမှာလည်း ငိုနေတာပဲ၊ နုနုရယ် ကိုယ့်ကိုသနားရင်···အမှန် ဘာဖြစ်ကြတာလဲ ကိုယ်သိပါရစေ"

နောက်ဆုံးတော့ နုနုသွယ်ဆီက စကားထွက်လာသည်။

"နုနု အမှန်ပြောပါမယ်လေ၊ မထူးတော့ပါဘူး၊ တစ်ချိန်က···ဆရာဟာ နုနုကို ချစ်တယ်ထင်တယ်၊ အခုတော့ သူ နုနုကို မချစ်တော့ပါဘူး"

ဇော်တင်မှာ လန့်ဖြန့်သွား၏။

"အခု သူက နုနုကို မချစ်တော့ဘူး၊ နုနု···အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ငြိမ်းကို···နုနု ဘာမှမစွပ်စွဲဘူး၊ ဒါပေမယ့်···အိမ်ကမေမေကလဲ စွပ်စွဲနေပြီ၊ အခု ကိုဇော်တောင် ယုန်ထင်ကြောင်ထင် ဖြစ်နေပြီမဟုတ်လား"

သည်တစ်ကြိမ် အဖြေမပေးနိုင်သူမှာ ဇော်တင်ဖြစ်၏။

"ငြိမ်းကိုအထင်မလွဲဖို့ နုနုကပဲ တောင်းပန်ပါတယ်၊ နုနုပြောတာက··· ဆရာဟာ အခု···သူ့တူနဲ့ သူ့တူမလေးတွေထက် ဘယ်သူ့ကိုမှ ပိုမချစ်ဘူး၊ ဂရုလဲ မစိုက်တော့ဘူး၊ သူကလေးလေးတွေအတွက်ဆို သူ ဘာမဆိုလုပ်မှာပဲ၊ အဲဒီကလေးတွေကလဲ ငြိမ်းကို အမေလိုခင်ကုန်ကြပြီ၊ ငြိမ်းကိုကြည့်ရတာလဲ···"

နုနုသွယ် စကားရပ်သွားသဖြင့် ဇော်တင်က အလန့်တကြား ဝင်မေးသည်။

"ငြိမ်း···ဘာ···ဘာဖြစ်သလဲ နုနု"

"ကိုဇော် အဓိပ္ပာယ်ကောက် မှားမှာတော့ ကြောက်တယ်၊ ဒါပေမယ့် ငြိမ်းလဲ···ကလေးတွေကို သံယောဇဉ်တွယ်နေပြီ"

ဇော်တင်၏ခေါင်းမှာ မှုပ်ထွေးသွားသည်။ နုနုသွယ်သည် အမှန်တကယ် ဘာကိုဆိုလိုနေပါသနည်း။



"နုနုရယ်···နုနု တစ်ခုခုလုပ်ပေးလို့ မရဘူးလား"

"နုနုက ဘာလုပ်ပေးရမလဲ"

"နုနုနဲ့ ဆရာလှဝေနဲ့···"

လွတ်ခနဲထွက်သွားပြီးမှ ဇော်တင်သည် ဆက်မပြောဝံ့။

နုနုသွယ်က ခေါင်းလေးခါပြ၏။

"နုနု ဘာမှမတတ်နိုင်ပါဘူး၊ နုနုကိုယ်တိုင်က အိမ်ကစကားကို နားထောင်ရတော့မယ့် ဘဝ"

"အဲ···အဲဒါကကော ဘာပြောတာလဲ"

"နုနုကို အိမ်က···နေရာချပေးကြတော့မယ်"

နုနုသွယ်သည် ဆတ်ခနဲ နေရာမှထ၍ ထွက်ပြေးသွား၏။

ဇော်တင်သည် မလှုပ်မရှား ကျန်ရစ်သည်။

အညာ···။ ပြဿနာ၏အညာဟု သူထင်ခဲ့သည်။ သူ တကယ်ဆွဲကိုင်မိသည်က အညာမဟုတ်။ ကောက်ရိုးမျှင်···။ ရေနစ်သူ၏ ကောက်ရိုးမျှင်···။

မြေကြီးပေါ်မှာ မတ်တတ်ကြီး ဇော်တင်ရေနစ်နေ၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မြင်းချေးရောင် ကော်ရိုလာကားလေးသည် ကျယ်ဝန်းသော ပြည်-ရန်ကုန် လမ်းမကြီးပေါ်၌ မှန်မှန်လေးပြေးနေ၏။

လေယဉ်ပျံကွင်းအလွန် ကွေ့ကြီးပြီးသည့်နောက် ကားမောင်းရသည်မှာ ပို၍ကောင်းလာသည်ဟု ငြိမ်းထင်သည်။ မြို့တွင်းမှာလောက်လည်း ကားမရှုပ်။ ဟံသာဝတီအဝိုင်းနှင့် ကမာရွတ်လမ်းဆုံကြား ပြည်လမ်းပေါ်မှာလောက်လည်း ကားတွေက မရှုပ်။

ငြိမ်းဘေးမှ ဇော်တင်မှာလည်း ဝမ်းလည်းသာနေသည်။ မယုံနိုင်အောင်လည်း ရှိနေသည်။

အစကတော့…ပူလိုက်ရ ပင်လိုက်ရ…ကြဲလိုက်ရ…တွေးလိုက်ရ။ ယခုတကယ်ခေါ်လာတော့လည်း လွယ်လွယ်လေး။ ပညာရှိ ကျော်မင်းအောင် ကြိုတင်ပြောခဲ့သည့်အတိုင်း လွယ်လွယ်လေး။

မှန်လိုက်လေ၊ ချစ်သူအရင်းခေါက်ခေါက်ကို ကားနှင့်တင်ခေါ်လာရသည်မှာ ဘာမျှမခက်ပါတကား။



ငြိမ်းကတော့ အပူအပင်မရှိဘဲ ကားလေးကို ဣန္ဒြေရရ မောင်းနေသည်။

သည်အလုပ်ဝင်ပြီးမှ ချစ်သူအတွက် တစ်လကိုတစ်ရက် ငြိမ်းက အချိန်ပေးသည်။ သည်တစ်ရက်မှာတော့ ချစ်သူစိတ်ချမ်းသာပါစေ၊ ဘယ်ကိုခေါ်ခေါ်၊ ဘယ်ကိုသွားသွား။

ထောက်ကြံ့စစ်သချိုင်းကြီးဆီ သွားမည်ဆိုခြင်းကို ငြိမ်းအတွက် ကန့်ကွက်ဖွယ်မမြင်။ ကားကို စမ်းမောင်းခိုင်းပြန်တော့လည်း ကျေးဇူးပင် တင်မိသည်။

ငြိမ်း၌ ကားမောင်းလိုင်စင် ရပြီးပြီ။ မြို့လည်ခေါင်လမ်းများတွင်ပင် ရဲရဲမောင်းဝံ့ပြီ။

မမောင်းဖူးသေးသော ကားကောင်းကားသစ်လေးကို ငြိမ်းက မောင်းကြည့်ချင်သည်။ ကားမောင်းတတ်စ လူတိုင်းကဲ့သို့ပင် ကားမောင်းခြင်း၌ ငြိမ်းရင်ခုန်သာယာသည်။

သည်ကားကလည်း ဆရာလှဝေ၏ ဘီခြောက်ရာနှင့် ဘာမျှမဆိုင်။ ညက်သည်။ ညင်သည်။ ချောသည်။ မွတ်သည်။ စက်သံက သက်သာတော့ မောင်းသူ၏ရင်မှာလည်း သက်သာသည်။ လက်ကိုင်ဘီးကအစ လွယ်ကူညက်ချောသည်။ လိမ္မာသော တိရစ္ဆာန်လေးတစ်ကောင်ကို ကိုင်ရသကဲ့သို့ ဖြစ်နေသည်။

ကြမ်းပြင်မှ ဘော(လ်)ဂီယာသည်သာ အစတွင် စိမ်းနေသကဲ့သို့ ရှိသည်။ သို့ရာတွင် မကြာမီပင် ယင်းကလည်း မခက်တော့။ ဘီခြောက်ရာ၏ စတီယာရင်ဘေးဂီယာကမှ ကျပ်သေးကပ်သေးသည်။

မောင်းရသည်ကလည်း လွတ်လပ်သည်။

ကိုလှဝေနှင့်မောင်းရသည်က ဘာပဲဖြစ်ဖြစ် စိတ်အနည်းငယ် ကျဉ်းကျပ်သည်။ သူကလည်း အားနာသည်။ ကိုယ်ကလည်း တွန့်သည်။ ဇော်တင်ကတော့ ချစ်သူ။ တွန့်ဖွယ်ရှိန်းဖွယ် ဘာမျှမရှိ။

စတီယာရင်ကိုင်ထားသော မိမိလက်ကို ကိုယ်တော်ချောက ပြောင်ကြီးအသားလွတ် အသားယူလာကိုင်သည်ကိုပင် ပြုံးစူစူနှင့် မျက်စောင်းလေးသာ လှဲ့လှဲ့ထိုးနိုင်သည်။

ထောက်ကြံ့ဘက်အနီးတွင် ဇော်တင်က ပြော၏။

“ငြိမ်းနားဦး၊ ကိုဇော် မောင်းဦးမယ်”

“ဘာဖြစ်လို့လဲ၊ ဒီဘက်ကျမှ ပိုမောင်းကောင်းတာ”

www.burmeseclassic.com



"ငြိမ်းမောင်းလာတာ ဘယ်နှစ်မိုင်ရှိပြီထင်လဲ၊ လူကသာ ဘာမှမဖြစ်ဘူး ထင်ပေမယ့် ကြွက်သားတွေ ရီဖလက်စ် (စိတ်မှတ်မဲ့တုန့်ပြန်မှု) တွေက ညောင်း လာမယ်"

"ငြိမ်း ဘာမှမှမဖြစ်ဘဲ"

"ဘာမှမဖြစ်ခင် နားလိုက်ရတယ်၊ စထရိန်း (အားစိုက်ပန်းမှု)က ရှိနေ တယ်၊ ကားမောင်းတတ်စ,လူဟာ ဒါကို အမြဲသတိရှိရတယ်၊ တော်တော်ကြာ ဟိုလဲရောက်ရော…ငြိမ်း ဇက်တင်းပြီး ခေါင်းကိုက်လာလိမ့်မယ်"

သူပြောသည်မှာ ကြောင်းကျိုးဆီလျော်သောကြောင့် ငြိမ်းသည် ကားကို လမ်းဘေးဆင်းရပ်ပေး၏။

အောက်မဆင်းကြတော့။ အပေါ်တွင်ပင် ကပ်ကပ်သပ်သပ် တိုးတိုးတိတ်တိတ် နေရာချင်း လဲထိုင်ကြသည်။

ဇော်တင်က ကားကို စ,မောင်းသည်။ ငြိမ်းက ဇက်တင်ကောင်းသော နောက်မှီတွင် ခေါင်းလေးကပ်၍ မျက်စိမှိတ်ကာ ခေတ္တနားသည်။

ဇော်တင်ပြောသည်မှာ အမှန်သား။ နားလိုက်မှ အားစိုက်ပင်ပန်းမှုသည် ပေါ်လာသည်။ ကိုယ်၌ ချွေးလေးပင် စို့နေ၏။

ငြိမ်း မျက်စိပြန်ဖွင့်လိုက်သောအခါ၌ ကားသည် အရှိန်ကောင်းနေပြီး ဆောင်းဦးနှေလည်၏ လေအေးမြမြလေးက တိုးဝင်နေသည်။

"နားလိုက်တော့ ဘယ့်နှယ်နေလဲ"

"ကိုဇော်ပြောတာမှန်တယ်၊ အပန်းသားနော်…"

"ပန်းတာပေါ့၊ ငြိမ်း ခေါင်းကိုက်နေလိမ့်မယ်၊ နဲနဲငိုက်လိုက်ပါလား"

"ငိုက်ချင်ပါဘူး"

"ခရီးရှည်မှာ လူများမောင်းတာစီးရင်း ငိုက်ရတာ သိပ်အရသာရှိ တယ်"

"ချစ်သူကိုဘေးထားပြီး ငိုက်လိုက်ရမယ်၊ ကိုဇော်ကလဲ သဘာဝမကျ လိုက်တာ"

ငြိမ်းက သူ့ဘာသာသူ သဘောကျပြီးရယ်ရာ ဇော်တင်ကပါ လိုက်ရယ် ၏။

"ငြိမ်း…"

"အင်…"



"ပျော်ရဲ့လား"

"ပျော်တာပေါ့ ကိုဇော်ရာ"

"ကိုဇော်က ငြိမ်းနဲ့ ခုလိုပဲ မခွဲဘဲ အတူတူနေချင်လှပြီ"

"ဟိုး ဆရာ၊ စကားက ဒီဘူတာပဲ ဆိုက်လာပြန်ပြီ"

"တကယ်ပြောတာ၊ ငြိမ်းကော မနေချင်ဘူးလား"

"ကိုဇော်ရယ်၊ ဒါက ငြိမ်းကပြောရမယ့် စကားပါ"

"အင်းလေ၊ ငြိမ်းကမှ မပြောဘဲဟာ"

"မပြောသင့်လို့ မပြောသေးတာပေါ့ ကိုဇော်ရယ်၊ စောင့်လက်စနဲ့ စောင့် ပါဦး"

ထောက်ကြံ့သို့ရောက်ပြီ။ ဇော်တင်က ကားကို အရှိန်မလျှော့ဘဲ ဆက် မောင်းနေ၏။

"ကိုဇော် ဘယ်ဆက်မောင်းမလို့လဲ"

"လှည်းကူးကို၊ ငြိမ်း လှည်းကူးရောက်ဖူးလား"

"ပဲခူးဘုရားဖူးသွားတုန်းက ဖြတ်သွားဖူးတယ်"

"လှည်းကူးမှာ ကိုဇော့်သူငယ်ချင်းတစ်ယောက်ရဲ့ ခြံရှိတယ်၊ သိပ်ပျော် ဖို့ကောင်းတယ်၊ နေဦး…ဒီအချိန် ကျွဲကောသီးတွေ ပေါ်ပြီ"

"အစတုန်းကတော့ ထောက်ကြံ့တွင်ဆို"

"စိတ်သန္နိုင်း…၊ နိမိတ်မရှိလိုက်တာ"

"ဘာပြောတယ်"

"ခုတလော ကိုဇော် အားငယ်ပြီး အယူသီးချင်နေတယ်၊ ချစ်သူနဲ့ သန္နိုင်းထဲမှာ ချစ်တင်းနှောရမှာ…အူး…ဟူး…ဟူး…"

ဇော်တင်ပြောပုံကြောင့် ငြိမ်းမှာ သဘောကျပြီး အသံလေးများထွက် အောင် ရယ်၏။

"ငြိမ်းကကော သန္နိုင်းထဲမှာ စကားပြောချင်သလား"

"အို…တောက်တီးတောက်တဲ့"

"ဒါဖြင့် ဆက်မောင်းမယ်နော်"

"သဘော…ဝေးသေးလား"

"မဝေးပါဘူး၊ ပြီးတော့ ဒီကားမျိုးနဲ့ ဒီခရီးဟာ ဘယ်လောက်ရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းက မိုင်နှုန်းဒိုင်ခွက်ကို လှမ်းကြည့်သည်။

"ကိုဇော်မောင်းတာ မမြန်လွန်းဘူးလား"

"လေးဆယ့်ငါးလောက်ပဲရှိတာ မမြန်ပါဘူး၊ ငြိမ်းကြောက်ရင် လျှော့ပေးမယ်"

ဇော်တင်သည် ကားအရှိန်ကို အနည်းငယ်လျှော့ချပြီး မောင်း၏။

ကားလေးသည် သွက်သွက်ပင်ပြေးနေသေးရာ လေတိုးသံများကို ကြားနေရ၏။

လေတိုးသံများကို နားထောင်ရင်းက ငြိမ်း၏နားတွင် သီချင်းသံလေးတစ်ခုကို ကြားယောင်လာ၏။

ငြိမ်းက ပြုံးယောင်ယောင်ဖြင့် သီချင်းဆိုသည်။

"အာ ယာ ယာ ဂျီငေ၊ ဟေး…ဘာဂျီး ဘာဂျီးယာ"

"ငြိမ်း ဘာဆိုတာလဲ"

"သီချင်း"

"အဲဒါ သီချင်း"

"အဟဲ…ညီကြီးဆိုတာလေ၊ ညီကြီးက သူပျော်ရင် သီချင်းဆိုတတ်တယ်၊ အခုလိုကားစီးရင် အမြဲဆိုတတ်တယ်"

ဇော်တင်၏မျက်နှာသည် မသိမသာမှုန်သွား၏။

"ငြိမ်း အဲဒီကလေးတွေကို ချစ်သလား၊ ဟုတ်လား"

"ချစ်တာပေါ့ ကိုဇော်ရယ်၊ ချစ်စရာ…သနားစရာလေးတွေပါ"

"သူတို့နဲ့ ကိုဇော့်ကို ဘယ်သူ့ပိုချစ်လဲ"

"အား…ကိုဇော်ကလဲ မဟုတ်တာမေးပြီ"

"ဖြေပါဦးလေ၊ ကိုဇော်သိချင်လို့ပါ"

"သဝင်ကြောင်စရာမရှိ ကြောင်နေပြန်ပါပြီ"

"ထားပါလေ၊ ကိုဇော်မေးတာဖြေ"

ငြိမ်းသည် ရုတ်တရက်မဖြေနိုင်ဘဲ တွေနေသည်။ ဤအချက်ကိုပင် ဇော်တင်မကျေနပ်။

"အဖြေ ဒီလောက်တောင်ပဲ ခက်သလား၊ ဟုတ်လား ငြိမ်း"

"ဒါပေါ့၊ ကိုဇော်က မနှိုင်းအပ်တာနှစ်ခုကို လာနှိုင်းခိုင်းတာကိုး"



"ဘယ်လို…မနှိုင်းအပ်ဘူး"

"ဒီကလေးတွေကို ငြိမ်းချစ်တာက မေတ္တာ၊ မေတ္တာသန့်သန့်"

"ကိုဇော့်ကို ချစ်တာကကော"

"ကိုယ့်ကိုယ်ကိုမလိမ်ဘဲ…၊ ပြီးတော့ မရှက်ဘဲ ဝန်ခံရရင်…မသန့်ဘူး၊ တရားကိုပြောရရင် လောဘ၊ ဒီ့ထက်ပြောင်ပြောရရင်…ဦးပြုံးချိုရေးသလိုပဲ…အာသဝေမပျက်သမျှ…ပါလေချက် သမုဒယတဏှာ…တဲ့၊ ကဲ…"

"ဒါပေမယ့်…မေတ္တာကသာတယ်ပေါ့၊ ဟုတ်တယ်မဟုတ်လား"

"ကိုဇော်နော်၊ ဘာတွေလျှောက်မေးနေတာလဲ"

"မဟုတ်ဘူးလား"

"ငြိမ်းပြောတာက နှိုင်းလို့မရတဲ့ မေတ္တာနှစ်ခု၊ စက်ဝိုင်းနဲ့လေးထောင့်ဘယ်ဒင်းကပိုကြီးသလဲဆို ကိုဇော် ဘယ်လိုလုပ်ဖြေမလဲ"

ဇော်တင်က လျှောချသည့်သဘောဖြင့် ရယ်၏။

လှည်းကူးကိုရောက်လာသည်။ ပဲခူးဘက်သို့ ဇော်တင်က ဆက်မောင်းခဲ့သည်။

"ကိုဇော့်ခြံက ဘယ်မှာလဲ"

"ဟိုဘက်အစွန်မှာ"

မြို့အစွန်ရောက်သော်လည်း ဇော်တင်က ကားကိုအရှိန်မလျှော့။ တိုး၍ပင် အရှိန်မြှင့်ကာ မောင်းတော့၏။

"မြို့လွန်လာပါရောလား"

ဇော်တင်ကမဖြေ။ လီဗာကိုသာ ဖိနင်းနေ၏။

ငြိမ်းရင်တွင် မသင်္ကာစိတ် စ,တင်ဝင်လာသည်။

"ကိုဇော် ဒါ ဘယ်ကိုမောင်းနေတာလဲ"

"ပဲခူးကို"

"ဘာ…ပဲခူးကို"

"ပဲခူးကိုလဲမဟုတ်ဘူး"

"ဘာတွေလျှောက်ပြောနေတာလဲ"

"ဒီလိုလေ၊ ဟောဒါက လမ်းမကြီး၊ ဘဝလမ်းမကြီး၊ ဒီအချိန်ကစပြီး ငြိမ်းနဲ့ကိုဇော် ဘဝလမ်းမကြီးအတိုင်း မခွဲဘဲ ခရီးသွားကြပြီ၊ မဆုံးမခန်း သွားကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပထမသော် ငြိမ်းမှာ ကြောင်နေသည်။ သို့ရာတွင် ဇော်တင့်စကား ဇော်တင့်မျက်နှာထား၊ ကား၏အရှိန်…အားလုံးကို ပေါင်းလိုက်တော့…ငြိမ်း သဘောပေါက်လာသည်။

"ကိုဇော်…ကားကို နောက်ပြန်ကွေ့ပါ"

"ဘဝလမ်းဆိုတာ နောက်ပြန်ကွေ့လို့မရဘူး"

"ကွေ့ဆိုကွေ့"

ဇော်တင်က ကားကိုအရှိန်ထပ်တင်သည်။

ငြိမ်း၏လက်ကလေးသည် ဇော်တင့်လက်မောင်းဆီ ရောက်လာသည်။

"ငြိမ်း ကိုဇော့်ကိုမကိုင်နဲ့၊ ကားက တစ်နာရီ မိုင်ငါးဆယ်ကျော် မောင်းနေတာ၊ အတိမ်းမခံဘူးနော်၊ ကြည့် ဟောဟိုမှာ ကားကြီးတစ်စီးလာနေပြီ"

အမှန်ပင် မျက်နှာချင်းဆိုင်မှ ကုန်ကားကြီးတစ်စီး လာနေ၏။

ငြိမ်းက လက်ရုတ်လိုက်ရသည်။

ဇော်တင်က ကားကို အရှိန်မလျှော့။ ကားနှစ်စီးသည် အလွန်နီးကြ ခေါင်းချင်းတေ့ လွဲတိမ်းကြသည်။ ကော်ရိုလာကားလေးသည် မြွေလေးတစ်ကောင် တွန့်လူးနေသကဲ့သို့လူးပြီး လမ်းမဗဟိုဆီ ပြန်တက်၍ ပြေးမြဲပြေး၏။

ရန်တုန်ပန်းတုန်ဖြင့် ငြိမ်းက ကန့်ကွက်၏။

"ကိုဇော် မရမ်းနဲ့"

"ကိုဇော့်ကို လာမကိုင်နဲ့၊ မဆွဲနဲ့၊ မထိနဲ့၊ အဲဒီလိုဆို ကိုဇော် မရမ်းဘူး ကတိပေးတယ်"

"ကောင်းပြီ၊ ဒါပေမယ့်…ကိုဇော် ရန်ကုန်ကို ပြန်မောင်းပါ…"

"ကိုဇော် အများကြီးစဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာ၊ ကိုဇော် နောက်မဆုတ် တော့ဘူး"

"ကိုဇော် ငြိမ်းအပေါ်မှာ ဒါအနိုင်ကျင့်တာ၊ ကိုဇော့်ပေါ်ထားတဲ့ ငြိမ်းရဲ့ ယုံကြည်မှုကိုလဲ အလွဲသုံးစားလုပ်တာ"

"ပြောချင်တာပြော၊ စစ်နဲ့အချစ်မှာ ဘာလုပ်လုပ် တရားသတဲ့"

"အဲဒါ လူမိုက်စကား"

"လိမ္မာမှ ကိုယ့်ချစ်သူနဲ့ ပေါင်းရမယ်ဆို လိမ္မာမယ်၊ မိုက်မှ ပေါင်းရမယ် ဆို မိုက်မယ်"



မူလက အံ့အားသင့်ခြင်းနှင့် မယုံနိုင်ခြင်းတို့က လွှမ်းမိုးနေခဲ့သည်။ ယခုကား ဒေါသနှင့် မခံချင်မှုတို့ကြောင့် ငြိမ်းမှာ တစ်ကိုယ်လုံးတုန်လာသည်။

"ငြိမ်းသဘောမတူဘဲနဲ့ ကိုဇော်က ငြိမ်းကို ပေါင်းလို့ရမယ် ထင်သ လား"

"ကြည့်သေးတာပေါ့"

"အဲဒါ ဘာစကားလဲ"

"အို…ဟို…ဟို… ငြိမ်းကလဲ ဒေါသကြီးပဲ၊ ငြိမ်းသဘောမတူရအောင် ကိုဇော်က ငြိမ်းရဲ့ချစ်သူ၊ တစ်စိမ်းမဟုတ်ဘူး၊ ချစ်တယ်ဆိုကတဲက သဘောတူပြီး နေပြီ"

"အခု မချစ်ဘူး၊ မုန်းတယ်"

"မုန်းပေါ့၊ စိတ်ဆိုးပြေသွားရင်…အဟောင်း ပြန်ချစ်လာမှာပဲ"

ငြိမ်းသည် ဒေါသရောင်တောက်သော မျက်လုံးများနှင့် ဇော်တင့်ကို ကြည့်သည်။

မျက်တောင် ရှည်ရှည်ကော့ကော့နှင့် ဇော်တင်၏မျက်နှာသည် ငြိမ်း အကြိမ်ကြိမ် သတိပြုမိခဲ့သည့်အတိုင်းပင် ကလေးတစ်ယောက်နှင့် တူနေသည်။ လုပ်ချင်သည်ကို လုပ်လိုက်ရသော ကလေးတစ်ယောက်၏ ကျေနပ်ပုံမျိုးကလည်း သူ့နှုတ်ခမ်းများတွင် ခိုတွဲနေ၏။

အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ပြီကို ငြိမ်းသိသည်။

ပဲခူးရောက်သွားလျှင် ဘာဖြစ်မည်နည်း။ ငြိမ်းသည် ကြောလေးချမ်းသွား ၏။

ပဲခူးကျမှ ကားပေါ်ကဆင်းပြေး။ ပြီးတော့…ဘယ်ကိုသွားမည်နည်း။ ရဲဌာနကိုလော။ ဤသည်ကိုတော့ မိမိမလုပ်နိုင်။ မလုပ်ရက်။ ကျော်မကောင်း ကြားမကောင်းလည်း မဖြစ်ချင်။ ဤသို့ဆိုလျှင် ရသည့်ကားနှင့် ရန်ကုန်ပြန်၊ ယခု နေ့လည်တစ်ချက်တီးခန့်ရှိပြီ။ ပဲခူးကို ဘယ်အချိန်ရောက်မည်နည်း။ ပြီးတော့ ရန်ကုန်ကို ဘယ်အချိန် ပြန်ရောက်မည်နည်း။

လမ်း၌ ကားအရှိန်လျှော့ခိုက် ဆင်းလျှင်ကော။ ဇော်တင်ကတော့ ကား အရှိန်ကို လျှော့မည်မဟုတ်။ အဲ…မြို့ငယ်တစ်ခုခုအဖြတ်တွင် အခွင့်ကောင်းရ ရနိုင်ကောင်းသည်။ သို့ရာတွင် ဤလမ်းခရီး၌ ဇော်တင် ကားမောင်းအရှိန်လျှော့

www.burmeseclassic.com

www.burmeseclassic.com



ချလောက်အောင် စည်ကားရှုပ်ထွေးသော ဘာမြို့ သို့မဟုတ် ဘာရွာရှိသနည်း ငြိမ်းမသိ။ ပြီးတော့…တော်ရုံတန်ရုံနှင့် ဇော်တင်က ကားကိုအရှိန်လျှော့ပေးမည် မပေါ်။ ကုန်ကားကြီးနှင့် ရင်ဆိုင်တွေ့စဉ်၌ ဇော်တင်က သူ့အစွမ်းကို ပြခဲ့ပြီးပြီ။

မဖြစ်နိုင်မှန်းသိလျက်က ငြိမ်း၏မျက်လုံးများက ကားတံခါးဆီ ရောက် သွားသည်။

ကားပြတင်းပေါက်မှ လှမ်းမြင်ရသော မြေကြီးသည် ဆန့်ကျင်ဘက်အရပ် သို့ တဟုန်ထိုး လျှောပြေးနေသည်။

ထိုစဉ် ကားစက်သံ မြင့်တက်လာသံ ကြားရ၏။ ကားအရှိန်ကလည်း ပိုပြင်းလာသည်။

"ကိုဇော် ဒါဘာလုပ်တာလဲ"

"ငြိမ်း ဘာကြံနေတယ်ဆိုတာ ကိုဇော်သိတယ်၊ ငြိမ်း ကောင်းကောင်း မလိုက်ရင် ကိုဇော် ဒီ့ထက်ပြင်းပြင်း ပိုမောင်းဦးမယ်…"

"ဓားပြ"

"ဟုတ်တယ်၊ ရည်းစားဓားပြ…အဟဲ…."

ငြိမ်းမှာ ပိုစိတ်တိုလာသည်။ ဇော်တင့်ကို ထုရိုက်ကုတ်ဖွဲ့ချင်လာသည်။

"ကဲ…မောင်း…မောင်း၊ ကြိုက်သလိုမောင်း၊ ဖြစ်ချင်တာဖြစ်၊ တိုက် ချင်တာတိုက်"

ဇော်တင်က တဟဲဟဲရယ်သည်။ ကားအရှိန်ကိုမူ မလျှော့။

ရှေ့တွင်သွားနေသော ဘတ်စ်ကားတစ်စီးကို တွေ့ရသည်။

ဇော်တင်သည် ကားအရှိန်ကို လုံးဝမလျှော့ဘဲ ဟွန်းကိုသာ အဆက်မပြတ် ဖိတီးသည်။ ငြိမ်းက အသဲတယားယားဖြစ်ခိုက် ဘတ်စ်ကားကြီးကို ဇော်တင်က ဖြတ်ကျော်တက်ခဲ့ပြန်သည်။

ငြိမ်းသည် ဖြစ်ချင်တာဖြစ်တော့ဟူသော သဘောဖြင့် မျက်စိပိတ် လိုက် လာခဲ့သည်။

မိမိတတ်ထားသော ကရာတေး ကိုယ်ခံပညာကလည်း ဤနေရာတွင် အလကား။ မိမိက သတိလစ်ပြီး ထောင်ချောက်တွင်း ဝင်ခဲ့မိသည်ကိုး။

သတိ…။ သည်စကားလုံးလေးက ငြိမ်းကို လှုပ်နိုးလိုက်သည်။ ကိုယ်ခံ ပညာ၏ အနှစ်သာရက အဘယ်နည်း။ သတိသာ မဟုတ်လော။ ဒါသတွေ



မခံချင်တာတွေ၊ ကြောက်လန့်တာတွေ ဘေးဖယ်လိုက်…။ သတိ…။

ဟောသည်ပြေးနေသောကားကို ဘယ်ပုံရပ်ပစ်ရမည်နည်း။

ငြိမ်းက ဘရိတ်ခြေနင်းဆီ လှမ်းကြည့်သည်။

ဇော်တင် ကားမောင်းနေပုံက စနစ်ကျသည်။ ညာခြေက လီဗာကို နင်းထားသော်လည်း ဘယ်ခြေက ကလတ်(ချ်)ရှက်ပေါ်တွင် လည်းကောင်း၊ ဘရိတ် ခြေနင်းပေါ်တွင် လည်းကောင်း တင်မထား။ ဤသို့မထားရန်လည်း မိမိကို ကား မောင်းသင်ပေးစဉ်က ကိုလှဝေ ပြောခဲ့သည်။

ဇော်တင့်ခြေက ဘရိတ်ခြေနင်းနားတွင်မူ အဆင်သင့်ရှိနေသည်။ မိမိက ဘရိတ်လှမ်းနင်းလျှင် သူက ကာထားနိုင်သည်။ တစ်ဖန် နင်းမိသည်ထား…အရှိန် နှင့် မောင်းနေသော ကားသည် မထိန်းနိုင် မသိမ်းနိုင် ဖြစ်သွားနိုင်သည်။

ကိုလှဝေ သင်ပြခဲ့သော အခြားအချက်တစ်ခုက ငြိမ်း၏ခေါင်းတွင်း ဝင်လာသည်။

ဆိခိုးမောင်းနည်း။ အင်ဂျင်နာတတ်၍ မလိုဘဲ မလုပ်ရန်လည်း ပြောပြ ခဲ့သည်။

ငြိမ်း၏မျက်လုံးများက စက်နှိုးခလုတ်သော့ပေါက်ဆီ ရောက်သွားသည်။ နီညိုရောင် ပလတ်စတစ်ပြားလှလှလေး တပ်ထားသည့် ချိန်းကြိုးလေးသည် ခလုတ် တွင်းရှိ သော့တန်မှ တွဲလောင်းကျ၍ လှုပ်ခါလျက်ရှိနေသည်။

ရင်ခုန်နေသည့်ကြားက အသံကို တတ်နိုင်သမျှ တည်ငြိမ်အောင်ထားပြီး ငြိမ်းကပြောသည်။

"ကိုဇော့်ကို ငြိမ်း တစ်ခုပဲမေးမယ်"

"ကြိုက်သလောက်မေး"

"ကိုဇော့်အလိုအတိုင်း ငြိမ်းက သဘောတူပြီး အခုလက်ထပ်လိုက်တယ် ထား၊ ရှေ့ဆက်ဘာလုပ်ကြမှာလဲ"

"ငြိမ်း ဒီမေးခွန်းကြီးကိုပဲ ခဏခဏမေးတယ်"

"မေးရတယ် ကိုဇော်၊ ကိုဇော့်မှာ မလုပ်မရှိသေးဘူး"

"အလုပ်မရှိသေးရင် ရှာရမှာပေါ့၊ ငြိမ်းတောင် ရှာခဲ့သေးတာပဲ မဟုတ် လား"

"ကိုဇော့်ပညာရေးက ရှိသေးတယ်"

"ကိုဇော် သီးဆစ်(စ်)ရေးဖို့ပဲ ကျန်တော့တယ်၊ အလုပ်ရရင်း သီးဆစ်(စ်)

www.burmeseclassic.com

www.burmeseclassic.com



ရေးလို့ ရတယ်''

''ကိုဇော့်မိဘတွေက သဘောတူမလား''

''ခေါက်ထားလိုက်''

''ခေါင်းမမာပါနဲ့ ကိုဇော်ရယ်၊ ပြီးတော့ ကိုဇော် ငြိမ်းကို တကယ်ချစ်သလား...ဟင်''

ဇော်တင်သည် ရင်တွင်းမှ ကြိတ်သဘောကျနေ၏။ ငြိမ်းက နည်းဗျူဟာပြောင်းပြီ။ မာ၍မရတော့ ပျော့ပြီ။ ခြိမ်း၍မရတော့ ချော့ပြီ။ မျက်ရည်လက်နက်ပင် လာနိုင်၏။ သည်တော့...ကိုယ်က တောင့်ထား။ ကျားဘသား...။

''တကယ်ချစ်လို့ တကယ်ပေါင်းဖို့ အခု တကယ်ကြီးကို ခေါ်လာတာပေါ့''

''ဒါပေမယ့် ကိုဇော်...''

ငြိမ်းသည် ဇော်တင့်နား ပိုတိုးသွား၏။

''ငြိမ်းမိသားစုအတွက်က ရှိသေးတယ်''

''အဲဒီအချိန်ကျတော့ ငြိမ်းမိသားစုဟာ ကိုယ့်မိသားစုဖြစ်သွားပြီ၊ ကိုယ် တာဝန်ယူတယ်''

''အဲဒါ ငြိမ်းမဖြစ်ချင်ဆုံးပဲ''

ငြိမ်းက ချိန်ဆနေသည်။ လက်လှမ်းက မီနိုင်ပြီ။ လက်မှန်းက တည့်ရမည်။ အချိန်က မြန်ရမည်။ ကရာတေးပညာ၏ သွက်လက်ခြင်းကို အကွက်ကျကျ သုံးရမည်။

''ငြိမ်း ကိုယ့်နား သိပ်မကပ်နဲ့နော်''

''အဖြစ်မသဲနဲ့ ကိုဇော်၊ ကားမှောက်ပြီး ငြိမ်းက သေချင်မတဲ့လား''

''အဲ...အဲဒါမှ ကိုဇော့်ငြိမ်း၊ မောင့်ငြိမ်း၊ မောင်ချစ်တဲ့ငြိမ်း''

''ဒါက ဘာစကားတွေလဲ''

''မသေချင်ဘူးဆိုတော့...နေချင်တယ်ပေါ့၊ ကိုဇော်နဲ့ နေချင်တယ်ပေါ့''

စတီယာရင်ကိုကိုင်လျက် ရှေ့သို့ကြည့်မောင်းရင်း ဇော်တင်သည် သူ့စကားကို သူသဘောကျဟန် ခေါင်းကို အနည်းငယ်မော့၍ ရယ်သည်။

ငြိမ်း၏လက်တစ်ဘက်သည် သော့ဆီ တိတိကျကျ ရောက်သွားသည်။ ရောက်သည့်ခဏ၌ လှည့်ပိတ်လိုက်သည်။ ပိတ်သည့်ခဏ၌ သော့တန်ကို ဆွဲနှုတ်



ယူလိုက်သည်။

တစ်စက္ကန့်ခွဲခန့်အတွင်းတွင် ကားသော့က ငြိမ်းလက်ထဲတွင် ပါလာခဲ့ပြီ။

''ငြိမ်း...ဘယ့်နှယ်လုပ်လိုက်တာလဲ''

ဇော်တင်မှာ အလန့်တကြားသာ အော်နိုင်တော့၏။

ကားစက်သံက ပျောက်သွားပြီ။ အရှိန်ကောင်းသဖြင့် ကားသည် ဆက်ပြေးနေသေးရာ ဇော်တင်က ဂီယာဖြုတ်၍ ဖရီးရိုက်ရ၏။

''ငြိမ်း...သော့ပြန်ပေးပါ''

''သဖန်းပင်ပေါ် ပြန်ရောက်မှ မျောက်ကလေးဟာ ဒုတိယအကြိမ် မိချောင်းကြီးကျောပေါ် ပြန်ဆင်းတယ်ဆိုတဲ့ ပုံပြင်ရှိလို့လား''

ဇော်တင်သည် မိမိကိုယ်ကိုကော ငြိမ်းကိုပါ ဒေါသဖြစ်မိ၏။

ကားကို လမ်းဘေးချပြီး ဇော်တင်က ဘရိတ်ဆောင့်နင်း၍ ရပ်လိုက်၏။

ငြိမ်းက ကားသော့ကို ပြတင်းမှနေ၍ မြေပြင်သို့ ချပစ်လိုက်သည်။

ဇော်တင်က သူ့ဘက်မှတံခါးကို ဖွင့်ဆင်းရာ ငြိမ်းကလည်း မိမိဘက်မှ တံခါးကိုဖွင့်ဆင်းပြီး သော့ကို ပြန်ကောက်ယူထားလိုက်၏။

ဇော်တင်သည် ဘာမျှပြောမနေတော့ဘဲ ငြိမ်း၏လက်မှသော့ကို ဝင်လုသည်။

ဇော်တင့်လက်က မိမိလက်ကို ဆုပ်မိသည်နှင့် တစ်ပြိုင်နက် ငြိမ်းက မိမိလက်ကိုမြှောက်ပြီး အပြင်မှအတွင်းသို့ စက်ဝိုင်းလှည့်လိုက်သည်။ ဇော်တင့် လက်ကောက်ဝတ်ကို လက်ညှိုးနှင့် လက်မကြားခွ၍ ပြန်ဆုပ်မိသည်အခိုက်မှာပင် လွတ်နေသော အခြားလက်တစ်ဘက်ကလည်း ဇော်တင့်လက်နောက်ဘက်မှပတ်၍ လက်ကောက်ဝတ်ကို မြဲမြဲစွာ ဆုပ်ကိုင်လိုက်သည်။ ထို့နောက် အတွင်းဘက်သို့ လိမ်ချိုးကာ အောက်သို့ကွေးချလိုက်၏။

''အာ...အာ...အာ...''

နာကျင်သဖြင့် အော်ရင်း ဇော်တင်မှာ မြေပြင်သို့ ဒူးတစ်ဘက် ထောက်ကျလာ၏။

''ငြိမ်းကို အကြမ်းမဖက်ပါနဲ့လို့ ကိုဇော့်ကို ငြိမ်း ခဏခဏ သတိပေးခဲ့တယ်''

''အာ...အာ...နာတယ် ငြိမ်း...လွှတ်နော်...လွှတ်ဆိုလွှတ်...''

''လွှတ်ပါ့မယ်၊ ဒါပေမယ့် ကိုဇော်၊ ခုနစ်ရက်လောက် နှိုးတွေနာချင်

www.burmeseclassic.com

www.burmeseclassic.com



ရင်၊ ဒါမှမဟုတ် မိနစ်နှစ်ဆယ်လောက် လောကကြီးက ခေတ္တအနားမယူချင်ရင် ငြိမ်းကို ဒါမျိုးထပ်မလုပ်ပါနဲ့''

ငြိမ်းက ဇော်တင့်လက်ကို လွှတ်လိုက်ပြီး နောက်ဆုတ်ခွာ၍ ရပ်နေ၏။ သော့တွဲလေးက ငြိမ်းလက်ထဲမှာပင်။

ဇော်တင်က သူ့လက်ကောက်ဝတ်ကို ဆုပ်ညှစ်နှိပ်နယ်နေသည်။ နာကျင်မှုကြောင့်ရော၊ ရှက်–ဒေါသကြောင့်ရော...။ သူ့မျက်လုံးများက မီးဝင်းဝင်းတောက်နေ၏။

''ငြိမ်းရက်စက်တယ်၊ ငြိမ်းမှာ အသည်းနှလုံးမရှိဘူး''

''ဟာသစကားတွေ ရပ်တော့ကိုဇော်''

ငြိမ်းအသံကလည်း မာနေ၏။

''ငြိမ်း ကိုဇော့်ကို မအော်ပါနဲ့''

''ဪ...ဟော...၊ ကောင်းပါပြီရှင်၊ ကျွန်မ ယဉ်ကျေးရိုသေစွာ မေးပါမယ်၊ ဘာကြောင့် ပက်ပက်စက်စက် ယုတ်ယုတ်မာမာ နှုတ်လိုက်ကြဲရတာလဲ''

''ကိုဇော်ကတော့ ပက်စက်တယ်ပေါ့၊ ငြိမ်းကတော့ ဘာလုပ်နေလဲ''

''ငြိမ်းက ဘာလုပ်နေလို့လဲ''

''ငြိမ်းဘာလုပ်နေတာ ငြိမ်းမသိဘူးလား၊ ဒါပေမယ့် ကိုဇော်သိတယ်၊ နုနုသွယ်သိတယ်''

''ဘာရယ်...''

''နုနုသွယ်စကားပဲ ပြန်ပြောပြမယ်၊ အစက ဆရာလုပ်ဝေဟာ သူ့ကိုချစ်ပါတယ်တဲ့၊ အခု မချစ်တော့ဘူးတဲ့၊ အဲဒါ ဘာအဓိပ္ပာယ်လဲ''

ငြိမ်း၏ပါးလေးများ ရဲသွား၏။ ဒေါသတွင် ရှက်စိတ်ထပ်နှောလာ၏။

''နုနုက အဲဒီလိုပြောသလား''

''ပြောတယ်''

ငြိမ်းသည် နှုတ်ခမ်းကို သွားဖြင့်ခဲထားမိ၏။ တစ်ကိုယ်လုံးက တုန်ယင်လာသည်။ စိတ်ကို မနည်းထိန်းပြီးမှ မေးရ၏။

''ကောင်းပြီ၊ ဒီစကားကို...ကိုဇော်ကကော အဓိပ္ပာယ် ဘယ်လိုကောက်သလဲ''

''အဓိပ္ပာယ်ကောက်နေဖို့ မလိုဘူး၊ ကိုဇော့်မှာလဲ နားနဲ့ မျက်စိနဲ့''



ကြားလိုက်ရသောစကားကို ငြိမ်းက မယုံမိ၊ ခဏတွင်မူ ရင်မှာနာ၍ အသည်းမှာ ဆတ်ဆတ်ခါသွားသည်။

ဘာလုပ်ရမှန်းမသိ။ ဘာပြောရမှန်းမသိ။ ဇော်တင့်မျက်နှာကိုသာ မယုံနိုင်စွာ လှမ်းကြည့်နေမိသည်။

ဇော်တင်မှာလည်း သတိဝင်လာသည်။ ဒေါသနှင့် မခံချင်မှုကြောင့် မိမိစကားလွန်သွားပြီ။ ဤအခြေရောက်ရန် မိမိမရည်ရွယ်။

''ကိုဇော် စကားလွန်သွားတယ်၊ ကိုဇော် တောင်းပန်ပါတယ် ငြိမ်း''

ငြိမ်းက မလှုပ်။ မျက်လုံးများမှသာ အမှတ်မပြုမိဘဲ မျက်ရည်ပေါက်များ လိမ့်ကျလာသည်။

''ဒါတွေ မေ့လိုက်ပါတော့ ငြိမ်း၊ ကိုဇော်တို့ ပဲခူးဆက်သွားပြီး လက်ထပ်ကြရအောင်၊ ပြီးခဲ့တာတွေအားလုံးကို ပြည်ဖုံးကားချပစ်ကြရအောင်''

ငြိမ်း၏မျက်နှာတွင် မဲ့ပြုံးလေးပေါ်လာ၏။ ခေါင်းလေးကလည်း ခါလာ၏။

''ကိုဇော်က စကားတွေကို လွယ်လွယ်ပြောပြီး လွယ်လွယ်ပဲ မေ့ဖို့ ပြောနေပြန်ပြီကိုး''

''ကိုဇော်မှားတယ်လို့ ပြောပြီမဟုတ်လား''

''ဒါပေမယ့်...ကိုဇော့်အမှားကြီးက...ကြောက်စရာကောင်းလှချည်လား ကိုဇော်ရယ်''

ပဲခူးဘက်မှ ခရီးသည်တင် ဘတ်စ်ကားကြီးတစ်စီးသည် သူတို့ရှိရာ ဦးတည်လာနေသည်။

ငြိမ်းအတွက် စဉ်းစားချိန် များများမရ။

ငြိမ်းက ကားသော့လေးကို ဇော်တင့်ထံ လှမ်းပစ်ပေးလိုက်၏။

''ဘာလုပ်တာလဲ ငြိမ်း''

''ပဲခူးဆီမလိုက်နိုင်တာကိုလဲ ခွင့်လွှတ်ပါ၊ ကိုဇော့်ကားပေါ် ဒုတိယအကြိမ် တက်မလိုက်ရဲတော့တာကိုလဲ ခွင့်လွှတ်ပါ''

အတန်လှမ်းလှမ်းတွင် ရှိနေသေးသော ဘတ်စ်ကားကြီးကို ငြိမ်းက လှမ်းလက်ပြတားသည်။

''အဲဒီလိုတော့ မလုပ်နဲ့ငြိမ်း၊ ငြိမ်းပြန်ချင်တယ်ဆို ကိုဇော် ပြန်ပို့ပေးပါ့မယ်''

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း၏မျက်နှာလေးက တင်းလာသည်။ မျက်လုံးလေးများကလည်း ဝင်းဝင်းတောက်လာ၏။ စကားသံက အေးစက်မာကျောသည်။

"အသိဉာဏ် ဘယ်လောက်နည်းနည်း…မိကျောင်းကျောပေါ် နှစ်ခါ တက်လိုက်လာအောင် မျောက်ဟာမမိုက်ဘူး ကိုဇော်၊ ပြီးတော့ ချစ်သူတွေဘဝက မုန်းသူတွေမဖြစ်ချင်ရင်…ငြိမ်းကိုမတားနဲ့၊ နောက်က လိုက်မနှောင့်ယှက်ပါနဲ့ ငြိမ်းအရှက်ကို မခွဲပါနဲ့"

ဘတ်စ်ကားကြီးက ထိုးဆိုက်လာ၏။

စူးစမ်းသော မျက်စိပေါင်းများစွာကို ပမာမပြုဟန်ဆောင်၍ ငြိမ်းသည် ကားကြီးပေါ်သို့ တက်ခဲ့လေသတည်း။

□□□

## အခန်း (၂၁)

ဘီခြောက်ရာကားလေးသည် ဘွဲ့နှင်းသဘင်ခန်းမလမ်းမှ ပြည်လမ်းသို့ ထွက်လာသည်။ ထိုမှတစ်ဖန် အင်းလျားရိပ်သာလမ်းဆီ ပြန်ဝင်သည်။

နုနုသွယ်က ကားမောင်းနေသောငြိမ်းကို အံ့သြစွာကြည့်သည်။

မိမိက တစ်သက်လုံး ကားပေါ်ကြီးသည်။ ကားမောင်းရန် စိတ်ကူးထဲ၌ပင် မရှိ။

ငြိမ်းကိုယ်လေးက ဖြောင့်ဖြောင့်မတ်မတ်…။ မေးရိုးလှလှပေါ်ထင်သော ငြိမ်း၏မျက်နှာလေးက တစ်စုံတရာကို သန္နိဋ္ဌာန်ချထားသည့်ပမာ ပြတ်သားတည်ငြိမ်နေသည်။ ကားမောင်းဟန်၌လည်း မိမိကိုယ်ကို ယုံကြည်စိတ်ချဟန်က အပြည့်။

လူရှင်း၍ အရိပ်ကောင်းသော ကန်စောင်းတစ်နေရာတွင် ငြိမ်းက ကားလေးကို ထိုးရပ်လိုက်၏။

"ငြိမ်းတို့ ကားပေါ်တွင်ပဲ အေးအေးဆေးဆေး စကားပြောကြရအောင်"

နုနုသွယ်က ငြိမ်းကို မရှုမရဲလေးကြည့်၏။

ဟိုတစ်နေ့က ဇော်တင် လာစကားပြောသည်။ ယခု ငြိမ်း…။

"ငြိမ်း ဘာပြောချင်လို့လဲ…ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းဟာ ချစ်ခြင်းမေတ္တာကို သိပ်တန်ဖိုးထားတယ်၊ ချစ်သူအတွက် ချစ်ခြင်းမေတ္တာကိုရော၊ သူငယ်ချင်းအတွက် ချစ်ခြင်းမေတ္တာကိုရော၊ ငြိမ်း တန်ဖိုးထားတယ်၊ သံသယတွေ အထင်လွဲမှုတွေကြောင့် ငြိမ်းတန်ဖိုးထားတဲ့ ချစ်ခြင်းမေတ္တာကို အပျက်မခံနိုင်ဘူး၊ ဒါကြောင့် နုနုနဲ့ ဒီနေ့ ငြိမ်း လာစကားပြောရတာ"

ငြိမ်းက ရည်ရွယ်ချက်ကို အေးချမ်းစွာ ရှင်းပြပြီးနောက် နုနုသွယ်ကို ခေတ္တကြည့်နေသည်။ ပြီးမှဆက်ပြော၏။

"ငြိမ်း တိုတိုနဲ့ လိုရင်းပဲ ပြောပါမယ်၊ မနေ့က ကိုဇော်ဟာ ငြိမ်းကို မလိမ့်တပတ်နဲ့ ကားပေါ်တင်ပြီး ပဲခူးကိုခိုးပြေးဖို့ ကြံခဲ့တယ်၊ ငြိမ်း သတိကြီးလို့ သူ့အကြံမအောင်ခဲ့ဘူး၊ ဒါပေမယ့် သူစွပ်စွဲတဲ့စကားတွေမှာ ငြိမ်းရဲ့ဂုဏ်သိက္ခာ ဆရာလှဝေရဲ့ ဂုဏ်သိက္ခာကိုထိပါးတာတွေ ပါလာခဲ့တယ်၊ အဲဒါတွေကို ငြိမ်းကရှင်း ရမယ်၊ နုနုအကူအညီနဲ့ ငြိမ်းကရှင်းရမယ်"

"နုနုအကူအညီနဲ့…၊ နုနုက ဘယ်လိုကူရမှာလဲ"

"ငြိမ်းကို အမှန်ပြောဖို့ပါပဲ နုနု…"

"နုနုက ဘာအမှန်ပြောရမှာလဲ"

"ဆရာနဲ့နုနုဟာ တစ်ဦးကိုတစ်ဦး ချစ်ခဲ့ကြတယ်မဟုတ်လား"

နုနုသွယ်က ငြင်းဦးမည်ဟု ပါးစပ်ကိုပြင်သည်။ သို့ရာတွင် မိမိမျက်လုံးများကို စိုက်ကြည့်နေသော ငြိမ်း၏မျက်လုံးများကြောင့် ရပ်လိုက်ရ၏။ ငြိမ်းမျက်လုံးများက မိမိရင်ထဲအထိ ထိုးဖောက်ထားသည်ဟု နုနုသွယ် ခံစားရသည်။

"နုနုမဖြေဘူး၊ ဒါပေမယ့် ငြိမ်း နားလည်ပါတယ်၊ နုနုဟာ အင်မတန်ရိုးသားပြီး အရှက်အကြောက်ကြီးတဲ့ မိန်းကလေးတစ်ဦးပါ၊ အဲဒီအတွက်လဲ နုနုကို ငြိမ်း သိပ်လေးစားပါတယ်၊ တစ်ခါ ဆရာကိုယ်တိုင်ကလဲ ကိုယ့်ကိုယ်ကို အင်မတန်မှ ထိန်းချုပ်စောင့်စည်းတဲ့ သူတော်ကောင်းကြီးတစ်ဦးပါ၊ ဒီတော့…တစ်ယောက်နဲ့တစ်ယောက် ဖွင့်လဲမပြောမိကြဘူး၊ ဖွင့်လဲဝန်မခံမိကြဘူး၊ ငြိမ်းပြောတာ မှန်တယ်မဟုတ်လား နုနု"

နုနုသွယ်သည် မငြင်း၊ ဝန်လည်းမခံ။

"ဒါပေမယ့်…အခု နုနုစိတ်ထဲမှာ ဆရာ့အပေါ် သံသယဝင်နေပြီ ဟုတ်တယ်မဟုတ်လား"

"အို…အဲဒီလိုမဟုတ်…မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ…"



နုနုသွယ်၏မျက်လုံးများမှ မျက်ရည်များ စ,ကျလာ၏။

"ဖြေပါဦး နုနုရယ်"

နုနုသွယ်က သက်ပြင်းလေးရှိုက်ပြီး ဖြေ၏။

"သူ အခု နုနုကို မချစ်တော့ပါဘူး"

"ဘာဖြစ်လို့ နုနု အဲဒီလိုပြောနိုင်ရသလဲ"

"နုနုမပြောတတ်ဘူး၊ ဒါပေမယ့်…နုနု အဲဒီလိုပဲထင်တယ်"

"ငြိမ်း ရှင်းရှင်းပဲ မေးတော့မယ်၊ နုနု…ဆရာနဲ့ ငြိမ်းအပေါ်မှာ သံသယဝင်တယ် မဟုတ်လား"

"အို…အို…ငြိမ်းကို နုနု အထင်မလွဲပါဘူး"

"ဒါဖြင့် ဘယ်သူ့ကို အထင်လွဲသလဲ နုနု"

နုနုသွယ်မဖြေ။

"ဆရာ့ကိုလား၊ ဟုတ်လား"

နုနုသွယ်က မလှုပ်။

"နုနုကမဖြေတော့ ငြိမ်းကပဲ ပြောရတော့မယ်၊ ဆရာ့ကို အထင်မလွဲပါနဲ့ နုနု၊ ဆရာဟာ အင်မတန်မြင့်မြတ်တဲ့ ယောက်ျားတစ်ဦးပါ၊ နုနုဟာ ချစ်သူအရွေး မှန်ခဲ့တယ်၊ အရွေးမှန်ပြီးမှ…ဘာမှမဟုတ်တဲ့ အကြောင်းလေးနဲ့ နုနုတို့မလွဲကြပါစေနဲ့၊ နုနုဆီ အခု ငြိမ်းလာခဲ့တဲ့ အဓိကရည်ရွယ်ချက်က ဒီစေတနာပါ"

"ဒါပေမယ့်…နောက်ကျနေပြီ ငြိမ်း"

"ဘာနောက်ကျလို့လဲ"

"မေမေတို့က နုကို ဆရာထွန်းဦးကျော်နဲ့ နားချနေကြပြီ"

"အို…နေပါဦး၊ နုနုက ခေါင်းညိတ်လိုက်ပြီလား"

"ဟင့်အင်း၊ ဒါပေမယ့် နုနု ဘာလုပ်ရမလဲ၊ နုနုဘဝက ခေါင်းညိတ်ရတော့မယ့် ဘဝ"

"အို…နုနုရယ်၊ အိမ်ထောင်ရေးကိစ္စကို အလွယ်တကူ မဆုံးဖြတ်လိုက်ပါနဲ့၊ အချစ်မပါတဲ့ အိမ်ထောင်မှုကိုလဲ တတ်နိုင်ရင် အလွယ်တကူ မပြုပါနဲ့၊ အချိန်ယူပါဦး နုနုရယ်၊ ငြိမ်းလဲ တစ်ခုခု စီစဉ်ပေးခဲ့နိုင်မယ်ထင်တယ်"

ငြိမ်း၏ နောက်ဆုံးစကားက ထူးဆန်းသည်ဟု နုနုသွယ်ထင်သည်။

"ငြိမ်းက စီစဉ်ပေးခဲ့မယ်၊ ငြိမ်းက ဘယ်သွားမှာမို့လို့လဲ"

ယနေ့အတွက် ရှေးဦးစွာအဖြစ် ငြိမ်း၏မျက်နှာလေးတွင် ခံစားမှုအရိပ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။

"ဒီအလုပ်နဲ့ ဒီအိမ်က ငြိမ်းထွက်သွားရမယ်၊ မဟုတ်ရင် ပိုရှုပ်လာကျ လိမ့်မယ်၊ ပြီးတော့...ကိုဇော်နဲ့ ငြိမ်းရဲ့ပြဿနာကလဲ ရှိနေသေးတယ်"

ငြိမ်းသည် ကားလေးကို စက်ပြန်နှိုးပြီး လာလမ်းအတိုင်းပြန်၍ နုနုသွယ် ကို ဓိဝဗေဒအဆောင်ဆွယ်ကြီးအနီးတွင် ချပေးခဲ့၏။

ဆောင်းနေ့လည်တွင် နှင်းမဝေပါ။ မိုးမှုန်ဆို သာ၍ဝေးသည်။

သို့ရာတွင် အဓိပတိလမ်းကြီးအတိုင်း ကားမောင်းထွက်ခဲ့သော ငြိမ်း၏ မျက်လုံးများ၌မူ ကားမှန်ရှေ့တွင် မိုးရေတွေ လွှမ်းမိုးပိတ်ကွယ်နေသယောင် မြင်ရ ၏။

ロロロ

အခန်း (၂၂)

ငြိမ်းက ကုလားထိုင်ပေါ်တွင် တောင့်တောင့်မတ်မတ်လေး ထိုင်နေသည်။ မျက်နှာလေးကို တည်ငြိမ်စွာထားနိုင်သော်လည်း ဝဲဝဲလာသော မျက်ရည်များကိုမူ အထိန်းရခက်သည်။

လက်ကိုနောက်ပစ်ကာ ခေါက်ကိုစိုက်ငုံ့လျက် ဧည့်ခန်းအလယ်တွင် ကိုလှဝေက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

မိမိကို ငြိမ်းပြောပြခဲ့သည်က အများကြီး...။ အရှည်ကြီး။ သို့ရာတွင် မိမိဦးနှောက်တွင် စွဲမြဲပွဲတင်ထပ်နေသည်က တိုတိုလေး။ ငြိမ်းကို အလုပ်မှ ထွက်ခွင့် ပြုပါတော့...။

တစ်နေ့တစ်ချိန်မှာတော့ ငြိမ်းသည် ဤအိမ်မှထွက်သွားမည်ကို မိမိသိပြီး သားပါ။ သို့ရာတွင် ထိုအချိန်သည် ဤမျှ မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မည်ကို မိမိမမျှော်လင့်။ ယခုတော့ ငြိမ်းနှုတ်မှဆိုပြီ...။ ငြိမ်းကို အလုပ်မှ ထွက်ခွင့်ပြုပါ တော့...။ ။

သည်တော့...မိမိက ဘာပြောရမည်နည်း။ ဘာကော ပြောနိုင်သည်နည်း။ ငြိမ်းကို မိမိမပိုင်။ ပြီးတော့...မဆိုင်။ မြတ်စွာဘုရား...ဘယ်လိုမျှ မဆိုင်ပါ တကား။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းကိုလည်းမကြည့်၊ ဦးခေါင်းကို ငိုက်ထားရာမှ မမော့လည်းမမော့ဘဲ ကိုလှဝေက စ,စကားပြောသည်။ အမှန်က ငြိမ်းကိုပြောသည်ထက် သူ့ကိုယ်သူ ပြန်ပြောနေသည်နှင့် တူနေ၏။

"ဂုဏ်သိက္ခာ…၊ ဆရာနဲ့ ငြိမ်းရဲ့ဂုဏ်သိက္ခာ၊ လောကမှာ ဂုဏ်သိက္ခာထက် မြတ်နိုးစောင့်ရှောက်ထိုက်တာ မရှိပါဘူး။

ဒါပေမယ့်…ဂုဏ်သိက္ခာဆိုတာ ဘာလဲ၊ ဘယ်သူတွေက ဘယ်ပေတံနဲ့ တိုင်းတာဆုံးဖြတ်ကြသလဲ။

ဆရာ့အတွက်တော့ မထူးပါဘူး၊ ဒီလောကမှာ ကိုယ်ယုံသလိုနဲ့ နေချင်သလိုနေခဲ့တာ ကြာပါပြီ၊ ကိုယ့်မှာ ဂုဏ်သိက္ခာ ရှိသလား မရှိသလားတောင် မစဉ်းစားမိတာ အတော်ကြာသွားပြီ။

ဒါပေမယ့်…ငြိမ်းအတွက်တော့ အရေးကြီးတယ်၊ ဟောဒီလောကဟာ… မိန်းမသားတစ်ဦးအပေါ်မှာ တောင်းဆိုမှုတွေက များနေသေးတယ်၊ ငြိမ်းက သစ္စာတရားအကြောင်း တစ်ခါက ပြောဖူးတယ်၊ မိန်းမသားကောင်းတစ်ဦးရဲ့ ဂုဏ်သိက္ခာဆို သူစောင့်ထိန်းတဲ့ သစ္စာပဲမဟုတ်ပေဘူးလား၊ ခက်တာက စောင့်ထိန်းတဲ့သစ္စာသဘောကို လူမမြင်ဘူး၊ အဟင်း…လူမမြင်ဘူး၊ ဆိတ်ကွယ်ရာမှ သစ္စာဆိုတာကို ဒီလောက,က လူတွေက ဘယ်လိုလုပ် လက်ခံကြမလဲ။

ဒီတော့ ငြိမ်းဆုံးဖြတ်တာ မှန်ပါတယ်၊ မှန်တဲ့ငြိမ်းကို ဆရာက ခွင့်ပြုပါတယ်ဆိုတာအပြင် ဘာပြောရတော့မလဲ။

တခြား အလေးအနက် ထည့်စဉ်းစားစရာတစ်ခုကလဲ ရှိသေးတယ်။

ချစ်ခြင်းဘဝလေး၊ ငြိမ်းနဲ့ ကိုဇော်တို့ရဲ့ ချစ်ခြင်းဘဝလေး၊ ဒီဘဝလေးတွေဟာ အင်မတန်လှပပါတယ်၊ ဟောဒီလောကကို ကျက်သရေဆောင်ပါတယ်၊ ဆရာ့အနေနဲ့ ဒီဘဝမျိုးလေး မရဘူးတော့…ရနေသူတွေကိုမြင်ရင်…အားကျရတယ်၊ ဝမ်းသာရတယ်၊ ဒီတော့…အဲဒီဘဝလေးဟာလဲ မပျက်သင့်ဘူး၊ မပျက်ရဘူး"

ကိုလှဝေသည် စကားပြောကိုလည်း ရပ်လိုက်သည်။ လမ်းလျှောက်ခြင်းကိုလည်း ရပ်လိုက်သည်။ ထို့နောက် ခေါစောက စကားမပြော၊ ယခုမှ ပြောသည့်ဟန်ဖြင့် ငြိမ်းကိုကြည့်၍ ဆိုသည်။

"ငြိမ်း…ငြိမ်းကို ဆရာ ကြည်ကြည်ဖြူဖြူနဲ့ အလုပ်က ထွက်ခွင့်ပြုတယ်"



ငြိမ်းက ရင်တွင်းမှ လှိုက်တက်လာသော ခံစားမှုကို ကြိုးစားနှိမ်ပစ်ပြီး ပြောသည်။

"ကလေးနှစ်ယောက်အကြောင်း ငြိမ်း နည်းနည်းပြောပါရစေ ဆရာ"

"အင်း…ကလေးနှစ်ယောက်အကြောင်း၊ ဟုတ်တယ်၊ ကလေးနှစ်ယောက်အကြောင်း"

ကိုလှဝေက လမ်းပြန်လျှောက်မည်ပြု၏။

"ထိုင်ပါဦးလား ဆရာ"

သည်တော့မှ ကိုလှဝေက ငြိမ်းနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်၏။

"ငြိမ်း နှစ်ညတိတိ စဉ်းစားခဲ့တာမှာ တခြားကိစ္စထက် ကလေးနှစ်ယောက် အတွက်ကိုပဲ အလေးထားစဉ်းစားခဲ့တယ်၊ သူတို့လေးတွေရင်မှာ ဘာဖြစ်ကျန်ရစ်မလဲ၊ ဒါကိုတွေးမိရင်…ငြိမ်းရဲ့အသည်းနှလုံးတွေဟာ ဆတ်ဆတ်ခါအောင် နာပါတယ်ဆရာ"

ထိန်း၍မရသော မျက်ရည်များ ပါးပြင်ဆီ စီးကျလာမှန်း ငြိမ်း သတိပြုမိသည်။ သုတ်ပစ်ရန် ငြိမ်း မကြိုးစားတော့။

"ဒါပေမယ့် ငြိမ်း ဒီကိုရောက်တာ တစ်နှစ်ပြည့်သွားပြီ၊ မိဝင်းက ခြောက်နှစ်သမီး၊ ညိုကြီးက လေးနှစ်သား ရှိသွားပြီ၊ အလွန်နုနယ်တဲ့ အရွယ်တွေ လောက်တော့ သူတို့ မထိခိုက်နိုင်တော့ပါဘူး၊ ပြီးတော့…ဒေါ်လေးဟာ အခုဆိုရင် သူ့မြေးလေးတွေအပေါ်မှာ သူနားလည်ပြီး သူသိပ်ချစ်နေပါပြီ၊ ငြိမ်းကိုယ်စား ဒေါ်လေးဟာ သူတို့ကို မိခင်ရဲ့ချစ်ခြင်းမေတ္တာ ပေးနိုင်ပါပြီ၊ အထူးသဖြင့်က… ဆရာ့မေတ္တာပါပဲ၊ မိခင်မေတ္တာနေရာမှာ ဖခင်ရဲ့မေတ္တာကလဲ အစားထိုးဝင်နိုင်ပါတယ်၊ အခုအရွယ်တွေအတွက် ပြောနေတာပါ၊ ဒီအရွယ်တွေမှာတော့ ဖခင်ရဲ့မေတ္တာဟာလဲ အလွန်တန်ခိုးကြီး ထိရောက်ပါတယ်၊ ဒါကြောင့်…မာတာတွင်မက ပိတာ…ကိုလဲ အနန္တဂိုဏ်းဝင်အဖြစ် မြတ်စွာဘုရားက ထည့်သွင်းထားခဲ့တာ ဒီနေရာမှာ မိဝင်းနဲ့ညိုကြီးတို့ ကံကောင်းတာက ဆရာဟာ…သာမန်ဖခင်တစ်ယောက်ထက်တောင် သူတို့အပေါ်မှာ မေတ္တာထားနိုင်တာပါပဲ"

"ဒီအကြောင်းသိရလို့ ဆရာ ဝမ်းသာပါတယ်၊ ဆရာ အစွမ်းကုန်ကြိုးစားပါမယ်"

"ဒါပေမယ့် ဆရာ၊ ငြိမ်းထွက်သွားစ,မှာတော့ အထူးသတိပြုပါ၊ ဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ရင် ကလေးတွေကိုခေါ်ပြီး ခရီးထွက်ပစ်လိုက်ပါ၊ နေရာသစ်နေရာဆန်းတွေဟာ လူ့စိတ်ကို လန်းစေတတ်ပါတယ်၊ အထူးသဖြင့် ကလေးတွေဟာ ခရီးထွက်ရင် ပျော်သွားတတ်ပါတယ်၊ မိဝင်း ကျောင်းလဲပိတ်တော့မယ်၊ နတ်တော် ပြာသိုဆိုတာ ဟာ အထက်ဗမာပြည်မှာ အင်မတန်သာယာပါတယ်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး စစ်ကိုင်း…အဲဒီကို ခေါ်သွားပါဆရာ"

"ငြိမ်းအကြံပေးချက်ကို ဆရာလက်ခံပါတယ်"

"နောက်ဆုံးတစ်ချက်လဲ ဆရာ့ကို ငြိမ်း တောင်းပန်ချင်သေးတယ်"

"ပြောပါ ငြိမ်း"

"နုနုကိုလဲ သနားပါ ဆရာ"

သူက ငြိမ်းကို ကွက်ခနဲ တစ်ချက်ကြည့်သည်။ ဘာမျှတော့မပြော။

"ညနက်ထိအောင် ငွေလမင်းကိုစောင့်ရှာတဲ့ ကုမုဒြာကြာဖြူအကြောင်း ကဗျာလေးတစ်ပုဒ် ငြိမ်းဖတ်ဖူးတယ်၊ နုနုဘဝဟာလဲ ဒီအတိုင်းပါပဲ၊ ငြိမ်း ဘာဆိုလို တာကို ဆရာနားလည်လိမ့်မယ်လို့ ထင်ပါတယ်"

သူ့မျက်နှာတွင် အမျိုးအမည်ခွဲခြားမရသော အပြုံးတစ်ခုကို တွေ့လိုက်ရ သည်ဟု ငြိမ်းထင်သည်။ ဖြေသံကတော့ မလာ။

"ကလေးတွေအတွက် ဆရာနဲ့ နုနုကြားမှာ အခက်ရှိတယ် မထင်ကြစေ လိုဘူး၊ ဥပမာ… နုနု မဟာသိပ္ပံဘွဲ့ပြီးမယ့် နောက်နှစ်,နှစ်မှာ ဆိုပါတော့ ညီကြီးတောင် ရှစ်နှစ်သားအရွယ်ရောက်ပြီ၊ ထိန်းရသိမ်းရ…ပြောရဆိုရခက်တဲ့ အရွယ်မဟုတ်တော့ပါဘူး၊ ပြီးတော့ နုနုဟာလဲ…ကြင်နာတတ်တဲ့ မိန်းကလေး တစ်ဦးပါ"

ငြိမ်းက သူ့ထံမှ တစ်စုံတစ်ရာ အဖြေရမည်လားဟု စောင့်နေသည်။ အချိန်အတန်ကြာ သူက ငြိမ်နေပြီးမှ သေွ့ခြောက်စွာ ဖြေသည်။

"အဲဒီအကြံပေးချက်ကိုလဲ ဆရာ မှတ်ထားပါ့မယ်"

ပြောစရာက ကုန်ပြီ။ တင်းထားသောအားတွေလဲ ငြိမ်းမှာ ကုန်လုပြီ။

ငြိမ်းက ကုလားထိုင်မှဆင်းပြီး သူ့ကို ကန်တော့သည်။ ထို့နောက် အိပ်ခန်းတွင်းသို့ သွက်သွက်ဝင်ပြီး တံခါးကို ပိတ်လိုက်သည်။

ညနက်ပြီဖြစ်သဖြင့် ကလေးနှစ်ဦးက အိပ်ပျော်နေကြပြီ။

မျက်ရည်တွေတွေစီးကျရင်း ငြိမ်းက ပထမ မိဝင်းကို ကြည့်သည်။ ထို့နောက် ညီကြီးကိုကြည့်သည်။

သြော်…အမေဟု ခေါ်ရမည့်သူတစ်ဦးကို ဤကလေးငယ်သည် ဘယ် အခါမှ ပြန်တွေ့လေတော့မည်နည်း။

မိမိအိပ်ရာထက် ခေါင်းအုံးပေါ်တွင် မျက်နှာမှောက်လျက် ငြိမ်းသည် ရှိုက်ကာငိုမိလေသတည်း။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ကမ္ဘာ့အေးဘုရားလမ်းရှိ တိုက်အပေါ်ထပ် အိပ်ခန်းအတွင်းဝယ် သူ့ဗိုက်ပူကြီးတွင် မျက်နှာသုတ်ပဝါ ပတ်လျက်သားရပ်ရင်းက ဦးဘသွယ်က ပြောသည်။

“ဟော…မင်းဝင်လာပြန်ပြီ”

“ဟုတ်တယ်၊ သူတို့လဲ ဟိုနားရောက်နေကြပြန်ပြီ”

ဒေါ်စိုးလှက ဦးဘသွယ်ကို ပြတင်းဆီ ဆွဲခေါ်သွားပြီး ပြ[illegible]ခြံတွင်း ခွာပြာရုံဘေးတွင်က နုနုသွယ်နှင့် ကိုလှဝေ…။

“ရှင်မ…အဲဒါ ဘာသဘောလဲ”

“မသိဘူး၊ ကျုန်မ သွားချောင်းနားထောင်လိုက်ဦးမယ်”

“မင်းနားရှက်စရာတွေများ ကြားရမလားမသိဘူး”

“အို…ခေါက်ထားလိုက်…”

“ဟိုက်ရော…”

ဒေါ်စိုးလှက ဦးဘသွယ်ကိုထားရစ်ပြီး အောက်သို့ဆင်းလာခဲ့၏။

ခွာပြာရုံဘေးတွင် ကိုလှဝေက အေးချမ်းတည်ငြိမ်စွာ ပြောနေသည်။ အေးချမ်းတည်ငြိမ်စွာ ပြောနိုင်သည့်အတွက်လည်း မိမိကိုယ်ကို အံ့သြမိသည်။



မိမိစိတ်ကလည်း ထူးဆန်းစွာ အေးချမ်းတည်ငြိမ်နေလေသည်တကား။

“နုနုနဲ့ ဆရာဟာ စာဖတ်သူနဲ့ စာရေးသူအဖြစ်က စတင်ခင်မင်လာခဲ့ကြတယ်နော်၊ တကယ်တော့လဲ စာဖတ်သူဟာ စာရေးသူအကြောင်းကို ဘာမှမသိနိုင်ဘူး၊ ခုထိလဲ နုနုဟာ ဆရာ့အကြောင်း ဘာမှမသိပါဘူး”

သူဘာပြောချင်မှန်း နုနုသွယ်မသိ။ ကိုယ်…ဟု သုံးနေကျအစား ဆရာဟု ပြောင်းလဲသုံးသည်ကိုမူ သတိထားမိ၏။

“ဆရာတို့ညီအစ်ကိုအကြောင်းကို ပြောပြမယ်၊ ဆရာက ဆယ်နှစ်သား၊ ဆရာ့ညီမြဝေက လေးနှစ်သားမှာ ဆရာတို့မိခင် ကွယ်လွန်သွားခဲ့တယ်၊ တစ်နှစ်အတွင်းမှာပဲ ဖေဖေက နောက်အိမ်ထောင်ထူလိုက်တော့ ဆရာတို့ညီအစ်ကို မိထွေးနဲ့နေခဲ့ကြရတယ်၊ မိထွေးကလည်း ရက်စက်တဲ့ မိထွေးဆိုတော့ ဆရာတို့ညီအစ်ကို ကံဆိုးမ,သွားရာ မိုးလိုက်လို့ရွာရုံမကဘူး၊ မုန်တိုင်းက အမြဲထန်ပြီး ညက အမြဲမှောင်မိုက်ခဲ့တယ်၊

အားငယ်စိတ်၊ ဝမ်းနည်းစိတ်ဟာ ဆရာ့ရဲ့ စိတ်အဆောက်အဦမှာ အခြေခံဖြစ်ခဲ့သလို ကြမ်းတမ်းစိတ်၊ မုန်းတီးစိတ်ဟာ မြဝေရဲ့ စိတ်အဆောက်အဦ အခြေခံဖြစ်လာတယ်၊ လူပျော့လူကြောက်ဖြစ်တဲ့ ဆရာက ဘွဲ့တွေဘာတွေရပြီး စာရေးဆရာ ဖြစ်လာခဲ့တယ်၊ မြဝေကတော့ လေလွင့်ဆိုးသွမ်းသူအဖြစ်နဲ့ လူလားမြောက်လာခဲ့တယ်၊ တိုတိုပြောရရင် ဆရာ နာမည်ကျော်ကြားစ (၁၉၆၆) ခုနှစ်မှာ အသက်နှစ်ဆယ်ရှိပြီဖြစ်တဲ့ မြဝေဟာ ဆရာနဲ့လာနေတယ်၊ သူ့ကို ဆရာ ကောင်းကောင်းထားတဲ့ကြားက ပစ္စည်းတွေယူပြီး အိမ်က မြဝေ ပျောက်သွားတယ်၊ နောက် ဆယ့်တစ်နှစ်ကျော်ကျော်ကြာမှ မသေခင် စက်စဲက သူရေးလိုက်တဲ့စာကို ဆရာရခဲ့တယ်၊ စက်စဲကို ဆရာရောက်သွားတော့ သူ့အသက်ကို ဆရာ မမီတော့ပါဘူး၊ သူ့ရင်သွေးနှစ်ယောက်ကိုသာ ဆရာခေါ်ပြီး ပြန်လာခဲ့ရတော့တယ်”

ကိုလှဝေက ခေတ္တနားသည်။ ရင်တွင်းမှာက ဆွေးဆွေးမြေ့မြေ့ ဖြစ်လာ၏။

“တေရင်းပေရင်း နယ်စပ်ဘက် ရောက်သွားရာက ဒုက္ခအရောက်မှာ ရှိးသားလှတဲ့ ကျေးရွာသူလေးတစ်ဦးက သူ့ကိုကယ်ခဲ့တယ်၊ အဲဒီမိန်းကလေးနဲ့ အိမ်ထောင်ကျပြီး နောင်တရတဲ့ မြဝေဟာ ဘဝကိုဇာတ်မြှုပ်ပြီး ဆင်းဆင်းရဲရဲ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေခဲ့တယ်၊ မူလ သူတို့ရွာကနေ ရေကြည်ရာမြက်နုရာပြောင်းရင်း စက်စဲကို ရောက်ခဲ့ကြတာပဲ၊ ဒါပေမယ့် မိန်းကလေးက သတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



မရှည်ရှာဘူး၊ သူက အရင်ကွယ်လွန်တယ်၊ ရေလုပ်သားတစ်လှည့်…ဆားလုပ်သားတစ်လှည့်နဲ့ သားသမီးနှစ်ဦးကို လုပ်ကျွေးနေရင်း မြဝေလည်း ငယ်ငယ်နဲ့ပဲ ကွယ်လွန်ရှာပြန်တာပါပဲ၊ သူ့ကိုယ်သူ မဟာန်မှန်းသိတဲ့အချိန်မှာ…ဆရာ့ဆီစာရေးပြီး သူ့ရင်သွေးတွေကို အပ်သွားခဲ့တာပါ၊ သူ့ရင်သွေးနှစ်ဦးဟာ ဆရာ့လက်ထဲရောက်…မရောက် သူမသိသွားရှာခဲ့ပါဘူး''

ငြိမ်ငြိမ်လေးနားထောင်နေသော နုနုသွယ်က သူ့ကို နားမလည်၊ ဘာကြောင့် သူ့ညီဇာတ်လမ်းကို မိမိအား ပြောပြနေရပါသနည်း။

ကိုလှဝေကသာ ဆက်ပြောသည်။ ပြောရင်းက နာကျည်းမှုတစ်ရပ်သည် ရင်အတွင်းပိုင်းတစ်နေရာမှာ ခေါင်းပြူလူးလွန့်လာမှန်း သတိပြုမိသည်။

''ဒီအချက်ကိုတွေးမိတိုင်း ဆရာ့ရင်ဟာနာတယ်၊ မြဝေဟာ ဆရာ့လိုပဲ အသည်းနှလုံးကမ္ဘာလေး ပျက်ဖူးသူပါ၊ ဒီတော့…သူ့ကလေးလေးတွေရဲ့ အသည်းနှလုံးကမ္ဘာလေးတွေ ပျက်မှာကို သူပူပန်ရှာမှာပဲ၊ အဲဒီ…ပူပန်မှုဟာ…သေရာညောင်စောင်းမှာ သူ့ကို ဘယ်လောက် နှိပ်စက်သွားသလဲ''

နုနုသွယ်က ထိတ်လန့်တကြားလေးဖြင့် သူ့ကိုကြည့်သည်။

သေရာညောင်စောင်း…။ သည်စကားက နုနုသွယ်မကြားဖူးသော စကားဆန်းဖြစ်နေသည်။ ကြောက်ဖွယ် လန့်ဖွယ် စကားတစ်လုံးလည်း ဖြစ်နေသည်။

''ဆရာ့အဖြစ်ကိုပဲ ပြောတော့မယ်၊ ဒီကလေးနှစ်ဦး ဆရာ့လက်ဝယ် ရောက်လာကတည်းက ဆရာ့ဘဝမှာ အကြီးဆုံးတာဝန်တစ်ခု ဆရာ လက်ခံလိုက်ရပြီဆိုတာ ဆရာသိတယ်၊ သာမန်တာဝန်မဟုတ်ဘူး၊ ဆရာ့ခံစားမှုနဲ့ ဆက်နွယ်နေတဲ့ အသိတာဝန်၊ ဆရာ့စိတ္တဇဘဝနဲ့ ရောယှက်နေတဲ့ အသိတာဝန်…၊ အဲဒီအသိတာဝန်ကြောင့် လူတကာမလုပ်မှာကို ဆရာလုပ်ခဲ့တယ်၊ နောက်ဆုံး…ငြိမ်း…ဆိုတဲ့ မိန်းကလေး ဆရာ့အိမ်ပေါ် ရောက်လာတဲ့အထိ ဆိုပါတော့''

ယင်းစကားအဆုံးတွင်မူ ကိုလှဝေ၏မျက်နှာ၌ ကြေကွဲနာကျည်းသော အပြုံး ပေါ်လာ၏။

''အခု…ငြိမ်းဟာလဲ ဆရာ့အိမ်က ထွက်သွားပါပြီ''

''ရှင်…ငြိမ်း ထွက်သွားပြီ''

ငြိမ်းစကားအရ ငြိမ်းထွက်သွားမည်ကို သိပြီးဖြစ်သော်လည်း တကယ်



ထွက်သွားမှန်း ကြားရသောအခါ နုနုသွယ် အမှန်ပင် အံ့ဩသွား၏။

''သွားပါပြီ၊ ကလေးနှစ်ယောက်ရဲ့ဘဝ ညမှောင်မှောင်ပေါ်မှာ…ခဏ သာလာသာသွားတဲ့ လမင်းကြီး သွားပါပြီ၊ နောက်ထပ် လမင်းကြီးတစ်စင်း ဆရာ လိုက်ရှာရဦးမှာလား…''

ကိုလှဝေက ရယ်သည်။ ဘာကြောင့်မသိ သူ့ရယ်သံကို နုနုသွယ်က ကြောက်သွားမိသည်။

''တစ်ခါက…ဆရာ သစ္စာနည်းပြီး နုနုကို သွယ်ဝိုက်ပြောခဲ့တယ်၊ အခုတော့ အမှန်ကို ရှင်းရှင်းဝန်ခံတော့မယ်၊ နုနုကို ဆရာ ချစ်ခဲ့ဖူးတယ်''

နုနုသွယ်၏ရင်မှာ တလှပ်လှပ် ဖြစ်သွားသည်။ ပြောမည့်ပြောတော့လည်း စာရေးဆရာသည် ဘာမျှမဖွဲ့နွဲ့ပါတကား။

''ဒါပေမယ့် အခုအချိန်မှာတော့ နုနုရဲ့အချစ်ကို ဆရာ မတောင်းခံနိုင်တော့ဘူး၊ ဒီကလေးနှစ်ယောက်ကို ဆက်မွေးရမယ့်တာဝန်ဟာ မသေးပါဘူး၊ ချစ်သူတစ်ယောက်အပေါ်မှာ သဘာဝမကျတဲ့ တာဝန်ပေးပြီး ဆရာမနှိပ်စက်လိုဘူး၊ ပြီးတော့…ကလေးလေးတွေရဲ့ အသည်းနှလုံးကမ္ဘာလေးကိုလည်း ဆရာ့အိမ်ထောင်ရေးကြောင့် အပျက်မခံနိုင်ဘူး၊ လက်တွေ့မကျတဲ့ စိတ်ကူးယဉ်မှုကြောင့် မြွေပါလည်းဆုံး၊ သားလည်းဆုံးတဲ့ ဇာတ်ထုပ်ကို ဆရာမက,ချင်ဘူး၊ က,မိရင်…သေရာညောင်စောင်းမှာ နောင်တပူဝန်ဟာ…ဆရာ့ကိုနှိပ်စက်တော့မယ်''

မျှော်လင့်ချက်နှင့် ခြားနားလှသောစကားကို ကြားရသဖြင့် နုနုသွယ်၏ ရင်မှာ ဆို့သွားသည်၊ တစ်ပြိုင်နက်မှာပင် သူ့ဆိုလိုချက်နှင့် သူ့စေတနာကို နားလည်သကဲ့သို့လည်း ဖြစ်မိသည်။

''ကြမ္မာဆိုတာကိုများ အပြစ်တင်ရမလား မသိဘူး၊ သူ့ကို အပြစ်တင်နေလို့လဲ ဘာမှထူးလာမှာ မဟုတ်ပါဘူး၊ အမှန်က…ဘဝဆိုတာ မိမိရဲ့ရွေးချယ်မှုပါ၊ ဆရာတစ်ကွက်မှားမိလို့ ဆရာတို့ဘဝထဲ ဝင်လာမိတဲ့…ဟိုမိန်းကလေးတစ်ယောက်ဟာလဲ ဒုက္ခတွေ့ရပြီထင်တယ်၊ သူတို့ရဲ့ ချစ်ခြင်းဘဝလေး ဘာဖြစ်သွားမယ်ဆိုတာကို ဆရာ မခန့်မှန်းနိုင်ဘူး၊ ဒီကြားထဲ တခြားမိန်းကလေးတစ်ဦးထို ဆရာတို့ဘဝထဲ ဆွဲသွင်းပြီး ထပ်ဒုက္ခမပေးလိုတော့ပါဘူး၊ ဆရာ ဒီနေ့လာတာက ဒီစကားပြောချင်လို့ပါ၊ ဆရာ့ကို ခွင့်ပြုပါ နုနု၊ ခွင့်လဲလွှတ်ပါ နုနု''

သူက နုနုသွယ်ထံသို့ စကားပြန်ကို မစောင့်တော့။ လေးလေးမှန်မှန်ခြင် နောက်ပြန်လှည့်မကြည့်တော့ဘဲ သူ့မော်တော်ကားဆီ ထွက်သွားသည်။

www.burmeseclassic.com



ပန်းခြံကြွယ်၌ ခက်ရင်းခွကို တိုးလိုးတန်းလန်းကိုင်လျက် ဒေါ်စိုးလှ မျက်လုံးကြီးပြူးကာ ကြောင်နေသည်။

ထွက်ခွာသွားသော ကားစက်သံကိုကြားမှ ခက်ရင်းခွကို မြေတွင်ထိုးမစိုက်ဘဲ လွှက်ချပစ်၍ သမီးဆီပြေးလာသည်။

နုနုသွယ်က မိခင်၏ရင်ခွင်တွင်း ပြေးဝင်လိုက်သည်။ မိခင်၏ရင်ခွင် ရောက်မှ ချုန်းပွဲချငိုကြွေးမိရှာ၏။

## အခန်း (၂၄)

ပုသိမ်မြို့ မရမ်းချိုလမ်း၏ အိမ်ဝင်းတစ်ခုရှေ့တွင် ဖင်မီလီယာ ကားစိမ်းလေးဆိုက်လာ၏။

ကားဝင်နိုင်သော ဝင်းပေါက်မရှိသဖြင့် ဇော်တင်က ကားပေါ်မှဆင်းပြီး အိမ်ဝင်းတွင်းသို့ လျှောက်ဝင်ခဲ့သည်။

ဝင်းခြံကကျဉ်းသည်။ အိမ်အိုလေးကလည်း မကြီးလှ။

အိမ်ပေါ်ဆင့်မှ အသက်ငါးဆယ်အရွယ်ခန့်ရှိ မိန်းမကြီးတစ်ဦးက ဆီးနှုတ်ဆက်၏။

“မောင်ဇော်တင်ပါလား၊ လာဟေ့ တက်ခဲ့”

ဇော်တင်က အိမ်ရှေ့ခန်းရှိ ကုလားထိုင်တွင် ထိုင်သည်။

“မင်းကျောင်းပိတ်လို့ ပြန်လာတာလား”

“မပိတ်ပါဘူး ဒေါ်ဒေါ်၊ တမင်ပြန်လာတာပါ”

အိမ်တွင်းမှ ငြိမ်းထွက်လာသည်။

မပြုံမပြင် ရိုးရိုးလေး ဝတ်ဆင်ထားသော ငြိမ်းကို ဇော်တင်က စိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ရိုးရိုးလေးမှ ငြိမ်းသည် ပိုယဉ်သည်ဟု ဇော်တင့်စိတ်တွင်း၌ ထင်သည်။

ငြိမ်းက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သောအခါ အလိုက်သိဟန်ဖြင့် ငြိမ်း၏မိခင်က နောက်ဘေးဘက်သို့ ထွက်သွား၏။

"ကိုဇော် ဘယ်တုန်းကပြန်ရောက်သလဲ"

ငြိမ်းမေးပုံက အေးသည်။ မျက်နှာထားလေးကလည်း ကြည်ကြည်နှင့် တည်သည်။ ဘာမျှမဖြစ်ခဲ့ကြသယောင်။

ဤသည်ကိုပင် ဇော်တင်မကြိုက်။

"ကိုဇော် ဒီနေ့ပဲရောက်တာ"

ငြိမ်းက ခေါင်းလေးသာ ညိတ်နေ၏။

"ကိုဇော်...ဟိုခင်း...ငြိမ်းစိတ်ပြေလောက်ပြီထင်လို့...ဘောက်ထော် အိမ်ကိုသွားတယ်၊ ဆရာနဲ့ ကလေးတွေကိုတော့ မတွေ့ဘူး၊ ခရီးထွက်သွားကြတယ် တဲ့၊ ဒေါ်မြကြည်ကပြောလို့ ငြိမ်းလဲ အလုပ်ထွက်သွားပြီဆိုတာ သိလို့ ကိုဇော် အခုလိုက်လာတာ"

ငြိမ်းသည် ဘာမျှမပြော။ ခေါင်းလေးသာ ညိတ်နေ၏။

"ငြိမ်း...ကိုဇော့်ကို စိတ်ဆိုးတုန်းလား"

ငြိမ်းက ပြုံးသည်။

"စိတ်ဆိုးတဲ့အပိုင်း ပြီးသွားပါပြီ"

ဇော်တင့်မျက်နှာလည်း ဝင်းပသွား၏။

"အမ်မာလေး...ခုမှ ကိုဇော် စိတ်ချမ်းသာသွားတော့တယ်"

ငြိမ်းသည် အပြုံးမပျက် သူ့ကိုစိုက်ကြည့်နေသည်။

"ငြိမ်း..."

"ဟုတ်ကဲ့..."

ဇော်တင်၏မျက်မှောင် တွန့်သွားသည်။

"ဟုတ်ကဲ့လို့ ဘာလို့ထူးတာလဲ"

ငြိမ်းက မဖြေ။ ပြုံးရုံပင် ပြုံးနေ၏။

"ကိုဇော်တို့ ခါတိုင်းလိုပဲ ကန်သုံးဆင့်ဘက် သွားကြရအောင်နော်"

"ငြိမ်းတို့ ဒီမှာပဲ စကားပြောကြမယ်"

"အို...ဟို...ဟို...မလွတ်မလပ်ကြီး..."

"လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်၊ အားလုံးကို [illegible] ပြီးတော့ မေမေ့ကို ဘာမှ ငြိမ်း လျှို့ဝှက်ထားစရာ မရှိဘူး"

ဇော်တင်သည် အနေရအထိုင်ရကျပ်ဟန် ကိုယ်ကိုတွန့်လှုပ်သည်။ တစ်ချို့ တစ်ရာ အမှားမှားအယွင်းယွင်းဖြစ်နေမှန်း စ,တင်သိရှိခံစားရသည်။

"ကဲ...ကိုဇော် ပြောစရာရှိရင် ပြောလေ"

"အာ...အာ...ဘာပြောရမှာလဲ"

"ကိုဇော်ပြောစရာမရှိရင် ငြိမ်းပြောမယ်"

"ငြိမ်းက ဘာပြောမလို့လဲ"

"သိပ်မများပါဘူး ကိုဇော်"

ငြိမ်းက မျက်နှာမှအပြုံးလေးကို ဖယ်လိုက်ပြီး တည်ကြည်စွာ စ,ပြောသည်။

"ငြိမ်းဟာ ဆရာ့ဆီက အလုပ်ထွက်လိုက်တယ်၊ အဲဒါကို ကိုဇော်သဘော ကျလိမ့်မယ် ထင်တယ်၊ ဒါပေမယ့် ငြိမ်း အလုပ်ထွက်လိုက်တာက ကိုဇော်သဘော ကျစေဖို့ မဟုတ်ဘူး၊ ကိုဇော် သဘောကျခြင်း မကျခြင်းဟာ ငြိမ်းရဲ့ဆုံးဖြတ်မှုမှာ ဘယ်အခန်းကမှ ပါမလာဘူး"

ဇော်တင်က ပြုံးနာနာလုပ်ပြနေသည်။ အမှန်က ငြိမ်း စိတ်ဆိုးမပြေသေး။ ပြောချင်တာ ပြောပါစေ။

"ငြိမ်းဖေဖေဟာ သာမန် အလယ်တန်းပြ ကျောင်းဆရာတစ်ဦးပါ၊ ဖေဖေကွယ်လွန်သွားတော့ ငြိမ်းတို့အတွက် ငွေကြေးပစ္စည်းအမွေတွေ ထားမသွားခဲ့ နိုင်ပါဘူး၊ ဒါပေမယ့် တန်ဖိုးမဖြတ်နိုင်တဲ့ ဂုဏ်သိက္ခာဆိုတဲ့ အမွေကိုတော့ ပေး ထားခဲ့တယ်"

ဇော်တင်က ပြုံးနာနာလုပ်ပြဆဲ။ မကြာခဏ ငြိမ်းသည် ကြီးကြီးကျယ် ကျယ်လေး စကားပြောတတ်သည်။ ပြောပါစေ။

"အခုကိစ္စမှာလဲ ငြိမ်းရဲ့ဂုဏ်သိက္ခာ၊ ဆရာ့ရဲ့ဂုဏ်သိက္ခာ ကိုဇော်က အထင်လွဲတယ်၊ စွပ်စွဲပြောဆိုတယ်၊ ကိုဇော်ထင်တာတွေ မဟုတ်ပါဘူးဆိုတာဖြစ်ဖို့ ငြိမ်းက အခု အလုပ်ထွက်ခဲ့တယ်၊ စွန်းထင်းသွားတဲ့ ငြိမ်းတို့ရဲ့ဂုဏ်သိက္ခာကို ဆေးကြောပစ်လိုက်တာပဲ၊ ငြိမ်းဘာသာတော့ ငြိမ်း ကျေနပ်သွားပြီ"

"အို...ကိုဇော်လဲ ကျေနပ်ပါတယ်"

"ကိုဇော့်သဘောပါပဲ၊ ဒါပေမယ့် ကိုဇော်သိဖို့က ကိုဇော်နဲ့ ငြိမ်းတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းဟာလဲ ပြီးပါပြီ၊ ပြတ်ပါပြီ၊ ချုပ်ငြိမ်းသွားပါပြီ"

"ဘာ..."

"ယိုးစွပ်ခံထားရသူတစ်ဦးဟာ သင့်လျော်လျောက်ပတ်ရာ သက်သေခံ လေး ယူလာပြီး ယိုးစွပ်သူထံ ပြန်လာတယ်၊ မြင်ပြီလား၊ ယုံပါတော့ပေါ့၊ တချို့ လူတွေကတော့ အဲဒီလိုလုပ်ကြတယ်၊ အဲဒီလူတွေထဲမှာ ငြိမ်းမပါဘူး၊ ဒီနည်းကိုလဲ အယုံအကြည်မရှိဘူး"

"ကိုဇော် ယိုး...ဘာဖြစ်တယ်၊ အဲ....ယိုးစွပ်ခဲ့တာ မဟုတ်ပါဘူး စိတ်လိုက်မာန်ပါ ပြောမိတာပါ၊ ကိုဇော်မှားပါတယ်လို့လဲ တောင်းပန်ပြီးပြီ မဟုတ် လား"

"စိတ်လိုက်မာန်ပါပြောချိန်ဟာ အတွင်းစိတ်ရဲ့ ဖုံးကွယ်မှုကို တံခါးဖွင့် ပြချိန်ပဲ၊ အမှန်ကို ဝတ်လစ်စလစ် မိမွေးတိုင်း ဖမွေးတိုင်းပြချိန်ပါ၊ ပြီးတော့ ပြန် ငုပ်ခေါင်းမြီးခြုံသွားမယ်၊ ဘဝတစ်ကွေ့မှာ အသုံးတည့် အခွင့်ရရင် ပြန်ပေါ်လာဦး မယ်၊ ငြိမ်း လက်တွေ့ကျကျပဲ ပြောမယ်၊ မသက်ာမှုငွေ့ငွေ့ မရှိဘူးတဲ့ အိမ်ထောင် တွေတောင်မှ နောက်ကျရင် ပြဿနာတွေ ရှိကြသေးတယ်၊ ပြန်ဆက်ထားတဲ့ စောင်းကြိုးလေးတစ်ချောင်းပါတဲ့ စောင်းနဲ့တူတဲ့ အိမ်ထောင်မျိုးက ဘယ့်နှယ်ရှိမလဲ တီးလိုက်တိုင်း ဘုထုံးလေးကို စမ်းမိတယ်တဲ့၊ ဟိန္ဒူစကားပုံပါ"

"ငြိမ်း...ဒါတော့ ကိုဇော့်ကို သက်သက်အထင်သေးတာ၊ ကိုဇော့်အချစ် ကိုလဲ မယုံတာ"

"မှန်တယ်၊ ကိုဇော့်အချစ်ကို မယုံတာ၊ ပြီးတော့...ငြိမ်းအချစ်ကိုလဲ ပြန်ရှာလို့မတွေ့တော့ဘူး"

"ဟာ...ငြိမ်း ဘာတွေလျှောက်ပြောနေတာလဲ"

"အချစ်ဆိုလို့ပါ၊ အချစ်ဆိုတာဟာ ဘာလဲ၊ တပ်မက်စွဲလမ်းမှုလို့ပဲ ယဉ်ယဉ်ကျေးကျေး ခေါ်ကြရအောင်၊ တပ်မက်စွဲလမ်းမှု မှန်သမျှဟာ...အငွေ့ပါ။ အရိပ်ပါ၊ အကောင်ကိုယ်နဲ့ သူ့ဘာသာ ခြေထောက်မရပ်နိုင်ပါဘူး၊ သစ္စာ၊ မေတ္တာ၊ သဒ္ဒါဆိုတဲ့တရားတွေနဲ့ ပေါင်းမိမှ အချစ်ဆိုတာ ခြေထောက် ခေါင်းထောင်နိုင်လာတာ ပါ၊ ဒါကြောင့်လဲ ကဗျာဆရာကြီးတစ်ဦးက ဆိုတယ်၊ အချစ်ဆိုတာနဲ့ ဘာမှမဟုတ် ခြင်းတို့သည် ဘာမှမကြာခင်မှာ ဘာမှမဟုတ်ခြင်းပဲ ဖြစ်သွားတာပါပဲတဲ့"

ဇော်တင်က ခေါင်းကုတ်၏။

"ငြိမ်းပြောနေတာကို ကိုဇော် တစ်လုံးမှနားမလည်ဘူး"



"နားလည်စေရပါမယ်၊ ငြိမ်းနားလည်ထားတဲ့ အချစ်မှာ သစ္စာက ပခေါန် သိပ်ကျနေတယ်၊ သစ္စာဆိုတာကလဲ အသွားအပြန်သဘောပါ၊ သူ့သစ္စာကို ကိုယ် ယုံရမယ်၊ ကိုယ့်သစ္စာလဲ သူယုံရမယ်၊ ယုံကြည်မှုကို နှုတ်ပစ်အပြီးမှာ သစ္စာဆိုတဲ့ စကားလုံးကို မသုံးနဲ့၊ မြင့်မြတ်တဲ့ စကားရဲ့တန်ဖိုးဟာ လျော့သွားလိမ့်မယ်၊ ကိုဇော်ဟာ ငြိမ်းကို တပ်မက်စွဲလမ်းမှုရှိဦးမယ်ဆိုတာ ငြိမ်းယုံပါတယ်၊ ဒါပေမယ့် ကိုဇော် ပြောခဲ့တာတွေနဲ့ နောက်ဆုံးလုပ်ရပ်တွေအရ ကိုဇော့်သစ္စာကို ငြိမ်း လုံးဝအယုံ အကြည်မရှိဘူး"

ဇော်တင်သည် ပြုံးနာနာလုပ်မနေတော့။ သူ့နားရွက်များက နီရဲလာပြီး သူ့မျက်နှာက မဲလာသည်။

"သဒ္ဒါဆိုတဲ့အကြောင်းလဲ ပြောဦးမယ်၊ မိန်းကလေးတစ်ယောက်ရဲ့ ရှုထောင့်ကကြည့်ရင် သဒ္ဒါဆိုတာဟာ ကြည်ညိုလေးစားမှုပဲ၊ အရှင်သခင် လင် ယောက်ျားလုပ်မယ့်လူဟာ ကြည်ညိုလေးစားထိုက်သူ ဖြစ်ရမယ်"

ဇော်တင်၏နှုတ်ခမ်းက တွန့်လာ၏။ သူ့မျက်နှာ၌ ကလေးတစ်ယောက်၏ အသွင်က စိုးမိုးလာ၏။

"ဥပမာ..."

"ပြောလေ၊ ကိုဇော်ဆက်ပြော၊ ဥပမာ..."

ဇော်တင်က ဆက်မပြော။ သူ့နှုတ်ခမ်းကိုသာ အရှပ်ဆိုးစွာ တွန့်ရွဲ့ထား ၏။

"ကိုဇော်မပြောဘူး၊ ငြိမ်းကပဲပြောမယ်၊ ဥပမာ...ဆရာလှဝေ...၊ ဒီလို ပြောချင်တာ မဟုတ်လား၊ ကိုဇော် ကြိုက်သလို အဓိပ္ပာယ်ကောက်သွား၊ ငြိမ်းက ဝန်ခံလိုက်မယ်၊ ဟုတ်တယ်၊ ဥပမာ...ဆရာလှဝေလို လူပုဂ္ဂိုလ်"

ဇော်တင်၏မျက်နှာသည် တင်းသွား၏။ မျက်လုံးများလည်း အရောင် တောက်လာသည်။

ငြိမ်းက ပမာမပြုဘဲ ဆက်ပြော၏။

"ကိုဇော့်ကို ငြိမ်း ကြည်ညိုလေးစားလို့ မရတော့ဘူး၊ ဒီတော့...သစ္စာ ရယ်...သဒ္ဒါရယ်...အဲဒါတွေ ဖရိုဖရဲဖြစ်သွားတော့...ငြိမ်းရဲ့အချစ်လဲ ငြိမ်းပြန်ရှာ လို့ မတွေ့တော့ဘူး၊ အဆိုးဆုံးကတော့ ကိုဇော်ဟာ ငြိမ်းရဲ့ရင်ကိုခွဲခဲ့တာပဲ"

ဇော်တင်က မျက်မှောင်ကြုတ်ကြည့်သည်။ အချစ်ကို ရှာမတွေ့ဆိုသူက ရင်ကွဲပြဦးမည်လော။

www.burmeseclassic.com

www.burmeseclassic.com



"တလွဲမထင်ပါနဲ့ ကိုဇော်၊ ငြိမ်းရင်ကွဲရတာ ကလေးနှစ်ယောက်အတွက်ပါ၊ သူတို့အတွက်တော့ ငြိမ်းဟာအမေပါ၊ ဒါပေမယ့် သူတို့ချစ်တဲ့အမေဟာ သူတို့ကို စွန့်ပစ်ထားခဲ့တယ်၊ နုနယ်တဲ့ အသည်းနှလုံးလေးတွေ ဘယ်လိုဖြစ်ကျန် ရစ်ရှာမယ် မသိဘူး၊ ဒီနေရာမှာတော့ ငြိမ်းပျော့ညံ့ခဲ့တယ်၊ အမှန်က ငြိမ်းရဲ့ဂုဏ် သိက္ခာဆိုတာကို သူတို့အတွက် မေတ္တာနဲ့ ငြိမ်း လဲလှယ်စတေးပုံဖို့ကောင်းတယ်၊ ငြိမ်းမှာ အဲဒီလောက် သတ္တိမရှိဘူး၊ ဒီတော့ ငြိမ်းရင်ကွဲရတယ်၊ ငြိမ်းပြောစရာလဲ ကုန်ပြီ၊ ကိုဇော် ပြန်နိုင်ပါပြီ"

ဇော်တင်က မလှုပ်။ အတန်ကြာအောင် ငြိမ်းကို စိုက်ကြည့်နေသည်။

"ငြိမ်း ပြန်စဉ်းစားပါဦး"

"မလိုတော့ပါဘူး"

"ကိုဇော်နဲ့ ငြိမ်း ချစ်ခဲ့တာဟာ…"

"ပြီးပါပြီ၊ ပြတ်ပါပြီ၊ ချုပ်ငြိမ်းသွားပါပြီ"

ငြိမ်းက နေရာမှထ,သည်။ ငြိမ်းဘာလုပ်တော့မည်ကို ရိပ်မိသောသူက လည်း သည်တော့မှ နေရာကထ,သည်။

"အိမ်ရှင် အခန်းထဲဝင်သွားမှ ဧည့်သည် ထ,ပြန်သွားရတာ မကောင်းပါဘူး၊ ငြိမ်းပြောသလို…ကိုဇော့်မှာလဲ ကိုဇော့်ဂုဏ်သိက္ခာ ရှိပါတယ်၊ ငြိမ်းခင်ဗျား ကျန်တော် ပြန်ပါဦးမယ်"

ဇော်တင့်ခြေသံက ပြင်းသည်။ ဆောင့်မောင်းထွက်သွားသော ကားသံက လည်း ပြင်းသည်။

မတုန်မလှုပ်ကျန်ရစ်သော ငြိမ်း၏ မျက်လုံးမှ မျက်ရည်တစ်ပေါက် ကျလာသည်။

ဘယ်သူ့အတွက် ဘာကြောင့်ကျသော မျက်ရည်ဟူမူ ငြိမ်းမသိ။

□□□

## အခန်း (၂၅)

ကားရှေ့ခန်း ဒရိုင်ဘာ၏ဘေးတွင် ထိုင်လျက်က ကိုလှဝေသည် နွေဦး၏ အလှကို သိသိမှတ်မှတ် ငေးမျှော်ရှုလာသည်။

နွေဦး၏အလှ…။ အလှသယ်လာသော ရာသီကိုသာ ဂုဏ်ပြုခေါင်းတပ် လိုက်ရသည်။ အမှန်က…တော၏အလှ။ တောင်၏အလှ။ မြေ၏အလှ။ မိုး၏ အလှ။

မုဒုံကို ကျော်လာကတည်းက တောတောင်အလှတို့က နွေယန်းချိုကို ပီပီပြသည်။

လက်ဝဲဘက်ဆီဝယ် မဆုံးတမ်း သွယ်ပြေးနေသော တောင်တန်းကြီးတို့ က ပြာပြာမှောင်မှောင် ရှိဘိသည်။

မြူဝန်း၍ခိုသော အာကာတစ်ခွင်က ပြာပြာရီရီ မှုန်မှုန်ဝေဝေနှင့်…။

ရွက်ဝါတို့ကလည်း မြေဆီကြွေပြီ။ ပင်ယံတို့၌ ရွက်သစ်တွေသည်း လွင်စ၊ နုစ…ရွက်ဟောင်းတို့ကလည်း မကုန်တတ် မစင်တတ်သေး။

အနုမြသွင်။ တောတစ်ခွင်လည်း။ ပြောင်စင်မလင့်။ ကျန်သေးလင့် လျက်…။

www.burmeseclassic.com

www.burmeseclassic.com



ရင့်မြရွှေကျုန်။ ရွက်မပွန်တည့်။ ဝါကြန့်နီမောင်း။ ပင်တိုင်ပြောင်းက···။

ကိုလှဝေက နတ်သျှင်နောင်၏ ကဗျာလေးများကို ဟိုတစ်စ သည်တစ်စ အမှတ်ရ ရေရွတ်မိသည်။

ကိုလှဝေက အနောက်ခန်းမှ ကလေးနှစ်ဦးကို လှည့်ကြည့်သည်။

မိဝင်းရော ညီကြီးပါ ငိုက်မြည်းပါလာကြ၏။

ကိုလှဝေ၏ရင်တွင်း၌ တစ်မျိုးကြီးခံစားရသည်။

ငှားစီးလာမိသောကားလေးက ဘီခြောက်ရာလေးပင်။

ဩော်···ခါတိုင်း သည်ကားမျိုး၌ နောက်လှည့်ကြည့်လိုက်လျှင်··· တစ်ယောက်သူကို တွေ့ရမြဲ။

ကိုလှဝေက သက်ပြင်းအသာရှိုက်ပြီး နွေရှုခင်းကို ပြန်ငေးသည်။

နတ်သျှင်နောင်၏ စာတစ်ပိုင်းတစ်စက ခေါင်းတွင်းဝင်လာပြန်သည်။

အိမ်ရှင်ကလျာ။ မယ်မပါဟု။ မျှော်ကာမတည်။ မှုးမော်လည်ရှင့်···။

ကိုလှဝေ ထိတ်လန့်သွား၏။ ဘာဆိုင်၍နည်း။ နတ်သျှင်နောင်စာနှင့် ဘာဆိုင်၍နည်း···။

သံဖြူဇရပ်အဝင်တွင် ဒရိုင်ဘာကမေးသည်။

"ခဏနားကြဦးမလား ဆရာ"

"ညနေစောင်းနေပြီဗျာ၊ မနားနဲ့တော့"

"ဟုတ်ပါတယ်လေ၊ နောက်ဆယ့်ငါးမိနစ်လောက်ပဲ မောင်းရတော့မှာ"

ကားလေးသည် သံဖြူဇရပ်မြို့မှ ဆက်ထွက်ခဲ့သည်။

ဝဲယာဘေးဘီတွင် ရာဘာတောကြီးများက ပေါ်လာသည်။

နွေတွင်ဖြစ်သော်လည်း ရာဘာတောများကမူ စိမ်းမှောင်နေသည်။

အကွက်ကျသပ်ယပ်သော တောလှလှတို့ကိုဖြတ်၍ ကားစီးလာရသည့် အရသာက တစ်မျိုးထူး၏။

ကိုလှဝေက နောက်ခန်းကို လှည့်ကြည့်ပြန်သည်။

ကလေးနှစ်ဦးလုံး နိုးနေကြပြီ။

"အဲဒါ···ရာဘာပင်တွေ"

မိဝင်းက ရာဘာတောတို့ကို ညွှန်ပြပြီး သူ့မောင်ကိုပြောသည်။

ညီကြီးသည် ဘာမျှပြန်မပြောဘဲ ငေးလိုက်လာ၏။

ကိုလှဝေစိတ်တွင်း မကောင်းလှ။ ယခုနောက်ပိုင်းတွင် ညီကြီးသည်



လူလည်းငြိမ်၍ နှုတ်လည်းငြိမ်သည်။ မျက်နှာလေးကလည်း အနည်းငယ် ချောင်တွနေ၏။ အရပ်ထွက်လာ၍သောမသိ တစ်ကိုယ်လုံးမှာ ပိန်သွားသယောင် ရှိသည်။

ငိုက်လိုက်ရသဖြင့် လန်းသွားဟန်တူသော မိဝင်းကပြောသည်။

"ဒီမှာ မအိုက်ဘူးနော် ဦးဦး"

"တောရိပ်တောင်ရိပ်ရှိတာကိုး သမီးရဲ့"

"သမီးစိတ်ထဲ ပျော်လာသလိုပဲ"

"ပျော်ရမှာပေါ့ သမီးရဲ့"

မိဝင်းက ညီကြီးကို ပြုံးပြုံးလေးလှမ်းပြော၏။

"ညီကြီး သီချင်းဆိုပါဦး"

"ငါသီချင်းမဆိုချင်ဘူး၊ ဘယ်နှစ်ခါပြောရမလဲ"

ညီကြီး၏အသံက ဆုဆုဆောင့်ဆောင့်လေးနိုင်၏။

ကိုလှဝေက ညီကြီး၏တိုးတက်လာမှုကို သဘောကျမိ၏။ ညီကြီးက ဝါကျပြည့်ပြည့်စုံစုံ ပြောတတ်နေပြီ။ ပြောတတ်ပြန်တော့လည်း မြန်လှသည်ထင်သည်။ ဘယ်လိုဘယ်ပုံ တတ်သွားလိုက်မှန်းမသိ။

တစ်ပြိုင်နက်မှာပင် ကိုလှဝေစိတ်တွင်း စနောင့်စနင်း ဖြစ်မိ၏။ ညီကြီးက သီချင်းမဆိုချင်ဟု ပြောနေသည်။ ခါတိုင်း ဤအခြေအနေမျိုးမှာဆိုလျှင် ညီကြီး တစ်ယောက် သီချင်းဆိုမြဲဖြစ်၏။ သီချင်းမဆိုချင်သည်က တိုးတက်မှုလော။

ကားကလေးသည် ကျိုက္ခမီသွားလမ်းမှခွဲ၍ စက်စဲဘက်ဆီ ဦးတည်ပြေးနေသည်။

ရာဘာတောများ၊ စိုက်ခင်းသစ်များ၊ တောင်ကုန်းငယ်လေးများ၊ တစ်ခုပြီး တစ်ခု ဖြတ်သန်းလာခဲ့သည်။

ပင်ဆားလုပ်ငန်း လမ်းခွဲကို လွန်သောအခါ ခြံရိပ်၊ ရွာရိပ်များ ပေါ်လာ၏။

အုန်းခြံများရှိသော စက်စဲရွာ ရောက်လာလျှင်ပင် လေ၏အတွေ့သည် ပြောင်းသွားသည်။

ရွာအဆုံးရောက်သည်နှင့် တစ်ပြိုင်နက် ကျယ်ပြောသော ပင်လယ်ပြင်ကြီး ကို ဘွားခနဲတွေ့ရသည်။

အများပြည်သူ အပန်းဖြေစခန်း။ ဆောက်လုပ်ရေး အပန်းဖြေစခန်းတို့ကို ကျော်ဖြတ်၍ ကားလေးသည် အဏ္ဏဝါဇီဝဗေဒ စခန်းဝင်းအတွင်းသို့ ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်နား၏။

ဓာတ်ခွဲခန်းများအဆောင်မှ အသက်သုံးဆယ်ကျော်ခန့် လူတစ်ဦးက ထွက်လာကြိုဆိုသည်။

"ဟာ…ဆရာ…တကယ်လာတာကိုး၊ ကျွန်တော်က လာမှ လာဖြစ်ပါ့မလားလို့"

"ဆရာနဲ့ ကျောင်းအုပ်ကြီးကိုယ်တိုင်က ဖိတ်တော့ လာရတာပေါ့၊ မူလက ပေလီသွားမလို့၊ ဒါပေမယ့် ဟိုတစ်ခါ ကိစ္စရှိတုန်းကတော့ ဆရာတို့ဆီမှာ လာတည်းသွားတယ်၊ အခု ဆရာတို့ဖိတ်မှ မလာရင် ဘယ်ကောင်းမလဲ…ဦးရီလင်း"

မများလှသော ပစ္စည်းများကိုချပြီး ကားလေးက ပြန်ထွက်သွား၏။

"ဒါ ဆရာ့တူနဲ့ တူမလေးတွေနော်"

"ဟုတ်ပါတယ်"

"ချစ်စရာလေးတွေ၊ စက်စဲသားနဲ့ စက်စဲသူ၊ ဇာတိမြေသို့ အလည်တစ်ခေါက်ပေါ့ ဟုတ်လား"

ဦးရီလင်းက အဆောင်၏ တောင်ဘက်အစွန်းရှိ အခန်းဆီ ကိုလှဝေတို့အား ခေါ်သွား၏။

"ဒါက ကျောင်းအုပ်ကြီးလာရင် တည်းလေ့ရှိတဲ့အခန်းပဲ၊ ကျယ်ပါတယ်၊ ဆရာကြီးလာတော့လဲ ဆရာတို့ စာပေသမားချင်း လေပစ်ကြပေါ့"

"ဖြစ်ပါတယ်၊ ဒါထက် ကျောင်းသားကျောင်းသူတွေ မရောက်ကြသေးဘူးလား"

"လုပ်အားပေးစခန်းက ဧပြီလထဲကျမှ စ,ဖွင့်မှာ၊ အဲဒီတော့မှ သူတို့ရောက်လာကြမှာ"

"ဒါဖြင့် ကျွန်တော် သိပ်စောနေတာပေါ့"

"အချိန်ပိုရတာပေါ့၊ ဆရာကြီးက ဆရာ့ကို လုပ်အားပေးစခန်းကိုသာ လေ့လာစေလိုတာမဟုတ်ဘူး၊ သူအထူးလေ့လာစေချင်တာက အဏ္ဏဝါဇီဝဗေဒ ဘွဲ့ရလူငယ်များ ကုန်ထုတ်သမဝါယမပါ၊ ဖွဲ့စည်းစ, သမဝါယမ အဖွဲ့ဝင်တွေရဲ့ ရှန်းကန်လှုပ်ရှားမှုဟာ သိပ်စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဆရာရေ…ရုန်းကန်ရတာမှ သဘောအဖြစ်တွင်မဟုတ်ဘူး၊ ရွှံ့ထဲ၊ ဗွက်ထဲ၊ ပင်လယ်ထဲ၊ မြေတော…



ဂျပ်တောထဲမှာ ခြေရောလက်ရော တကယ်ရုန်းရတာ၊ အဲ…ဗဲယားဖု(တ်) ဒေါက်တာ၊ ဖိနပ်မဲ့ ဒေါက်တာတွေပါ တွေ့ရမယ်"

"ဗျာ…ဖိနပ်မဲ့ဒေါက်တာတွေ"

"ကျွန်တော်တို့ မော်လမြိုင်ကောလိပ် အဏ္ဏဝါဇီဝဗေဒဌာနမှာ ပါရဂူဘွဲ့ရပြီးတဲ့ ဆရာတွေ ရှိပါတယ်၊ ကွင်းဆင်းကြတော့ စွပ်ကျယ်၊ ပုဆိုးဟောင်းတွေနဲ့ ရွှံ့ထဲ၊ ဗွက်ထဲ၊ ရေထဲမှာ ဖိနပ်လဲ ဘယ်စီးနိုင်မလဲ၊ သူတို့ကို ကျွန်တော်တို့ ကျောင်းအုပ်ကြီးက ဗဲယားဖု(တ်)ဒေါက်တာတွေလို့ နာမည်ပေးထားတယ်"

ကိုလှဝေက အမည်ပေးပုံကို သဘောကျပြီးရယ်၏။

"ဘွဲ့ရလူငယ် သမဝါယမကို လေ့လာခွင့်ရတာ ဟန်ကျတာပေါ့၊ ကျွန်တော့် မိတ်ဆွေ ဒေါက်တာ ဆလိုင်းထွန်းသန်းက ရေဆင်းက အရုဏ်ဦး သမဝါယမကို လာလေ့လာဖို့ ခေါ်တာကြာပြီ၊ မရောက်သေးဘူး၊ အခု ဒီကို အရင်ရောက်လာရတယ်၊ ဘွဲ့ရလူငယ်တွေရဲ့ ကုန်ထုတ်သမဝါယမတွေဟာ ကျွန်တော်တို့မျက်မှောက်ခေတ်ရဲ့ တိုးတက်ထွန်းကားမှုတစ်ခုပဲ၊ သူတို့ရဲ့ဘဝနဲ့ ကြိုးပမ်းမှုတွေကိုလေ့လာပြီး ကျွန်တော် ဂုဏ်ပြုမှတ်တမ်းတင် ရေးချင်ပါတယ်၊ ရေးဖို့လဲ အလွန်လိုအပ်နေပါတယ်"

"ဟုတ်တယ်၊ ဒီရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ကလဲ ဆရာ့ကို ဖိတ်တာပဲ"

"သူတို့သမဝါယမက ဘယ်နားမှာလဲ"

"ဟောဒီကားလမ်းအဆုံး လှည်းလမ်းအတိုင်း မြောက်ဘက်လိုက်သွား၊ သင်္ချိုင်းမှန်းမသိသာတဲ့ သင်္ချိုင်းလေးတစ်ခုကို ဖြတ်သွား၊ နောက်…ကျွန်တော်တို့ စခန်းပိုင် ငါးကန်တွေတွေ့ရမယ်၊ အဲဒီအလွန် ချောင်းလေးကျော်သွားရင်…ဆားကန်တွေနားမှာ သမဝါယမပိုင်ကန်တွေ တွေ့ရမယ်၊ ဆားကန်တွေကလဲ သမဝါယမပိုင် မြေထဲမှာပါပဲ၊ အားလုံး ဧကကိုးဆယ်ရှိတယ်၊ ကြီးပွားလာရင် မိသားစုတွေပါ လာနေနိုင်တယ်"

"အသင်းသား ဘယ်နှစ်ဦးရှိလဲ"

"ဆယ့်သုံးဦး၊ ယောကျ်ားလေး ရှစ်ဦး၊ မိန်းကလေး ငါးဦး"

"မိန်းကလေးတွေ ပါတယ်"

"ပါတယ်၊ ခုခေတ်ပညာတတ်မိန်းကလေးတွေဟာလဲ ရွှံ့တွေဗွက်တွေတို့ မကြောက်ကြပါဘူး၊ ဆရာကိုယ်တိုင် မြင်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်မှာသင့်သည်များကို ပြောဆိုမှာကြားပြီး ဦးရီလင်း ထွက်သွား၏။

ကိုလှဝေက ပစ္စည်းများကို နေရာစ,ချ၏။

အပြင်ဘက်တွင် နေစောင်းခဲ့သဖြင့် ပင်လယ်ရေသည် ညိုယောင်ယောင်ဖြစ်နေသည်။

ဒီနေရာတက်ဆဲလား၊ ကျစ,လားဟုမူ ကိုလှဝေမသိ။ ပင်လယ်ရေစပ်က ကမ်းနှင့်မဝေး။ လေချိုကလည်း တသွေးသွေး။

နေအေးစ နွေဦးညနေဝယ် ပင်လယ်လှိုင်းတို့က ပန်းလာနွမ်းလာသူကို သဲသောင်မြေသို့ ဖိတ်ခေါ်သယောင် ရှိနေသည်။

မိဝင်းက ခွင့်တောင်းသည်။

"ဦးဦး…သမီးတို့ ရေသွားကူးချည်မယ်"

"နေဦးလေ၊ ဦးဦး ဒီမှာ နေရာချထားစရာတွေ ရှိသေးတယ်၊ ဦးဦးပြီးတော့မှ သွား"

"ဦးဦးက သမီးတို့ကို စိတ်ပူလို့လား"

"အင်း…"

"ဦးဦးကလဲ မေ့နေပြီ၊ သမီးတို့ ခုထက်ငယ်ငယ်လေးထဲက အဲဒီမှာ ဒီလိုပဲ ဆော့နေကြတာ"

"အား…ဟုတ်သားပဲ"

ကိုလှဝေက ပြတင်းမှ လှမ်းကြည့်သည်။ ကမ်းခြေကို ကောင်းစွာလှမ်းမြင်နိုင်သည်။

"ဒါဖြင့် သမီးတို့သွားနှင့်၊ ရေထဲတော့ မဆင်းနဲ့ဦးနော်၊ သောင်ပေါ်မှာပဲ ဆော့နှင့်"

"သမီးတို့ကလဲ သောင်ပေါ်မှာဆော့ချင်လို့၊ သောင်ပေါ်မှာ မဆော့ရတာကြာပြီ၊ ပင်လယ်ထဲ ဦးဦးမလာခင် မဆင်းပါဘူး"

"ကဲ…ဒါဖြင့် သွားကြ"

ကိုလှဝေက သေတ္တာဖွင့်ပြီး ရေကူးဝတ်စုံလေးတွေ ထုတ်ပေး၏။

ညိုကြီးက အပြာဝတ်စုံ၊ မိဝင်းက အဝါဝတ်စုံဝတ်လျက် သောင်ပြင်ဆီ ဆင်းပြေးလာကြသည်။

သေတ္တာနေရာချ၊ တိုလီမိုလီပစ္စည်းထုတ်၊ အိပ်ရာလိပ်ဖြေလုပ်ရင်းက



ကိုလှဝေသည် ပြတင်းမှ လှမ်းလှမ်းကြည့်သည်။

ကလေးနှစ်ဦးက သောင်ပြင်ပေါ်တွင်သာ ဆော့နေကြ၏။

သူတို့နှင့် လှမ်းလှမ်းရေထဲတွင် မိန်းမပျိုသုံးဦး ရေကူးနေကြသည်။

ဆော့ခြင်းကိုရပ်လိုက်ပြီး ညိုကြီးက ပင်လယ်ပြင်ဆီ ကြည့်သည်။

"ပင်လယ်ကြီးက အကြီးကြီးပဲနော်"

"ဟုတ်တယ်၊ နင်ငယ်ငယ်က ရေတွေလို့ပဲခေါ်တယ်"

"အဲဒီရေတွေထဲ လူတွေသွားတာပဲလား"

"သွားတယ်၊ လှေနဲ့သွားတယ်၊ တို့အဖေသွားတယ်"

"တို့အဖေ…"

"ဟုတ်တယ်၊ သူ လှေနဲ့ပြန်ပြန်လာတယ်၊ နေဦး တို့သွားခေါ်ကြည့်ကြရအောင်"

ကလေးနှစ်ဦးက ရေစပ်သို့သွားကြ၏။

မိဝင်းက တိုက်တွန်းသည်။

"ခေါ်လေ…"

"ဘယ်သူ့ကို ခေါ်ရမလဲ"

"အဖေ့ကို"

ညိုကြီးက ခေတ္တစဉ်းစားနေပြီးမှ ပြော၏။

"ငါ အဖေ့ကို မခေါ်ချင်ပါဘူးဟယ်၊ အမေ့ကိုပဲ ခေါ်ချင်တယ်"

"ခေါ်…၊ နင်ခေါ်ချင်တဲ့လူကိုခေါ်"

ညိုကြီးသည် သူ့ပါးစပ်ကို လက်ဝါးနှစ်ဖက်ဖြင့်ကာ၍ ခြေဖျားလေးထောက်ကာ ရင်လေးကော့ပြီး ခေါ်သည်။

"အမေရေ…"

ညိုကြီး၏အသံလေးသည် ပင်လယ်ပြင်ကိုဖြတ်ကာ အဝေးသို့ လွင့်သွားသည်။

"အမေရေ…"

သောင်ပြင်ပေါ်၌ လှိုင်းတို့ ပြိုကွဲသံတော့ ရှိနေသည်။ သို့ရာတွင် ညိုကြီး၏အသံလေးသည် လှိုင်းသံတို့ကြားမှ သီးခြားပေါ်ထွက်နေ၏။

"အမေရေ…"

မိဝင်းကလည်း သူ့မောင်နှင့်အတူ လိုက်ခေါ်၏။

www.burmeseclassic.com



"မေမေငြိမ်းရေ"

ကလေးနှစ်ဦးက အဝေးပင်လယ်ပြင်ကြီးဆီသို့ အာရုံစိုက်ကာ အော်ခေါ်နေကြသောကြောင့် ကမ်းစပ်ရေထဲမှ တရွေ့ရွေ့နှင့် သူတို့ထံလာနေသူ တစ်ဦးကို သတိမပြုမိကြ။

"အမေရေ..."

"မေမေငြိမ်းရေ..."

"ရှင်..."

ကလေးနှစ်ဦးမှာ အခေါ်ရပ်သွားပြီး အသံလာရာဆီ လှမ်းကြည့်ကြသည်။

ရွှဲရွှဲစိုသော ထဘီရင်လျှားနှင့်ငြိမ်းက သူတို့ကို မယုံနိုင်စွာ ခေတ္တရေထဲမှ ကြောင်ကြည့်နေသေးသည်။

နောက်တစ်ခဏတွင်မူ ငြိမ်းသည် ရေပြင်ကို ဖြတ်ပြေးခဲ့သည်။ သောင်ပြင်တွင် ကလေးနှစ်ဦးအနီး၌ ဒူးထောက်ချလိုက်သည်။ လက်နှစ်ဖက်ကိုဆန့်ကာ ရင်ကိုဖွင့်၍ ကြိုဆိုသည်။

"အမေ..."

"မေမေငြိမ်း"

ကလေးနှစ်ဦးက သံကုန်ဟစ်လျက် ငြိမ်း၏ရင်ခွင်တွင်းသို့ ပြေးဝင်ကြသည်။

သူတို့နှစ်ဦးက ငြိမ်းကို အလုအယက်နမ်းကြသည်။ ငြိမ်းကလည်း သူတို့လေးတွေကိုယ်မှ မိရာကိုနမ်းသည်။ ဆံပင်လေးများ။ နဖူးလေးများ။ ပါးလေးများ။ လည်ပင်းလေးများ။...။ နမ်းရင်းကလည်း ငြိမ်း၏မျက်နှာတွင် ပင်လယ်ရေနှင့် မျက်ရည်တွေ ရောကုန်သည်။

တစ်စုံတစ်ယောက်လာရပ်သည်ကို ရိပ်ခနဲတွေ့လိုက်မှ ငြိမ်းသည် ကလေးနှစ်ဦးကို ရင်မှာပိုက်ရင်း ဖြည်းညင်းစွာ မော့ကြည့်သည်။

မျက်ရည်ပြည့်လျှမ်းသော မျက်လုံးများနှင့် ကိုလှဝေသည် ကျောက်ရုပ်ပမာငြိမ်လျက် ငြိမ်းကို ပြန်ကြည့်နေလေသည်တကား။

□□□

## အခန်း (၂၆)

ညနက်မှထွက်ခဲ့သော ငွေလသည် ပင်လယ်ပြင်ပေါ်မှာရော။ သောင်ပြင်ပေါ်မှာပါ ရွှန်းရွှန်းလဲ့လဲ့သာနေသည်။

ဒီရေကျသွားသည်မှာ ကြာပြီ။ ကျယ်ဝန်းသော သောင်ပြင်သည် လရောင်အောက်၌ အမှန်တကယ် ငွေရောင်တောက်သော ငွေသောင်ယံကြီး ဖြစ်နေသည်။

သွေ့ခြောက်သော သဲဖြူလွှလွှထက် ကိုလှဝေနှင့် ငြိမ်းတို့က ယှဉ်တွဲထိုင်နေကြသည်။

ပျောက်သောမိခင်ကို ပြန်တွေ့သည့် ကလေးနှစ်ဦးက စကားတွေပြောမကုန်။ ညနက်သည်အထိ မအိပ်နိုင်။ လအထွက်တွင် သောင်ပြင်မှာ ဆော့လိုက်ကြသေးသည်။

နောက်ဆုံးမောလေမှ ညိုကြီးက ငြိမ်း၏ရင်ကိုမှီလျက် ပေါင်ပေါ်တွင် အိပ်သည်။ မိဝင်းကလည်း သဲပြင်တွင် ကိုယ်တစ်ဝက်၊ ကိုလှဝေပေါင်ပေါ်တွင် ကိုယ်တစ်ဝက်နှင့် ငိုက်ရာမှ အိပ်ပျော်ပြီ။

ငြိမ်းက အသာအယာရယ်သဖြင့် ကိုလှဝေက မေးသည်။

"ငြိမ်း ဘာရယ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



“သြော်…ငြိမ်း နောက်ဆုံးရိုက်ပေးခဲ့တဲ့ ဆရာ့ဝတ္ထုထဲက စာသားလေး သွားသတိရလို့ပါ၊ ဟုတ်တယ်နော် ဆရာ၊ ညနက်မှသာတဲ့လ,ဟာ တကယ်လှတာပဲ၊ ကြံကြံဖန်ဖန် ဆရာမြင်တတ်တယ်”

“ကြံကြံဖန်ဖန် ဒီမှာလာဆုံရတာကိုလဲ ဆရာအံ့သြနေတယ်၊ နွဲ့နွဲ့ဟာ ဒီက သမဝါယမမှာပါနေတာ စောစောထဲက ဘာလို့ ငြိမ်းမပြောသလဲ”

“ဆရာ့ဆီက ငြိမ်း ကြိုတင်တောင်းတဲ့ငွေဟာ နွဲ့နွဲ့အတွက်ပါ၊ သမဝါယမ အတွက်မှန်းသိရင် ဆရာ သီးခြားပေးလိမ့်မယ်၊ ပြီးတော့ သီးခြားထောက်ပံ့ဦးမယ်၊ ဆရာ့စိတ်သဘောကို ငြိမ်းသိတယ်၊ ဆရာ့ပေါ်မှာ ငြိမ်း အခွင့်အရေး မယူချင်လို့ပါ”

“ငြိမ်း သိပ်ဖုံးဖိနိုင်တာပဲ၊ ဆရာကတော့ ငြိမ်းညီမဟာ ပုသိမ်ကောလိပ်မှာပဲ တက်နေတာထင်တာ၊ ဒါပေမယ့်…ငြိမ်း ဆရာ့ကို မဖုံးနိုင်တော့တာ တစ်ခုရှိတယ်”

“ဘာပါလိမ့်ဆရာ”

“ဆရာ့အိမ်ကထွက်သွားပြီး ကိုဇော်နဲ့ဇာတ်ကို ငြိမ်း ဘယ်လိုသိမ်းခဲ့တယ်ဆိုတာ”

ငြိမ်းက သူ့ကို တစ်ချက်ကြည့်သည်။ ဘာမျှတော့ မပြော။

“ဒီမလာခင် တစ်ပတ်လောက်က သူ့ကို ရုပ်ရှင်ရုံမှာ ဆရာတွေ့တယ်”

ကိုလှဝေက ပြောသင့်မပြောသင့် ခေတ္တချိန်ဆသည်။

“မထူးပါဘူးလေ၊ ဆရာပြောတော့မယ်၊ သူတစ်ယောက်တည်း မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်နဲ့…အဲ…တွဲလို့”

ကိုလှဝေက ငြိမ်းကိုကြည့်သည်။

ငြိမ်းက ဘာခံစားမှုကိုမျှ မပြဘဲ ပင်လယ်ပြင်ဆီ ငေးကြည့်နေ၏။

“ဆရာက ကြားထဲက မခံချင်ဖြစ်သွားတယ်၊ သူ ဘာကြောင့် ဒီလိုလုပ်ရသလဲ၊ လိုအပ်ရင် ရှင်းမယ်ဆိုပြီး ရုပေဗဒဌာနမှာ သူ့ကိုသွားတွေ့တယ်၊ သူက ကောင်းကောင်းမွန်မွန်ပဲ ဆရာ့ကို ရှင်းပြလိုက်ပါတယ်၊ သူက ရက်စက်ရတာ မဟုတ်ပါဘူးတဲ့၊ ငြိမ်းကသာ အပြတ်ပြောပြီး သူ့ကို စွန့်ပစ်ခဲ့တာပါတဲ့၊ ဒီတော့ သူလဲ စိတ်ချမ်းသာမှုအသစ် ရှာရပါတယ်တဲ့၊ သီချင်းလေးတစ်ပုဒ်ကိုတောင် ဆိုပြလိုက်သေးတယ်”

“ဘယ်လိုတဲ့လဲ”



“နေပါဦး၊ ဘာတဲ့…အဲ…နေချင်ရင် ကိုယ့်သဘောနဲ့နေ…၊ မနေချင်ရင် သွားပေါ့…၊ မတားပါဘူး…၊ အဲ…အဲဒါ”

ငြိမ်းကရယ်၏။

“မှန်သားပဲဆရာ”

“ဘယ်လို…”

“သူလဲမှန်ပါတယ်၊ သီချင်းလေးကလဲ မှန်ပါတယ်”

ကိုလှဝေက ဘာပြောရမှန်းမသိတော့။ ယနေ့ခေတ်လူငယ်တွေကို သူ နားမလည်လှပါတကား။

“ဆရာ့ကိုလဲ ပြောရဦးမယ်”

“ဘာလဲ ငြိမ်း”

“နုနုတို့ လက်ထပ်သွားတာ သတင်းစာထဲမှာ ငြိမ်းတွေ့လိုက်တယ်”

“အင်း”

“ဘာဖြစ်လို့ နုနု ဒီလိုလုပ်သွားရတာလဲ ဆရာ”

“အာ…၊ အဲဒါက…ဟိုဒင်း…၊ သူလဲ သူ့သဘောနဲ့သူပေါ့၊ ဟုတ်ဖူးလား”

ငြိမ်းက ရယ်ပြန်သည်။ ဤတစ်ကြိမ်တွင် ဟက်ဟက်ပက်ပက်လေး ပိုရယ်သည်။

“ငြိမ်းက ဘာလို့ ရယ်ရပြန်တာလဲ”

“ရယ်စရာမို့ ရယ်တာပေါ့၊ အဟဲ…ဆရာက ငြိမ်းကိုဖုံးနေပေမယ့် အလကားပါ ဆရာ”

“ဘယ်လို…ဘယ်လို”

“နုနုက လက်မထပ်ခင်မှာ ငြိမ်းဆီကို စာတစ်စောင်ထည့်လိုက်တယ်၊ အဲဒီထဲမှာ…ဆရာ ဘယ်လိုဆုံးဖြတ်ပြီး သူ့ကို ဘာတွေပြောခဲ့တယ်ဆိုတာ ရေးလိုက်တယ်၊ သူကတော့…ဆရာ့ဆုံးဖြတ်ချက်ဟာ မှန်ပါတယ်တဲ့”

ကိုလှဝေဆီမှ ဘာသံမျှ ထွက်မလာတော့။

ငြိမ်းကလည်း စကားရပ်ပြီး စဉ်းစားနေသည်။ သဘောဖြူသော နုနု သွယ်သည် သည့်သို့အပြင် ရေးလိုက်သည်တို့ ရှိသေးသည်။ ဤသည်ကိုတော့ မိမိ ရင်မှာသာ ထားရမည်။

တိတ်ဆိတ်နေမှုကို မခံနိုင်သော ကိုလှဝေက စကားရှာမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်း ဒီကို ဘာလို့ထွက်လာတာလဲ"

"ဩော်…အဲဒါက၊ နွံ့နွံ့တို့ ဘယ်လိုနေသလဲလို့လဲ သိချင်တယ်၊ ပြီးတော့…"

ငြိမ်းသည် စကားကို ရပ်ပစ်လိုက်သည်။

"ပြီးတော့ဘာဖြစ်လဲ ငြိမ်း"

"ဩော်…ဟိုဒင်း…ဘာမှမဟုတ်ပါဘူး"

ကိုလှဝေက ငြိမ်းကိုကြည့်ပြန်သည်။

လရောင်၌ ငြိမ်း၏မျက်ဝန်းပြာများသည် လဲ့နေသည်။ သေသေချာချာကြည့်မှ မျက်ရည်များဟု သိရသည်။

ငြိမ်းက သူ့ကိုမကြည့်။ ပင်လယ်ပြင်ကြီးကိုသာ ငေးကြည့်နေသည်။ ငြိမ်းလက်လေးတစ်ဘက်က ညိုကြီး၏ဆံပင်လေးများကို ပွတ်သပ်နေသည်။

ဘေးတိုက်မြင်ရမှ သွယ်သွယ်နှင့်ပိုလှသော ငြိမ်း၏မျက်နှာလေးသည် လရောင်တွင် ရှိမ်းရှိမ်းမြနေသည်။ ဆံပင်မှာလည်း လရောင်နို၍ ပိတုန်းရောင် လက်နေသည်။

ဟိုး…သီတင်းကျွတ်တစ်ညက ရင်မှာပေါ်လာသော ခံစားမှုတစ်ခုသည် ယခုလည်း ကိုလှဝေရင်မှာ ပြန်ပေါ်လာသည်။

လှသည်…။ ငြိမ်းရော…။ ကလေးတွေရော။ လရောင်အောက်မှာ ဟောသည်ပင်လယ်နှင့် ငွေသောင်ယံရော…။ လှသည်၊ တစ်လောကလုံး လှသည်။

လှပသောဘဝ…၊ လှပသော သည်လိုဘဝလေးတစ်ခုကို အိပ်မက်ပမာ မိမိခဏတွေ့ခဲ့ရသည်။ နောက်…ဆုံးရှုံးလိုက်ရသည်။

ယခု ပြန်တွေ့ရပြန်ပါပြီ။ သည်တစ်ချီမှာကော လက်လွှတ်ဆုံးရှုံးလိုက်ရဦးမည်လော။

"ငြိမ်း…"

"ရှင်…"

"ဟိုတစ်ညက ငြိမ်းဖွင့်ဆိုပြတဲ့ ချစ်ခြင်းရဲ့သဘောကို ဆရာ တစ်နေ့မှ မမေ့တော့ဘူး၊ သစ္စာရယ်၊ ပါရမီဖြည့်ဘက်သဘောရယ်၊ ပါရမီဖြည့်ဘက်ဆိုတာက လဲ ကံဆုံပေးမှ တွေ့ရပါတယ်၊ ဆရာ ဝန်ခံတော့မယ်၊ ဒီညနေ ကားနဲ့လာရင်း နောက်ခန်းကိုကြည့်မိတော့ ဆရာ့ရင်မှာ မကြုံဖူးအောင် ဟာခဲ့တယ်၊ အိမ်ရှင်ကလျာ မယ်မပါဟု၊ မျှော်ကာမတည်၊ မူးမော်လည်ရှင့်…ဆိုတဲ့ နတ်သျှင်နောင်ရဲ့ကဗျာကို



အမှတ်ရမိတယ်၊ ငြိမ်းရယ်…၊ အိမ်ရှင်ကလျာဆိုတာဟာ ပါရမီဖြည့်ဘက် သစ္စာရှင်ကို ဆိုလိုတာပါ"

ငြိမ်းက သူ့ကို ငေးငေးလေး ပြန်ကြည့်နေသည်။ ဘာမျှတော့ မပြော။

"ဟောဒီကလေးတွေကိုလဲ ကြည့်ပါဦး ငြိမ်း၊ ညမှောင်မှောင်က ကလေးလေးတွေပါ၊ သူတို့ဘဝညနက်မှ ငြိမ်းဆိုတဲ့ လ,ထွက်တာကို ကြုံရှာသူလေးတွေပါ၊ ငြိမ်းပျောက်သွားတော့ ပြန်မှောင်သွားတဲ့ ဘဝညလယ်မှာ တွယ်ရာမဲ့တဲ့ သူတို့အဖြစ်လေးတွေကို ငြိမ်းရင်နာမှာစိုးလို့ ဆရာ မပြောပြချင်တော့ပါဘူး"

ငြိမ်းသည် အသက်ကို ပင်ပန်းစွာ ရှူလိုက်သည်။ ငြိမ်း၏ရင်က လှိုက်နေ၏။

"အခု ပြန်ဆုံကြရပြန်ပါပြီ၊ ငြိမ်းရင်ခွင်မှာ အိပ်နေတဲ့ ညိုကြီးကိုကြည့်ပါ၊ လှပတဲ့ ဘာအိပ်မက်လေးတွေကို မက်နေရှာမလဲ မသိဘူး၊ ဒါပေမဲ့ သူ လန့်နိုးလို့…လမင်းကြီးကို မတွေ့ရတော့ပြန်ဘူး ဆိုရင်တော့…"

"တော်ပါတော့ ဆရာ၊ ငြိမ်း ရင်တွေနာလှပါပြီ၊ ငြိမ်း…ဒီသားကို မခွဲ…မခွဲ…နိုင်တော့ပါဘူး"

ငြိမ်း၏အသံသည် ရှိုက်သံနှင့်အတူ ပေါက်ကွဲထွက်လာသည်။

**"ဆရာ ဆုံးအောင်ပြောပါရစေဦး ငြိမ်းရယ်၊ ညနက်မှ လ,ထွက်တာကို မြင်လိုက်ရတာ သူတို့ချည်းမဟုတ်ပါဘူး၊ သူတို့အတွက်တော့ ငြိမ်းဟာ မိခင်ငွေလမင်းပါ၊ ဆရာ့အတွက်တော့…အိမ်ရှင်ကလျာ စန်းသော်တာပါ၊ ဆရာကော မှောင်ထဲမှာ နေရမှာလား ငြိမ်းရယ်"**

ငြိမ်းသည် ခေါင်းလေးစိုက်၍ ငြိမ်နေသည်။ အတန်ကြာအောင်ပင် ငြိမ်နေသည်။

ကိုလှဝေက မကြုံဖူးသောစိုးရိမ်ခြင်းကို ရင်မှာပိုက်လျက်နှင့် ငြိမ်းကို ကြည့်နေသည်။

ငြိမ်း၏ခေါင်းလေး ပြန်မော့လာသည်။ မျက်နှာလေးက တည်ငြိမ်နေသည်။

ပြန်တွေ့ရပါပြီ။

အလှနှင့် တည်ငြိမ်မှု၊ အလှနှင့် ဂုဏ်ရေ၊ အလှနှင့် အေးချမ်းမှု၊ အားလုံးကို ငြိမ်းဆီ၌ ပြန်တွေ့ရပြန်ပါပြီ။

"ဆရာ ဆုံးဖြတ်ပြီးပြီပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



“ဆရာ ဆုံးဖြတ်ပြီးပါပြီ ငြိမ်းရယ်”

“ဒီလိုဆို ငြိမ်းလဲ ဆုံးဖြတ်လိုက်ပါပြီ၊ ငွေလဟာ သာပြီဆိုမှတော့ သောင်ပြင်ပေါ်မှာသာ ကွက်သာလို့မရပါဘူး၊ ဟောဟို ပင်လယ်ပြင်ကြီးပေါ်မှာလဲ သာရမှာပါပဲ၊ စိတ်ချပါဆရာ၊ ငြိမ်း ဆရာ့ကိုလဲ မှောင်ထဲမှာ မထားပါဘူး”

ဝမ်းသာမှု၊ ချစ်ခင်မှု၊ ကြည်နူးမှုတွေ ပေါင်းလို့ဆော်လေသောကြောင့် ကိုလှဝေသည် အမှတ်မပြုမိမီတွင် ငြိမ်း၏လက်လေးကို လှမ်းဆုပ်ယူမိသည်။

ငြိမ်းက မရုန်း။ သိမ်မွေ့နူးညံ့သော မျက်ဝန်းပြာလဲ့လဲ့ဖြင့် သူ့ကို ပြန်ကြည့်နေသည်။

ရုန်းဖို့မလို။ ဘဝမှာ အတူလျှောက်ကြမည်ဆိုတော့ သည်လက်တွဲက မြဲရမည်…။

စက်စဲငွေသောင်ယံနှင့် ပင်လယ်ဗွေထက် နောက်ကျမှထွက်လာသော လမင်းသည် ညဝိုနက်ခါမှ ပို၍ရွှန်းမြ၊ ပို၍လှပနေလေသည်တကား။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com